www.burmeseclassic.com

# ရွှေရောင်မေမ

ချစ် ခြင်း သည် သာ လျှင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရွှေရောင်မမ

# ချစ်ခြင်းသည်သာလျှင်

www.burmeseclassic.com

www.burmeseclassic.com



**Money Can't buy Love.**

***(Proverb)***

အချစ်ကို ငွေပေး၀ယ်၍ မရ..၊

(စကားပုံ)





## [၁]

အရုဏ်တက်နေရောင်ကို မမြင်ရသေး..၊ အလင်းပျပျအောက်မှာ နှင်းတို့က ခပ်ပါးပါးလေး တဖွဲဖွဲ ကျနေလေ၏။

သိုးမွေးဦးထုပ်ထိပ်မှ ကြိုးတန်းလန်းအဆုံးရှိ ပန်းဖွားလေးက ကျွန်မ ခေါင်းလှုပ်လိုက်တိုင်း ပါးပြင်ကိုလာထိသဖြင့် ပြုံးလိုက်မိသည်။ မျက်နှာပြင်ထက် လာထိသည့် နှင်းမှုန်တို့၏ အေးစက်စက်အတွေ့ကိုလည်း ကျွန်မ သဘောကျပါ၏။

ခပ်မှန်မှန်လေး ပြေးနေသည့် ခြေလှမ်းတို့က ကုန်းတက်ကို ရောက်ပြီမို့ လက်ကို အားပြုလွှဲကာ အရှိန်မြှင့်လိုက်မိ၏။ ကုန်းတက်လည်း ကုန်းတက်၊ အကွေ့လည်း အကွေ့မို့ သတိထားပြီး ဆုတ်တံတိုင်း ကာထားသည့် နံရံဘက်ကပ်ကာ တက်လိုက်ပါသည်။ ခြေကို အားပြုပြီး မခေါက်မိစေရန် ငုံ့ပြေးလိုက်စဉ် မျက်စိရှေ့ ဘွားခနဲ ပေါ်လာသည့် မည်းမည်းအရာတစ်ခုက ကျွန်မထံ အရှိန်ပြင်းစွာ ပြေးဝင်လာရာ အလန့်တကြား အော်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့!..."

'ကျွိ'ခနဲ ဘရိတ်အုပ်သံနှင့်အတူ ခြေတစ်ဖက် ပွခနဲ ဖြစ်သွားပြီး လူက တစ်ပတ်လည်ကာ လဲလေ၏။ သတိထားနေမိသူမို့ လက်က ထောက်လျက်သားဖြစ်ပြီး ထိုင်လျက်သား ပစ်ကျသွားရပါသည်။

သွားပြီ..၊ စောစောစီးစီး အကုသိုလ်ဝင်တယ်ဆိုတာ ဒါကို ခေါ်တာပဲ ထင်ပါရဲ့၊ ကျွန်မကို ပွတ်တိုက်မိသည့်စက်ဘီးက တော်တော့် လှမ်းလှမ်းမှာ ဂျိုင်းခနဲ လဲပြိုသံနှင့်အတူ ညည်းတွားသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။ နှင်းကြောင့် ဝေဝါးသည့်ဝန်းကျင်မှ Accident တစ်ခုပါပဲလား..။

"အား .. ကျွတ် .. ကျွတ်"

အရင်ဆုံး ကြည့်မိသည်က လက်ဝါးပြင်ထက် ပွန်းရာ ရှိ,မရှိပါပဲ။ တံတောင်ဆစ်ဆီမှာ နာကျင်မှုက အနည်းအကျဉ်းမျှသာ၊ ခြေဖျားကို စက်ဘီးနင်းသွားသဖြင့် Walking shoe အပေါ်ထက် ဖြတ်နင်းသလိုဖြစ်ပြီး ပူနေလေ၏။

"ဘာဖြစ်သွားလဲဟင်..၊ ထ,လို့ရရဲ့လား.."

အနားသို့ရောက်လာသည့်လူကို မော့မကြည့်ဖြစ်သေး၊ ယောကျ်ား တစ်ယောက်မှန်း သိပြီမို့ စကားပြန်ရန် နှုတ်တွန့်သွားရပါ၏။ အင်း.. နေခြည်သာဆို ဒီလိုအဖြစ်အပျက်မှာ စကားသုံးလေးခွန်း စ,လိုက်တာနဲ့ သူ့စကားအတိုင်း 'ပွဲသိမ်း'လောက်ပြီ ထင်ပါရဲ့..။

"ရလား..၊ ကျွန်တော့်လက်ကို ကိုင်ပြီး ထလေ.."

ကမ်းပေးလာသည့်လက်မှာ လက်အိတ်ဝတ်မထားသဖြင့် ဖြူလွလွ ရှင်းသန့်သည့် လက်ဝါးပြင်ကို သတိထားမိသွားရလေသည်။





တစ်မှတ်ပါလား..၊ ယောကျ်ားလေးတွ အများစုရဲ့ ချောမောခြင်းမျိုးကို ကျွန်မ သဘောကျခြင်း မရှိပါ။ လက်တွေ၊ ခြေထောက်တွေ သန့်ပြန့် ဖြူစင်နေခြင်းကိုကြည့်ပြီးမှသာ အမှတ်ပေးတတ်သည်လေ..။

"ရတယ်"

သဲ့သဲ့မျှ လေသံက ခပ်ဆတ်ဆတ် ထွက်လာပါ၏။ အဲဒီအကျင့်ကို ဘယ်တော့မှ ဖျောက်၍မရ၊ အမျိုးသားတွေနဲ့တွေ့လိုက်တိုင်း နှစ်သိမ့်နွေးရဲ့ ဩရှရှလေသံဟာ မာဆတ်ဆတ် ထွက်လာတတ်တာ လေ..၊ ကျွန်မက မနေခြည့်လို ချောတာတာ ချွဲတဲတဲလေသံမျိုး မလုပ်တတ်တဲ့ (ထောင့်မကျိုးသည့်)ကောင်မလေးတစ်ယောက်ပါပဲ..။

မနာသည့်ခြေထောက်ကို အားပြု၍ထစဉ် ခါးဆီမှာ မျက်ခနဲ ဝေဒနာကြောင့် မျက်လုံးပြူးသွားရလေ၏။ ဘုရား!... ဒီခါးသာ နာရင်တော့ ကျွန်မရဲ့ နေ့စဉ်ဆောင်တာ အလုပ်တွေ အကုန် လစ်ဟင်းကုန်တော့မှာလေ..။

"ကျစ်!.."

စိတ်မရှည်သလို စုတ်သပ်သံထွက်သွားစဉ် ကျွန်မလက်မောင်းကို ဖျတ်ခနဲကိုင်၍ ဆွဲထူလိုက်ခြင်းကို ခံလိုက်ရလေ၏။ ကတ္တရာလမ်းထက် မတ်တတ်ပြန်ရပ်မိစဉ် ကျွန်မ အသက်ကို အောင့်ထားလိုက်မိ၏။ မအောင့်လို့ ဖြစ်မလား..၊ ထိုလူ့ဆီမှ ဘာမှန်းဝေခွဲမရသည့် ရနံ့သင်းသင်းလေးနှင့်အတူ ကျွန်မ နဖူးထက် ပင့်သက်နွေးနွေးကို ရလိုက်သည်လေ..။

လူချင်း အရမ်းနီးနေသလို ဖြစ်သွားတာမို့ ခြေလှမ်းကို နောက်ဆုတ်ရပ်လိုက်တော့ ထိုလူက ကျွန်မလက်မောင်းကို ဖျတ်ခနဲကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်လေ၏။

အလို!... ရဲလှချည်လား..။

"ဘာလုပ်တာလဲ"

"Sorry. ကျွန်တော်က ခင်ဗျား ယိုင်သွားတယ် ထင်လို့ပါ၊ OK ရဲ့လား.."

"ရတယ်"

"သေချာလို့လား..၊ သေချာအောင် ပြန်ကြည့်လိုက်ပါဦး"

"မလိုပါဘူး"

ခပ်ဆောင့်ဆောင့် လေသံက မရည်ရွယ်ပါဘဲ ထွက်သွားပါ၏။ အဲဒါပဲ..၊ နေခြည် ဘယ်လောက်ပြောထားပြောထား ကျွန်မ အကျင့်ကိုက ယောက်ျားလေးတွေနဲ့ မပတ်သက်ချင်၊ စကားမပြောချင်တာ ဖျောက်မရသည့် အကျင့်တစ်ခုပင်ကိုး..။

"တောင်းပန်ပါတယ်ဗျာ..၊ ကုန်းဆင်းမို့ သတိထားပြီး ဆင်းပေမယ့် နှင်းတွေကြောင့် ရုတ်တရက် မမြင်မိလို့ပါ"

ဖော်ရွေစွာ တောင်းပန်နေချေပြီ၊ ကျွန်မ ဘာဆက်ပြောရမှာပါလိမ့်..၊ စကားလုံးရွေးသည့်နေရာမှာတော့ ကျွန်မက အညံ့ဆုံးကျောင်းသူတစ်ဦး ဖြစ်ကောင်းဖြစ်နေချေမည်။ စကားကို အစီအစဉ်တကျတန်ဆာမဆင်တတ်တာ ကျွန်မရဲ့အားနည်းချက် မဟုတ်ပါလား။

"ရတယ်.."

လက်က မရည်ရွယ်ပါဘဲ ခါးကို ကိုင်လိုက်ပြီး မျက်နှာ တစ်ချက်ရှုံ့သွားရလေ၏။ ဟုတ်တယ်..၊ ခြေဖျားနာတာထက် ခါးမျက်သွားတာက ကျွန်မအတွက် ရောမ ထိခိုက်မှုကြီးပါပဲ။





"ရတယ်ချည်း စွတ်ပြောမနေနဲ့လေ၊ ဘာဖြစ်တယ်ဆိုတာကို သေချာသိမှ ကုလို့ရမှာပေါ့"

"မလိုပါဘူး၊ ကျွန်မကို ကုပေးချင်ရအောင် ရှင်က ဆရာဝန်မို့လို့လား.."

ကဲကြည့်..၊ ဒီပါးစပ်က ရိုင်းရိုင်းစိုင်းစိုင်းတွေ ထွက်သွားပြန်ချေပြီ။ ကျစ်!.. ခက်ပါ့ နွေး ရယ်..လို့ နေခြည် သာဆို ရွှတ်ပေဦးမည်လေ။

"ဟုတ်တယ်လေ"

"ဟင်!..."

ကဲ .. ဒီတစ်ခါမှ တကယ် မျက်လုံးမျက်ဆန် ပြူးသွားရတာပါပဲ။ အာမေဍိတ်သံနှင့်အတူ အခုမှ ထိုလူကို မော့ကြည့်လိုက်မိ၏။ အို!... တကယ့်ကိုမှ ကြည့်ကောင်းတဲ့လူ ဖြစ်နေပါလား..၊ နေခြည်သာဆို Cute! လို့ ရေရွတ်လိုက်မှာလေ..။

"အိမ် ခဏလိုက်ခဲ့ပါလား"

"အို!... ဘာလို့ လိုက်ရမှာလဲ၊ မလိုက်ဘူး"

အမြန် ကပျာကယာ ငြင်းဆန်ပြီး ခေါင်းကိုပါ ခါပြလိုက်စဉ် ထိုလူ့ မျက်နှာထက်မှာ ပြုံးမြမြဟန် ပေါ်လာလေ၏။ အင်း .. ပြုံးလိုက်တော့ သူ့မျက်နှာက ပိုပြီး ချိုမြသွားသလိုပါပဲလား..။

"ဘယ်လိုဖြစ်ပြီး လန့်ရတာတုန်း၊ ကျွန်တော်က ဆေးကုပေးချင်လို့ ခေါ်တာပါဗျာ.."

"နေပါစေ..၊ မလိုဘူး"

"ကျွန်တော်က စေတနာနဲ့ ပြောနေတာပါဗျာ၊ ဘာမှမဖြစ်ဘူး ဆိုရင်လည်း ရှိပါစေတော့၊ အကယ်၍များ တစ်ခုခုဖြစ်ခဲ့ရင် ဆေးရုံကို



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ဖို့ မှာလိုက်ပါရစေ၊ သစ္စာဖြူဆေးရုံက အထွေထွေ အထူးကုပါရဂူ ဒေါက်တာနေနန္ဒနိုင် ဆိုပြီး စုံစမ်းလိုက်ရုံပါပဲ"

ဒေါက်တာ နေနန္ဒနိုင် တဲ့..၊ မိန်းမဆန်သလို နာမည်ကြီးပါလား၊ နငယ်လေးလုံးပေးထားသည့်နာမည်က ခပ်ဆန်းဆန်းပါပဲ၊ ကျွန်မ ရှိုသည်၊ ခါးသည် ထပ်မပြောတော့ဘဲ လာရာလမ်းကို နောက်ပြန်လှည့်ရန် ကြိုးစားမိစဉ် သူက ရှေ့မှလက်ကာ၍ တားလိုက်ပြန်လေ၏။

"ဘာလုပ်ပြန်တာလဲ"

"အိမ်ပြန်မယ်ဆိုရင်တော့ ကျွန်တော် လိုက်ပို့ချင်လို့ပါ"

"မလိုပါဘူး"

"ခင်ဗျား နာမည် ဘယ်လိုခေါ်သလဲ"

"ရှင် သိစရာ မလိုဘဲ မ်မေးပါနဲ့"

"ခင်ဗျားက အတော်ထူးဆန်းတဲ့ မိန်းကလေးပဲ၊ ခင်ဗျားနှုတ်က ထွက်လာသမျှ အငြင်းစကားတွေချည်းပဲနော်၊ မလိုဘူး .. မလိုက်ဘူးနဲ့ ဘူးချည်းပြောနေတော့တာပဲ"

"ဒီလောက်လေးဖြစ်ရုံနဲ့ မသေလောက်ပါဘူးရှင့်၊ ကျွတ်!.."

ဘူးချည်းပြောနေတယ်လို့ သူ ပြောနေတဲ့ကြားထဲမှ ကျွန်မနှုတ်က ထပ်ထွက်လာသည့် စကားလုံးကြောင့် စိတ်ပျက်သွားရပါ၏။

ခက်လိုက်တာနော်..၊ ကျွန်မကို အတော်လေကုန်အောင်လို့ ဤလူ လုပ်နေလေသလား၊ ကာဆီးတားထားသည့် သူ့လက်ကို အသာ ပုတ်၍ ဖယ်လိုက်မိသည်။

"ကျွန်တော့်မှာ တာဝန်ရှိလို့ အခုလို နွေးထွေးပျူငှာစွာ ပြောနေရတာပါ"





နွေးထွေးပျူငှာစွာတဲ့၊ 'နွေး' ဟူသည့်အသံကြောင့် ကျွန်မမျက်နှာထက် ခပ်နွေးနွေး ဖြစ်သွားရလေ၏။ ကျွန်မနာမည်ကိုတော့ သူ မသိလောက်ဘူးထင်ပါရဲ့၊ ပြီးတော့ ဤလူကို ကျွန်မ တစ်ခါမှမတွေ့ခဲ့ဖူးပါ၊ ကြည့်ရတာတော့ ပြောင်းလာတာ သိပ်မကြာသေးဘူးထင်ပါသည်။

ကျွန်မ မွေးကတည်းက နေလာခဲ့တဲ့ရပ်ကွက်ထဲမှာ မသိတဲ့လူဆို၍ ခပ်ရှားရှား၊ မေမေမှတစ်ဆင့် ရင်းနှီးဖူးသည့်မျက်နှာ မဟုတ်တာတော့ အသေအချာပါပဲ ..။

"နေပါစေ"

"တော်တော်နာနေပုံရတယ်၊ လိုက်ပို့ပေးမယ်နော်"

နောက်တစ်ခေါက် မျက်ဆံပြူးသွားရလေ၏။ သူ့စက်ဘီးက ဖြိုင်ဘီးမို့ နောက်မှာ Carrier မပါပါ။ ဘယ်လိုများ လိုက်ပို့မှာတဲ့လဲ..၊ ပြီးတော့ ကျွန်မက စက်ဘီးစီးရမှာကို သေလုမတတ် ကြောက်သည့် ရောဂါ ရှိနေသည်ကိုး ..။

"မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ ..၊ လာပါ"

"မဖြစ်ဘူးနော် .. ကျွန်မ .."

ငြင်း၍မဆုံးမီ သူ ဆွဲခေါ် ရာဆီသို့ ပါခဲ့ရလေ၏။ သူက ခန္ဓာကိုယ် တောင့်တင်းသူဖြစ်ပြီး ကျွန်မကိုယ်လုံး သေးသေးသွယ်သွယ်လေးကို ဆွဲ့ခနဲ ရှေ့ဘားတန်းပေါ် တင်လိုက်ပါသည်။

"အလိုလေး!.. အနောက်ဘက်မှတောင် မစီးရဲတဲ့လူကို ရှေ့ဘားတန်းပေါ် မှာထိုင်လိုက်ခိုင်းသတဲ့၊ ကျားသားရယ်မှမိုးကြိုးတွေပါလား..။

"ဟင့်အင်းနော် .. မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရှန်းနဲ့လေ .. နင်းပြီ.."

ပြောလည်းပြော ဖျတ်ခနဲ နင်းလိုက်သည်။ စက်ဘီးထက်မှာ ကျွန်မအသည်းထဲ လှပ်ခနဲ ဖြစ်သွားရလေသည်။

မြတ်စွာဘုရား ကယ်တော်မူပါ..။

မျက်စိစုံမှိတ်၍ ရေရွတ်မိသည့် ဘုရားစာတွေက ကမောက်ကမ၊ စက်ဘီးရှေ့ကို မကိုင်မိဘဲ သူ့လက်မောင်းကိုသာ ကြောက်လန့်တကြား ဖြင့် ဆုပ်ကိုင်ညှစ်နေမိတာကိုလည်း သတိမမူမိ..၊

တကယ်ပါ.. ကျွန်မတစ်သက် ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင် ထဲ ဒီလောက်နီးကပ်စွာဖြင့် ဤသို့ စက်ဘီးစီးရမည်ဟု လုံးဝ မထင်ခဲ့ဖူး ပါချေ။

"ဘယ်ကို ပို့ပေးရမှာလဲ၊ ပြောဦးလေ.."

"အိမ် .. အိမ်ကို.."

"အိမ်ကိုမှတော့ ခင်ဗျား ပြောမှလား၊ ဘယ်လမ်းနဲ့ ဘယ်ခြံနံပါတ် လဲပြောမှ သိမှာပေါ့"

"ရှေ့ နှစ်လမ်းထဲက ခြံနံပါတ် ၅၂၈ မှာပါ"

"အိုး!... 528 တဲ့၊ Lucky number ပါပဲလား"

သူက တီးတိုးရယ်မောလိုက်ပြီး စက်ဘီးကို အရှိန်နည်းနည်း မြှင့်လိုက်လေသည်။ အမယ်လေးလေး .. တစ်ကိုယ်လုံး အေးခနဲ နွေးခနဲ ဖြစ်သွားလိုက်တာများ လူက လေထဲ လွင့်ပျံနေသလိုနှယ်..။

"ရောက်ပါပြီဗျာ"

ကျွီခနဲ စက်ဘီးရပ်သည်နှင့် ကျွန်မ ခုန်ချလိုက်ပါ၏။ နာတာတွေ၊ ပူတာတွေ ဘယ်ရောက်ကုန်ပြီမှန်း မသိတော့ပါ။





စိတ်က သူ့မြင်ကွင်းမှ အမြန်ဆုံးပျောက်ကွယ်ဖို့ တစ်ခုကိုသာ ဂရုစိုက်မိတော့ဟာလေ..။

"ဒီမှာ..."

သူ စကားစရန် ရှယ်လိုက်စဉ် ကျွန်မက ခြံတံခါးကို ဖွင့်ပြီးချေပြီ။ သူ့ကို တစ်ချက်မှ ပြန်လှည့်မကြည့်မိတော့ဘဲ ခြံထဲဝင်လိုက်တော့ သူ က စက်ဘီးကို ခြေထောက်ရပ်ပြီး ကျွန်မကို လှမ်းကြည့်နေတုန်းပါပဲ။

"အကြောင်းထူးရှိရင် Phone ဆက်လိုက်နော်၊ ဆေးရုံ Phone က Yellow Pages ထဲမှာ ရှိတယ်၊ ကျွန်တော့် Phone နံပါတ်က..."

သူ ပြောနေတာကို နားမထောင်တော့ဘဲ ခြံထဲဝင်လိုက်သည်မို့ သူ့စကားသံ ရပ်သွားလေ၏။ သနပ်ခါးချုံရောက်မှ လမ်းပေါ် လှမ်းခိုး ကြည့်လိုက်မိရာ သူက ခေါင်းကို ခါရမ်းလိုက်ပြီး စက်ဘီးကိုနင်းကာ ထွက်သွားတော့သည်။

ဒေါက်တာ နေနုနှိုင် တဲ့၊ အင်မတန် ရှားပါးလှပလွန်းသည့် အမည်တစ်ခုပါပဲ။ ကျွန်မရဲ့ဘဝမှာ ဒီလို ကြည့်ကောင်းပြီး သန့်ပြန့် ခန့်ထည်တဲ့ ယောကျ်ားတစ်ယောက်နှင့် အမှတ်မထင် တွေ့ဆုံရလိမ့် မယ်လို့ ထင်မထားမိတာလေ..။

တစ်ယောက်တည်း ကျိတ်ပြုံးကာ အိမ်ထဲဝင်ရန် ခြေလှမ်းလိုက် စဉ် ကျောရိုးဆီမှ မျက်ခနဲ အောင့်သွားသည့်ဒဏ်ကို ခံလိုက်ရပါ၏။

ဟောတော်!.. အခုမှပဲ နာတာတွေ ပြန်ပေါ်လာပါပြောလား..၊ ခက်ပြီ နွေးရယ်..၊



www.burmeseclassic.com

www.burmeseclassic.com



[၂]

"ဒီနားလား.."

"မဟုတ်ဘူး .. အောက်နည်းနည်း ချဦး၊ ဟာ!... လုံချည်ကို ဘာလို့ဆွဲချရတာလဲ၊ အင်း .. အဲဒီနားမှာ ကပ်ပေး.."

"အရှက်ကလည်း သည်းပွဲဟယ်"

**Analgesic Plaster** (အကြောကပ်ဆေးပလာစတာ)ကို ကပ်ကာ အသာဖိပေးပြီး ပြောလိုက်သည့် နေခြည့်စကားကြောင့် ပြုံးလိုက်မိ၏။

သင်း စောစောစီးစီး လာပုံထောက်ရင် ဘယ်နှစ်ယောက်မြောက် မှန်းမသိတဲ့ ရည်းစားနဲ့ ကွဲလာတဲ့ဇာတ်လမ်းကို ကြားရဦးမယ်ထင်ပါရဲ့...၊ နားတော့ ပူရဦးချေမည်။

"ဘယ်လိုဖြစ်ပြီး ဒီခါးက နာရတာတုန်း၊ နင် ပန်းအိုးတွေ မ,ပြန် ပြီလား နွေးရယ်.."

"မဟုတ်ပါဘူး၊ မနက်က ထပြေးရင်း ခြေချော်ပြီး အစောင့်မသင့် ဖြစ်သွားတယ် ထင်တာပဲ"





"သက်သာရဲ့လား"

"အင်း .. မနေ့က ရေချိုးတော့ ခြေဆန့်ပြီး ခါးကနေ ရေလောင်း ထားတယ်"

"အန်တီငယ် ဘာမှမပြောဘူးလား"

"သိရင် ပြောမှာပေါ့"

"တွေ့လား .. နင်ဟာလေ ဘယ်တော့မဆို မြူစိစိနဲ့ အဘွားလေး.."

နေခြည် ပြောတာကို စိတ်မဆိုးဖြစ်ဘဲ ခုတင်ထက်မှထကာ ပြေ လုလု ဆံပင်တွေကို ဘီးဖြင့် ဖြင်ဖြီး၍ ဘီးကျော့ပတ်လိုက်၏။

"လုပ်ပြန်ပြီ ,,နင့်အသက် အခုမှ ၂၂ နှစ်ဆိုတာကိုလည်း သတိရ ဦး မရွှေနွေးရယ် .. ကြည့်ပါဦး .. ဘီးဆံပတ်ကြီးနဲ့ ၃၅ နှစ် အပျိုကြီး လောက် ဖြစ်နေပြီ.."

"လှလှမလှလှ တစ်ယောက်တော့ ရမှာပဲ မဟုတ်လား"

"ကြည့် .. အဲဒါကြောင့် နင့်အမေနဲ့ နင် မတည့်တာ၊ ပြောလိုက် ရင် ဘုကန့်လန့်၊ ဆံပင်က တင်ပါးကျော်နေပြီ ဖြတ်စမ်း နွေးရယ်၊ ဒါ ကြောင့် နင် ပိန်လွန်းတာ.."

"ငါတို့အမျိုးက အရိုးများတဲ့အမျိုးလေ၊ နင် သိရဲ့သားနဲ့"

"မိန်းမ .. ငါ အန်တီငယ်နဲ့ တိုင်လိုက်ရမလား"

"တိုင်ပေါ့၊ ငါ ကြောက်တယ် ထင်နေလား"

"သိပါတယ် .. သိပါတယ်၊ နင်က ဦးအောင် အသည်းမို့ နင့်အမေ နဲ့ မတည့်လည်း OK နေမှန်း..."

အခုပဲ ရေချိုးပြီးတာမို့ ကျောက်ပျဉ်မှာသနပ်ခါးသွေးရင်း ခပ်မြန် မြန် လူးလိုက်ပြီး ရေလဲလုံချည်ကို တစ်ပတ်နွမ်းပါတိတ်ဖြင့် လဲဝတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၏။

"လုပ်ပြန်ပြီ .. အပေါ်က အနက်၊ အောက်က အပြာ၊ နင်ဟာ လေ ပန်းပင်တွေအပေါ်မှာပော့ လှအောင် ပြုပြင်နိုင်ပြီး Fashion Design အတွက် မျက်စိကန်းနေရတယ်လို့ ငါ မပြောလိုက်ချင်ဘူး"

"အရေးမကြီးပါဘူးဟာ၊ ကိုယ်လုပ်တဲ့အလုပ်အပေါ် စေတနာ အပြည့်နဲ့ ဂရုတစိုက်ရှိရင် ပြီးတာပဲ၊ တစ်ဆိတ်ရှိ ငါ့ပဲ လာဝေဖန်နေ၊ ပြော .. နင် ကိုသန့်နဲ့ ပြတ်ပြီလား"

"ဟယ်!... လုပ်လိုက်ပြန်ပြီ၊ ဒုံးတိကြီး အသည်းကွဲနေတဲ့လူကို ဓားနဲ့မွှန်းလိုက်သလား ထင်ရတယ်၊ နင် ဘယ်လိုလဲ.."

"ငါပြောတာ မှားနေလို့လား"

မျက်စောင်းက ဒိုင်းခနဲ ရောက်လာပါ၏။ ချောကလက်ရောင် မျက်ဆံလေးတွေကိုက နေခြည့်ကို ပိုပြီး ချစ်စဖွယ်ကောင်းနေတာ လေ၊ ကျွန်မ ဘယ်လောက် နာအောင်ပြောပြော ဘယ်တော့မှ နာကျင် ပြီး စိတ်ကောက်သွားသည်မရှိ..။ အမြဲလိုလို ရင်ဖွင့်တိုင်တည်ရာ မှန် ကလေးတစ်ချပ်လို၊ ခေါင်းအုံးလေးတစ်လုံးလိုနေရာမှာ (နေခြည့် အတွက်) ကျွန်မ ရှိနေရတာပါလေ..။

"မမှားပါဘူး"

"ဒါနဲ့များ ပဲက ကိုင်နေသေးတယ်"

"သက်သက်ညှာညှာ စကားလုံးလှလှလေးရှာပြီး သုံးပါလားဟဲ့၊ နင့်နာမည်ကသာ နှစ်သိမ့်နွေး..၊ ပြောပုံကိုက ထရိုက်ချင်စရာချည်းပဲ"

"ငါက နင့်လို အီကြာကွေးတွေ၊ ပလာတာတွေမှ မလုပ်တတ် တာ.နေခြည်ရဲ့၊ ဘွင်းဘွင်းနဲ့ ရှင်းရှင်းပဲ ပြောတတ်တယ်၊ ရည်းစားနဲ့





ပြတ်တာပဲ အဆန်းလုပ်လို့၊ ဟိုနှစ်က အင်ဂျင်နီယာလေး ဘယ်သူ.."

"မျိုးဆက်"

"အေး .. မျိုးဆက်နဲ့ ပြတ်တုန်းက အခုပဲ အဆိပ်သောက်ပြီး သေတော့မလိုဖြစ် .. နောက်တော့လည်း ရေက မျောသွားရော၊ သုံးလ လောက်ကြာတော့ ဟို စီးပွားရေးသမား ဘယ်သူ .. Export & Inport လုပ်တာလေ.."

"ကျော်မျိုးဦး.."

"အေး .. အဲဒီတစ်ယောက်ကိုလည်း ချစ်လိုက်တာ ပျာလို့၊ ဘာ ကြာသေးလို့လဲ..၊ နှစ်လလား .. သုံးလလား ပြတ်ပြန်ရော၊ နင့်လူ တွေကို အစုံအစေ့ ငါ မမှတ်မိပေမယ့် အခု ၁၀ ယောက်မြောက်လား မသိ.."

"ဟုတ်တယ် .. ဟုတ်တယ်၊ နင်ပဲ သိသိနိုင်လွန်း.."

"မသိ ရှိမလားဟဲ့၊ သူပေးထားတဲ့ အမှတ်တရလေးတွေမြင်ရင် ငိုချင်လို့ဆိုပြီး ငါ့ဆီ လာလာထိုးထည့် သိမ်းခိုင်းထားတာ Showcase ပြည့်တော့မယ်"

နေခြည်က ကျွန်မ ရွဲ့ပြီးပြောသမျှ အမှန်တွေပဲမို့ ငြိမ်ပြီး စူပုတ် ပုတ်လေး ဖြစ်သွားပါ၏။ ငယ်စဉ်ကတည်းက တွဲလာခဲ့တဲ့သူတွေမို့ တစ်ယောက်အကြောင်းတစ်ယောက် အူမချေးခါး အကုန်သိနေရတာ မဟုတ်လား၊ သူမရည်းစားတွေ ပေးသမျှ Diary, ဖောင်တိန်, အရုပ်, (အစစ် ဟုတ်လားမဟုတ်လား ကျွန်မ မသိသည့်)ဆွဲကြိုးတွေ, Hand chain တွေဆိုတာ အများအပြား၊ သို့သော် သူမ တကယ်မျှော်လင့် ထားသည့် လက်စွပ်လေးနှင့် လက်ထပ်ခွင့်တောင်းတာမျိုးတော့ ထ...



www.burmeseclassic.com

www.burmeseclassic.com



ခါမှ ကျွန်မ မကြားခဲ့ဖူးတာ အမှန်ပါ..။

"ပြောပါဦး .. ကိုသန့်ဇင်ဦးနဲ့က ဘယ်လိုဖြစ်တာလဲ၊ ဒီလိုပဲ စကားကတောက်ကဆဖြစ်ပြီး စိတ်ကောက်တာ တစ်ပတ်နဲ့ ပြတ်ရောလား"

"မဟုတ်ပါဘူး.."

"ဒါဆို ဘာကိစ္စနဲ့လဲ .."

"သူ သဘော်မလိုက်ခင်က ရည်းစားနဲ့ ငါ့ကွယ်ရာမှာ ပြန်ချိန်နေတာပဲ့"

"ဟုတ်လို့လား .. အဲဒီ နီနီ ဆိုလား၊ ဝါဝါ ဆိုလားနဲ့ ပြတ်ပြီးမှ နင်နဲ့ တွေ့တာဆို.."

"မဟုတ်ဘူး၊ ငါနဲ့ မDate တဲ့ရက်မှာ တွဲခုတ်တာကို သန္တာတို့ မြင်ပြီး ပြောလို့ သိတာနဲ့ ငါ ပြတ်ပြီလို့ပြောပြီး လမ်းခွဲလိုက်တာပဲ.."

ပြောပြန်ပြီ ဒီစကား..၊ ပြောလိုက်ရင် ငါမလိုချင်လို့ ဖြတ်တာယ်ဆိုပြီး တကယ်တမ်းကျ သူမကိုသာ ဟိုလူတွေက ထားခဲ့မှန်း ကျွန်မ သိနေပါသည်။

အချစ်ဆုံးသူငယ်ချင်းကို ပွေလွန်းသည်ဟုလည်း မပြောရက်ပေ၊ ပြီးတော့ နေခြည်ကိုယ်တိုင်က ရည်းစား နှစ်ယောက်, သုံးယောက်လောက်က တစ်ပြိုင်တည်းထားတာမျိုးမှ မဟုတ်တာလေ။

မေမေကတော့ နေခြည့်ကို သမီးလို ချစ်ပေမယ့် သူမ Character ကိုတော့ သဘောမကျပါချေ။ 'ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်'ဆိုတဲ့ စကားပုံက ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားတတ်တဲ့ မိန်းမတွေရဲ့ လက်သုံးစကားတဲ့၊ ကျွန်မကိုတော့ 'မိန်းမကောင်း ပန်းပန် တစ်ပွင့်တန်' မိန်းကလေးမျိုးပဲ ဖြစ်သင့်တယ်ဆိုပြီး နေ့စဉ်





ဆုံးမစကားတွေက နားထဲမှာ ရေနွေးဆူသလို ပွက်ပွက်ညံလို့ပါပဲ။

ကျွန်မ ရင်ထဲမှဆန္ဒကလည်း မေမေ့လို သဘောတစ်ခုတည်းပါပဲ။ ကိုယ်ချစ်တဲ့လူကိုသာ ခေါင်းညိတ်ပြီး လက်ထပ်ဖြစ်တဲ့အထိ သစ္စာရှိစေချင်တာလေ..၊ သစ္စာဆို၍ မနေ့က ကျွန်မကို စက်ဘီးနှင့်တိုက်ခဲ့သည့် ဆရာဝန်ကို အမှတ်ရသွားရပါ၏။

မဖြစ်သေးဘူး..၊ တော်ကြာ နေခြည့်ကို ပြောပြမိရင် ချောလားဘာလားနဲ့ မေးခွန်းတွေ တရစပ် ထွက်လာတော့မှာကိုး..။

"ခံစားရတာယ်ဟာ .."

အိပ်ရာထက် ပက်လက်လှဲရင်း ပြောလိုက်တာမို့ ကျွန်မ မဲ့ပြုံးပြုံးလိုက်မိ၏။ ခံစားတာကလည်း ခဏခဏ ခံစားလွန်းတာချည်းပါပဲလား၊ အသည်းကလည်း ကွဲပဲ ကွဲနိုင်လွန်းတာလေ။ အသည်းတစ်ခါကွဲတိုင်းသာ Liver မှာ ဒဏ်ရာထင်စတမ်းဆိုရင် နေခြည့်အသည်းမှာ Plaster ကပ်စရာ နေရာလွတ်ရှိတော့မည် မထင်ပါချေ။

"ပန်းကန်ပြားနဲ့လား"

"နွေး .. နင်နော် .."

"ဟုတ်တယ်လေ .. ငါ တကယ်အံ့သြမိတယ် သိလား၊ နင့်မှာ အချစ်တွေကလည်း ပေါ .. အသည်းတွေလည်း ပေါ .. ပြီးတော့ မျက်ရည်တွေကအစ ပေါပေါနိုင်လွန်းတယ်၊ ပြောလိုက်ရင် အခုတွဲတဲ့ လူနဲ့ပဲ Sedona လိုလို၊ Traders လိုလို Hotel မှာ Wedding Date ပြေးယူတော့မယ့် Design နဲ့ နောက်တော့မှ အဖျားက ရှူးသွားရော၊ ဘာလဲ .. အခု ငိုချင်လာပြီလား၊ ငိုရင် အောက်မှာထိုင်ပြီး ငို၊ ငါ့ bedsheet တွေ ပေကုန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကျယ်လိုက်တာဟယ် .. ငါ့မှာ လွမ်းရတာတောင် Feel မရှိလိုက်တာ မိန္ဒွေးရယ်"

"အမယ်လေး နေခြည်ရယ် .. နင်က ဘာမဆို ပေါ့ပေါ့ပဲတွေး တတ်မှန်း ငါ သိထားပြီးသားပါ၊ အထာတွေ လာကိုင်မနေစမ်းပါနဲ့"

"ပြောလိုက်ရင် တစ်တစ်ခွခွချည်းပဲ၊ နင် အပျိုကြီးလုပ်ဖို့များ ဖြစ်နေပြီလား နွေး .."

လာလာချည်းသေး..၊ ကျွန်မကိုများ နှုတ်စွာတယ်ဆိုပြီး ခွပ်လိုက်တာလေ၊ ကျွန်မက သူမလို ဘာမဆို ပေါ့ပေါ့တန်တန်နဲ့ မေ့ဖျောက်လွယ်တတ်သူ မဟုတ်ပါ။ တစ်ခုခုကို လေးလေးနက်နက်နှင့် စွဲစွဲမြဲမြဲ ရှိတတ်သူလေ..၊

ကျွန်မ ကိုးတန်းနှစ်တုန်းက အိပ်ရာထဲကို ပူစီလေး ထည့်သိပ်မိစဉ် TB Sport ပေါ်ပြီး ဆေးခြောက်လ သောက်ခဲ့ရတာကိုလည်း မမေ့။ ပူစီလေးရဲ့အမွေးကြောင့်ဖြစ်တာလို့ ဆရာဝန် ပြောသဖြင့် တခြားအသိတစ်ယောက်ကို ပေးလိုက်ရ၍ ထမင်း သုံးရက်မစားနိုင်ဘဲ ငိုချည်းနေခဲ့တာကိုလည်း ဒီနေ့အထိ အမှတ်ရနေဆဲပါပဲ။

လာပြန်ပြီ ဒီဆရာဝန်ဆိုတဲ့ အတွေး..၊ 'အကြောင်းထူးရှိရင် Phone ဆက်လိုက်နော်'တဲ့..။ သူပြောမှပဲ ကျွန်မတို့အိမ်က တစ်ယောက်ယောက်ပဲ ဆေးရုံတင်တဲ့ကိစ္စ ဖြစ်ရမလိုလေ၊ ဘယ်လိုလူမှန်းလည်း မသိ၊ ပြောသင့်မပြောသင့် ချင့်ချိန်ပြီးမှ ပြောပါတော့လား..။

"နင် အဲဒီလို အပေါက်ဆိုးလို့ နင့်ကို ဘယ်သူမှ မကြိုက်တာ၊ အခု ဘယ်မလဲ ရည်းစား.."

ရင်ထဲမှာ အောင့်သွားရပါ၏။





ဤသို့ ပြောသင့်ပါလား..၊ ကျွန်မက တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေတဲ့ မျက်နှာများတဲ့ မိန်းကလေးမှ မဟုတ်ဘဲ၊ နေခြည် ဘာကိုရည်ရွယ်ပြီး ခွပ်လိုက်ပါသလဲ..။

"ရည်းစားရှိမှ လူလို့ ဘုရားဟောတရားထဲမှာ မပါမှန်း နင် သိမယ် ထင်ပါတယ်"

"အဲဒါ စိတ်ဆိုးတာလား နွေး၊ ငါက စတာပါဟဲ့.."

"ငါက အလုပ်အကိုင် မရှိ၊ မိဘပိုက်ဆံကို ထိုင်ဖြုန်း၊ လမ်းသလားပြီး ယောကျ်ားတွေကို ကိုယ်ဝတ်တဲ့အဝတ်လို တစ်စုံပြီးတစ်စုံ လဲဝတ်တတ်တဲ့မိန်းမ မဟုတ်ဘူး"

ကဲ .. မှတ်ကဲရောပဲ၊ ငါက မြွေပွေးလိုပဲဆိုတာကို နင် မေ့နေသလား နေခြည်၊ ငါ့ဟာငါ အေးအေးလူလူ နေနေပါလျက် ငါ့ခေါင်းကို မှ နင်က ပုတ်တာကိုး။

ကျွန်မက ကိုယ့်ကို လာတင်ရင် 'ဒင်'ခနဲ ထမြည်တတ်တဲ့အရာ တစ်ခုလို ဆတ်ဆတ်ယို မခံတတ်တဲ့သူပါ။ ဒါကို သိသိကြီးနဲ့ လာပြောရတယ်လို့ နေခြည်ရယ်..၊

ကွက်ခနဲ ပျက်သွားသည့်မျက်နှာကို အမြန်ပြင်လိုက်ပြီး အရယ်ဟန်ကို နေခြည် ပြုလုပ်လေ၏။ မေမေ ပြောသလိုပဲ ကျွန်မက ဖေဖေနှင့် စိတ်ဓာတ်တွေ အကုန်တူနေတယ်ဆိုတာ တကယ်ပဲ ဖြစ်နေပြီလား။ ဖေဖေ့အလိုကျ ဆံပင်ကို အရှည်ထားဖြစ်ပေမယ့် ခပ်ဘွင်းဘွင်း ပြောတတ်တာကတော့ ဦးအောင်သိမ့်သမီး ပီသပါပေရဲ့..။

"နင်ကလည်းဟယ် ဒါလေးပြောမိတာနဲ့ ပြောလိုက်တာ အမြောက်နဲ့ ထုလာ့ ထင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက အမှန်တွေ ပြောနေတာပဲလေ နေခြည်ရဲ့ .. ငါလုပ်တဲ့ အလုပ်မှန်သမျှ အဓိပ္ပာယ်မရှိတာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ ဘာကို ပဲလုပ်လုပ် ရည်ရွယ်ချက်တစ်ခုတော့ ခိုင်ခိုင်မာမာ ရှိတတ်ရတယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ ဘဝအတွက် အရေးပါတဲ့အလုပ်တစ်ခုဆို တာကို ငါ လက်ခံပါတယ်၊ ဒါပေမယ့် ဒါကိုလုပ်ဖို့အတွက် မျက်နှာတွေ များတာမျိုးကတော့ လူတိုင်း ရှုံ့ချမယ့်လုပ်ရပ်ပဲ နေခြည်ရဲ့၊ ပြီးတော့ နင်က မိန်းကလေးဆိုတာကို မေ့မထားနဲ့.."

နေခြည် ပါးစပ်အဟောင်းသားဖြင့် ကျွန်မကို ကြည့်နေလေ၏။ ဘယ်တော့မှ စကားကို ရှည်ရှည်ဝေးဝေး မပြောတတ်ပါဘဲ ဒီနေ့မှ ကျွန်မရဲ့စကားလုံးတွေက ခပ်ပြတ်ပြတ်နှင့် မာဆတ်ဆတ်ဖြင့် အများ ကြီး ထွက်လာနေရသည်ကို..။

"အချစ်ဆိုတာ လေ့လာသင်ယူရတဲ့ ပြဿနာချက်မျိုး မဟုတ်ဘူး နေခြည်၊ အချိန်အခါသင့်တဲ့ တစ်နေ့ ရင်ထဲမှာ သူ့အလိုလို ဖြစ်တည် လာတတ်တဲ့အရာတစ်ခုပါ၊ ရင်ခုန်တိုင်းသာ အချစ်လို့ ယူဆရင် ဒီ ကမ္ဘာကြီးမှာ နှလုံးရောဂါမဖြစ်တဲ့လူ တစ်ယောက်မှ ရှိတော့မှာ မဟုတ် ဘူး၊ ငါက ခြံထဲမှာပဲ ငါ့စိတ်ကို နှစ်ထားတဲ့လူပါ၊ အပြင်ကို ထွက်ခဲ့တဲ့လူ အတွက် အချစ်ကို ရှာဖွေတွေ့ရှိဖို့ Chance မရှိဘူးလို့ နင် လျှော့မတွက် လိုက်နဲ့၊ ဖူးစာဆိုတာ အချိန်တန်ရင် သူ့အလိုလို အနားကို ရောက်လာ တာမျိုးပဲ၊ တကူးတက လိုက်ရှာရတဲ့ပစ္စည်းမျိုး မဟုတ်မှန်း နင် သိ ထားပါ၊ နောက်တစ်ခု ငါ ထပ်ပြီး သတိပေးလိုက်မယ်၊ နင် ငါ့ကို အခုလို ပြောသလိုမျိုး နင့်အုပ်စုထဲက မမျိုးသီရိကို ယောင်လို့တောင် မပြောမိစေနဲ့ အပျိုကြီးဆိုတာ ဖြစ်ချင်တိုင်းဖြစ်ရတဲ့ ဓာတ်ဘူးမျိုး မဟုတ်





ဘူး၊ လူတစ်ယောက်ရဲ့သိက္ခာကို ဘာမဟုတ်တဲ့စကားလေးနဲ့ နင် မပုတ် ခတ်မိပါစေနဲ့ နေခြည်၊ ဒါပါပဲ.."

"နွေး .. နင် ငါ့ကို စိတ်ဆိုးလို့လားဟင်"

"မဆိုးပါဘူး .. ဒါပေမယ့် နင့်မှာ လိုအပ်ချက်တွေ အများကြီး ရှိနေတယ်ဆိုတာကို ငါ သတိပေးချင်တာပါ နေခြည်၊ လူတစ်ဖက်သား ရဲ့အားနည်းချက်ကို ထိုးနှက်ထောက်ပြတာဟာ ရိုင်းပျတဲ့လုပ်ရပ်မှန်း နင် သိထားသလို ငါလည်း သိပါတယ်"

"ငါ ပြန်ဦးမယ်"

ပြန်ချေပရန် စကားလုံး ရှားသည်ထင့်၊ နေခြည် ထပြန်တော့ ကျွန်မပါ လိုက်ဆင်းလာခဲ့ပါသည်။ မေမေ့ကို မှုမပျက် နှုတ်ဆက်သွား သည့် နေခြည့်ကိုကြည့်ကာ ကျွန်မ သက်ပြင်းရှိုက်လိုက်မိလေ၏။

အချစ်ဆိုတာ ဟန်ဆောင်ခြင်းမှမဟုတ်ဘဲ နေခြည်၊ ပြီးတော့ ငါက နင့်လို မျက်နှာဖုံးမတပ်တတ်ဘူးလေ၊ ဒါကို နင် သိမှာပါနော်..။



www.burmeseclassic.com

www.burmeseclassic.com



[၄]

အကျင့်ပါနေသည့် မျက်လုံးတို့က အရက်တက် ငါးနာရီမှာ အလိုလို ပွင့်လာလေ၏။ ခါးနာတာ သိပ်မပျောက်သေးတာမို့ ပြေးသည့်လေ့ကျင့်ခန်းကို နားထားရချေပြီ။ ဟိုဆရာဝန်တော့ ကျွန်မကို မေ့မေ့ပျောက်ပျောက်ဖြစ်လောက်ပြီ ထင်ပါရဲ့..။

အိပ်ရာထက်မှဆင်းကာ လက်နှစ်ဖက်မြှောက် အကြောဆန့်ပြီး တစ်ချက်သမ်းလိုက်မိ၏။ မေမေမြင်ရင် 'အပျင်းမ'လို့ ပြောဦးမှာ အသေအချာ။ အိမ်မှာအတူတူနေပြီး မေမေနှင့် ကျွန်မက သိပ်အစေး မကပ်လှပါချေ။

ပြတင်းပေါက်ကိုဖွင့်၍ ခြံထဲရှိ အပင်တို့ကို အပေါ်စီးမှ ကြည့်လိုက်မိသည်။ ကျွန်မ ပုံဖော်ထားသည့် အပင်ရုပ်လေးတွေက ဥယျာဉ်ထဲမှာ အစီအရီ၊ မေမေကတော့ အပင်ဆိုရင် ပွင့်မှဆိုပြီး သစ်ခွတွေသာ မျိုးစုံစိုက်လေ၏။





ကျွန်မကတော့ အပွင့်ထက် အရွက်ပင်တွေကို ပိုသဘောကျတာမို့ ရွက်လှတွေ၊ ရုပ်လုံးဖော်လို့ရတဲ့ ဆေးရိုးတို့၊ တခြားအပင်တို့ကို ပျိုးစိုက်ပါသည်။

ပထမတော့ ကျွန်မ လုပ်သမျှကို မေမေက 'သူ့ဟာသူနေကဲ့ အပင်ကို နှိပ်စက်သည်'ဟု စွပ်စွဲခဲ့ပြီး နောက်မှ လက်ခံခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ပန်းအလှဆင်၊ ပန်းချီသင်တန်းဆင်းခဲ့သည့် ကျွန်မက အပင်တွေကို ဟင်္သာ၊ သမင်၊ ငှက်ကုလားအုတ် စသဖြင့် အရုပ်ပုံလေးတွေ ညှပ်ကာ ပုံဖော်ရောင်းတော့ တစ်ပင်ကို လေးငါးသောင်းဝင်ငွေရ၍ နှုတ်ဆိတ်သွားရသည်ကိုး..။

အပင်ကို ချုံလေးဖြစ်အောင် သွပ်နန်းကြိုးတွေ၊ ကြိုးတွေဖြင့် ဟိုတုပ်ဒီစည်းဖြင့် လုပ်ထားတာမို့ ပထမတော့ ကြည့်ရ အလွန်ဆိုးလေ၏။ လိုချင်သည့် အနေအထားအမြင့်နှင့် အရွက်တွေထူမှသာ ပန်းညှပ်ကတ်ကြေးဖြင့် စိတ်ရှည်လက်ရှည် ပုံဖော်ညှပ်ရကာလေ..။

ပန်းအိုးခပ်ကြီးကြီးတွေမှာ ကိုင်းကူးပြီး စိုက်ရတာကိုကအစ စိတ်ရှည်ရတာမို့ ကျွန်မအလုပ်က အံတော်လေး လက်ဝင်လေ၏။ ဒီပညာကို ပန်းအလှဆင်သင်တန်းတုန်းက ဆရာမ သင်ပေးခဲ့တာမို့ ခုချိန်ထိကျေးဇူးတင်၍မဆုံး..။

'ဘာလေးပဲ သင်သင် နှစ်နှစ်က အတတ်ကိုမြန်တာ'ဆိုပြီး သင်တန်းဆရာမ 'မမဒေါ်ရသီ'က ချီးမွမ်းခဲ့တာပါ။ သူများတွေအားလုံးက ကျွန်မကို နွေးလို့ ခေါ်ကြပေမယ့် မမက နှစ်နှစ်လို့ပဲ ချစ်စနိုး ခေါ်ခဲ့တာလေ၊ 'နွေးလို့ခေါ်တာထက် နှစ်နှစ်လို့ ခေါ်တာက ပိုအနှစ်သာရရှိပြီး ချစ်ခင်ရာ ရောက်တာယ်'လို့လည်း မှတ်ချက်ပြုခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာစားမှာလဲ"

"လာပြန်ပြီ..၊ မိုးလင်းတာနဲ့ စားဖို့ပဲ တွေးနေလား မိလုံးရဲ့"

"တစ်ညလုံး ချက်သမျှ အစာတွေက မနက် အိမ်သာတက်တာနဲ့ ကုန်သွားပြီကိုး မမရဲ့၊ ဒါကြောင့် တဗွီဗွီနဲ့ ဆန္ဒပြနေပြီလေ"

အခန်းတံခါးဖွင့်ကာ ပြောနေသည့် လုံးချစ်ကို ပြောပြလိုက်ပါ၏။ ကျွန်မကဖြင့် မျက်နှာပင်မသစ်၊ သွားမတိုက်ရသေး။ သင်းက စားဖို့ကြံနေချေပြီ..။

"ဟင် .. ဘာစားမှာလဲလို့ ကြီးခင်က မေးလိုက်တယ် မမရဲ့"

"စောစောစီးစီး ဘာမှမစားချင်ပါဘူးဟယ်၊ မဆာပါဘူး"

"ကြည့် .. အဲဒါ ကြီးခင်သိရင် မမကို ဆူဦးမှာ၊ ဘာမဆို ကြေးများလို့ အရိုးပဒေသာဖြစ်နေတာတဲ့.."

"ဘာဖြစ်လဲ .. ငါ့ဟာငါ အရိုးပဒေသာဖြစ်တာ နင် ရှက်ထားရတာမှ မဟုတ်ဘဲ၊ ငါ့ကို ဟိုဟာစား ဒီဟာစားဆိုပြီး မကုန်သမျှ နင်ချည်း ဒိုင်ခံတုတ်သွားတာ မဟုတ်လား၊ ဒါကြောင့် နင် နှာမည်နဲ့ လိုက်အောင် လုံးလုံးလေး ဖြစ်နေတာ၊ ကြီးကြီးကို ပြောလိုက်ချေ.. ချက်တာပဲ စားမယ်လို့"

"အင်း .."

ကြည့်.. အဲဒီကောင်မလေးကတော့ ဘယ်လိုသင်သင် 'ဟုတ်ကဲ့'လို့ မပြောဘဲ 'အင်း'ချည်း ပြောနေတော့တာလေ၊ ကြီးကြီးခင်ဆိုတာ ကျွန်မ ဖေဖေ ဦးအောင်သိမ့်ရဲ့ အစ်မ ဒေါ်ခင်လေးသိမ့်ပါပဲ။ လုံးချစ်က ဖေဖေတို့ဆွေမျိုးထဲမှ ဘယ်နှစ်ဝမ်းလောက်ဝေးမှန်း မသိသည့် ၁၃ နှစ်အရွယ် ကလေးတစ်ယောက်ပါ။ ကြီးကြီးနှင့် ဖေဖေက အသက် ခုနစ်နှစ်ကျော်





ကွာပြီး ဖေဖေ့ကို ငယ်ငယ်ကတည်းက ထိန်းခဲ့ပေးသည့် အပျိုကြီးမို့ ဖေဖေနှင့်မေမေ အိမ်ထောင်ပြုတော့လည်း အတူတူနေခဲ့ကြတာပင်..။

အိမ်မှာ သူစိမ်းဆိုလို့ ဖေဖေ့ ကားဒရိုင်ဘာ ဦးမျိုးတို့ တဲ့အရီးသာ ရှိတာပါ။ ဦးမျိုးရဲ့ တူလေးက ဒီနှစ် ဆယ်တန်းဖြေမှာမို့ အသက် ၁၆ နှစ်ရှိချေပြီ။ အိမ်ကအလုပ်သမား မဟုတ်ပေမယ့် ကျွန်မ အပင်တွေကို ရေလောင်းပေါင်းသင် ရွှေ့ပြုသယ်မ,သည့်အလုပ်ကို လုပ်ပေးပါ၏။ အမှိုက်တွေ ပစ်တန်တာ ပစ်၊ မီးရှို့တန်ရှို့ အလုပ်နှင့် တောက်တိုမယ်ရ ထုရိုက်စရာတို့ကိုလည်း လုပ်ပေးလေသည်။

မေမေ ဒေါ်နုသွေးငယ်ကတော့ မျိုးရိုးအမွေကို ဆက်ခံသူပီပီ စိန်ရွှေ ဝယ်ရောင်းသည့်အလုပ်ကို လုပ်လေ၏။ ကျွန်မ ငယ်ငယ်ကတည်းက လုပ်သည့်အလုပ်မို့ ယခုတိုင် အရောင်းအဝယ်ကိစ္စရှိလျှင် သူ့ကားနှင့်သူ မောင်းထွက်သွားတာပင်။ နေ့တိုင်း မဟုတ်ပေမယ့် တစ်ပတ်ကို သုံးလေးရက်လောက်တော့ ပုံမှန် သွားလေ့ရှိလေ၏။

ဒါကြောင့် ကျွန်မက ကြီးကြီးလက်ထဲပဲ ကြီးပြင်း၊ ကြီးကြီးလက်ထွက် ကလေးပီပီ မေမေ့ထက် ကြီးဒေါ်ကို ပိုခင်တွယ်မိလေသည်။ အမြဲ တိုးတိုးဖော်အဖြစ် တိုင်ပင်ကျင့်ရှိခဲ့တာကြောင့် မေမေက ကျွန်မကို ကြီးကြီးခင်၏ အပျိုကြီးဓာတ်တွေ ကူးနေပြီဟု ကွယ်ရာမှာ (ကြီးကြီးမသိရအောင်)ပြောခဲ့တာပင်။

နောက်ဖေးတန်းလျားဆီမှ အောင်လေး(အောင်အောင်)၏ စာကျက်သံကို ခပ်တိုးတိုး ကြားနေရပါ၏။ ဒီကလေးက မိဘတွေ ငယ်ငယ်ကတည်းက မဲ့ခဲ့ရတာမို့ အောက်သက်ကျေပြီး စာလည်း ကြိုးစား၊ အလုပ်လည်း လေးစားတတ်သည့် ချာတိတ်လေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



Bathroom ထဲဝင်ကာ တစ်ကိုယ်ရေ သန့်ရှင်းမှုတို့ကို နာရီဝက် အတွင်း ပြီးအောင်လုပ်လိုက်ပါ၏။ ခါးက မျက်နေသေးတာမို့ စိတ်ထဲမှာ ဟိုဆရာဝန်ကို စိတ်ခုနေရတုန်းပါပဲလေ။

မျက်နှာကို သနပ်ခါးရေကျဲလေးလူးကာ ဆံပင်ရှည်တို့ကို ကျစ်ဆံမြီးကျစ်ပြီး ဆံထုံးပြန်ထုံးလိုက်ပါ၏။ အိမ်နေရင်း blouse မီးခိုးဖျော့ ဖျော့ပေါ်မှာ ရှပ်အဖြူလက်ရှည်ကို တံတောင်ဆစ်အထိ လက်ပြန်ခေါက်၍ ဝတ်ကာ လုံချည်ကို ပါတိတ်တစ်ပတ်နွမ်း အနက်ခံမှာ အပွင့်ကျဲကျဲ ရွေး၍ ဝတ်လိုက်ပါသည်။

အောက်ထပ်ကို ဆင်းလာတော့ ဖေဖေရော မေမေပါ ထမင်းစား ခန်းထဲ ရောက်နေချေပြီ။ ကြီးကြီးက ကျွန်မကိုတွေ့တော့မှ လင်ဗန်း မ,လျက် လိုက်ဝင်လာလေ၏။

"ဘာလဲဟင် ကြီးကြီး"

"ကြာဆံချက်လေ သမီးရဲ့၊ ကြိုက်တယ် မဟုတ်လား"

"ကြိုက်တယ်ရယ် မဟုတ်ပါဘူး ကြီးကြီးရယ် .. ချက်ကျွေးတော့လည်း ကြီးကြီး ကုသိုလ်ရအောင် စားပေးရမှာပေါ့"

"စားပါရှင် .. စားပါ"

မေမေက ဖေဖေ့ကို မေးငေါ့ပြလိုက်ပြီး ကျွန်မကို မျက်စောင်းခဲပြလေ၏။ ဟော .. ညတုန်းက ဘာတွေများ တိုင်ပင် ညှိနှိုင်းထားပြီး အခု ဘာတွေပြောမလို့ပါလိမ့်။ မေမေက တဗျစ်တောက်တောက် ပြောတတ်သည့်အမျိုးသမီးမျိုး မဟုတ်ဘဲ ဖေဖေနှင့် အမူအရာပြကာ စကားပြော ကျွမ်းကျင်သည့်သူလေ..။

"ဘာပြောခိုင်းတာလဲ မေမေ"





"နင့်အဖေကို မေးကြည့်.."

တွေ့လား .. ဖေဖေ့ကို အကူအညီတောင်းပုံယောက်ရင် ကျွန်မ စိတ်ခုမယ့်ကိစ္စမျိုး ပြောခိုင်းတာပဲ ထင်ပါရဲ့၊ ကျွန်မ မနှစ်သက်တဲ့ကိစ္စမျိုးဖြစ်နေရင် ကြီးကြီးခင်က မကျေမနပ် ပင်ပြောတတ်တာမို့ သမီး ယောက်မတွေ ပြဿနာတက်လေ့ရှိသည်ကိုး..။

"ဖေဖေ့သမီး အရွယ်ရောက်ပြီဆိုတာကို သတိပေးခိုင်းတာပေါ့"

"အလို!.. ဒါများ ရေးကြီးခွင်ကျယ် ပြောစရာစကားလား"

စပါပြီ..၊ ဖေဖေ့စကားကို စဖျက်သည့် ကျွန်မကြီးကြီးပါပဲ၊ ဖေဖေက ကြီးကြီးကို တစ်ချက်ကြည့်ကာ ဆက်ပြောလေ၏။

"မမခင်တူမကို မမခင်လိုဖြစ်အောင် နားမသွင်းချင်နဲ့နော်၊ သမီးမှာ ကျွန်တော်တို့မျိုးဆက် ချန်ထားရစ်ဖို့ တာဝန်အကြီးကြီး ရှိတာဗျ"

"အလိုအေ.. ကလေး သူ့ဟာသူ အေးအေးနေတာကို အပူရှာခိုင်းနေပြန်ပါပြီ၊ ကိုယ့်သမီးကိုယ် မနှမြောတဲ့ဖအေတဲ့ ရှားပါ့ .. ငါ့မောင်ရယ်"

"သမီးက ငယ်တို့ရဲ့သမီးပါ မမခင်၊ သမီးကို တစ်သက်လုံး စောင့်ရှောက်ခွင့်မျိုး ငယ်တို့မှာ မရှိသလို မမခင်မှာလည်း မရှိဘူးဆိုတာ အမြဲ တရားထိုင်လေ့ရှိတဲ့ မမခင်က ပိုသိမှာပါ.."

"ဟဲ့ .. ဒါတော့ ငါလည်း သိတာပေါ့၊ နင်တို့ဟက်အရင် ငါ ထမင်းစားလာတာပါအေ"

"အဲဒါဆိုရင် သမီးရေ့ရေးအတွက် ငယ်တို့ ဆွေးနွေးနေတာကို ပျက်အောင် မမခင် မပြောပါနဲ့လို့ ငယ် မေတ္တာရပ်ခံပါရစေ"

ကြီးကြီးက မေမေ့ကို မျက်ထောင့်နီဖြင့် ကြည့်လိုက်လေ၏။ စောစောစီးစီး ကျွန်မအတွက်နဲ့ ပြဿနာတက်တာမျိုးကို မဖြစ်စေချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



လေ။ မေမေတို့ ပြောချင်တာကို ကျွန်မအနေနဲ့ မကန့်ကွက်ချင်သလို ကြီးကြီးလို အပျိုကြီးလုပ်ဖို့ကိုလည်း ကျွန်မ မထောက်ခံချင်ပါချေ..။

"ငါက နင်တို့သမီးကို အိမ်ထောင်မပြုဖို့ သိမ်းသွင်းနေတဲ့မိန်းမ မဟုတ်ဘူး"

"ဟော .. မမကတော့ လုပ်ပြီ၊ ကျွန်တော်တို့က မမကို မကောင်းမြင်နေတာမျိုး မဟုတ်ရပါဘူး၊ သမီးအပေါ်မှာ မမခင် ဘယ်လောက်ထိ စေတနာထားပြီး ချစ်ခင်သလဲဆိုတာကို ကျွန်တော်တို့ အသိဆုံးပါ၊ အခုဟာက သမီးရှေ့ရေးအတွက် တိုင်ပင်ဆွေးနွေးနေတာမျိုးပါဗျာ.."

"အေးလေ .. နင်တို့ မွေးထားတဲ့ကလေးမို့ နင်တို့ ကြိုက်သလို စီမံချင်တာကို ငါလည်း နားလည်ပါတယ်၊ ငါ စိုးရိမ်တာက သမီး သဘောမပါဘဲ အတင်းအကျပ် စီမံမှာကိုပါ"

"ဩော် .. မမခင်ရယ်၊ ကျွန်တော်တို့မှာ ရှားရှားပါးပါး ဒီသမီးလေးတစ်ယောက်တည်း ရှိတာပါဗျ၊ သမီး စိတ်ဆင်းရဲရမယ့် လုပ်ရပ်မျိုး အတင်းကြီး စီစဉ်ပါ့မလားဗျာ.."

လူကြီးတွေ စကား ကတောက်အဆဖြစ်နေချိန်မှာ ကျွန်မ Breakfast စားခြင်းက ကြာဆံချက်နှစ်ပန်းကန် ဝင်၍ ပြီးချေပြီ။ ကဲ.. ကျွန်မမှ ဝင်မပါရင် ဒီစကားဝိုင်းက ပြီးမည်မထင်။

"မေမေက နွေးအတွက် သဘောထူထားတဲ့လူ ရှိနေပြီလို့ ပြောချင်တာလား"

"သမီးက စိတ်ဝင်စားတယ်ပေါ့လေ"

"အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ မေမေတို့ စပြောလို့ မေးတာပါ၊ နွေးကို ကြီးကြီးလို အိမ်ထောင်မပြုဖြစ်မှာတော့ မစိုးရိမ်ပါနဲ့၊ တစ်





ယောက်တည်း နေသွားဖို့တော့ စိတ်ကူးမရှိပါဘူး၊ စိတ်ချပါ"

ကြီးကြီးမျက်စောင်းက ကျွန်မထံ ရောက်လာပါ၏။ ကြီးဒေါ်ရဲ့ အသည်းတုံးမို့ ကြီးကြီးကို ပစ်သွားမယ့်တူမဟု နောက် စွပ်စွဲတော့မှာလေ..။

"မေမေ့မှာ အဲဒီလိုမျိုး မရှိသေးပေမယ့် အကယ်၍ သမီးသာ လက်ခံမယ်ဆိုရင်တော့ ရှာရမှာပေ့ါ၊ သမီးဖေဖေမှာလည်း မိတ်ဆွေတွေ ဒီလောက်ပေါပါနေတာကို"

ကျွန်မ မျက်ခုံးမြင့်သွားရပါ၏။ အမယ်လေးလေး.. ဒီလိုစကားကိုသာ နေခြည် ကြားရင် ထခုန်မှာ အမှန်ပါပဲ၊ အန်ကယ် ဦးရောင်စဉ်နဲ့ အန်တီသဲသဲတို့က စီးပွားရေးကိုပဲ အာရုံစိုက်နေတာမို့ ကျွန်မရဲ့ သူငယ်ချင်း နေခြည်ဟာ လွတ်ချင်တိုင်း လွတ်၊ ကဲချင်တိုင်း ကဲနေတာ မဟုတ်ပါလား။

"ဖေဖေတို့သမီးက အပြင်ကိုထွက်ခဲ့ပြီး ဒီကိစ္စမျိုး မရှိနိုင်ဘူးလို့ ထင်တာပဲ"

"ငါ့တူမလေးက ဗိုင်းကောင်းကျောက်ဖိလေးပါအေ"

"ဟုတ်ပါတယ်၊ မမခင် လက်ထွက်မို့ သမီးဟာ မိန်းကလေးပီသတဲ့ကလေးမှန်း ကျွန်တော်တို့လည်း သိပြီးသားပါ မမရယ်.."

"မေမေကတော့ သားအမိချင်း ပွင့်ပွင့်လင်းလင်းဖြစ်အောင် မေးရတာပဲ သမီး၊ ပြော .. သမီးမှာ ချစ်သူရှိနေပြီလား၊ မရှိသေးဘူးလား"

ကျွန်မမျက်နှာ နွေးခနဲ ဖြစ်သွားရပါ၏။ ချစ်သူရှိနေပြီလားတဲ့၊ နေခြည် ပြောတုန်းကတော့ ရင်ထဲ အောင့်သက်သွားကာ မခံမရပ်ဖြစ်မိခဲ့တာလေ၊ အခု မေမေ မေးတာကိုတော့ ကျွန်မ စိတ်မဆိုးမိပါ။



www.burmeseclassic.com

www.burmeseclassic.com



အာရုံမှာ ကွက်ခနဲပေါ် လာသည့် မျက်နှာတစ်ခုကြောင့် ပြုံးချင်ချင် ဖြစ်သွားရပါ၏။ မဟုတ်သေးဘူးနော် .. သူ့အရွယ်နဲ့ အိမ်ထောင်လည်း ရှိချင်ရှိနိုင်တာပဲ၊ သားသမီးတောင် ရှိရင်ရှိဦးမှာ၊ တစ်ယောက်တလေပဲ ဖြစ်ဖြစ်ပေါ့နော်..။

အလို!... ဘယ့်နှယ်ကဘယ်လို သူ့ကို စိတ်ထဲမှာ အမှတ်ရသွားမိတာပါလိမ့်..၊ တကယ်ဆို ကျွန်မနဲ့ သူက ဘာမှပတ်သက်တာမျိုး ရှိမှမရှိတာပဲ။ ဆောင်းနံနက်ခင်း တစ်မနက်မှာ ရုတ်တရက် အမှတ်မထင်ဆုံမိခဲ့တဲ့ လူတစ်ယောက်ကို ကျွန်မ ဘာကြောင့်များ အမှတ်ရနေပါလိမ့်..။

"ဟဲ့ .. မေးနေတာကို မဖြေဘဲ ဘယ့်နှယ် ပြုံးစိစိလုပ်နေတာလဲ သမီးရဲ့ .. ဖြေဦးလေ.."

"အိမ်ထဲကအိမ်ပြင် သိပ်မထွက်ပါဘူးဆိုနေမှ ဈေးမှာ ဒါမျိုး ဘယ်ကရှိရမှာလဲ မေမေရယ်"

"သေချာလား"

"အင်း .."

ရေဖန်ခွက်ကို မော့သောက်လိုက်စဉ် အိမ်ရှေ့မှဝင်လာပြီး ပြောလိုက်သည့် လုံးချစ် စကားကြောင့် ကျွန်မ ရေသီးသွားရလေ၏။

"မမလေးရဲ့ ညွှန့်သည်တဲ့၊ အစ်ကိုချောချောကြီး အိမ်ရှေ့မှာ စောင့်နေပါတယ်"





[၄]

"ဟဲ့ .."

လူကြီးသုံးယောက်စလုံး အကြည့်က ကျွန်မထံ ရောက်လာပါ၏။ မျက်လုံးမျက်ဆံပြူးလျက် ခေါင်းခါပြလိုက်စဉ် ကြီးကြီးက စိတ်မြန်သူပီပီ အိမ်ရှေ့ကို ထွက်သွားလေသည်။

ဖေဖေနှင့် မေမေပါ တအံ့တသြ ဖြစ်သွားပြီး ကြီးကြီးနောက် ထလိုက်ကြတော့ ကျွန်မက နောက်ဆုံးမှ လိုက်ထွက်သူ ဖြစ်သွားရချေပြီ..။

'အစ်ကိုချောချောကြီး'တဲ့..၊ ဒါဆို ဟိုဒေါက်တာပဲ ဖြစ်နိုင်တာပေါ့။ မနေ့က ဖြစ်သွားရတဲ့ ပူပူနွေးနွေး Accident ကြောင့် ယခု ရောက်လာတာပဲ ထင်ပါရဲ့..။

ပါးစပ်ကို အမြန်သုတ်၍ ထလိုက်လာတော့ ညှို့ခန်းထဲမှာ လူကြီးသုံးယောက်နှင့်အတူ သူက မိတ်ဆက်နေလေပြီ..။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒေါက်တာ နေနန္ဒနိုင် ပါ ခင်ဗျာ"

"ဘာကိစ္စနဲ့လဲ မသိဘူး"

ကြီးကြီးက စတင် စပ်စုချေပြီ..၊ မေမေတို့က အားနာသမှုနဲ့ တော်ရုံမပြောချင်သည့်စကားမျိုးကို ကြီးကြီးက ခပ်တည်တည်နဲ့ ပြောချလေ့ရှိသည်လေ။ သူက ယဉ်ကျေးဖော်ရွေစွာ ပြုံးလိုက်ပြီး ကျွန်မတို့ ကိစ္စကို အတိုချုပ် ရှင်းပြလိုက်လေ၏။

"ဒီလိုပါ ခင်ဗျာ..၊ မနေ့မနက်တုန်းက ထပြေးတဲ့ အန်ကယ်တို့ သမီးကို ကျွန်တော့်စက်ဘီးနဲ့ တိုက်မိသွားလို့ပါ၊ အဲဒါ..."

"အလိုတော် .. ငါ့တူမကို စက်ဘီးနဲ့တိုက်လိုက်တာ အဲဒီကတည်းက မတောင်းပန်ဘဲ အခုမှ လာတောင်းပန်ရသလား"

"မဟုတ်ပါဘူးခင်ဗျ .. ကျွန်တော် သူ့ကို တောင်းပန်လိုက်ပါတယ်"

"ကလေးကို တောင်းပန်ရုံနဲ့ ပြီးမလား၊ ဒီအိမ်မှာ သမီးကို အုပ်ချုပ်တဲ့ လူကြီးသုံးယောက်တောင် ရှိတာကွယ့်"

"ဟုတ်ကဲ့.."

ယောင်ယမ်း ဟုတ်ကဲ့လိုက်သည့် သူ့ကို လိုက်ကာနောက်မှ ကြည့်ရင်း ကျွန်မ ပြုံးလိုက်မိပါ၏။ ဒီလူတော့ လူကြီးသုံးယောက်ကြားမှာ ညပ်နေပြီကိုး။

"ဘာ .. ဟုတ်ကဲ့လဲ.."

"နေပါ မမရယ် .. ဒီသူငယ် ဘာပြောရမှန်းမသိ ဖြစ်နေပါပြီ"

"ဟိုလေ .. အန်ကယ်တို့ လူကြီးတွေကိုလည်း တောင်းပန်ပါတယ် ခင်ဗျာ၊ ဒါနဲ့မှ မလုံလောက်ရင် ကျွန်တော့်မိဘတွေကိုပါ ခေါ်လာပြီး တောင်းပန်ပါဦးမယ်"





"အလိုတော် .. မင်းမိဘတွေပါ ခေါ်လာရအောင် မလိုပါဘူး၊ စဉ်းစဉ်းစားစားလည်း ပြောဦးမှပေါ့"

"ခင်ဗျာ!.."

"ငယ်ပဲ ပြောပါ့မယ် မမခင်၊ ဒီလူငယ် ကြည့်ရတာ ငယ်တို့ ရပ်ကွက်ထဲ ပြောင်းလာတာ သိပ်မကြာသေးဘူး ထင်တာပဲ"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော်တို့ ပြောင်းလာတာ နှစ်ပတ်ပဲ ရှိပါသေးတယ် ခင်ဗျ"

"ဘယ်ခြံမှာ နေတာလဲ"

"ဒီနှစ်လမ်းကျော် ကုန်းတက်ကခြံပါ အန်တီ၊ မြစိမ်းရောင်ခြံပါ"

"သြော် .. ဒါကြောင့် အန်တီတို့ မမြင်ဖူးတာပဲ၊ မိဘတွေကရော ဘာလုပ်ကြသလဲ"

"ဒက်ဒီကတော့ နှလုံးအထူးကု ပါရဂူပါ ခင်ဗျ၊ မာမီကတော့ အငြိမ်းစားကျောင်းအုပ်ပါ အန်တီ"

ကဲ .. မဟုတ်တော့ဘူး၊ မဆိုင်တာတွေ စစ်ဆေးသလို ဖြစ်နေပြီလေ၊ ကျွန်မမှ လူလုံးမထွက်ပြရင် သမက်စာမေးပွဲ Interview သလို မေးနေသည့် မေးခွန်းတွေအောက်မှာ ဒီဒေါက်တာ ပြားတော့မှာ အသေအချာပါပဲ။

"ရှင် ဘာလာလုပ်တာလဲ"

"သြော် .. နေလို့သက်သာရဲ့လား လာမေးရင်း လိုမယ်ထင်တာလေး လာပို့ပေးတာပါဗျာ.."

"မလိုပါဘူး၊ ရှင့်ပစ္စည်းတွေ ပြန်ယူသွားလိုက်ပါ"

"ဟယ် !... သမီးကလည်း.."



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်နာနေမလားလို့ပါ"

"ခြေထောက်က ဘာမှမဖြစ်ဘူးရှင့်၊ ခါးပဲ နာသွားတာ"

"ဒါဆိုလဲည်း ကျွန်တော့်ဆေးခန်းကို..."

"ပလာစတာကပ်ထားလို့ သက်သာနေပါပြီ၊ မလိုပါဘူး"

"သမီးက ဒီလိုဖြစ်တာကို ကြီးကြီးကို ဘာဖြစ်လို့ မပြောတာလဲ"

"သိပ်အရေးမကြီးလို့ပါ ကြီးကြီးရဲ့"

"အရေးမကြီးလို့ ရမလား ငါ့တူမရဲ့..၊ ညည်း လုပ်တဲ့အလုပ်က ဒီလို ခါးမျက်သွားလို့ မဖြစ်ဘူးလေ၊ ဒါကြောင့် ငါ ပြောပြောနေတာ၊ ခြံထဲမှာပဲ လေ့ကျင့်ခန်းလုပ်ပါလို့.. အပြင်ကို ထွက်တော့ အခု နာရပြီ"

"ကဲပါလေ .. မတော်တဆ ခိုက်မိသွားတာပဲ ရှိပါစေတော့၊ မောင်ရင်လည်း အလုပ်ဝင်ရမှာမို့ အချိန် ဘယ်ရှိပါ့မလဲ၊ အန်ကယ်တို့ နားလည်ပေးပါတယ်"

"ကျေးဇူး အများကြီး တင်ပါတယ် အန်ကယ်"

"ငါ့တူမကို စက်ဘီးနဲ့ တိုက်တုန်းကတိုက်ပြီး ဘာကျေးဇူးတင်ပါတယ်လဲ"

"ဗျာ!..."

"သမီးက သူကြီးဒေါ် အသည်းတုံး မောင်ရင်ရဲ့ .. ဒါကြောင့် တူမကိုထိရင် ဆတ်ဆတ်ထိမခံနိုင် ဖြစ်နေတာ.."

သူက ဖေဖေ့စကားကို သဘောကျသွားပုံဖြင့် ပြုံးလိုက်လေ၏။ ပြန်မယ့်ဟာ မြန်မြန်ပြန်ပါတော့လား၊ လေရှည်နေတာနဲ့ လူကြီးတွေ စပ်စုသမျှ ဖြေနေရဦးမှာလေ..။

"ခါးနာလို့မဖြစ်ဘူးဆိုတော့ ညီမလေးက ဘာအလုပ်များ လုပ်





လို့လဲ.."

"ဟာယ် .. စပ်စုလိုက်တာ"

'ညီမလေး'တဲ့၊ ဘာစိတ်ကူးနဲ့များ ခေါ်လိုက်တာပါလိမ့်၊ သူ့မှာ ညီမရှိလို့ပဲ အခုလို အလွယ်တကူ ခေါ်လိုက်တာ ထင်ပါရဲ့။

"သားက ညီမရှိလို့လား"

"ဝမ်းကွဲတွေတော့ ရှိပါတယ် အန်တီ၊ မွေးချင်းတော့ မရှိပါဘူး"

"ဒါဖြင့် သမီးနာမည်ကို မသိသေးလို့ ထင်ပါရဲ့"

"ဟုတ်ကဲ့ ခင်ဗျ"

"သမီးနာမည်က နှစ်သိမ့်နွေးပါ၊ အန်တီကတော့ ဒေါ်နုသွေးငယ်၊ သားအန်ကယ်က ဦးအောင်သိမ့်၊ ကြီးကြီးက ဒေါ်ခင်လေးသိမ့်ပါ၊ သမီးက အပင်စိုက်တာ ဝါသနာပါပြီး စီးပွားဖြစ်လည်း လုပ်နေတယ်.."

"သြော် .. ဟုတ်ကဲ့၊ စိတ်ချမ်းသာစရာအလုပ်မျိုးပါပဲ၊ ဒါနဲ့ အန်တီ့ နာမည်က ဒေါ်နုသွေးငယ်နော်"

"ဟုတ်တယ်လေ"

"ဒါဆိုရင် မာမီ့သူငယ်ချင်းများ ဖြစ်နေမလားလို့..၊ ပြင်ဦးလွင်မှာ များ နေခဲ့ဖူးသလား ခင်ဗျာ.."

မေမေက မျက်လုံးဝိုင်းလျက် အံ့ဩသွားလေ၏။ အလိုလေး .. ဆွေမျိုးတွေစပ်ဖို့ တော်တော် အချိန်အားနေတာ ထင်ပါရဲ့နော်..။

"အင်း .. ငယ်ငယ်တုန်းက နေခဲ့ဖူးတယ်"

"ဒါဆိုရင် မာမီ ပြောပြောနေတဲ့ မိငယ်ဆိုတာ အန်တီပဲ ဖြစ်လိမ့်မယ်၊ မာမီ့နာမည်က ဒေါ်ခင်အုန်းမြင့်ပါ အန်တီ၊ ဒက်ဒီက ဒေါက်တာ နေနိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်!... မြင့်ရဲ့သားလား .. ကြည့်ပါဦး .. ဒီအရွယ်ရောက်မှ ကြုံဖန်ဆုံရတယ်လို့ သားက သမီးထက် ကြီးမယ်ထင်တယ်"

"ဟုတ်ကဲ့..၊ ကျွန်တော့်အသက် ၂၇ နှစ်ရှိပါပြီ အန်တီ"

"ဟုတ်တာပေါ့၊ ငါးနှစ်တောင် ကွာတာပဲ"

"မာမီလည်း ပန်းပင်စိုက်တာ ဝါသနာပါတယ် အန်တီ၊ နောက်မှ အန်တီတို့မိသားစုကို အလည်ခေါ်ပါဦးမယ်"

"အို .. ကျွန်မက အိမ်လည်တာ ဝါသနာမပါဘူးရှင့်.."

"ဟင်း .. ဟင်း သမီးက မြင့်လို ပန်းပွင့်တဲ့အပင်မျိုး စိုက်တာ မဟုတ်ဘူး သားရဲ့၊ ပန်းမပွင့်တဲ့အရွက်မျိုးစုံပဲ စိုက်တာ၊ သူ့အကြိုက်ဆုံး အပင်က ရွက်လှပင်တဲ့၊ ကြားဖူးရဲ့လား"

"ဟောဗျာ.."

ဘာမှန်းမသိပါဘဲ ရယ်လိုက်ကြလေ၏။ ကျွန်မ မေမေက အဲဒီလို အမေမျိုးပါ။ သူများမိခင်တွေလို ကိုယ့်သမီးကို အမွှန်းတင်ပြီး လူရှေ့သူရှေ့မှာ မမောမပန်း ကြွားတတ်သည့်အမေမျိုး မဟုတ်ပါချေ။

ကျွန်မ နားကောက်တာ၊ ပြောစကား နားမထောင်ဘဲ လုပ်ချင်ရာ လုပ်တတ်တာ၊ မတည့်တာကိုဆို ပိုစားချင်တာ၊ လူကြီးက ဒါဆိုရင် (ဖေဖေ့အားကိုးနဲ့) ကျွန်မက ဟိုဟာဆိုပြီး ဆန့်ကျင် ပြောလေ့၊ လုပ်လေ့ရှိတာကို ကျွန်မ ငုတ်တုတ်ရှိလျက် ချပြောလေ့ရှိတာလေ..။

အဆိုးဆုံးကတော့ မီးဖိုချောင်ဝင်ဖို့ ဝါသနာမပါတဲ့ကိစ္စပါပဲ။ ပန်းကန်ဆေးရင် ပန်းကန်ကို ချခွဲတတ်တာ၊ ဖေဖေ စားချင်တဲ့ ကြက်ဥ Half fried ကို တူးအောင် ကြော်ပေးတာ၊ ဟင်းချက်ခိုင်းရင် ချဉ်တာ အရမ်းချဉ်ပြီး ငန်တာ ငန်၊ ပေါ့တာ ပေါ့ဖြင့် တစ်မျိုးမှ အချိုးမပြေဘဲ





အားလုံး လက်မြှောက်ထားလိုက်ရတာပင်..။

အိမ်မှာ ကြီးကြီးကပါ ရှိနေတာမို့ ကျွန်မကို မိန်းကလေးပီသဖို့ ဒီအချက်အပြုတ်တာဝန်က ပိုပြီး လစ်ဟင်းညံ့ဖျင်းသွားရတာပါပဲ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား မိန်းကလေးမျိုးတော့ မဟုတ်ပေမယ့် အပင်စိုက်ပြီး ငွေရှာတတ်တာကတော့ ကျွန်မရဲ့ ကောင်းကွက်တစ်ခုဖြစ်တာ အမှန်ပါ..။

"မေမေနော် .. နွေး မကောင်းကြောင်း ပြောနေပြန်ပြီ"

"ဘာဖြစ်လဲ .. ဟုတ်တာ ပြောတာပဲလေ၊ မကျေနပ်ဘူးလား၊ မိန်းကလေးဖြစ်ပြီး မီးဖိုချောင်အလုပ်ကို လုံးဝ ဝါသနာမပါဘူး သားရဲ့၊ သူ မီးဖိုထဲဝင်တာနဲ့ ဂလုံ၊ ဂွမ်း ဆိုတဲ့ အသံတွေကြားရပြီး လက်အပူလောင်ရင် လောင်၊ မလောင်ရင် ဖန်ရှတဲ့အသံ တစ်ခုခုတော့ ကြားရတာပဲ"

သူက ကလေးတစ်ယောက်ကို လူကြီးတစ်ယောက်က ခွင့်လွှတ်သည့်အပြုံးမျိုးနှင့် ချစ်စနိုးကြည့်ကာ ပြုံးလိုက်လေ၏။ ကြည့်စမ်း.. လူကိုများ အထင်သေးတဲ့အပြုံးမျိုး၊ အကြည့်မျိုးနဲ့ လာကြည့်နေရတယ်လို့ အမြင်ကပ်လိုက်တာနော်။

"အဲ့ .. ကောင်းကွက်တစ်ခုကတော့ ဘယ်အပင်ကို ဘယ်လိုစိုက်၊ ဘယ်လိုပုံစံဖော်ပြီး ဘယ်ဈေးနဲ့ ရောင်းရမလဲဆိုတဲ့ စီးပွားရေးဈေးကွက်တော့ ကောင်းကောင်းကြီး ကျွမ်းကျင်တယ် သားရေ၊ သူ ဒီလုပ်ငန်း စလုပ်ကတည်းက မိဘတွေဆီ မုန့်ဖိုးမတောင်းတာ ကြာပြီ၊ အန်တီတို့ ဘာဆိုဘာကိုမှ ဆင်ပေးစရာ မလိုတာ.."

"အိုအေ .. ငါ့တူမကိုက အလှမကြိုက်တာပါ၊ ဒါလည်း ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောဦးမှာပေါ့"

"ဒါလည်း မာမီနဲ့တူတာပဲ၊ မာမီလည်း သစ်ခွခြံဖွင့်ပြီး ရောင်းတာပဲ အန်တီရဲ့၊ အရမ်းရှားတဲ့ပန်းမျိုးဆိုတော့ ငွေ အရမ်းရတယ်တဲ့၊ ကျွန်တော်ကတော့ သိပ်နားမလည်ပါဘူး"

"ဟုတ်တာပေါ့၊ သားတို့ သားအဖက ဆေးတွေအကြောင်းပဲ ကျွမ်းကျင်မှာလေ"

"စကားလည်း ကောင်းပေမယ့် ပြန်ဖို့သင့်ပြီ ထင်ပါရဲ့၊ အန်ကယ်ကုမ္ပဏီသွားဖို့ နောက်ကျနေပါဦးမယ်၊ ကျွန်တော့်ကြောင့် အန်ကယ်တို့ အချိန်ကို အလဟဿ ဖြုန်းတီးမိသလို ဖြစ်သွားရင် နားလည် ခွင့်လွှတ်ပေးစေချင်ပါတယ် ခင်ဗျာ"

"ရပါတယ်ကွယ်"

"ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ၊ ကြီးကြီးနဲ့ ညီမလေးကိုလည်း ထပ်ပြီး တောင်းပန်ပါတယ်နော်"

"အေးပါကွယ်"

ကြီးကြီးက တရိုတသေ အသိအမှတ်ပြုခံလိုက်ရတာမို့ ကျေနပ်သွားပါ၏။ အဲဒါပဲ ကြီးကြီးက သူ့ကိုမြှောက်ပင့်ပြီး ကပ်ချွဲရင် ပျော့ပြီး ပါလာတတ်တဲ့ ဖယောင်းမျိုးလေ..၊

သူက အားလုံးကို ဦးညွှတ်နှုတ်ဆက်ကာ ထွက်သွားတော့၏။ စားပွဲထက်ရှိ Plastic အိတ်ကို ဖွင့်ကာ အတွင်းမှပစ္စည်းတို့ကို ကျွန်မ နှိုက်ထုတ်လိုက်ပါသည်။

လိမ်းဆေး၊ သောက်ဆေးနှင့် Plasta တွေမို့ နှာခေါင်းရှုံ့လိုက်မိ၏။





ဆရာဝန် ဗီသပါပေရဲ့၊ လူနာကိုပေးတဲ့ လက်ဆောင်အတိုင်း လာပို့တာပါပဲလား..။

"ငါတို့သမီးက ပါးစပ်ကပြောတော့ မရှိဘူးနဲ့ ပြောလို့မှ မဆုံးသေးဘူး လူလုံးကို ထွက်ပြတော့တာပါပဲလား"

"ဘာကိုလဲ ဖေဖေရဲ့ .."

"အခုပဲ ပြန်သွားတဲ့သူကို ပြောနေတာလေ"

"အာ .. ဖေဖေကလည်း မဟုတ်တာ၊ သူနဲ့ သမီးက ခင်တဲ့ အဆင့်တောင် မရှိတဲ့ဟာကို"

"ဘာပဲဖြစ်ဖြစ် အလားအလာတော့ ရှိလာမှာလေ၊ မနေ့ကဆုံပြီး ဒီနေ့ရောက်လာတာဆိုတော့ ဆိုးတော့ မဆိုးဘူး"

"အင်း .. နောက်မှ မြင့်နဲ့တွေ့ပြီး တီးခေါက်ကြည့်ဦးမှပါပဲ၊ ဒီအရွယ်ဆိုတော့ စေ့စပ်ထားတာမျိုးတော့ ရှိကောင်းရှိနိုင်မယ်"

"အဲဒါ မေမေ့ဆန္ဒနော်၊ နွေးဆန္ဒ မပါဘူး၊ တော်ကြာ စေ့စပ်ရုံမကဘဲ လက်ထပ်ပြီးသား ယောကျ်ားဖြစ်နေမှ နွေး အရှက်ကွဲမခံနိုင်ဘူးဆိုတာ ကြို့ပြောထားပါရဲ့"

"လက်ထပ်ပြီးသားယောကျ်ားနဲ့ လူပျိုလူလွတ် အကွာကြီးပါသမီးရယ်၊ ခွဲခြားလို့ ရပါတယ်"

"ဟင်!... ဘယ်လို သိနိုင်တာလဲ"

"ဒါက မေမေတို့လို အိမ်ထောင်သည်တွေပဲ ကြည့်တတ်တာ၊ သမီး နားမလည်ပါဘူး"

"ကြည့် .. ဒါ တစ်ဖက်လှည့်နဲ့ ငါ့ကို အပျိုကြီးဆိုပြီး ခွပ်လိုက်တာလား မိငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ကဲ တော်ပါတော့၊ ကိုယ် အလုပ်နောက်ကျဦးမယ် ငယ်၊ ကိုယ့်ကို ကူပေးဦး"

ဖေဖေက စကားဝိုင်းကို ဖျက်လိုက်တာကြောင့် ကြီးကြီးက မကျေမနပ်ဖြင့် မေမေ့ကို မျက်စောင်းခဲရင်း ကျန်ရစ်ခဲ့လေ၏။ ကျွန်မက ခြံထဲဆင်းရန် ပြင်လိုက်လေသည်။

အပင်တွေထဲမှာ ရွက်လှကို ကျွန်မ ဘာကြောင့် ကြိုက်ရပါသလဲ၊ အဖြေက အရင်းလေးပါ၊ အရွက်ပုံစံလည်း မျိုးစုံရှိပြီး အလိမ်လေးတွေ၊ အတွန့်လေးတွေနဲ့ ပုံစံတကျ ရှိရုံမျှမက ထိုအရွက်တွေပေါ်မှာ ရောင်စုံအစက်အပြောက်လေးတွေ ပေါ်နေတာကိုက ရွက်လှရဲ့ ထူးခြားချက်တွေပါလေ..။

မိုးရွာတဲ့အချိန်နဲ့ ညမိုးချုပ် ခြံထဲဆင်းလို့မရချိန်တွေမှာသာ ပန်းချီဆွဲလေ့ရှိသည့် ကျွန်မက အများဆုံး ခြံထဲက ဥယျာဉ်ထဲမှာသာ ရှိနေတတ်တာကိုတော့ အိမ်သားတိုင်း သိနေလေ၏။

နှစ်သိမ့်ရွှေးရဲ့ တစ်နေ့တာက ခြံထဲမှာသာလေ..။





[၅]

"မမ .. Phone လာနေပါတယ်"

"ကိုင်လိုက်လေ မိလုံးရယ်၊ ငါ ဒီမှာ အပင်စည်းနေတာ လက်မအားမှန်း သိရဲ့သားနဲ့"

"ကိုင်ပြီးပြီ မမရဲ့.."

"အေးလေ .. ဒါဆိုရင်လည်း ဘယ်သူနဲ့ တွေ့ချင်သလဲလို့မေးပြီး အချိန်ရော လူနာမည်ကိုပါ Phone စင်ပေါ်က Note Book ထဲ ထည့်မှတ်ထားဖို့ နင့်ကို မေမေ သင်ထားပေးတယ် မဟုတ်လား"

အပင်ကို ဂရုစိုက်နေတာမို့ လုံးချစ်ကို လှည့်မကြည့်အားပေ။ လက်ထဲမှာ သွပ်နန်းကြိုးကိုဖြတ်ဖို့ ပလာယာရော Plastic ကြွပ်ကြွပ်ကြိုးခွေပါ ရှုပ်နေတာပါ။ အပင်ကိုင်းတွေကို စုပြီး ကိုင်ထားတာကိုပါ လွှတ်လို့ မရတဲ့ကြားထဲ သင်းက လာနှောင့်ယှက်ရတယ်လို့..။

"အဲဒါ သမီး သိပါတယ် မမရဲ့၊ အခုဟာက အန်တီ ဒေါ်ခင်အုန်းမြင့် ဆက်တာ ဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ခင်အုန်းမြင့် .."

"အင်း .."

မျက်မှောင်ကြုတ်သွားရပါ၏။ ဒေါ်ခင်အုန်းမြင့်တဲ့၊ ဘယ်ကလဲ..၊ မေမေ့အသိပဲလား၊ ရုတ်တရက်စဉ်းစားလို့မရတဲ့အထိ ကျွန်မရဲ့ ဦးနှောက်မှတ်ဉာဏ်က အဲဒီလိုကောင်းတာပဲ ကြည့်တော့လေ..။

အထူးသဖြင့် ကျွန်မ ဇါသနာပါတာကို စိတ်ဝင်တစား လုပ်နေချိန်မျိုးမှာ တခြား ဘာကိုမှ စိတ်မဝင်စားတော့တာ အမှန်ပါပဲ။ အဲဒီအချိန်နေခြည့်ဆီက Phone လာရင်တောင် နောက်မှပြန်ဆက်လို့ ပြောခိုင်းတာ အမြဲပါလေ..။

"ဘယ်သူနဲ့ ပြောချင်တာတဲ့လဲ"

"မေမေနဲ့တဲ့.."

"မေမေ အပြင်သွားတယ်လို့ ပြောလိုက်လေ လုံးချစ်ရယ်"

"ပြောတယ် မမရဲ့၊ မေမေ မရှိရင် မမကိုပဲ ခေါ်ပေးဆိုလို့ပါ"

"ကျစ်!..."

စိတ်ညစ်တာ အဲဒါပဲ..၊ ကြီးကြီးက မီးဖိုခန်းထဲမှာမို့ ထွက်မကိုင်တာပဲ ဖြစ်မှာပါ။ လက်ထဲမှာ စုကိုင်ထားသည့်အပင်ကို လွှတ်ပေးလိုက်ရတော့၏။ ပလာယာကို ဂျင်းဘောင်းဘီခါးကြားထဲ ချိတ်လိုက်ပြီး လက်ထဲကသွပ်ကြိုးခွေနှင့် ကြွပ်ကြွပ်ကြိုးခွေကိုပါ ကိုင်လျက် အိမ်ထဲသို့ ခြေလှမ်းသွက်သွက် လှမ်းဝင်လိုက်ရတော့သည်။

ဒီလိုမှ မကိုင်လိုက်မိရင် တော်ကြာ စိန်အရောင်းအဝယ် ချိတ်ပေးသည့်တစ်ခွင် လွှတ်ပြီးဆိုပြီး မွေးမာတာနဲ့ နှောင်ချိန် Play ရမှာလေ..။

"ဟယ်လို .. အမိန့်ရှိပါ"





"သမီးလေးလား.."

"ရှင်!..."

ဗုဒ္ဓေါ .. သမီးလေးလားတဲ့၊ တရင်းတနှီးသုံးလိုက်သည့် အခေါ်အဝေါ်ကြောင့် အံ့ဩကာ မျက်လုံးပြူးသွားရလေ၏။ အလိုလေး .. မေမေ စပ်ဟပ်ပေးမည့်အိမ်က ယောက္ခမများ ဖြစ်နေလေပြီလား..။

"ဘယ်သူလဲ မသိဘူး"

"ဩော် .. အန်တီက သမီးမေမေရဲ့သူငယ်ချင်းလေ"

"ဟင်!..."

ဘုရားရေ .. ဟုတ်များ ဟုတ်နေပြီလား၊ ကျွန်မကို မျက်စိစပါးမွေးစူးနေတဲ့ မေမေ့ရဲ့အိမ်ထောင်ချပေးမယ့် ဖြစ်ဒဏ်က ဤမျှ မြန်ဆန်နေလိမ့်မည်ဟု ထင်မှမထားခဲ့မိတာပဲ..။

"သမီး မသိဘူးလား"

"ဟင့်အင်း.."

"ဟယ် .. မပြောဖူးလားကွယ်"

ဟုတ်နေပါပြီ၊ ဒီလောက် အစချီလိုက်ကတည်းက ဒီတစ်လမ်းပဲ ရှိတာပဲဟာ။ သတိ .. နှစ်သိမ့်နွေး ရေ .. တော်ကြာ လူကြီးကို မချေမငံ ပြောလိုက်မိရင် မေမေ့နား ပေါက်သွားလို့ကတော့ နင့်ကို 'တော်ပိဒို' ခုံးကျည်နဲ့ မေမေ ပစ်ပြီသာမှတ်..။

"ဟိုလေ .. ပြောတော့ ပြောဖူးမယ်ထင်ပါတယ် အန်တီ၊ နွေးက မှတ်ရတာများပြီး မေ့တော့တော့ဖြစ်နေတာပဲ ဖြစ်မှာပါ"

"ဟုတ်လား .. ဟင်း .. ဟင်း .. ဟင်း ဒါဆိုရင်လည်း သမီး မှတ်မိအောင် အန်တီ အစဖော်ပေးမယ်ကွယ်၊ အန်တီက သမီးကို



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးနဲ့တိုက်မိတဲ့ ကောင်လေးရဲ့မေမေပါ၊ ဒီလောက်ဆို မှတ်မိပြီ ထင်ပါရဲ့ .. ဟုတ်ရဲ့လား"

"ရှင်!..."

ဗုဒ္ဓေါ .. အခုမှ မျက်လုံးက လင်းကွင်းလောက် ပြူးသွားရတာ ပါလေ၊ လက်စသတ်တော့ ဒေါက်တာ နေနန္ဒနိုင်ရဲ့မိခင် ဒေါ်ခင်အုန်း မြင့် ဖြစ်နေတာပါလား၊ သေစမ်း .. နှစ်သိမ့်နွေးရေ..၊ ကိုယ့်ဘာသာ ကိုယ် အတွေးတွေပေါက်ရင်း စကားကို သတိထားပြီး ပြောနေမိတာ၊ အခုတော့ ဟိုဒေါက်တာရဲ့မေမေနဲ့မှ သွားတိုးရတယ်လို့..။

ကိုယ့်ဘာသာကိုယ် မျက်နှာရဲကာ ရှက်ပြီး တီးတိုးရယ်လိုက်မိ တော့၏။ ညံ့ပါ့ နွေးရယ်..။

"မှတ်မိပြီလား သမီး.."

"ဟုတ် .. ဟုတ်ကဲ့"

"သမီး မေမေက ဘယ်သွားနေတာလဲ"

"အင်း .. မေမေက အရောင်းအဝယ်ရှိမှ အပြင်ထွက်တာပါ၊ တစ်ပတ်မှာ လေးရက်လောက်တော့ ထွက်လေ့ရှိပါတယ် အန်တီ"

"ဒါဆို သမီးက အိမ်တွင်းပုန်း ကုလားမလေးပေါ့လေ"

ပြုံးလိုက်မိပါ၏။ ကုလားမလေးတဲ့လား၊ မမြင်ရပါပဲ ပြောနေတာ ဖြစ်ပါလျက် ကိုယ့်လက်ကို ကိုယ် ကြည့်လိုက်မိလေသည်။ ကျွန်မက ဖအေတူသမီးပီပီ အသားရောင်က ညိုသည့်ဘက်လုချင်နေတာလေ၊ သူကမှ ယောက်ျားလေးတန်မဲ့ အသားအရေ ဖြူဝင်းနေတာ မဟုတ် လား..၊

ဒါကြောင့်လည်း ဒီတစ်ယောက်တည်းရှိတဲ့ သမီးကို မအေနဲ့ တစ်





စက်ကလေးမှမတူတဲ့ ကလေးဆိုပြီး ပြောပြောနေတာလေ၊ မေမေ့ဆီ က မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းနဲ့ ဆံပင်တူတာကလွဲရင် နှစ်သိမ့်နွေးဟာ အသံ၊ မျက်နှာကျပုံ၊ မျက်ခုံးနဲ့ အရပ်အမြင့်တို့က ဖေဖေနဲ့ တစ်ပုံစံတည်း ဖြစ်နေတာမို့ အချောအလှစာရင်းကို ဝင်မနေတာ အမှန်ပါ။

အန်တီ့စကားက စနောက်ပြောမှန်း သိပေမယ့် စိတ်ခာတ်က ကျချင်ချင်ဖြစ်သွားရပါ၏။ ကျွန်မက ဘဲရုပ်ဆိုးလေးပါ အန်တီရယ်..။

"အဲဒီလိုလည်း မဟုတ်ပါဘူး အန်တီ၊ နွေး အပြင်တွေဘာတွေ တော့ ထွက်ပါတယ်၊ အကြောင်းမဲ့ အလည်အပတ်မျိုးတော့ မဟုတ်ပါ ဘူး၊ လိုချင်တာ၊ ဝယ်ချင်တာတွေရှိတဲ့အခါမျိုးမှာပါ"

"ဟုတ်လား .. ဒါဆိုရင်တော့ အန်တီနဲ့ တူတာပဲ၊ အခု သမီး ဘာပင်စိုက်နေတာလဲ"

"အင်း .. စိုက်တာတော့ မဟုတ်ဘူး အန်တီ၊ အပင်ကို ပုံသွင်းဖို့ ကျပ်စည်းပေးနေတာပါ"

"သြော် .. ဘာ့ပင်ကိုလဲ သမီးရယ်"

"အပင်နာမည်တော့ မရှိပါဘူး အန်တီ၊ အရွက်က ထောင့်ချွန် လေးတွေနဲ့ စူးပုံစံလေးတွေပါ၊ အရိုးကတော့ ရှင်းရှင်းလေးပဲ"

"ဘာပုံဖော်မှာလဲ ပြောပါဦး .."

"ငှက်ကုလားအုတ်ပုံပါ အန်တီ၊ သုံးကောင် ကျောပေးဆိုင်နေမှာ မို့ စည်းရတာ လက်ပေါက်တော့ အတော်လေး ကပ်ပါတယ်"

"Order မှာထားတာလား"

"ဟုတ်ကဲ့..၊ Hotel အလှပြခန်းအဖြစ် သုံးဖို့ဆိုပြီး မှာသွားလို့ပါ"

"ဘယ်လောက်ရလဲ သမီး၊ စရန်ငွေ ယူထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. နွေးက အားလုံးပြီးမှ အပြီးယူတာပါ အန်တီ၊ စရန်ယူလေ့ မရှိပါဘူး။ ဒီတစ်အိုးက ခြောက်သောင်းရပါတယ်"

"တယ်ဟုတ်ပါလား။ တော်တော် ရတာပဲ၊ ဒါဆို တစ်လတစ်လ သမီး ဝင်ငွေက အတော်ရှိနိုင်တာပေါ့လေ"

"ဒီလိုပါပဲ အန်တီ"

လိုရင်းကိစ္စကို မပြောဘဲ ကျွန်မ ဝါသနာအလုပ်ကိုချည်း ဆက်တိုက်မေးနေတာမို့ မျက်မှောင်ကြုတ်လိုက်မိ‌ေလ၏။ အကြောင်းမဲ့ သက်သက်ကြီးတွေ့ မနက် ၁၀ နာရီကြီး Phone မဆက်လောက်ပါဘူးနော်..။

"သမီးတော့ အလုပ်ပျက်ပြီ ထင်တယ်"

ဟော .. ကျွန်မ တွေးတာကို သိလိုက်တာပဲလား။ ထူးဆန်းလေစွ၊ ဒါဆိုရင်တော့ အန်တီ့ကို လျှော့တွက်လို့မရနိုင်ပေ။

"ရပါတယ် အန်တီ"

"အသံက အားပျော့နေပါရောလား။ ဟင်း .. ဟင်း အန်တီက သမီးတို့မိသားစုကို အလည်ဖိတ်ချင်လို့ပါ"

အလိုလေး .. စလာပါပြီ၊ နှစ်အိမ်ထောင် ရွှေလမ်းငွေလမ်းဖောက်မယ့် ဇာတ်လမ်းမျိုးလေ။ ရုပ်ရှင်တွေ၊ ဗီဒီယိုဇာတ်လမ်းတွေမှာဆိုရင်တော့ မင်းသမီးအိမ်ကို မင်းသားမိသားစုက အရင်ဆုံး လာလည်ရမှာက ထုံးစံပေါ့၊ အခုက ပြောင်းပြန်ကြီး မဟုတ်လား..။

"ဟုတ်ကဲ့ .. မေမေတို့ပြန်လာရင် နွေး ပြောလိုက်ပါ့မယ် အန်တီ"

"ငယ်တို့ကို ပြောမှာဆိုတော့ သမီးက လိုက်ဖို့ အစီအစဉ်မရှိဘူးပေါ့လေ၊ ဟုတ်လား.."





အဲ .. သိလိုက်ပြန့်တာပဲလား..၊ ကျောင်းအုပ်ဆရာမကြီး ပီသပါပေရဲ့။ အရာရာ ထိုးထွင်းသိမြင်နေနိုင်တာလေ၊ နွေးကတော့ လူချင်းမတွေ့ရသေးခင် ကြိုပြီး လန့်ရပါရောလား..။

"အင်း .. နွေး ဒီည အပြီးသတ် ကားဆွဲဖို့ရှိနေလို့ပါ"

"ကား .."

"ဟုတ်..၊ ဟိုလေ .. ပန်းချီကားကို ပြောတာပါ အန်တီ"

"ဩ .. သမီးက ပန်းချီလည်း ဆွဲတာကိုး၊ တော်လိုက်တာနော်၊ ငယ့်သမီးဆီမှာ ငယ်နဲ့မတူတဲ့ အရည်အချင်းတွေ ရှိနေတာပဲ"

အမယ်လေးလေး .. စွတ်ပြီး မြှောက်ပြောနေပြန်ပါပြီ။ မေမေ့ရှေ့ သွားပြောလိုက်လို့ကတော့ နှိပ်ကွပ်ပြလိုက်မယ့်ဖြစ်ခြင်း။ မေမေက သူစိမ်းရှေ့မှာ သမီးဖြစ်သူကို အပြစ်တစ်ခုချင်း ပြောတတ်ပါဘိသနဲ့..။

"လိုက်လာခဲ့ပါ သမီးရယ်၊ အိမ်တက်ဆွမ်းကပ်တုန်းက သမီးတို့မိသားစုကို မဖိတ်လိုက်ရလို့ အန်တီ တမင် စီစဉ်ပေးတာပါကွယ်၊ ညနေစောင်း ခြေဆန့်လက်ဆန့် လမ်းလျှောက်ရင်း လာခဲ့ကြပါ၊ သမီးပါမလာရင် အန်တီ့သားကို အခေါ်လွှတ်လိုက်မှာနော၊ မပြောမရှိနဲ့.."

အား .. ဒါ ခြိမ်းခြောက်တာပါပဲလား၊ နှစ်သိမ့်နွေးကို ချောင်းပိတ်ဖမ်းရင် အလွယ်လေးဆိုတာကို ဖေဖေပဲ သိတယ်ထင်နေတာ။ အခုတော့ သူစိမ်းတွေတောင် သိတော့မှာလေ။

"လာခဲ့နော် သမီး၊ ငယ့် Hand Phone နံပါတ် မမေးရသေးလို့ အိမ် Phone နဲ့ပဲ ဆက်လိုက်တာ ဒီညနေပဲနော်"

"ဟုတ်.."

Phone က ကျသွားချေပြီ။ ကဲ .. ဘေးကျပ်နံကျပ်ဖြစ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဒါမျိုးပေါ့။ လိုက်မလာမှ ဟိုဒေါက်တာကို လွှတ်တာနဲ့ ဖေဖေ ရော မေမေပါ ပြုံးစိစိလုပ်ကြတော့မှာလေ..။

မျက်နှာကို ရှုံ့တွကွာ ခြံထဲ ပြန်ဆင်းခဲ့ရပါ၏။ ဒီလ ပေးရမည့် ပန်းအိုးက ၁၅ အိုးဖြစ်ပြီး ပေးပြီးတာ အခုမှ ၅ အိုးသာ၊ ခါးနာတဲ့ တစ်ပတ်လုံးလုံး အလုပ်စံချိန်မမီ ဖြစ်သွားတာမို့ သင်းကို စိတ်ထဲကနေ မေတ္တာတွေ အတုံးလိုက်အတစ်လိုက် ပို့ခဲ့မိတာ ကိုယ့်ကိုယ်ကိုယ်ပဲ သိတာလေ။

"မမ ကြီးခင်က ထမင်းစားကြစို့တဲ့"

"ဘယ်နှစ်နာရီ ရှိသေးလို့လဲ၊ မစားချင်သေးပါဘူး"

"၁၁ နာရီခွဲနေပြီတဲ့"

"စားနှင့်ကြပါ..၊ ဝမ်းချင်းဆုံတာ ကျနေတာပဲ၊ ဒီမှာ အပင်တွေ ကျန်နေသေးတဲ့ဟာကို အနှောင့်အယှက်က ဝင်သဟဲ့.."

"အမယ်လေးဟဲ့ .. ဖအေတူသမီးပီပီ စကားကြီး စကားကျယ် ကလည်း ပြောတတ်ပ့ါ မိရွှေနွေးရယ်၊ အခု မစားရင် မနက်စာစားဖို့ ညည်း မေ့တော့မှာလေ၊ စားရင်လည်း ဘေးကနေ တစ်ပန်းကန်ကုန် အောင် မနည်းစားခိုင်းရတာ ကလေးပေါက်စလေးလိုမျိုး၊ အစားက လည်း ကြေးများပါဘိသနဲ့၊ ဆာဆာမဆာဆာ အခုလိုက်စား.."

အိမ်ဝကနေ ခါးထောက်ပြီး လှမ်းအော်လိုက်သည့် ကြီးခင်အသံ ကြောင့် ဆောင့်ကြောင့်ထိုင်လုပ်နေရာမှ မြေကြီးပေါ် ပစ်ထိုင်ချလိုက် မိ၏။

ဟင်းနော် .. စိတ်က ကောက်ချင်လာပြီ၊ နွေးက ကြီးကြီးအပေါ် မှာ အလိုလိုက်ခံရသည့်သူမို့ မကြာခဏ ကောက်တတ်လေ၏။





ဒါကြောင့်လည်း ကြီးကြီးက ကျွန်မကို 'ကောက်ချိတ်မ'လို့ ခေါ် တတ်သေးတာလေ..၊

"အဲဒါက ဘာလုပ်တာလဲ၊ ကောက်ချင်နေပြန်ပြီလား"

"ဒီမှာ အလုပ်က မပြီးသေးတာကို.."

"အဲဒီအလုပ်က မသေမချင်း ညည်း လုပ်လို့ရတယ်အေ့.."

"ထမင်းလည်း မသေမချင်း စားလို့ရတာပဲ ကြီးကြီးရဲ့.."

"မိရွှေနွေးနော် .. ညည်း လိုက်ကတ်သတ်မနေနဲ့၊ ခုချက်ချင်း ထ .. လက်ဆေးတော့"

"မမနွေး ကောက်ရင် တူနဲ့ထုပြီး ဖြောင့်ပေးလိုက် ကြီးကြီးရေ"

"ဖေသော် .. နင်နော်"

ဘေးခြံမှ အပြင်ထွက်ခါနီး လှမ်းနောက်လိုက်သည့် ချာတိတ်ကို ကျောက်စလစ်ခဲနှင့် ကောက်ပေါက်လိုက်ရင်း ကောက်ချင်ချင်စိတ်က အလိုလို ပြေသွားရလေ၏။

အဲဒီလို နှစ်သိမ့်နွေးတို့က ရှာကြံပြီး ကောက်..၊ ကြံဖန်ပြီး စိတ် ပြေတတ်တာလေ၊ သက်ပြင်းကို ဆောင့်အောင့်ချကာ ထရပ်လိုက် ရတော့၏။

ညနေရောက်ရင် မေမေ ပွစိပွစိလုပ်တာကို ခံရတော့မှာလေ။ စိတ်ညစ်လိုက်တာနော်..။



www.burmeseclassic.com

www.burmeseclassic.com



## [၆]

"အဲဒါကို သမီးက ဘာမှအဆင်သင့် မလုပ်ထားဘူးလား"

ထင်တဲ့အတိုင်းပါပဲ၊ ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြတဲ့ မိဘတွေကို သတင်းလေးပြောတာနဲ့ မြားဦးက ကျွန်မဆီ လှည့်လာတော့တာလေ။ ဖေဖေကတော့ မေမေ့အပြောကို မစောင့်တော့ဘဲ အပေါ်တက်ပြီး ရေချိုးချေပြီ။

"နွေးမှ မလိုက်ချင်တာ မေမေရဲ့"

"ဘာမလိုက်ချင်တာလဲ၊ မြင့်က မိသားစုအစုံအညီ တွေ့ချင်လို့ တမင်ဖိတ်တဲ့ဟာကို မလိုက်လို့ရမလား သမီးရဲ့ .. ဟိုဒေါက်တာ လာခေါ်မှ လိုက်ချင်ရင် လိုက်ခဲ့.."

"ဟင်!..."

မသိထားပါဘဲ ပြောလိုက်သည့် မေမေ့စကားကြောင့် ကျွန်မ မျက်လုံးပြူးရပါတော့၏။





ဟိုဒေါက်တာ လာခေါ်တာကို လိုချင်လို့ ချန်နေခဲ့တာလို့တော့ အထင်မခံနိုင်ပါဘူး။ ရှိစုမဲ့စုသိက္ခာတွေ ကျကုန်တော့မှာပေါ့..။

"နွေး လိုက်မှာပါ မေမေရဲ့"

"ဒါဆိုလည်း အစောကြီးကတည်းက ရေမိုးချိုးနှင့်ပါတော့လား၊ အိမ်မှာနေပြီး ဘာအလုပ်မှလည်း မယ်မယ်ရရ လုပ်တာမဟုတ်၊ အချိန်ကို အီးလေးဆွဲထားရတယ်လို့"

"နွေး လုပ်ပါတယ် မေမေရဲ့"

"ဘာလုပ်တာလဲ .. အဲဒါ ညည်း ပိုက်ဆံရဖို့အလုပ်ပဲလေ၊ အိမ်မှာ တံမြက်စည်းတစ်ချက်လှည်းဖော်တောင် ရလို့လား.."

"အဲဒါက လုံးချစ် အလုပ်လေ မေမေရာ."

"စကားကို လွှဲမပြောပါနဲ့၊ မအေက မိန်းမပီပီသသလေး နေစေချင်လို့ ပြောနေမှန်း သိသိကြီးနဲ့ ရှုးချင်ယောင်ဆောင်မနေနဲ့၊ သွား .. ရေသွားချိုးတော့"

ခေတ်စကားတွေ ထည့်သုံးလိုက်တာမို့ ကျွန်မ ပြုံးစိစိ ဖြစ်သွားရပါသည်။ မေမေ့လက်ချက်မရသေးခင် အပေါ်ထပ်သို့ အပြေးတက်ခဲ့ပါ၏။

ရှုပ်လိုက်တာနော်..၊ ဟိုအိမ်ကို ခေါ်ပြီးရင် ဒီအိမ်ကို ပြန်ခေါ် ကျွေးမွေးဧည့်ခံရတာမျိုးက ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာလို ရိုးရိုးကြီးပဲ မဟုတ်လား။ ဟင်း .. ဟင်း ဟိုရောက်မှ ဒါ ကျွန်မတို့ ချွေးမလေးလေ မ..ဘယ်သူပေါ့ဆိုပြီး မိတ်ဆက်ပေးလိုက်မှ မေမေ့ Project ကြီး ပျက်ပြီဆိုပြီး ဘိုင်းခနဲ လဲမှာ မြင်ယောင်သေး..။

အနည်းဆုံးတော့ "သားက Engage လုပ်ထားတာ မေမေရဲ့"လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာပါပဲ။

ဆရာဝန်တို့ အင်ဂျင်နီယာတို့ဆိုတာ ဒီခေတ်မှာ ဈေးကွက်အဝင်ဆုံး ကုန်ပစ္စည်းပါလေ။ အလို .. ကျွန်မ ဒီလိုတွေးပြီး ပြောတာကို သူသာသိရင် ဒေါပွမှာ အမှန်ပါပဲ။

"ဒေါက် .. ဒေါက်"

"ဘယ်သူလဲ၊ မပြီးသေးဘူးလေ"

"မေမေက မြန်မြန်လုပ်တဲ့ မမရဲ့"

"အေးပါဟဲ့ .. အိမ်လည်သွားရမှာလေးကိုများ ရေးကြီးခွင်ကျယ် လုပ်လို့၊ ရေစိမ်လို့တောင် မဝသေးဘူး"

နောက်တစ်ခါ တံခါးလာထုမည့်သူက မေမေ ဖြစ်တော့မှာမို့ ရေချိုးတာကို ရပ်လိုက်ရပါ၏။ ကျွန်မက ရေကြိုက်သည့်သူဖြစ်ပြီး ရေချိုးရင် တော်တော်နဲ့မပြီးနိုင်တာ ကျွန်မကိုယ်ကျွန်မ အသိဆုံးပါလေ။

မျက်နှာကို သနပ်ခါးရေကျဲလေးလူးပြီး ဆံပင်တွေကို ကျစ်ဆံမြီး ကျစ်ကာ အလှပြင်ခြင်း ပြီးချေပြီ။ ဗီရိုထဲမှာ အရောင်ခပ်မှိန်မှိန် ဝတ်စုံကိုသာ ထုတ်ဝတ်လိုက်ပါ၏။ အင်္ကျီက မီးခိုးရောင်ဖျော့ဖျော့၊ လုံချည်က ခဲပုပ်ရောင် ပွင့်ရိုက်အပျော့သား။ လိုက်မလိုက် မသိပေမယ့် နဂိုကတည်းက အရောင်ဖျော့ဖျော့ကြိုက်သူမို့ စိတ်တိုင်းကျ ဝတ်ချင်ရာ ဝတ်ခြင်းက ပြီးလေပြီ။

မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် တစ်ချက်ကြည့်ကာ ပြုံးဖြလိုက်မိ၏။ ဒီရွက်ကြမ်းရေကျိုရုပ်မျိုးကိုများ မေမေက လိုက်ပြီး စပ်ဟပ်ချင်နေရတယ်လို့၊ သူများတကာ သူဌေးသမီးတွေလို လှတပတလေးလည်း မဟုတ်။ ဘွဲ့တွေ၊ Diplomer တွေ တစ်သီးကြီးလည်း ပိုင်ဆိုင်တာမျိုး





မရှိ။ ဒီကြားထဲ လူမှုဆက်ဆံရေးပါ အညံ့ဆုံးစာရင်းဝင် နှစ်သိမ့်ခွေးကို ဘယ်လိုယောကျ်ားမျိုးက ခေါင်းညိတ်လက်ခံမှာတဲ့လဲ..၊

အပြုံးဖြင့် ခေါင်းခါလိုက်ပြီး အခန်းထဲမှ ထွက်ခဲ့ပါ၏။ လှေကားထစ်တွေကို ငယ်စဉ်ကလိုပင် အပြေးဆင်းခဲ့မိပြီးမှ ဧည့်ခန်းရှိလူ မတ်တတ်ရပ်လိုက်မှ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

အလို!.. ဒေါက်တာ နေနန္ဒနိုင် ရောက်နေတာပါလား..။

"ရှင်က .. ရှင်က.."

"မမှတ်မိတော့ဘူးလား ညီမလေးရဲ့"

"အို!... ဘာလို့ မမှတ်မိရမှာလဲ၊ ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

"မင်းကို' စောင့်နေတာလေ"

"ကျွန်မကို .."

"ဟုတ်တယ်"

"ဘာကိစ္စ စောင့်နေရတာလဲ..၊ မဆီမဆိုင်"

"အန်ကယ်နဲ့ အန်တီက သွားနှင့်ပြီလေ၊ မင်း အဖော်မရှိမှာစိုးလို့ ကိုယ့်ကို စောင့်ခေါ်ပေးပါဆိုပြီး ထားခဲ့တာ"

သေစမ်း :.. ဒီခွင်မျိုးမရလေအောင် စီစဉ်ထားပါလျက် ဘယ့်နှယ် ကဘယ်လို ဖြစ်လာရတယ်လို့။ ကျွန်မ ရေချိုးတာ အလွန်ဆုံးကြာလှ နာရီဝက်ပေါ့။ ဒီအချိန်လေးအတွင်း ဖေဖေနဲ့မေမေ ပြင်ဆင်ပြီး ထွက်သွားနှင့်ရတယ်တဲ့လား..။

"ဖေဖေတို့ မစောင့်ချင်လို့ ထားခဲ့တာပဲ၊ ဒါဆို ကျွန်မ လိုက်စရာ မလိုတော့ဘူးပေါ့"

ဟော .. ပြုံးပြန်ပြီ၊ လူကို သူငယ်ပေါက်စလေးလို သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနဲ့ကြည့်ပြီး ပြုံးတဲ့အပြုံးမျိုး သူမို့ ပြုံးတတ်ပါရဲ့၊ တစ်ဖက်သားရင်ထဲ ခံရခက်မှာကို မတွေးတတ်ဘူးတဲ့လား..။

"ဘာပြုံးတာလဲ"

"ဟင်း .. ဟင်း မင်း မလိုက်ဘဲနေမှာစိုးလို့ ကိုယ့်ကို တမင်စောင့်ခေါ်နိုင်းတာလေ ညီမလေးရဲ့၊ မင်းအကြောင်းကို အန်တီတို့က ပိုသိတာပေါ့"

လာပြန်ပြီ ညီမလေး .. ငါနော်.. ဒီလိုခေါ်တာ မကြိုက်ဘူးပြောမိရင် မင်းက နာမည်ခေါ်တာကိုပဲ ကြိုက်လားလို့ ပြန်မေးမှ သေမှာ။ ဟိုက ရိုးရိုးသားသား ခေါ်ဝေါ်နေပါလျက် ကျွန်မက ဆန်းဆန်းပြားပြား ဖြစ်စေချင်တယ်ထင်ရင် နွေးတော့ နာမှာလေ။

"အိမ်လည်တာ ဝါသနာမပါဘူးလို့ ပြောထားတဲ့ဟာကို.."

"မာမီက မင်းကို တွေ့ဖူးချင်လို့ အခုလို တမင်ဖိတ်လိုက်တာလေ ညီမလေးရဲ့၊ တကူးတက လည်ရတာမျိုးမှ မဟုတ်တာ"

"အမယ် .. သူတို့သူငယ်ချင်းတွေ ပြန်ဆုံချင်လို့ ဖိတ်တာပါနော်၊ လူကို ဆားများထင်နေသလား"

"ဘာဆားလဲ ညီမလေးရဲ့"

"ပဲကြားက ဆားကို ပြောတာလေ..၊ ရှင် မကြားဖူးဘူးလား"

သူက မျက်ခုံးမြင့်တက်သွားပြီး ဟက်ခနဲ ရယ်ချလိုက်လေ၏။ ကြည့်စမ်း .. ဒါ ကျွန်မကို လှောင်တဲ့သဘောနဲ့ပေါ့လေ..။

"ဆူးကြားက ဘူးခါးပဲ ကြားဖူးပါတယ်ကွာ၊ မင်းပြောမှပဲ စကားပုံအသစ်အဆန်းတွေ ကြားဖူးတော့တယ်"

"လူကို ရှင့်လောက် ပညာမတတ်ဘူးဆိုပြီး မလှောင်ပါနဲ့ရှင်"





"Sorry ! Sorry! ကိုယ်က လှောင်တဲ့သဘောမျိုးနဲ့ ရယ်လိုက်တာ မဟုတ်ရပါဘူး၊ အသစ်အဆန်းတွေ မကြားဖူးဘဲ ကြားလို့ ရယ်မိတာပါ"

မရည်ရွယ်ပါဘဲ မျက်စောင်းက သူ့ထံ ဒိုင်းခနဲ ရောက်သွားပါ၏။ မဟုတ်သေးဘူးနော်..၊ ဒီလိုအမူအရာတွေက နေခြည့်ရဲ့ သုံးနေကျ မာယာလက်နက်မျိုးလေ။ သူ့လို ဆရာဝန်မျိုးကို ဒီလိုမျိုး မူရာမာယာမျိုးလုပ်မိရင် ကျွန်မကို အထင်သေးသွားတော့မှာလေ..။

အတွေးဖြင့် မျက်နှာက ရဲခနဲ ဖြစ်သွားရပါ၏။ မျက်နှာကို ချက်ချင်း ဖယ်ကာ လွှဲလိုက်မိလေသည်။ အလိုလေးနော် .. ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ပြီး ပုံမှန်မဟုတ်တဲ့ ဆင်ခြင်မှုတွေကို ကျွန်မ လုပ်ချင်နေပါရောလား..၊ ခက်ပါ့ နွေးရယ်..။

"သွားကြမယ်လေ"

စကားဆက်မများချင်တော့တာမို့ သူ ဦးဆောင်ခေါ်သည့်နောက် လိုက်ခဲ့တော့သည်။ ကတ္တီပါဖိနပ်အပါး အနက်ရောင်လေးကိုသာ စီးခဲ့တာမို့ ညနေခင်းလမ်းလျှောက်ခြင်းက အဆင်ပြေသွားပါ၏။ သူနှင့် ယှဉ်လျှောက်ခဲ့သော်ငြား လူတစ်ယောက် ခြားထားသလို လက်တစ်ကမ်းအကွာမှ လျှောက်ခဲ့သည်။

သူက လက်နှစ်ဖက်ကို နောက်ဘက်မှာ ဆုပ်ကိုင်လျှောက်ရင်း ကျွန်မကို လှည့်ကြည့်လိုက်လေ၏။ ထူးထူးဆန်းဆန်းပါပဲ ကျွန်မတစ်သက် ဒီလို သူစိမ်းယောကျ်ားတစ်ယောက်နှင့် အတူယှဉ်တွဲပြီး အေးအေးဆေးဆေး လမ်းလျှောက်ရမည်ဟု တစ်ခါမှ မတွေးကြည့်ခဲ့ဘူးဟာလေ။

"ကျောင်းတက်တုန်းက Day လား .. Distance လား .."



www.burmeseclassic.com

www.burmeseclassic.com



ကြည့် .. စကားမရှိ စကားရှာပြီး ပြောပါရောလား။ ရင်းနှီးလို စိတ်နှင့်ပဲ ရိုးရိုးသားသားပြောတာမျိုးပဲ ဖြစ်မှာပါလေ။

"Distance"

"ဒါဆို ညီမလေးမှာ သူငယ်ချင်းရော ရှိရဲ့လား .."

ဟော .. လူကို အထင်တသေးနဲ့ ပြောပြန်ပြီ။ ဒီလူကတော့ ကျွန်မကို ငှက်မလေးလို့ပဲ မြင်နေပြီ ထင်ပါရဲ့..။

"ရှိတာပေါ့ရှင်"

"ယောကျ်ားလေးလား"

မျက်စောင်းက ရောက်သွားရပြန်၏။ No. no. ဒါလေးပြောရုံနဲ့ မခံချိမခံသာ ဖြစ်သွားရင် သူ အထင်သေးသွားမှာပေါ့..။

"ဟုတ်တယ်"

သူ့မျက်နှာထက်မှာ ပြုံးမြမြ ဖြစ်သွားလေ၏။ ဒါက မယုံကြည်တဲ့ အပြုံးမျိုးပေါ့လေ..၊

"နာမည် ဘယ်လိုခေါ်သလဲ"

"ဒါက ကျွန်မ ကိုယ်ရေးကိုယ်တာကိစ္စပါရှင့်၊ ရှင် သိစရာ မလို ပါဘူး"

"ဒါ မရိုးသားတာဘဲ"

"ဘယ်လို!.."

"ဟုတ်တယ်လေ .. ရိုးရိုးသားသား သူငယ်ချင်းမျိုးဆိုရင် ညီမ လေး ပြောပြနိုင်ရမှာပေါ့"

အလို .. ဟုတ်သားပဲ..၊ သူ့စကားနဲ့ သူကတော့ မှန်နေတာပါပဲ လား။ ကျွန်မစိတ်ထဲ မရိုးမသား နှုတ်ထွက်အတိုင်း လျှောက်ပြောနေ





သမျှ သူ ရိပ်မိသွားပြီလား..၊ ရင်ထဲမှာ ပူခနဲ ဖြစ်သွားရပါသည်။

"ဒါက ကျွန်မဆန္ဒ ကျွန်မသဘောပါ..၊ ရှင့်အပူ မပါပါဘူး"

"ဟုတ်ပါပြီ .. အဲဒီချာတိတ်အကြောင်းကိုရော အန်တီတို့ သိရဲ့ လား"

ဟော .. လုပ်ပြန်ပြီ..၊ စစ်လားဆေးလားနဲ့ အုပ်ထိန်းသူ သဘော မျိုးနဲ့ပါလား။ အခုမှ ကျွန်မစကားနဲ့ ကျွန်မ ချောင်ပိတ်ခံရတဲ့ အဖြစ်မျိုး ရောက်သွားရတာလေ..၊

"မသိဘူး"

"ဒါဆို ပိုတောင် ခိုင်လုံသွားပြီ"

"ဘာကိုလဲ .."

"ဒီကောင်လေးနဲ့ မင်း ရိုးရိုးသားသား မဟုတ်တာကို ပြောတာ လေ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ .. သူငယ်ချင်းမှန်ရင် မင်းအိမ်ကို ဝင်ထွက်ပြီး လူကြီးတွေနဲ့ပါ ရင်းနှီးနေရမှာလေ..၊ အခုတော့ မင်းက သူ့ကို အိမ်လဲ မခေါ်ဘူးဆိုရင် ဒါ သာမန်သူငယ်ချင်းမျိုး မဟုတ်လို့ဘဲ သေချာတယ်"

"ဒါကတော့ ရှင့်စိတ်နဲ့ ရှင်နှိုင်းတာကိုး.."

သူက ပခုံးတွန့်ပြရင်း ရယ်လိုက်လေ၏။ ကျွန်မထက် ငါးနှစ် ကြီးတာမို့ 'ငါ ထမင်းအရင်စားထားတာပါ'ဆိုတဲ့ သဘောမျိုး အမူ အရာများ လုပ်ပြလိုက်လေသလား ..၊

"ထားပါတော့ .. ကိုယ်ကတော့ ဘယ်သူငယ်ချင်းကိုမဆို အိမ်ကို အလည်ခေါ်လေ့ရှိလို့ကိုး၊ ဒါက မင်းနဲ့မတူတဲ့ အချက်ပဲ ထင်ပါရဲ့.."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်နေလိုက်မိ၏။ ကျွန်မမှာ ယောကျ်ားလေး သူငယ်ချင်း မရှိမှာကိုရော ရည်းစားထားတယ်ဆိုတာကိုပါ သူသိမှာကို ဘာကြောင့် စိုးရိမ်နေရတာပါလိမ့်..၊ ခေါင်းခြောက်ရပါလားနော်..။

"သူနဲ့ ရင်းနှီးတာ ဘယ်လောက်ကြာပြီလဲ .."

လုပ်လာပြန်ပြီ .. မရမက အစ်အောက်မေးမြန်းနေရတယ်လို့..။ ကျွန်မ ပြန်မဖြေတော့ သူက ကျွန်မကို ငုံ့ကြည့်လိုက်လေ၏။ ခပ်ခွာခွာ လျှောက်နေရာမှ အနားကပ်လာသလို ဖြစ်သွားတာမို့ ကျွန်မက ဘေးကပ်ရှောင်လိုက်ရာ လမ်းဘေးခဲလုံးကို နင်းမိပြီး လူက ယိုင်သွားရပါသည်။

"အ!.."

သူက ကျွန်မ လက်မောင်းကို ဖျတ်ခနဲ လှမ်းကိုင်လျက် ထိန်းပေးလိုက်လေ၏။ ဒုက္ခပဲ သူစိမ်းယောကျ်ားလေးနဲ့ ဒီလိုထိတွေ့ခြင်းမျိုး မရှိတာကို သူ ရိပ်မိတော့မှာပါပဲ..၊

"ခြေထောက်နာသွားလား .."

'ဟင့်အင်း'လို့ ဖြေသံက လည်ချောင်းဝမှာ တစ်သွားရတာမို့ ခေါင်းကိုသာ ခါပြလိုက်ရပါ၏။

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတာကို သူ မသိပါစေနှင့် ..၊





[၇]

"ဟော ... ရောက်လာပါပြီ"

မီးရောင်မှိန်မှိန် ထွန်းထားသည့် ပေါ်တီကိုအောက်မှ အိမ်ထဲ လှမ်းဝင်လိုက်စဉ် ကြားလိုက်ရသည့် မေမေ့အသံပါပဲ။ လူကြီး လေး ယောက်သား အစုံအညီ ထိုင်နေကြတာပါလား..။

"အဲ့ဒါလေ .. ငယ့်ရဲ့ ရှုမဝ ကြည့်မရတဲ့ သမီး"

"ဟင်း .. ဟင်း .. ဟင်း ငယ်ကတော့ ပြောရှော့မယ်..၊ သမီးက ငယ်နဲ့ရော ကိုအောင်နဲ့ပါ တူတာပါလား"

"အာ!... မြင့်ကတော့ လုပ်ပြီ..၊ ဒီဖအေနဲ့ ဒီမအေက ပေါင်းပြီး မွေးလာတာ မိဘနဲ့မတူလို့ ဘယ်သူနဲ့ တူရမှာလဲ"

"သြော် .. ကိုကလဲ သားဆို ကို့ဒက်ဒီနဲ့တူပြီး မွေးလာတာလေ..၊ မြင့်က ဒါကိုဆိုလိုတာပါနော်၊ လာပါဦး သမီးရယ် .. ငယ့်သမီးကို တွေ့ ဖူးချင်နေတာ ခုမှပဲ တွေ့ရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



စကတည်းက ယဉ်သကို ဆိုသလိုပါပဲလား။ ကျွန်မကို လက်ကမ်းကြိုဆိုနေသည့် အန်တီနားသို့ အလိုလို ရောက်သွားရပါ၏။ နှစ်ယောက်ထိုင်ခုံမှာ အန်ကယ်နှင့်အတူ ထိုင်နေပါလျက် ကျွန်မ ထိုင်ရန် နေရာကို ပင် ရွှေ့ပေးလေသည်ကိုး..။

"တကယ်ပဲ အသားရောင်က ဖအေတူကိုး.."

"ဒါကြောင့် ကလန်ကလား အရုပ်ဖြစ်နေတာပေါ့ မြင့်ရယ်..၊ ဒါနဲ့ မြင့်အသက်က အငယ်လေးရှိနေသေးတာကို ပင်စင်ရသလား"

"မြင့်က အသက်မပြည့်ခင် ဆေးပင်စင်ယူလိုက်ရတာ ငယ်ရဲ့ .. သားဒက်ဒီက အတင်းထွက်ခိုင်းနေတာ၊ မရလို့ သည်းခံနေရတာလေ"

"ဘာဖြစ်တာလဲ .."

"နှလုံးပေါ့"

ကျွန်မလက်ကို ဆုပ်ကိုင်ထားတာကြောင့် အန်တီ့လက်ထဲမှ ရုန်းမထွက်ရဲပါ..။ ဘေးခုံမှာ ဝင်ထိုင်လိုက်သည့်သူက ကျွန်မတို့လက်တွေကို ကြည့်ရင်း ပြုံးပြန်လေ၏။ အင်း .. ခုထိ သူ့မှာ စေ့စပ်ထားပြီးသား ဘာညာတွေ မပြောသေးဘူး ထင်ပါရဲ့..၊

"သားလဲ သမီးလို တစ်ယောက်တည်း မွေးခဲ့ရလို့ သိပ်အထီးကျန်တာ ငယ်ရဲ့ .. ဒါကြောင့် သူငယ်ချင်းတောင် သိပ်မရှိဘဲ စာချည်းကျုံးရုန်းကြိုးစားခဲ့တာ"

"မြင့် သားက တော်ကို တော်တာပါကွယ်..."

"မေမေပြောမှပဲ နွေးက ညံ့ရာကျနေတာပေါ့.."

"ဟဲ့ .. ဒီကောင်မလေးက လူကြီးရှေ့ ထရိုက်ချင်အောင် ပြောပြန်ပြီ"





"သြော် ... ငယ်ရယ် .. ကလေးပဲ ပွင့်ပွင့်လင်းလင်း ပြောတတ်တာ ပြောပါစေ"

"ဒါ ကလေးလား .. အသက်ကဖြင့် ၂၂ နှစ် ကျော်နေပြီ"

"အင်းပေါ့ မေမေက နွေးကိုမှ အိမ်မှာ တင်မကျွေးချင်တော့တာ ပြောပြီပေါ့"

"မိနွေးနော်"

"ငယ်ကလဲကွာ သမီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မပြောပါနဲ့"

"ရှင်တို့မောင်နှမနှစ်ယောက် အလိုလိုက်လွန်းလို့ သင်း ကမ်းတက်နေတာလေ..."

"ဟုတ်လား သမီး..၊ မမခင်က သမီးကို တော်တော်ချစ်ပုံပဲ"

"ပြောမနေနဲ့ မြင့်ရေ .. သူမွေးထားတဲ့ သမီးလိုမျိုး ဖူးဖူးမှုတ် အလိုလိုက်လို့ အဲဒီဟာလေး အဲဒီလိုဖြစ်နေတာ..၊ အစားဆိုလဲ ကြေးများသလား မမေးနဲ့..၊ မအေ ဆုံးမရင် သူ့အဖေနဲ့ ကြီးတော်က ကာဆီးကာဆီးမို့ ပြောလို့ကို မရဘူး၊ ဘယ်လိုယောကျ်ားမျိုး ရမယ်မသိ.. သင်း မိန်းမ မပီသပုံနဲ့ နေ့တိုင်း ဖနှောင့်နဲ့ချည်း အပေါက်ခံရမှာတော့ အသေအချာပဲ"

ကျွန်မ မျက်နှာကို စူပုတ်ထားလိုက်စဉ် လူကြီးတွေ ရယ်သံက ဆူဆူညံညံ..၊ တွေ့လား .. ကျွန်မ ပြောသွားပဲ။ မေမေက အဲဒီလို သမီးကို လူရှေ့သူရှေ့ ချီးမွမ်းပြတာလေ။ ကိုယ့်သမီးလေး သူစိမ်းရှေ့ အရှက်ရမှာကို ဂရုမထားသည့်နှယ် ပြောမဝဖြစ်လိုက်ပုံက အားရပါးရ ပါပဲ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း .. ဟင်း .. ဟင်း သမီးက သင်ပေးရင် တတ်မယ့် ကလေး ဖြစ်မှာပါ ယေ်ရယ် .. သူ ဝါသနာပါတာကို ကြည့်ကတည်းက ဘယ်လောက်သိမ်မွေ့သလဲ ကြည့်ဦး.."

"မထင်လေနဲ့ မြင့်ရေ..၊ လူကသာ ဖအေနိုင်းထားလို့ ဆံပင် အရှည်ထားတာ..၊ စိတ်က ယောကျာ်းစိတ်လို လက်တစ်ဆစ်ရယ် ထစ်ခနဲ့ရှိ ကောက်ချိတ်ဖြစ်တာလည်း မပြောပါနဲ့ စနေသမီး စိတ်က ကြီးမို့"

"မေမေနော် အတင်းခေါ်လို့လည်း လိုက်လာရသေးတယ်၊ မွေ့ တပြန်ချင်အောင် အတင်းကြီး မပြောပါနဲ့"

"ဟုတ်သားပဲ ယေ်ရာ..၊ မင်း မွေးထားတာ ရှားရှားပါးပါး ဒီ သမီးလေးတစ်ယောက်တည်း ရှိတဲ့ဟာကို၊ ဖုံသမီးဆို မကောင်းဘဲ အမြဲ ပြောပြောနေတာပဲ"

"တွေ့လား မြင့်နဲ့ ကိုနိုင်ရေ"

မေမေက ဖေဖေ့ဘက်ကို မေးငေါ့ပြကာ ပြောလိုက်လေ၏။ သူကတော့ စကားဝိုင်းမှာ ဝင်မပြောဘဲ မြှုံ့မီစိနှင့် ပြုံးနေခဲ့ပါလေ.. အမြင်ကပ်လိုက်တာနော် .. ဒါ ဂျွန်မကို ရှာတိတ်ဆိုပြီး စပ်နှိမ်နှိမ် ကြည့်တဲ့ Style မျိုးပေးကိုး..၊

"အတော်ပဲ .. ယေ်တို့မိသားစု နဲ့ဟုန်း ပြောစရာရှိတယ်"

"ဘာများလဲ မြင့်ရဲ့.."

"ဪ ဘာရှိရမလဲ ယေ်ရဲ့ .. မြင့်မှာ သားရှိနေတာဆိုတော့ ယေ်ဆီက သမီးကောင်းဖို့ပဲ ရှိတာပေါ့"

"ဟင်!..."





ဂျွန်မ မျက်လုံးပြူးသွားရစဉ် သူက ပခုံးကို တွန့်ပြလိုက်လေ၏။ ကြည့်စမ်း .. သူမိဘတွေနဲ့ စည်းဝါးများ ကြိုတင်ရိုက်ထားလေသလား မသိပါချေ။ စနောက်တယ်အထင်ဖြင့် အနိုင်ဖြင့် မျက်နှာကို လှည့်ကြည့်တော့လည်း တည်တည်ငြိမ်ငြိမ် ပြုံးလို့ပါလား..။

"အဲဒါ သူကြီးဒေါ်နဲ့ ဖအေကိုပဲ မေးပါ မြင့်ရေ .. သမီးကို အုပ်ချုပ်နေတာ သူတို့မောင်နှမပဲ.."

"ဒါဆို ကိုအောင့်သဘောကရော ဘယ်လိုလဲ.."

"မြင့်ကလဲလေ သမီးဆိုတာ ဖအေ့အသည်းမှန်း သိရဲ့သားနဲ့..၊ ကိုအောင်သိမ့်ကို အားနာစရာ"

"အို!... ဘာ အားနာစရာရှိလဲ..၊ ဒီလူနဲ့ဒီလူ အရင်းကြီးဟာကို..၊ ယေ်နဲ့ မြင့်က ယေ်ပေါင်းတွေပါ ကိုရဲ့ .. ပြောမနာ ဆိုမနာရှင့် .."

"ဪ ... ဖအေရော သမီးပါ မျက်နှာတွေ ရဲနေတာကြည့်ပြီး အားနာသင့်လို့ ပြောနေတာ မိန်းမရဲ့"

ဖေဖေက ဂျွန်မကို တစ်ချက်ကြည့်ကာ ရှက်ရယ်ရယ်လိုက်ပါ၏။ ဂျွန်မအပေါ် ဖေဖေ အဘယ်မျှ အချစ်ပိုသလဲဆိုတာကို ဂျွန်မသာလျှင် အသိဆုံး မဟုတ်ပါလား..၊

"ဂျွန်တော်က သမီးကို အိမ်ထဲ ပိတ်သိမ်းထားပြီး တွန့်တိုတာတ်တဲ့ ဖအေမျိုး မဟုတ်ရပါဘူး ခေါက်တာရယ်..၊ ဒါပေမယ့် ယေ့်လိုတော့ သမီးကို အတင်းကြီး အိမ်ထောင်မကျစေချင်သေးတာကိုတော့ ဝန်ခံပါတယ်၊ လူကြီးတွေသဘောထက် လူငယ်တွေရဲ့သဘောက ပိုပြီး အဓိကကျမယ်လို့ပဲ ပြောပါရစေ"

"ဒါတော့ ဟုတ်တယ်၊ ကဲပါလေ .. သားရဲ့ သဘောကရော



www.burmeseclassic.com

www.burmeseclassic.com



သူက ယေ့်ကို မျက်ခုံးတစ်ဖက်ပင့်ကာ အသံတိတ်မေးခွန်းထုတ်လေ၏။ ကြည့်စမ်း .. လူကို အထင်တသေးနဲ့ စ,စရာလို့ ထင်နေလေသလား ..၊

"ကျွန်တော်က စာတွေနဲ့ပဲ နပန်းလုံးလာခဲ့ရတာဆိုတော့ ဒီကိစ္စကို မစဉ်းစားခဲ့တာ အမှန်ပါပဲ ဒက်ဒီ"

"ကဲ .. ဒါဆိုရင်တော့ .."

"ဒါပေမယ့် ..."

စကားမဆုံးဘဲ ဆက်ပြောမလို့ ဟန်ပြင်ကြောင့် သူ့ဒက်ဒီ နှုတ်ဆိတ်သွားပါ၏။ ဒါက ကျွန်မကို သူ လက်ခံချင်တဲ့သဘောနဲ့ အစရှိလိုက်တာပေါ့လေ၊ ကျွန်မ သူ့ကို မျက်စောင်းဖြင့် ကြည့်လိုက်မိစဉ် သူက ကျွန်မကို မျက်ခုံးတွန့်လျက် သတိပေးဟန် ပြုလေသည်။

"အန်ကယ်တို့ သမီးကို စိတ်ချမ်းသာစေချင်မှာလို့ ထင်ပါတယ် အန်ကယ်"

"ဒါပေါ့ သားရယ် .."

"ဒါဆိုရင်တော့ ဒက်ဒီတို့စီစဉ်တဲ့ အစီအစဉ်ကို ဖျက်ရမှာပဲ.."

"ဘာဖြစ်လို့လဲ သားရဲ့"

"သူ့မှာ ချစ်သူရှိနေလို့ပါ"

"ဘာရယ် !.."

လူကြီးလေးဦးပါမက ကျွန်မပါ ပါးစပ်အဟောင်းသား ဖြစ်ကုန်လေပြီ..၊

သူ ဤသို့ ပြောလိမ့်မည်ဟု ထင်မှထင်မထားတဲ့ကိုး..။ ဘာမပြော ညာမပြောနဲ့ ပြောချလိုက်တာက ကျွန်မကို ချောက်ထဲတွန်းချတ





စကားစုတဲ့လား..၊

"နွေး .."

"မဟုတ်ဘူး မေမေ"

"ဟုတ်ပါတယ် အန်တီ..၊ အခုပဲ လမ်းမှာလျှောက်လာရင်း ကျွန်တော့်ကို သူ ပြောပြတာ ခင်ဗျ .."

"အင်းပေါ့လေ .. သမီးက ငယ်လည်းငယ် လှလည်းလှဆိုတော့ ဒီအရွယ် ချစ်သူရှိတာ မဆန်းပါဘူး..၊ 'မငယ်'တို့လည်း ကောင်လေးကို ခေါ်တွေ့ပြီး သေချာ ဆုံးဖြတ်ပေးလိုက်ကြပါဗျာ၊ ကလေးတွေ စိတ်ချမ်းသာပါစေ"

"ဟုတ်သားပဲ ငယ်ရာ"

ဖေဖေ ပြေရာပြေကြောင်း ပြောပေမယ့် ကျွန်မကို မေမေ အတော်လေး ဒေါသထွက်နေပြီမှန်း သိသာလွန်းပါ၏။ ဒီနေ့အထိ လူကြီးတွေ မသိအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူးမှန်း သိထားပါလျက် သူစိမ်းတစ်ယောက်ပြောတဲ့ လုပ်ကြံစကားကို လွယ်လင့်တကူ မေမေ ယုံရတယ်လို့..။

"ငယ် တောင်းပန်ပါတယ် မြင့်ရယ် .. ဒီကိစ္စကို လုံးဝ မသိတာပါ"

"ဟုတ်မှာပါ..၊ ငယ်က သမီးနဲ့ အမြဲအတူရှိတဲ့ မိခင်မှမဟုတ်တာကိုး၊ မြင့်တို့ နားလည်ပါတယ်"

"ကဲပါ .. ကျွေးဖို့ဖိတ်ထားပြီး စိတ်ခုစရာတွေ အရင်ပြောမိသလို ဖြစ်နေပြီ"

"ဟုတ်တယ် .. Sorry ငယ်ရယ် .. လာ .. ဒီညနေ ငယ်တို့ မိသားစုကို တမင်ဖိတ်ကျွေးဖို့ ကြက်သားပလာတာ လုပ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ယ်ရဲ့ .. ထမင်းစားခန်းကို သွားကြစို့နော်"

အန်တီမြင့်က ကျွန်မလက်မောင်းကိုကိုင်၍ ခေါ်နေပြီမို့ စကားစ ပြတ်သွားလေ၏။ ပြဿနာက အကြီးကြီးပဲ ဒေါက်တာ နေနန္ဒနိုင်ရေ.. ရှင်နဲ့ ကျွန်မ စဆုံတုန်းက ခြေထောက်ကို အရင်ဖြတ်နင်းလိုက်သလို ဒီတစ်ခါ ခြေထိုးချက်က ခါးနာသွားရတာထက် ပိုပြီး နာရတာ အမှန် ပဲ..။

ဒါကို ရှင် သိပါရဲ့လား ..၊

"စားနော် ငယ် .. နောက်မှ တစ်ခါလောက် dinner ဖိတ်ကျွေ ပါဦးမယ်"

"မဟုတ်တာ ငယ်တို့က ဖိတ်ရမှာပေါ့ မြင့်ရဲ့ .."

"ရပါတယ် ငယ်ရယ် .. ငယ်က အိမ်မှာ အမြဲရှိတာမှ မဟုတ်ဘဲ အိမ်ကို အလည်ခေါ်ဖို့ထက် သမီးကိုသာ မြင့်ဆီကို မကြာခဏ လွှတ် ပေးပါ"

"ဟာ!... မြင့်ကလဲ ကလေးက သူ့အလုပ်နဲ့သူ ရှုပ်နေတာကို"

"ကိုကလည်းလေ .. မြင့်က သမီးနဲ့ ဝါသနာတူမို့ ရင်းရင်းနှီးနှီး ရှိချင်လို့ပါ။ ပြီးတော့ သမီးအတွက် တတ်သင့်တဲ့ အလုပ်မျိုးတွေလည်း သင်ပေးချင်တာလည်း ပါတာပေါ့။ ပို့မှာလား ငယ်"

"ရပါတယ် မြင့်ရဲ့ .. သူက အိမ်မှာ အလုပ်အကိုင်မရှိတဲ့ ၁၀၀ ၁၁၀ ပဲဟာ"

"ဟာ!... မိန်းမကတော့ကွာ .. သမီးကို .."

အရင်ကလည်း အိမ်လာသမျှ ဧည့်သည်တွေကို ကျွန်မနှင့်ပတ် သက်ပြီး ဤသို့ ပြောနေကျပါပဲ။ သို့သော် ဒီနေ့ညနေ သူတို့မိသားစု





ရှေ့မှာ အခုလို အပြောခံရတာကိုတော့ ကျွန်မရင်ထဲ မခံချင်ဖြစ်ရတာ အမှန်ပါ။ နေခြည် ပြောသလို အရှက်အကြောက်ကြီးတယ်ဆိုတဲ့ မိန်း ကလေးက ဒီလိုဒီလူတွေရဲ့ရှေ့မှာ ပိုရှက်တယ်ဆိုရင် မရိုးသားဘူးလို့ များ စွပ်စွဲလေမလား..၊

သူတို့မြင်ကွင်းမှ ထပြေးချင်သည့်စိတ်ကို ထွန်းအုပ်ထိန်းချုပ်ရ တာ စက်စဲလွန်းလှချည့်ရဲ့။ သူထက် ငါးနှစ်ငယ်တဲ့ ကလေးမို့ မရင့် ကျက်သေးတဲ့ ချာတိတ်ဆိုတဲ့ အတွေးမျိုးနဲ့ ကျွန်မကို မြင်နေတဲ့ သူတို့မိသားစုရဲ့အမြင်ကို ဖယ်ရှားပစ်လိုက်ချင်တာကရော တာကြောင့် များပါလဲ ..၊

ကြိုက်လှပါချည့်ရဲ့ဆိုတဲ့ ကြက်သားပလာတာက ခါတိုင်းနှစ်ပွဲ လောက် အသာလေး စားနိုင်ပါလျက် အခုတော့ မျိုမကျ..၊ အန်တီမြင့် ထည့်ပေးသည့် ကြက်သားတုံးတို့ကလည်း အရာမယွင်း..။ အိနေ သည်အထင်ဖြင့် အချဉ်ပန်းကန်ရွှေ့ပေးသည့် သူ့ကို တစ်ချက်ကြည့် လိုက်ပြီး မျက်နှာကို ပုပ်ထားလိုက်မိသည်။

ရေသန့်ဘူးကိုယူ၍ ဖွင့်တော့ ဘူးအသစ်မို့ အဖုံးက ဖွင့်မရ..၊ အကျင့်မရှိသည့် လက်က ကော်ဖုံးကြောင့် လက်ဝါးပြင် နီရဲသွားရလေ သည်။

"ကျွန်တော် ဖွင့်ပေးမယ်လေ"

"အဲဒါပဲ ဘာမှအဖြစ်မရှိတဲ့ ကလေးလေး၊ သူ့ကောင်လေး တယ်လို မျက်စိနဲ့မြင်ပြီး ကြိုက်သလဲ မသိ..၊ ငယ်သာ ယောကျ်ားလေး ဆို သင်းလိုမိန်းမမျိုး ယောင်လို့တောင် မချစ်ဘူး မြင့်ရေ .. တကယ် ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးပဲ ငယ်ရယ် .."

မေမေ့စကားက ခါတိုင်းလို ပေါ့ပေါ့လေးဖြစ်ပေမယ့် ကျွန်မရင်ကို ခပ်ပြင်းပြင်း လာရိုက်လိုက်သည့်နှယ်..၊ ရစ်ဝဲလာသည့် မျက်ရည်တို့ကို မည်သူမျှ မမြင်ရလေအောင် မျက်လွှာကို အသာချလိုက်မိ၏။

သူကိုယ်တိုင် ငှဲ့ပေးသည့် ရေဖန်ခွက်ကိုကိုင်တော့ လက်တို့က တုန်ချင်ချင်..၊

ဆို့တက်လာသည့်ရင်ကို ကျစေရန် ရေမော့သောက်လိုက်တော့ ရင်ခေါင်းမှာ အောင့်သွားသည့်ဒဏ်ကို မနည်းကြီး ကြိတ်မှိတ်ခံလိုက်ရလေသည်။

ရင်နာတယ်ဆိုတာ ဒါကိုပဲ ခေါ်လေသလား..၊





**Love is not a Toy.**

အချစ်ဆိုတာ ကစားစရာ မဟုတ်ပါ ..



www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

မသွားတော့ဘူးလို့ ဆုံးဖြတ်ပြီးရင် နိုင်မာဖို့ လိုပါတယ်..၊ ဟုတ်တယ် .. အန်တီမြင့် ဘယ်လောက်ပဲခေါ်ခေါ် ကျွန်မ မသွားတော့ပါ..။ သူ့မိဘတွေကိုရော သူ့ကိုပါ မျက်နှာချင်းဆိုင်ဖို့ ကျွန်မမှာ သတ္တိဆိုတာမှ ရှိမနေတာတို့..၊

ဆောင်းကုန်ပြီမို့ နွေလေးက ခပ်နွေးနွေး..၊ ပြတင်းပေါက်မှ တစ်ဆင့် ခြံထဲကို ငုံ့ကြည့်နေမိ၏။ ဦးမျိုး လှည်းထားသည့်အပင်တွေ အောက်မြေပြင်ထက်မှာ သစ်ရွက်ခြောက်တို့ပင် မရှိ..၊

ကျွန်မခြံထဲဆင်းရင် အရွက်ခြောက်တစ်ရွေတွေ့တာနှင့် သရက်ပင်ခြေရင်းမှာ ချထားသည့် ဝါးခြင်းတောင်းကြီးထဲသို့ သွားထည့်ပေးပါ၏။

ဘာမဟုတ်တဲ့ အလုပ်လေးပေမယ့် ကျွန်မမျက်စိထဲ ရှင်းနေရင် ကျေနပ်သွားတာကို..။





တော်ရုံသစ်ကိုင်းလောက်ကို ဦးသောင်းကိုပင် မခိုင်းဘဲ ကျွန်မကိုယ်တိုင် တက်ခုတ်တတ်တာကိုရော မေမေ သိပါရဲ့လား..၊

လစဉ်ရသည့် လုပ်အားခမှန်သမျှကို သုံးပုံပုံပြီး တစ်ပုံက ကြီးကြီးဖို့၊ တစ်ပုံက မေမေတို့အလှူလုပ်ရင် ထည့်ပေးဖို့၊ ကျန်တစ်ပုံက ကျွန်မသုံးဖို့ဆိုပြီး သပ်သပ်စီ ခွဲလေ့ရှိတာကိုရော ဒါတွေ မေမေ မသိဘူးထင်ပါရဲ့..။

မီးဖိုခန်းထဲရောက်ရင် ရှုပ်လိုက်တာဆိုပြီး မောင်းထုတ်တတ်တဲ့ ကြီးကြီးကြောင့် ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မချက်ပြုတ်တတ်ခဲ့တာပါ..။ ထမင်းပေါင်းအိုးထဲ ဆန်ဘယ်နှစ်ဘူးကို ရေ ဘယ်လောက်ထည့် ချက်ရသလဲဆိုတာကိုလည်း ကျွန်မ တကယ် မသိပါလေ..၊

လျှာအရသာခံဖို့ထက် ဗိုက်အမြန်ပြည့်ဖို့ကို အာရုံစိုက်တဲ့ ကျွန်မက ဟင်းတွေကို အစပ်အဟပ် ဘယ်လိုထည့်ပြီး ချက်ရမယ်ဆိုတာကို မသိတာ ဆန်းပါရဲ့လား..၊ ဝါသနာပါတဲ့အလုပ်က လတိုင်း သိန်းကျော်ရနေပါလျက် ဒီသမီးကို အသုံးမကျဘူးလို့ မေမေ ဘာကြောင့် ပြောရက်ပါသလဲ..၊

ဘာလေးပဲ စားချင်ချင် စားပွဲရှေ့ အရောက်ပို့ပေးတဲ့ ကြီးကြီးရဲ့ အလိုလိုက်မှုကြောင့်ပဲလား .. ဒါမှမဟုတ် 'ကျွန်တော့်သမီး အပူလောင်တာမျိုး မဖြစ်စေနဲ့နော်'လို့ အစ်မဖြစ်သူကို နေ့စဉ်မှာလေ့ရှိတဲ့ ဖေဖေကြောင့်ပဲလား .. လုံးချစ် မအားတာကို သိလို့ ကူချင်စိတ်နဲ့ ပန်းကန်ပိုင်းကူဆေးပေးစဉ် မကျွမ်းကျင်တဲ့ လက်တွေကြောင့် ပန်းကန်တွေ၊ ဖန်ခွက်တွေ ကျကွဲတာက အပြစ်ပေါ့နော်..။

အပြင်မှာ စီးပွားထွက်ရှာတဲ့ မေမေ့လို ဒီသမီးလည်း ငွေရှာဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတာကို ဘာကြောင့် အသိအမှတ်မပြုခဲ့တာပါလိမ့်..၊ အတွေးနယ်ချဲ့နေစဉ် အခန်းတံခါးခေါက်သံကြောင့် စုတ်သပ်လိုက်မိပါ၏။ လက်ထဲကိုင်ထားသည့် စုတ်တံကို ရေထည့်ထားသည့်ခွက်ထဲ စိမ်ကာ တံခါးကို ဖွင့်လိုက်ပါသည်။

"ဘာလဲ .."

"မမ Phone လာနေလို့ .."

"နေခြည်လား"

"ဟုတ်ဘူး .."

"ဒါဖြင့် ဘယ်သူလဲ .."

"အန်တီမြင့်လို့ ပြောတာပဲ"

"ကျွတ်!.."

မတွေ့ချင်ပါဘူးလို့ တွေးထားကာမှ ဘာလို့ Phone ဆက်ရတာပါလိမ့်..၊ အပေါ်ထပ် ဧည့်ခန်းရှိရာဆီသို့ ထွက်လာပြီး ဘေးချထားသည့် Phone ကို ကောက်ကိုင်လိုက်ရလေ၏။

"ဟယ်လို .."

"သမီးလေးလား .. အခု ဘာလုပ်နေသလဲ .."

"အန်တီ .. ဟိုလေ ..."

"အားသလား သမီး"

အမယ်လေးနော် ဘာပြောရမယ်မှန်း စကားစရှာလို့ မရသေးခင် မေးခွန်းက ဆက်တိုက်ထွက်လာရတယ်လို့..၊

"ဟုတ်ကဲ့ .. အန်တီ ဘာပြောချင်လို့လဲ၊ ပြောလေ .."

"သမီးအားရင် အန်တီနဲ့ အဖော်လိုက်ပေးနိုင်မလားလို့ အကူ





အညီတောင်းချင်လို့ Phone ဆက်ကြည့်တာ သမီးရဲ့"

"ဘယ်သွားချင်လို့လဲ အန်တီ"

"ဩော် ... အန်တီ သစ်ခွတွေ မှာထားတာ ရပြီ Phone ဆက်လို့ သမီးရဲ့"

ကဲ .. ကူလီလိုလို့ ခေါ်တာပါလား..၊ နွေးတို့ သုံးမရဘူးဆိုပြီး အသုံးလိုတဲ့သူက ခေါ်လေပြီလေ..၊ မေမေ မချစ်ပေမယ့် နွေးကို အန်တီမြင့် ချစ်တာတော့ ရင်ထဲ အလိုလို သိနေသည်ပဲ။

"ဘယ်တော့သွားမှာလဲ အန်တီ"

"ညနေမစောင်းခင်ပေါ့ သမီးရယ် .. အားရော အားရဲ့လား"

"အားတာတော့ အားပါတယ် အန်တီ..၊ ခုတစ်လော နွေး အလုပ်ပါးပါတယ်"

"ဒါဆို အန်တီ့ကားနဲ့ပဲ သွားမယ်လေနော်..၊ သုံးနာရီလောက် လာခေါ်မယ် ဖြစ်လား"

"အာ!... လာမခေါ်ပါနဲ့ အန်တီရဲ့ .. နွေးပဲ လာခဲ့ပါ့မယ်"

"ဖြစ်ရဲ့လား သမီးရယ် .. အန်တီက အားနာနာနဲ့ ခေါ်ရလို့ပါ"

"ရပါတယ် အန်တီ .. ကိစ္စမရှိပါဘူး၊ နွေး လာပါ့မယ်"

"ဒါဆို ဒါပဲနော် သမီး"

"ဟုတ်ကဲ့ .."

ဘယ်နှယ့်လဲ နွေးရေ .. သူ့ကို စိတ်ခုပြီး ရှောင်ပါမယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ဒီတစ်ရက်မှာပဲ ပျက်ပါရောလား..၊ ရွှေလမ်းငွေလမ်း ဖောက်ချင်တဲ့ မေမေ့ Project ကြီး ပျက်သွားတာ မှန်ပေမယ့် နွေးမှာ ရည်းစားရှိပါတယ်လို့ သူ့နှုတ်က ရဲရဲထွက်ရဲတာကို အံ့ဩမဆုံး..၊



၉

www.burmeseclassic.com

www.burmeseclassic.com



နွေးကို မနစ်သက်ဘူးဆိုတာကို ဒီနည်းနဲ့ သူ ပြသလိုက်တာမှန် ပေမယ့် မှန်ကန်မှုမရှိတဲ့ စွပ်စွဲချက်ကို နွေး ပယ်ချခွင့် မရခဲ့ပါ။ အဲဒီနေ့က မေမေ နွေး ဗိုက်ကို လိမ်ဆွဲပြီး မေးခဲ့တာလေ..၊

အပြင်ကို သိပ်ထွက်လေ့မရှိတဲ့ သမီး..၊ သူငယ်ချင်းတောင်မှ ရှားရှားပါးပါး နေခြည်တစ်ယောက်သာရှိပြီး နေခြည်နဲ့သာ Phone ပြောတဲ့ ဒီသမီးကို ပြစ်တင်ရှုံ့ချတဲ့ မေမေ့သံသယက တဆိတ် လွန်မနေဘူးလားဟင်..။

ဒီအမေနဲ့ ဒီသမီးက ငယ်စဉ်ကတည်းက အတူမရှိတာ ဘယ်သူ့ကို အပြစ်ပုံရပါ့မလဲ..၊ ကြီးကြီးလက်ပေါ်မှာသာ ကြီးခဲ့တဲ့ သမီးကို အပျိုကြီးလုပ်မှာတော့ စိုးရိမ်ပြီး ရည်းစားထားတာကိုတော့ အပြစ်မြင် သတဲ့လေ။

"ကြီးကြီးရေ .."

"ဝေါ..."

လှေကားထစ်မှာရပ်ပြီး အောက်ထပ်ကို ခေါ်ကြည့်စဉ် ကြီးကြီး ထွက်လာပါ၏။ ခန့်သလွန်သီးအစွဲခြစ်နေသည်ထင့် လက်ထဲမှာ အသီး ပါလာတာကို မြင်လိုက်ရလေသည်။

"ဘာလဲ သမီး"

"နွေး ညနေ အပြင်သွားမှာကို ပြောမလို့ပါ ကြီးကြီးရဲ့"

"ဘယ်ကိုလဲ .."

"ပန်းဆိုင် တစ်ခုခုကိုပေါ့ အန်တီမြင့် Phone ဆက်ပြီးခေါ်လို့"

"အေး .. အေး"

"အဲဒါ မေမေ Phone ခေါ်လို့ နွေးမရှိရင် ပြောပေးပါနော် ကြီးကြီး"





"အေးပါအေ .. ငါ့သမီး မဟုတ်တာ မလုပ်တတ်မှန် ကြီးကြီး သိပါပြီးသားပါ၊ ညည်းအမေကသာ ညည်းကို မယုံသင်္ကာ ဖြစ်နေတာ"

"ညနေ ဘာချက်မလို့လဲဟင်"

"သီးစုံဟင်းနဲ့ ငါးခြောက်ထောင်းကြော်ပေးမလို့လေ"

"ဟာ .. ထမင်းတော့ စားကောင်းဦးတော့မှာပဲ.."

"အေးပါ..၊ ညနေမှောင်မှာဆိုရင်လည်း နီးစပ်ရာ Phone နဲ့ လှမ်းဆက်ဦးနော် .. မမေ့နဲ့ ကြီးခင် စိတ်ပူတတ်တာ သမီးသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ ကြီးကြီး"

ကြီးကြီးဆီက ခွင့်ပြုချက်ရပြီးမှ သက်ပြင်းရှိုက်လိုက်ရပါ၏။ ဘာမဆို မြို့စီစီနေတတ်သည့် သမီးက လူကြီးတွေ မသိအောင် ဘာတစ်ခုမှ မလုပ်ဖူးတာကို သိပါလျက်နှင့် သူပြောတဲ့ တစ်ဖက်သတ်စကားကို မေမေ အလွယ်လေး ယုံလိုက်တာများ ခြေချလောက်ပါရဲ့..။

သူနဲ့ စေ့စပ်ပေးမှာကို မလိုလားတာမှန်ပေမယ့် နွေးကို ချစ်သူရှိတဲ့စွဲချက်ကိုတော့ ဆန့်ကျင်ချင်တာ တကယ်ပါ..၊ ရှင်ပြောတာ မှားတယ်လို့ မည်သို့ ပြောရပါ့မလဲ။ အဲဒီလိုပြောလိုက်ရင် လူကြီးတွေရဲ့ အစီအစဉ်ကို နွေးဘက်က လက်ခံတယ်လို့ သူ ယူဆလိုက်မှာလေ..။

သုံးနာရီထိုးရန် နာရီဝက်အလိုမှာ ရေချိုး အဝတ်အစားလဲပြီး ထွက်လာခဲ့၏။ ပျော့ပါးလုံးပြီသည့် ရှပ်ပုံစံ Blouse ပွပွလေးကိုသာ ဝတ်ခဲ့တာမို့ ချက်စီမနေတော့လောက်ပါ။ ဆံပင်တွေကို ထုံးစံအတိုင်း ဖွတ် ပြီးကျစ်ထား သနပ်ခါး ခပ်မှန်မှန် လူးခဲ့ပါ၏။

တုန်းတတ်ခြိတ်ခါးကို တွန်းဖွင့်ဝင်ခဲ့စဉ် ဆင်နွယ်ရောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးရှေ့ ဥယျာဉ်လေးကို မြင်လိုက်ရလေသည်။ အလို .. အင်မတန်မှ လှပပြီး ချစ်စရာကောင်းလွန်းလှချည်လား..၊ စိမ်းစိုအုံ့မှိုင်းနေတဲ့ အပင်ကြီးများ မြရောင်တောက်ပနေသည့် မြက်ခင်ပြင်းကျယ်၊ ဟိုတစ်ဖက်မှာရှိနေသည့် အရောင်စုံအသွေးစုံ ပန်းပင်များ၊ အို!... အကုန်လုံးက ရှုချင်စဖွယ် မျက်စိပသာဒ ဖြစ်နေတာလေ..။

ဟိုတုလေးတုန်းက နွေးရောက်တော့ ခြံမီးရောင် မှိန်မှိန်အောက်မှာ ဤအရာတွေကို မမြင်ခဲ့ရတာလေ..။ ပြီးတော့ သူနဲ့ စကားတွေပြောပြီး အာရုံစိုက်နေခဲ့တာမို့ သတိမပြုမိခဲ့တာပါလား ..၊

မြက်ခင်းအလယ်မှာရှိနေသည့် ရေကန်လေး..။ ထိုရေကန်ထဲမှာ ရေပန်းကို ကနုတ်ပုံစံထွင်းထားသည့်ကျောက်ဂူ အဖြူ၊ ကြည်လင်နေသည့် ရေထဲမှာ လူးလားကူးခတ်နေကြသည့် အရောင်စုံရွှေငါးလေးတွေ .. ကြည့်ပါဦး ဘယ်လောက်များ ကြည့်ကောင်းလိုက်ပါသလဲ..။

"ဘယ်လိုလဲ သမီး .. ဒီမှာ နေချင်စိတ်ပေါက်လာပြီလား"

"ဟင်!... ဩော် .. မဟုတ်ပါဘူး အန်တီ"

ရေကန်လေးကို ငုံ့ကြည့်နေရာမှ ကိုယ်ကို မတ်လိုက်ရပါ၏။ 'ဒီမှာနေချင်စိတ်ပေါက်လာပြီလား' မေးခွန်းက ရိုးရှင်းပေမယ့် အဓိပ္ပာယ်က ဘယ်အထိ တာသွားပါသလဲ ...။

"သဘောကျလို့လား သမီး"

"ဟုတ်ကဲ့ .. ရေတံခွန်လေးလုပ်ထားတာကိုရော .. ရေပန်းလေးကိုပါ သဘောကျနေတာ"

"အဲဒါ သားရဲ့ Idea လေ..၊ ခြံဝယ်ဝယ်ချင်း လုပ်ထားတာ သမီးရဲ့ .. သမီးတို့ခြံထဲမှာရော လုပ်ချင်လို့လား"





"ဟင့်အင်း မလုပ်ချင်ပါဘူး အန်တီ"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"အဲဒါက .. အင်း .. နွေးတို့ခြံက ဒီထက်လည်းသေးသလို ခြံထဲမှာ နွေး စိုက်ထားတဲ့အပင်တွေ ပန်းအိုးတွေချည်း ပြည့်နေလို့ပါ"

"အဲဒါလည်း အဆင်ပြေအောင် ရွှေ့တတ်ရင် နေရာလပ်ရှိမှာပါ သမီးရဲ့ .. သမီး လိုချင်ရင် ကိုကို့ကို ပြောလေ..."

"ရှင်!..."

'ကိုကို့'ကိုတဲ့..၊ အမယ်လေး လျှာယားစရာကြီးပါလား။ တစ်ခါမှ တွေးမထားတဲ့ အမည်တစ်ခုကိုမှ လျှပ်တစ်ပြက် သုံးလိုက်ရတယ်လို့..။

"သားကို ပြောတာလေ သမီးရဲ့ .. သမီးကို သားက ညီမလေးလို့ ခေါ်တာဆိုတော့ သားကို သမီးက ကိုကိုလို့ ပြန်ခေါ်ရမှာပေါ့ မဟုတ်ဘူးလား"

ကျွန်မ နှုတ်ခမ်းအတွင်းသားလေးကို အသာကိုက်ထားလိုက်မိ၏။ ဘာလို့ ခေါ်ရမှာလဲ..၊ ခေါ်စရာအကြောင်းမှ မရှိတာနော်။ ခေါ်ရအောင်လည်း သူက နွေးရဲ့အစ်ကိုမှ မဟုတ်တာဘဲ။

"အန်တီ အဆင်သင့်ဖြစ်ရင် သွားကြရအောင်လေ"

"ဩော် ... အေး .. မောင်မိုးရေ သွားစို့ဟေ့"

**Driver** ရော ကားပါရှိပါလျက် ကျွန်မကို ဘာကြောင့် အဖော်အဖြစ် ခေါ်ရတာပါလိမ့်၊ ထူးဆန်းလေစွ..။ ကျွန်မ ထင်ထားတာ ပန်းပင်တွေ၊ ပန်းအိုးတွေ ကူသယ်ပေးရမယ့် ကူဖော်လောင်ဖက်မျိုး လိုသည်ထင်ပြီး အခုလို လိုက်လာခဲ့တာလေ..။

"သမီးကို ကြည့်ရတာ ပွဲလမ်းသဘင်တွေ ဘာတွေ မသွားဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"ဟုတ်ကဲ့ အန်တီ .. နွေးက လူတွေများတဲ့နေရာ သွားမိရင် စိတ်အိုက်ပြီး ခေါင်းမူးတတ်လို့ပါ"

"ဒါဆို ရတနာတွေဘာတွေ ဝတ်ဖို့ကျတော့ရော"

ကျွန်မ ပြုံးလိုက်မိပါ၏။ ပညာတတ်ပီသပါပေရဲ့ .. ကျွန်မကိုယ်ပေါ်မှာ ရွှေဆိုရင် ဘွားဘွားအမွေ နီလာနားကပ် ပိစိလေးကလွဲပြီး ဘာဆိုဘာမှ ရှိမနေဘဲကိုး။ မေမေတစ်ယောက်လုံး ရတနာကုန်သည် လုပ်နေပါလျက် သမီးဖြစ်သူမှာ ဘာပစ္စည်းမှမရှိတာ အထူးအဆန်း ဖြစ်နေပြီ ထင်ပါရဲ့..။

"အင်း .. မေမေ ပေးထားတာတွေတော့ ရှိပါတယ် အန်တီရဲ့..၊ အဲဒါက ဘယ်လိုပြောရမလဲ အဲဒီလို ပြိုးပြိုးပြက်ပြက်တွေ ဝတ်တာမျိုး မကြိုက်တာလည်း ပါတယ်၊ ပြီးတော့ စိတ်လည်း ရှုပ်သလို ခံစားရလို့လေ၊ ဒီ နီလာလေးတောင်မှ နွေး ငါးနှစ်သမီးတုန်းက ဘွားဘွားဆင်ခဲ့တာမို့ ဝတ်ထားဖြစ်တာ..၊ ပထမ ချွတ်ထားတုန်းက နားပေါက်ပေါက်ဟောင်းလောင်းကြီးနဲ့ ကြည့်မရဘူးလို့ မေမေ ပြောလို့လေ"

"နောက်တစ်ခု ရှိသေးတယ် မဟုတ်လား"

"ရှင်!..."

"ငယ်ဆင်တဲ့ ပစ္စည်းတိုင်း သမီးငွေနဲ့ ဝယ်တာမဟုတ်ဘူးဆိုတဲ့ စိတ်လေ"

ကျွန်မ ပြုံးရုံသာပြုံးလိုက်မိပါ၏။ ဒီခံစားချက်ကို အရွယ်ရောက်စကတည်းက နွေး သိခဲ့ရတာပါ။ မှတ်မှတ်ရရ ၁၀တန်းနှစ် မုန့်ဖိုးပေးချိန်တိုင်း 'မေမေ ကြည့်လေ့ရှိတဲ့ အကြည့်တွေကြောင့်ပါပဲ။





နိုင်ငံခြားမှာ သားသမီးတွေကို ၁၈ နှစ်ပြည့်တာနဲ့ လူကြီးဖြစ်ပြီဆိုပြီး မိဘတွေက ထောက်ပံ့ခြင်း မရှိကြပါတဲ့။

ဒီလိုပဲ နွေးကို ၁၆ နှစ်နဲ့ လူကြီးဖြစ်ပြီဆိုပြီး သတ်မှတ်ချင်တဲ့ အကြည့်မျိုးပါပဲ။ နွေးက မိဘတွေဆီမှာ လက်ဖြန့်တောင်းပြီး သုံးဖြုန်းနေတဲ့ သားသမီးမျိုးတော့ မဟုတ်ပါ..၊ လိုအပ်တဲ့ စာရေးကိရိယာ၊ စာအုပ် စသည့်ပစ္စည်းတွေကိုဝယ်လို့ ဒီမုန့်ဖိုးတွေ ကုန်သွားရတာပါလေ။

သက်ပြင်းငွေ့ငွေ့ကို ရှိုက်လိုက်မိပါ၏။

နွေး ရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာကို မေမေ မဟုတ်တဲ့ အမေတစ်ယောက်ကမှ မြင်တတ်တာ အမှန်ပါပဲလား..၊



www.burmeseclassic.com

www.burmeseclassic.com



## [၉]

"နွေး လမ်းထိပ်မှာပဲ ဆင်းတော့မယ် အန်တီ"

"ဘာလို့လဲ သမီးရဲ့ .. မှောင်မှ မမှောင်သေးတဲ့ဟာ အိမ်ထိ လိုက်ခဲ့ပါဦး"

"မလိုက်တော့ဘူး အန်တီ..၊ တာကယ်လို့ ပန်းအိုးတွေစီဖို့ ကူစေချင်ရင် မနက်ဖြန် ၁၀ နာရီလောက် နွေး လာခဲ့ပါ့မယ်"

"ကောင်းပါပြီ သမီးရယ် .. အန်တီ့ကို ကူရလို့ မောသွားပြီထင်ပါရဲ့၊ ရှေ့နားလေးမှာပဲ ရပ်ပေးလိုက်ပါ မောင်မိုး"

"ဟုတ်ကဲ့ပါ အန်တီ"

လမ်းဘေးကပ်ပြီး ရပ်ပေးလိုက်သည့် ကားပေါ်မှ အသာဆင်းလိုက်ပါ၏။ အန်တီ့ကို လက်ပြ နှုတ်ဆက်လိုက်ပြီး လမ်းထဲ ဝင်လာခဲ့သည်။ ဘာလုပ်စရာမှ သေချာမရှိပါဘဲ အဖော်ခေါ်သွားသည့် အန်တီ့ကို အံ့ဩမဆုံး..။





ပန်းပင်တွေ ရွေးတာကအစ အန်တီ့ဘာသာအန်တီ ရွေးချယ်တာဖြစ်ပြီး ကားပေါ်တင်တာ၊ လိုက်ပို့တာအဆုံး ဆိုင်က ဝန်ထမ်းကောင်လေးတွေသာ လုပ်ပေးကြတာမို့ ဒရိုင်ဘာပင် လုပ်ပေးဖို့မလို..။ ဒက်ဆန်းအမိုးပျောက်ကား ငှားတင်ပြီး ပြန်ခဲ့တာကြောင့် နွေးဟာ အပိုသက်သက်လူအဖြစ် ပါသွားခဲ့ရတာ အမှန်ပါပဲ..။

"ပြန်လာပြီလား သမီး"

"ဟုတ်ကဲ့ ကြီးကြီး"

"ခုန သမီးအလုပ် Phone ဝင်လာတယ် သမီးရဲ့..၊ ကြီးခင်လည်း သိပ်နားမလည်လို့ သမီးပြန်လာမှ ဆက်ပါလို့ ပြောလိုက်ရတယ်"

"ဆက်တာ ကြာပြီလား ကြီးကြီး"

"အေး .. ညမှ ပြန်ဆက်မယ် ထင်တာပဲ"

အဲဒါပဲ .. နွေး ဒါကြောင့် အပြင်ကို မသွားချင်တာလေ..။ အပြင်ခဏလေး ထွက်မိတာနဲ့ အလုပ်အပ်တဲ့ကိစ္စက လွဲတော့တာပါပဲ။ စိတ်ထဲမှာ နုသွားရပြီး မျက်နှာက သုန်သုန်မှုန်မှုန် ဖြစ်သွားရတော့သည်။ လုပ်ငန်းရှင်ကြီးလည်း မဟုတ်တာမို့ ဖေဖေနဲ့ မေမေလို Hand Phone တွေဘာတွေလည်း မကိုင်ချင်ပါ။

လူကြားသူကြားထဲ Phone ထမြည်ပြီးပြောရင် ဂိုက်များတယ်လို့ လူတွေမြင်မှာကိုလည်း စိုးရိမ်မိလေ၏။ အဲဒါနဲ့ အိမ် Phone ကပဲ နွေးရဲ့အလုပ် Phone ဆန်ဆန် ဖြစ်နေတော့တာပါပဲ..။

"လုံးချစ်ရေ .."

"ရှင် .. မမ"

"မမ Phone လာရင် လှမ်းခေါ်လိုက်နော်၊ ခြံထဲမှာရှိမယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

အဝတ်လဲကာ ခြံထဲပြန်ဆင်းခဲ့ပါ၏။ သေချာ ကိုင်းကူးစိုက်ထား ပါလျက် ပိုးကျချင်နေသည့် အရွက်တို့ကို ပန်းညှပ်ကပ်ကြေးဖြင့် ညှပ် တန်တာ ညှပ်၊ ဆေးဖျန်းတာဖျန်းရင်း အလုပ်ထဲ ဈာန်ဝင်နေတာ ဘယ်နှစ်နာရီ ရှိသွားပြီမှန်း သတိမပြုမိတော့ပါချေ..။

"မိရွှေနွေး"

"အမေ့!.."

ကျောကို ဖတ်ခနဲ ပုတ်ခေါ်လိုက်တာမို့ အလန့်တကြား ဖြစ်သွား ရပါသည်။ လာပြန်ပြီ နောက်ထပ် အနှောင့်အယှက်တစ်ခု..၊

"အချိန်မရှိ အခါမရှိမှ ဘာလာလုပ်တာလဲ"

"တွေ့လား .. လူကိုမြင်တာနဲ့ ဟောက်တာက အရင်ပဲဟယ်"

လက်ထဲကိုင်ထားသည့် ခက်ရင်းခွဖြင့် ပန်းအိုးထဲမှမြေကို ဆွ ရင်း လှည့်ကြည့်လိုက်ပါ၏။ ဘယ်တော့မဆို လှနေအောင် ခြယ်တတ် သည့် နေခြည်က ညနေဆည်းဆာအောက်မှာပင် လှနေဆဲပါလေ..။

"ဘာလဲ အတွဲရှာမတွေ့သေးလို့ ငါ့ဆီကို ရောက်လာတာလား"

"ကြည့်!.."

"ဟုတ်တယ်လေ..၊ နင်က နင် တွဲစရာလူရှိရင် အဲဒီလူနဲ့ မိုးမမြင် လေမမြင်ပျော်ပြီး ငါ့ကို သတိမှ မရတာ..၊ အဲဒီလူနဲ့ပြတ်မှ ငိုဖို့နေရာ ဆိုပြီး ငါ့ဆီ ရောက်လာတာမျိုး"

"နင်က ငါ နားခိုရာ ရင်ခွင်လေးပေါ့ နွေးရယ်"

"သွားစမ်းပါ .. နင် လာငိုဖို့ ငါ့ရင်ကို မငှားနိုင်ပါဘူး..၊ ဘယ့်နှယ် တစ်ပြားတစ်ချပ်မှမရ တစိုးတစိမှ အကျိုးမရှိတဲ့ ကိစ္စကြီး"





နေခြည်က ကျွန်မ ပျစ်ပျစ်နှစ်နှစ်ပြောတာကို တဟင်းဟင်း ရယ်လေ၏။ နားတစ်ဖက်တည်းဝင်သည့်လူကို ဘယ်လိုပြောပြော နားမဝင်မှာကတော့ ကျိန်းသေပါပဲ..။

"အန်တီတို့ ပြန်ရောက်ကြပြီလား"

"No."

"နင့်အစား ငါ ပျင်းလိုက်တာ နွေးရယ် .. တစ်နေ့တစ်နေ့ ဒီ စိုက်ခင်းစိမ်းအပင်တွေနဲ့ အချိန်ကုန်နေတော့တာပဲ"

"ဒါ ငါ့အလုပ်ပါ နေခြည်ရဲ့ .. ကိုယ့်ဝါသနာနဲ့ ဝင်ငွေရှာနေတာ ကို အချိန်ဖြုန်းတယ် ထင်နေရင်လဲ မတတ်နိုင်ဘူး။ ငါက တစ်နေ့တစ် နေ့ အပြင်ထွက်လမ်းသလားပြီး လပ်လျားလပ်လျား လုပ်တာမျိုး ဝါသနာမှ မပါတာကိုး"

"နင် ဟိုတစ်လောတုန်းကတည်းက ငါ့ကို ခုထိအစာမကြေသေး ဘူးမှတ်လား နွေး .. အချစ်ဆုံး သူငယ်ချင်းတွေပဲဟာ၊ တေးမှတ်ထား စရာလား"

နေခြည်က ကျွန်မကို နောက်ကျောဘက်မှ သိုင်းဖက်ရင်း လေ ပြည်အေးနှင့် ပြောလိုက်ပါ၏။ နှာဝမှ စူးခနဲ ရှူလိုက်ရသည့် ရေမွှေးနံ့ ကြောင့် နှာခေါင်းရှုံ့ကာ သူမလက်တို့ကို ဆွဲဖယ်လိုက်ရလေသည်။ ကျွန်မက ရေမွှေးနံ့ပြင်းရင် ခေါင်းမူးတတ်သည့်ရောဂါ ရှိသည်လေ..။

"ဖယ်ပါဟာ .. ဒီမှာ အလုပ်ရှုပ်နေရတဲ့ကြားထဲ"

"နင်ကလဲ သူငယ်ချင်း အချင်းချင်းကို"

"လာမဖက်နဲ့ .. နင့်ဘဲကြီးလို့ အထင်မခံနိုင်ဘူး..၊ ပို့တယ်"

တဟားဟားဖြင့် ရယ်ပြန်လေ၏။ ကျွန်မဘာပြောပြောဆင်း



www.burmeseclassic.com

www.burmeseclassic.com



သည်းခံနိုင်လွန်းတာကတော့ဖြင့် ဩချလောက်ပေရဲ့..။ ကျွန်မကသာ ဘာမဆို စိတ်ထဲမှတ်ပြီး ဒေါသကြီးတတ်တာပါလေ..။

"ကြည့်ပါလား .. ပြောပုံကိုက ထုချင်စရာ"

"ငါ ဒီလိုပဲပြောတတ်တာ နင် သိပြီးသား မဟုတ်လား..၊ လူကို ရိုးရိုးတန်းတန်း ပြောစမ်းပါ နေခြည်ရာ..၊ ပတ်ချွဲနပ်ချွဲ မပြောစမ်းပါနဲ့..၊ အသည်းယားလွန်းလို့.."

ဒါလည်း သဘောကျတာပဲလား..၊ တဟီးဟီးနှင့် ရယ်နေပြန်တာလေ။ နေခြည့်အသံက ချိုပြီး ချွဲချွဲပျစ်ပျစ် ပြောတတ်တာမို့ ပုရိသတွေ အသည်းစွဲမှာ အမှန်ပါပဲ။ ကျွန်မကတော့ အသံက သြရသည့်ကြားထဲ စကားကို လိုရင်းတိုရှင်း ခပ်ဘွင်းဘွင်း ပြောလေ့ရှိတာလေ..။

"နင့်ရည်းစားသာဆိုရင် ပြောတော့မှာပဲ.."

"ဘာကိုလည်း"

"စကားကို နားဝင်ချိုအောင် မပြောတတ်လို့လေ..."

"ဟင်း .. စကားကို စကားလို ရှင်းရှင်းပဲ ပြောတတ်တယ်ဟဲ့..၊ နင့်လို သကြားတွေ၊ သကာတွေ၊ ထန်းလျက်တွေ၊ Cream တွေ အကုန်ရောပြီး မပြောတတ်ဘူး..၊ လာဝေဖန်မနေနဲ့.."

"လုပ်ပြန်ပြီ ထော်လော်ကန့်လန့်ကြီး၊ အလုပ်မရှိအလုပ်ရှာ သူ့ဟာသူနေနေတဲ့ ပန်းအိုးထဲကမြေကို လိုက်ဆွနေပြန်ပါပြီ"

"ဆွပေးရတာပေါ့ .. ဒါမှ မြေဆီမြေနှစ်ထဲ ရေစိမ့်ဝင်မှာ အပင်လဲ သန်မှာ၊ ဒီတိုင်းထားလိုက်ရင် မျက်နှာပြင်မာပြီး ပန်းအိုးထဲ ရေစိမ့်မဝင်ဘဲ နေမှာစိုးလို့ပေါ့၊ ပြော..."

"ဘာကို ပြောရမှာလဲ"





"နင် ပြောစရာရှိလို့ ဒီကိုရောက်လာတာပဲ မဟုတ်လား"

"နွေးကလဲဟယ် .. သူငယ်ချင်းကို ပြောတာပဲ စကားလုံးလှလှ လေးစီပြီး ပြောတာ မဟုတ်ဘူး..၊ နေခြည်ရယ် နင်ပြောချင်တာသာ ပွင့်ပွင့်လင်းလင်းပြောပါ... နွေး နားထောင်ပေးပါ့မယ်လို့ပြောရင် ဘာဖြစ်မှာမို့လို့လဲ..."

"အဲဒီလိုကြီးလား .."

ကျွန်မ မအောင့်နိုင်တော့ဘဲ အော်ရယ်မိတော့၏။ မေမေသာမြင်ရင် ဗိုက်ခေါက်တော့ အနည်းဆုံး ဆွဲလိမ်လိုက်မှာ အသေအချာပင်..။ ကျွန်မကိုက ဟန်ဆောင်ရမှာကို အင်မတန် ဝန်လေးနေတတ်သူကိုး..။

နေခြည်ကတော့ လမ်းလျှောက်ရင်လည်း နွဲ့နွဲ့နှောင်းနှောင်း စကားပြောရင်လည်း ပျော့ပျော့ပျောင်းပျောင်း အမူအရာကိုက ညင်ညင်သာသာ လေးမို့ ပုရိသတွေ အမြင်မှာ အရည်ပျော်ကျလုမတတ် စွဲငြိစေသည်လေ..။

တကယ်ပါ .. နေခြည်နဲ့ ကျွန်မဟာ အရာရာ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ မိန်းကလေးနှစ်ယောက် ဖြစ်နေတာပါပဲ။ ကျွန်မရုပ်ရည်က သာမန် ရှက်ကြမ်းရေကြို နေခြည်ကမှ တကယ့်သူဌေးသမီးပီပီ မွှန်နေအောင်လှပတဲ့ မိန်းကလေးပင် မဟုတ်ပါလား..၊

"နင့်ကို ငါ လာတိုင်ပင်တာ .."

"တိုင်ပင်တာ၊ ဘာကိုလဲ .."

"ငါက ဒီအတိုင်း မတ်တတ်ကြီး ပြောရမှာလား .."

"သြော် ... ပြောမယ့်ဟာ ပြောတာမဟုတ်ဘူး..၊ အထွတ်နဲ့ ကွန့်နေသေးတယ်..၊ ဟိုပန်းရုံကြားထဲမှာ Plastic ခုံပုလေးရှိတယ်.."



www.burmeseclassic.com

www.burmeseclassic.com



ယူထိုင်လိုက်လေ..၊ နင့်စကားတွေကို နားထောင်ဖို့ ငါ အလုပ်ပျက်မခံနိုင်ဘူး၊ ပြောချင်တာ ပြော .."

နေခြည့်ထံမှ မျက်စောင်းလှလှလေး ထွက်လာလေ၏။ လှတဲ့သူတွေများ မျက်စောင်းထိုးလည်း လှ၊ နှုတ်ခမ်းမဲ့ပြလည်း လှတယ်လို့ ဆိုရိုးရှိတာပဲ မဟုတ်လား..၊

နေခြည်က ပန်းရုံနောက်နားမှာ ချထားသည့် Plastic ခုံပု အနီရောင်လေးကို သွားယူကာ ကျွန်မနောက်နားမှာ လာထိုင်လိုက်လေ၏။ ထိုင်တာတောင်မှ (ကျွန်မမျက်စိနဲ့ မသက်မသာ) တင်ကိုပစ်ပြီး လှလှပပလေး ထိုင်လိုက်တာပင်..၊

"မနေ့တုန်းက ဒက်ဒီရော မာမီပါ ငါ့ကို ဆူကြတယ်.."

"အင်း .."

"သမီး အသက်အရွယ်နဲ့ ကောင်လေးတစ်ယောက်ယောက်ကို သတ်သတ်မှတ်မှတ် ရွေးချယ်သင့်ပြီတဲ့"

"မှန်တာပေါ့"

"ငါ ဘယ်လိုလုပ်ရမလဲဟင်"

"အဲဒါ အကြံဉာဏ်တောင်းတာလား .."

"ငါ့မှာ သူငယ်ချင်းဆိုလို့ နင်ပဲရှိတာကို ..၊ နင့်ဆီမှာ အကြံဉာဏ်မတောင်းလို့ ဘယ်သူ့ဆီ သွားပြီး တောင်းရမှာလဲ.."

အဲဒါပဲ နေခြည်က ကျွန်မဆို မရှိသုံး ပစ္စည်းတစ်ခုလိုမျိုး လိုအပ်ချိန်မှာပဲ လာတော့တာလေ။ တစ်ခါတလေ အမြင်ကပ်ကပ်နဲ့ ပိတ်ပြောလိုက်ချင်ပေမယ့် ငယ်သူငယ်ချင်းဆိုတဲ့ အသိစိတ်နဲ့ ပြောချင်သမျှအကုန် မျိုချ သိမ်းဆည်းခဲ့ရပေါင်းလည်း မနည်းတော့ပါချေ..။





အခုလည်း အစောကြီးကတည်းက ကျွန်မ အသိပေး ပြောချင်သလို မျိုးကိုပဲ သူမ မိဘတွေပြောသမျှ ရင်လာဖွင့်ပြနေပြန်တာလေ..။ ခက်ပါရဲ့ နေခြည် .. ငါ့မှာဖြင့် တစ်နေ့တစ်နေ့ အချိန်လုပြီး အလုပ်တွေလုပ်နေရသလောက် နင်ကတော့ တစ်နေ့တစ်နေ့ အချိန်ကို ဘယ်လိုကုန်ဆုံးရမလဲဆိုပြီး အလိုရှိတိုင်း သုံးနေတာပဲ မဟုတ်လား..၊

"ငါက ဘာ အကြံဉာဏ်များ ပေးနိုင်မှာတဲ့လဲ"

"မာမီတို့ ပြောတာကိုလေ.."

"မိဘစကားကို နားထောင်ရမှာ သားသမီးတာဝန်ပဲ မဟုတ်လား၊ လက်ရှိအရွယ်ထိ နင့်မိဘတွေဆီမှာ နင်လက်ဖြန့်ပြီး တောင်းသုံးနေတုန်းပဲ မဟုတ်လား"

"နင်ကလဲ..."

"အေး... အဲဒီအရိပ်အောက်ကနေ နင် ထွက်မသွားနိုင်သေးဘဲ ကလန်ကဆန်လုပ်ဖို့ စိတ်မကူးသင့်ဘူးပေါ့ နေခြည် .."

"အဲဒါ နင့်အကြံလား"

အပင်တွေ မြေဆွတဲ့အလုပ်ပြီးပြီမို့ မြေဆွခက်ရင်းကို ချကာ ရေပန်းကရားလေးဖြင့် ပန်းအိုးလေးတွေကို ရေအသာလောင်းလိုက်ပါ၏။ သင်းကတော့ ညမှောင်တော့မှာကိုတောင် ဂရုမထားဘဲ ပြောချင်တာတွေကိုသာ ကျွန်မ ကို ဆက်ပြောဖို့ ပြင်နေတာပါလား...။

"အဲဒီလို မပြောလို့ ဘာပြောရမှာလဲ"

"ဒါဆို ဘယ်လိုယောကျ်ားမျိုးကို ရွေးရမှာလဲ"

"အဲဒါ ငါ ဘယ်သိမှာလဲ..၊ နင် ခုထိပွဲနေတဲ့ ယောကျ်ားတွေက လက်ဆယ်ချောင်းတောင်မှ မကတော့တာကို"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပါတယ်.."

"ဘာသိတာလဲ"

"ငါ မျက်နှာများတာကိုပဲ အပြစ်တင်မယ် ဆိုတာကိုလေ"

"မဟုတ်လို့လား"

"မသိတဲ့ လူတွေကတော့ ဒီလိုပဲ မြင်ကြမယ်လို့ ငါ သိပြီးသားပါ။ လက်တွေ့မှာ ယောကျ်ားတွေ မှန်သမျှ ငါ့ဆီက ဘာလိုချင်သလဲဆိုတာ ခုထိ ငါ မသိသေးဘူး၊ အဲဒါ အမှန်ပဲ.."

ကျွန်မ ပခုံးတွန့်ပြလိုက်မိပါ၏။ ဘာလိုချင်မှန်း မသိဘူးတဲ့လား။ ရည်းစားထားမှတော့ သင်းကို လက်ဆွဲ၊ ပါးဆွဲ ဟိုကိုင်ဒီနမ်း ဟင့်အင်း တွေးရုံနှင့် ကြက်သီးထချင်စရာကြီး။ တကယ် ရည်းစားမထားဖူးပါဘဲ ဒီအတွေးရိုင်းတွေကပင် ကျွန်မရင်ထဲမှာ အသက်ရှူကျပ်စေတာလေ..။

"နင့်မှာရော စံသတ်မှတ်ချက် မရှိဘူးလားဟင် နွေး .."

ခေါင်းကို ခါယမ်းပြလိုက်ပါ၏။ လောကကြီးမှာ ရည်မှန်းထားသလို ဖြစ်လာတာမျိုးရော ရှိလို့လား..၊ ကျွန်မက ကံဆိုတာကိုလည်း မယုံကြည်တတ်တဲ့သူမို့ လက်တွေ့ဘဝကိုပဲ လက်ကိုင်ကျင့်သုံးနေတာ ဖေဖေ အသိဆုံးပါလေ..။

မေမေ အထင်မကြီးတဲ့ ဒီသမီးလေးကို အမြဲ ဖေးမမြှင့်တင်ပေးလေ့ရှိတဲ့ ဖေဖေ့ကို မေမေ့ထက်ပိုချစ်တာ မှားသလား..၊ သို့သော် နွေးကို အရွယ်မတိုင်ခင်ကတည်းက အနွေးထွေးဆုံး ပြုစုပျိုးထောင်ပြီး ဆုံးမသွန်သင်ပေးခဲ့တဲ့ မေမေ့ကိုလည်း ချစ်တာ အမှန်ပါပဲ..။





[၁၀]

'အတော်ပဲ .. သမီးကို ဒီပန်းအိုးလေး ပုံဖော်ခိုင်းချင်လို့ မျှော်နေတာ ကြာပြီ"

လက်ထဲမှ ကြာဆံချက်ထည့်လာသည့် Steel ချိုင့်ကို လှမ်းယူလိုက်ပြီး ပြောလိုက်တာကြောင့် အံ့သြသွားရပါသည်။ အန်တီမြင့်မှာ ကျွန်မကို ပြောစရာအကြောင်း တစ်ခုမဟုတ်တစ်ခု ရှိနေသည်ကိုး..၊

"ဘာပင်များလဲ အန်တီ"

"ဘာပင်လဲတော့ အန်တီလည်း မသိဘူး သမီးရယ် .. အရွက်လေးလှတာနဲ့ ဝယ်လာခဲ့တာ၊ အခု အပင်က အလုံးလည်း မဟုတ် အချွန်လည်း မဟုတ် စကောစကာ ဖြစ်နေသလားလို့"

အန်တီ ခေါ်ရာနောက်သို့ လိုက်ပါလာခဲ့ပါ၏။ သစ်ခွရုံတန်းတွေနေရာက အမိုးတွေရှိနေတာမို့ အရိပ်ရသဖြင့် အေးစိမ့်နေလေသည်။ အင်း .. မေမေကတော့ နွေးကို အကြောင်းမရှိ အကြောင်းရှာပြီး အိမ်မှာချက်စားတဲ့ ကြာဇံချက်ကို ဒီအိမ်အထိ လာပို့ခိုင်းတာပဲ ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com



ပို့ရပါစေပေါ့ .. ဒီလို မနက် ၁၀ နာရီလောက်မှာ ဒီအိမ်က ဒေါက်တာ ပေါက်စလေးက duty ဝင်နေရောပေါ့။ ခွေးတို့ကို မဆုံဆုံရအောင် လုပ်ပေးတာများ မသိဘူး မှတ်နေသေးတယ်လေ..။

"ဒီမှာလေ.."

"ဟင်!..."

အခုမှ ပိုအံ့သြတာပင်..၊ သစ်ခွစင်အောက်မှာ စီတန်းချထားသည့် အရွက်အိုးတွေက တစ်အိုးမက ၁၀အိုးကျော်တောင် ရှိနေသည်ကိုး..။ ပန်းပွင့်မှကြိုက်တဲ့ အန်တီက ဘာစိတ်ကူးနဲ့များ ဒီလိုအရွက်ပင်တွေမှ ဝယ်စိုက်ရတာပါလိမ့်နော်..၊

"အန်တီ့အပင်တွေက..."

"ဟုတ်တယ် .. သမီးက ဒီလိုအရွက်အိုးလေးတွေကို အရပ်လေး တွေ ပြင်ပေးတယ်ဆိုတော့လေ .. သားက သူလည်း လိုချင်တယ်ပြော လို့ ဝယ်လိုက်တာ..၊ သမီးဆီမှာ မရှိဟာမျိုးဆိုရင် ဘယ်နှစ်အိုးပဲဖြစ်ဖြစ် ယူသွားပါ သမီးရယ်"

ဟော .. စလှာပါပြီ..၊ သား ပူဆာလို့ ဝယ်ရတယ်ဆိုပါလား .. မဖြစ်နိုင်တာနော်..၊ ယောကျ်ားလေး တော်တော်များများက ဒီလို အန အရွ အလှအပတွေ ကြိုက်တတ်တာမျိုးမှ မဟုတ်တာလေ..။ ပြီးတော့ အန်တီမကြိုက်တဲ့ ဒီအရွက်ပင်တွေကို ဝယ်ရတဲ့အကြောင်းအရာ ရည် ရွယ်ချက်က ဘာများပါလိမ့်နော်..။

"ဒီအပင်လေးက အတော်ကြီးပြီလေ.."

ဟုတ်ပါရဲ့ .. အိုးထဲမှာ နှစ်တောင်ခန့် အမြင့်ရှိနေပြီဖြစ်သည့် သစ်ပင်လေးက အရွက်တို့ စိမ်းစိုနေတာလေ၊ အရွက်တွေ တော်တော်





များနေသည့် သစ်ပင်လေးကို ကိုင်ကြည့်လိုက်မိ၏။ အရွက်တို့က ကြမ်းမနေဘဲ နူးညံ့လှချည်လား..။

"အန်တီ ဘာပုံများ လိုချင်လို့လဲဟင်.."

"အဲဒါတော့ သမီးကိုကိုကို မေးကြည့်တော့ကွယ် .. သားက ဒီနေ့ Off လေ Night duty ထွက်လာတာ၊ အခု အိပ်ပျော်နေတုန်း"

"ဟင်!.."

ကဲ .. မရှိပါဘူးလို့ ထင်ထားတဲ့လူက Night duty ဆင်းလာပြီး အိပ်နေတာဆိုပါလား။ ဒါကိုသိနေလို့ တမင်တကာပဲ ခွေးကို ဒီလွှတ် လိုက်သလား မသိပါလေ..။

မတွေ့ချင်ပါဘူး ဆိုနေမှ၊ လူကို ရည်းစားရှိတယ်လို့ စွပ်စွဲပြီး ပြောတဲ့ သူ့ကို စိတ်ဆိုးရအခက် စိတ်မဆိုးရလည်း ခက်ခဲစေခဲ့တာ လေ။ ကောင်းတော့ ကောင်းပါရဲ့ .. ဒီစကားကြောင့် မေမေ့ဆီကနေ အိမ်ထောင်ပြုဖို့ပြောတဲ့ ဗျစ်တောက်ဗျစ်တောက်အသံ သိပ်မကြားရ တော့တာလေ..။

အခုဆို အန်တီမြင့်တို့အိမ်ကို သွားဆိုတဲ့ စကားနဲ့သာ ခိုင်းနေတာ မို့ စိတ်လက်ပေါ့ပါးစွာ ရောက်လာရတာ မဟုတ်လား ..၊ ရှင့်ကို ကျေးဇူး မတင်ချင်ပေမယ့် ကျေးဇူးပါပဲ ဒေါက်တာ နေနန္ဒနိုင် ..။

"Breakfast ဘာစားခဲ့လဲ သမီး .."

"ပဲပြုတ်နဲ့ နံပြားပါ အန်တီ .."

"သားနဲ့ အကြိုက်တူတာပဲကိုး၊ သမီးကိုကိုလည်း အရမ်းကြိုက် တာ သမီးရဲ့..၊ ထမင်းပူပူလေးနဲ့ ပဲပြုတ်ကို ပဲဆီမွှေးမွှေးလေး ဆမ်းပြီး ပဲ ကျွေးကျွေး .. ဆီ သိပ်မပါဘဲ ထမင်းကြမ်းနဲ့ ပဲပြုတ်လှိမ့်ကြော်ရော



www.burmeseclassic.com

မျိုးပဲဖြစ်ဖြစ် အကုန်ကြိုက်တာလေ ..”

ဟော .. သစ်ပင်ပြီးတော့ ပဲပြုတ်ဋ္ဌိကာ ရောက်သွားပြန်ပါရော လား၊ မေမေကသာ ဘာမှမထူးခြားတာ အန်တီမြင့်ကတော့ သူ့သားနဲ့ ပတ်သက်ပြီး ကျွန်မကို လိုက်ညှိနေသလိုပါပဲလား..။

ဘယ်လိုပဲ လိုက်ညှိပါစေ အန်တီရယ် .. အန်တို့သားနဲ့ နွေးက ဝ ဗွtfKey မကိုက်တဲ့ လူနှစ်ယောက်ဖြစ်နေတာ အမှန်ပါပဲ..။

“အန်တီဖြင့် မယုံပေါင်ကွယ်”

“ရှင်!... ဘာကိုပြောတာလဲ အန်တီ”

“သမီးမှာ ချစ်သူရှိနေတယ်ဆိုတာကိုလေ ..”

ရောက်ပြန်ပြီ ဒီဘူတာကို..၊ ဒီကိစ္စကို ဘယ်လိုရှင်းရမလဲ တွေး မရခင် ရောက်လာပြန်ပါရောလား..။ မေမေကတော့ ‘ငါသဘောမတူ ဘူး၊ ဖြတ်..” ဆိုပြီး ယတိပြတ် ပြောခဲ့တာလေ။ နွေးမှာ ချစ်သူ မရှိပါဘဲ ဘယ်က ချစ်သူကို သံယောဇဉ် ဖြတ်ပစ်ရမှာပါလိမ့်..။

“မာမီက ကျွန်တော် ပြောထားတာကို မယုံသေးတာ အမှန်ပဲ ညီမလေးရဲ့”

“ဟင်!..”

နောက်နားဆီမှ ပေါ်လာသည့် အသံကြောင့် ဖျတ်ခနဲ လှည့် ကြည့်လိုက်မိပါ၏။ အလို .. သူတောင်မှ အိပ်ရာက နိုးပါရောလား။ သူ့ပုံစံက မျက်နှာတောင် သစ်လာပုံမရသေးဘဲ ဆံပင်တို့က အနည် ငယ် ပွယောင်းယောင်း မသေမသပ်ဖြစ်နေသော်ငြား လန်းလန်းဆန် ဆန်းတော့ ရှိနေသားပင်..။

“ဟော .. သားတောင် နိုးနေပြီပဲ..၊ အတော်ပဲ အိမ်မှာ သားညီမ





ကြာဆံချက်လာပို့တာရှိတယ်..၊ အရင် စားနှင့်မလား”

“အဲဒါ ညီမလေးချက်တာမှ မဟုတ်ဘဲ မာမီရဲ့၊ မစားချင်ပါဘူး”

ကြည့်စမ်း .. ဒါ ကျွန်မကို မီးဖိုချောင် မနိုင်နင်းလို့ နှိပ်ကွပ်လိုက် တာပဲ မဟုတ်ပါလား၊ သူတစ်ပါး ချို့ယွင်းချက်ကို ထောက်ပြ ထိုးနှက် တာဟာ မိတ်ဆွေကောင်းတို့ရဲ့ ကျင့်ထုံးမဟုတ်တာကို ဒီဒေါက်တာ မသိလေရော့သလား..။

“ကိုယ်ပြောတာ မှားလို့လား .. မင်းမျက်နှာ အီလယ်လယ်လေး ဖြစ်နေပုံထောက်ရင်တော့ မမှားဘူးထင်ပါရဲ့နော်”

မျက်စောင်းခဲလိုက်မိ၏။ လူတစ်ယောက်မှာ သူကျွမ်းကျင်စရာ ပညာရပ်တစ်ခုခုတော့ တတ်တာမျိုးရှိတာပါလေ..။ ကျွန်မမှာရော ဘာကျွမ်းကျင်တာမျိုး ရှိသလဲ၊ နေဦး .. ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ဖို့ ထက် လက်ရှိအနေအထားမှာ သတိရှိဖို့ လိုနေတာလေ..။

“ကျွန်မ မချက်တတ်တာတော့ မှန်ပါတယ်..၊ ဒါပေမယ့် ကျွန်မ လုပ်အားမပါဘူးလို့တော့ ပြောလို့မရဘူး ဒေါက်တာရဲ့..”

“ဟယ် .. သမီးကလည်း ဘယ်နှယ့် ဒေါက်တာလို့ ခေါ်ရတာလဲ”

“သူက နွေးကို ညီမလေးခေါ်ပေမယ့် နွေးကတော့ သူ့ကို ကိုကို လို့ မခေါ်ချင်ပါဘူး အန်တီ..၊ မောင်နှမမှ မဟုတ်တာကို”

သူက ဘာကို အတွေးပေါက်သွားမှန်းမသိဘဲ ဟက်ခနဲရယ်လိုက် လေ၏။ ကျွန်မနှုတ်မှ အန်တို့ကို ကိုယ့်ကိုယ်ကိုယ် နွေးလို့ သုံးလိုက်မိ တာကြောင့်များလား၊ ဖျတ်ခနဲ တွေးမိကာ မျက်နှာပင် နွေးသွားရလေ သည်။ သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ နွဲ့သလိုများ ဖြစ်သွား ပြီလား..။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"မာမီက မင်းနဲ့ကိုယ့်ကို မောင်နှမတော်စေချင်တာမှ မဟုတ်ဘဲ ညီမလေးရဲ့ .. ဒါကို မင်း သိရဲ့သားနဲ့ ခပ်စိမ်းစိမ်း ခေါ်စေချင်တာပေါ့ လေ..၊ ပြော .. ဘယ်လိုခေါ်စေချင်တာလဲ"

ပန်းစင်ကို လက်ထောက်၍ ကိုယ်ကိုင်းလိုက်တာမို့ သူ့ခေါင်းက ကျွန်မနှင့် အတော်လေး နီးသွားရလေ၏။ အို .. အမေ့ရှေ့မှာတောင် ဒီလို မဆင်မခြင်ပြောရသလား..၊ ဒီလိုပုံစံမျိုးနဲ့ နေခြည်သာ တိုးလို့က တော့ ရှင် နာပြီ ဒေါက်တာရေ့..။

"ကျွန်မမှာ နာမည်ရှိတာပဲရှင့်"

"ဒါဖြင့် 'နွေး'လို့ပဲ ခေါ်ရမလား .. ဒါမှမဟုတ် 'သိမ့်'လို့ ခေါ်ရမှာ လား .."

'နွေး'လို့ သုံးလိုက်တဲ့ အသံထဲမှာ နွေးထွေးမှုတွေ ပါဝင်သလို ခံစားလိုက်ရပါ၏။ တစ်မျိုးကြီးမှ တစ်မျိုးကြီးပါပဲ..။ ကျွန်မနာမည်ကို လူတိုင်းခေါ်နေကြတာ မှန်ပေမယ့် သူခေါ်တာမျိုးနဲ့မတူဘဲ သူ့အသံ ကိုက တစ်ဘာသာ ထူးဆန်းနေတာလေ..။

မဟုတ်သေးဘူး .. နွေးစိတ်ထဲကပဲ ထင်နေတာများလား..။ အမယ် လေးနော် .. ကျွန်မကို ချစ်သူရှိနေပါတယ်လို့ ထင်နေတဲ့လူအပေါ်မှာ ထူးထွေဆန်းပြားတဲ့စိတ် ဖြစ်မိပြီလား .. ရှက်စရာကြီးနော် ..။

အတွေးဖြင့် မျက်နှာနွေးသွားရတာမို့ ခြေလှမ်းကို ရွှေ့လိုက်မိရာ ခဲကျိုးခင်းထားသည့် နေရာထဲ ခြေထောက်ဝင်သွားပါ၏။

"အ!.."

"ဟော ကြည့် .. ဖြစ်ပြန်ပြီ.."

"ဟောတော် .. အေး .. ဒီခဲတွေ ခင်းထားတာ သေချာမထုနိုင်





ရသေးဘူး သမီးရဲ့ .. ခဲချွန်စူးပြီ ထင်တယ်၊ ဟုတ်လား .. တော်တော် နာနေလား သမီး"

"ရပါတယ်"

ကံတွင်ပါ အပါးစားလေးသာ စီးကျင့်ရှိတာမို့ ဖနောင့်သားဘက် နားမှာ အတော်နာသွားရပါ၏။ ဒုက္ခပါပဲ .. ဒီဆရာဝန်နဲ့ တွေ့လိုက်တိုင်း နွေး တစ်ခုခုဖြစ်ပြီး နာကျင်ခံစားရတာ တိုက်ဆိုင်မှုလေပဲလား..။

"ပွဲသွားလား နွေး"

"ဟင့်အင်း .."

"ဒါဖြင့် အသားကြေသွားတာပဲ ဖြစ်မယ်. မှန်း .. ကိုယ် ကြည့်ရ အောင် .."

"အိုး!... နေပါစေ .. ဘာမှမဖြစ်ပါဘူး"

ခြေထောက်ဆီ လက်လှမ်းရန် ရွယ်လိုက်သည့်သူ့ကို လက်အစုံ ဖြင့် တွန်းလျက် ကာကွယ်လိုက်မိပါ၏။ ခြေတစ်ဖက်တည်း အားပြုထား သည့် ခန္ဓာကိုယ်က အနောက်ကိုယိမ်းယိုင်သွားတာမို့ သူက ခြေထောက် ဆီ ရွယ်ထားသည့်လက်ကို ကျွန်မ လက်မောင်းနှစ်ဖက်ဆီ ပြောင်းကိုင် လိုက်လေသည်။

"ဩော် ... ပန်းစင်နဲ့ ခေါင်းနဲ့တော့ ဆောင့်မိတော့မှာပဲ.."

"သမီးရယ် သမီးကိုကိုက ကိုက်မစားပါဘူး၊ ဘယ်လိုဖြစ်ပြီး အလန့် တကြား ဖြစ်နေရတာလဲ"

သားအမိနှစ်ယောက်သား ရယ်လိုက်ကြတာကို ရောယောင်ပြုံး လိုက်မိသည်။ အပြုံးက အီလည်လည်ရယ်ပါလေ။ တကယ်ပဲ နွေး အထိတ်တလန့် ဖြစ်တာကို သိသာစေလေသလား၊ အန်တီ့ကို အားနာ



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်မိပေမယ့် သူ့ကိုတော့ စိတ်ဆိုးချင်တာ အမှန်ပါ၊ နွေး ဒီလို ဖြစ်တာ သူ့ကြောင့် မဟုတ်လား..။

"ကဲ .. အိမ်ထဲ ခဏပြန်ဝင်ပြီး ဧည့်ခန်းထဲမှာ ငြိမ်ငြိမ်လေးထိုင် လိုက်ပါ"

"မဝင်တော့ပါဘူး .. ပြန်တော့မှာ"

"ဘယ့်နှယ် မဝင်ဘူးလဲ သမီးရဲ့ .. ရောက်တုန်းရောက်ခိုက် နေ့လယ်စာ ထမင်းစားပြီးမှ ပြန်ပါ"

"ဟင်!... မဟုတ်တာ"

"ဟုတ်လိုက်ပါကွာ .. မင်း ခြေထောက်နာနေရင် ပန်းချီဆွဲတဲ့ အလုပ်ရော ပန်းပင်ညှပ်တဲ့အလုပ်ပါ မလုပ်ဖြစ်မှန်း သိသားနဲ့ လာ .."

တရင်းတနှီးပုံစံဖြင့် ကျွန်မလက်မောင်းကိုကိုင်၍ ခေါ်နေပြီမို့ ခြေ ထောက်ကို သတိထားနင်းကာ ပါလာခဲ့ရတော့၏။ အဲဒါမှ ပြဿနာ အိမ်မှာရှိနေသည့် မေမေတစ်ယောက်တော့ နွေးကို ခိုင်းလိုက်တာ ဘယ်တွေ သဝေထိုးနေလဲလို့ ဆူတော့မှာလေ..။

"ထိုင် .."

သူ ထိုင်ခိုင်းလိုက်သည့် ဆက်တီမှာ ထိုင်ချလိုက်ရပါ၏။ သူက ခုံပုလေးတစ်လုံးကို ဆွဲယူကာ ကျွန်မရှေ့မှာ ချလိုက်လေသည်။

"ခြေထောက်ကို ဒီ့ပေါ်တင်လိုက်"

"မဟုတ်တာ .. နွေး ငရဲကြီးလိမ့်မယ်"

"ကိုယ် ဘာလဲဆိုတာ မေ့သွားပြန်ပြီလား .. ဟိုတစ်ခါတုန်းက လည်း ဘာမှမလုပ်ပေးလိုက်ဘူး၊ ဒီတစ်ခါတော့ ကိုယ့် Patient အဖြစ် ငြိမ်ငြိမ်လေး နေပေးပါနော်"





"မေမေ ထမင်းပွဲ ပြင်ခိုင်းလိုက်တော့မယ်"

"အန်တီ ဟိုလေ .."

"ဘာလဲ ကြာနေရင် အန်တီယေ် ဆူမှာစိုးလို့လား၊ ဘာမှ စိုးရိမ် မနေနဲ့ .. ဆေးထည့်ပြီးရင် ကိုယ် Phone ဆက်ပြောပေးမယ်၊ ဟုတ် ပြီလား"

ကဲ .. ဘာဆက်ပြောရပါတော့မလဲ..၊ သူက ကျွန်မခြေဖနောင့် အသားကြေသွားတာကို ဆေးလူးပြီး ပတ်တီးပင် စည်းပေးနေချေပြီ။ မေမေဆူမှာ စိုးနေလားတဲ့၊ ဘယ်လိုကြောင့် ကျွန်မစိတ်ထဲ ဖြစ်နေတာ ကို သိနေရတာပါလိမ့်နော်..။

လုံချည်စ လှန်မှာကိုရော ခြေသလုံးသား ပေါ်မှာကိုပါ စိုးရိမ်၍ လက်နှစ်ဖက်ဖြင့် ဖိထားရင်းမှ သူ့မျက်နှာဆီ ရောက်သွားရသည့် အကြည့်ကို ဖျတ်ခနဲ လွှဲလိုက်မိလေ၏။

အလိုလေးနော် .. ဘယ်လိုဖြစ်ပြီး ခေါင်းငုံ့နေတဲ့ သူ့ကို ကြည့်မိ သွားရတာပါလိမ့်..။

သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ထိတွေ့မှုက နွေးဘဝမှာ ဒုတိ ယအကြိမ် ကြုံနေရပြီပဲ..။



www.burmeseclassic.com

www.burmeseclassic.com



## [ ၁၀ ]

"ကြိုက်လားသမီး… အဲဒါ ဂဏန်းကို အသားနှင်ပြီး ချက်ထား 'တာ ချိုတယ် စားကြည့်..၊ သားက ထည့်ပေးလေ"

လက်တကာကာ ပြနေပါလျက်နှင့် ကျွန်မ ထမင်းပန်းကန်ထဲ တစ်မျိုးပြီးတစ်မျိုး ရောက်လာသည့် ဟင်းတို့ကြောင့် မျက်နှာသပင် ဖျက် ချင်လာရချေပြီ..။ ဒုက္ခရေ .. အစားမမက်တဲ့ လူကိုမှ စေတနာတွေ ဗလပွနှင့် ထည့်ကျွေးနေရတယ်လို့..။

"ဘယ်လိုဖြစ်နေတာလဲ .. စားဖြင့် မစားရသေးဘူး၊ လက်ကာထား ပြီး ငြင်းနေပြီ"

"ကျွန်မ အဲဒီလောက် အများကြီး မစားတတ်ဘူး"

"ဘာဖြစ်လို့လဲ သမီး၊ ဗိုက်တွေဘာတွေ နာမှာစိုးလို့လား၊ အန်တီ ကိုယ်တိုင် သေချာချက်ထားတာပါ သမီးရယ် .. စိတ်ချ .. ဘာဥပဒ်မှ မဖြစ်စေရဘူး"





"မဟုတ်ပါဘူး အန်တီ .. အဲဒီလိုသဘောမျိုး မဟုတ်ရပါဘူး၊ ဟိုလေ .. အိမ်မှာက လုံးချစ်·လာခေါ်တဲ့အချိန်မှာ ဆာဆာမဆာဆာ စားဖြစ်လိုက်ရတာချည်းပဲ၊ ပြီးတော့ အဲဒီလို မစားရင် ကြီးကြီးက အရမ်းဆူတတ်လို့လေ၊ ဒီလိုပဲ ဗိုက်ပြည့်ရင် ပြီးရောဆိုပြီး စားတတ် တော့ ဟင်းတွေဘာတွေကို နွေး အရသာ သိပ်မခံတတ်ဘူး။ နည်းနည်း နဲ့ ဗိုက်ပြည့်သွားတာပဲ ရှိလို့ပါ"

သူတို့သားအမိနှစ်ယောက်စလုံး ကျွန်မကို အထူးအဆန်းသဖွယ် ကြည့်လိုက်ကြလေ၏။ အမှန်တွေ ပြောနေမိတာပါလေ..၊ အလုပ်ထဲ နေ့စဉ် စိတ်နှစ်ထားသူမို့ အစားစားချိန်ကို သိပ်အာရုံမထားဖြစ်တဲ့ ကျွန်မအပေါ်မှာ ဂရုတစိုက်ရှိတဲ့ ကြီးမေရဲ့စေတနာကို သိလိုက်ရပြီမို့ စိတ်ထဲမှ ကျေးဇူးတင်လိုက်မိပါသည်။

ဟုတ်တယ် .. ကြီးမေသာ မေ့မေ့လျော့လျော့နေတတ်ရင် ကျွန်မ ထမင်းမစားဖြစ်တဲ့ ရက်တွေကို လက်ချိုးရေလို့ ရနိုင်သည်လေ။ အိုး.. နွေးဟာ ဒီနေ့အထိ ကလေးလိုပဲ ကပျက်ကချော်နေတတ်တဲ့ ကောင်မ လေးမျိုးပဲ ဖြစ်နေတုန်းလား။ အလိုလိုက်ကြတဲ့ ဖေဖေနဲ့ ကြီးကြီး ကြောင့်ပဲ ထောင့်မကျိုးတဲ့, မိန်းကလေးပဲလားဟင်..၊

"ဒါကြောင့် သမီး ဒီလောက်ပိန်နေတာ..၊ အစာကို အရသာခံ မစားတာထက် အချိန်မှန်စားဖို့ အာဟာရဖြစ်အောင် စားဖို့ လိုအပ် တယ် သမီးရဲ့ .. အင်း .. အန်တီ့ထက် သမီးကိုကိုက ပိုနားလည်မှာပေါ့"

ပွဲန်းကန်ဘေးမှာ ရှိနေသည့် ရေဖန်ခွက်ကို နှစ်ငုံခန့် မော့သောက် ပြီး ပြန်ချလိုက်စဉ် သူက ရေဖန်ခွက်ကို ခပ်ဝေးဝေးသို့ ရွှေ့လိုက်လေ ၏။ ဘာသဘောပါလိမ့် ..၊ ကျွန်မ ရေသောက်တာကို မလိုလားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောလေလား..။

"ထမင်းစားနေရင်းနဲ့ ရေ ခဏခဏသောက်တယ် မဟုတ်လား"

"ဟင်!..."

"အဲဒါကြောင့် နွေးဗိုက်ထဲ အစာသိပ်မဝင်တာ၊ Weight တက်ပြီး ဝမှာကြောက်လို့ Diet လုပ်တာမျိုးလား ဒါမှမဟုတ် အစားမမက်တဲ့ သဘောလား"

"မဟုတ်ပါဘူး"

"ဘာက မဟုတ်တာလဲ"

"ဝမှာစိုးပြီး အစာရှောင်တာ မဟုတ်ဘူးလို့ ပြောတာပါ၊ နွေးက အစားကို သိပ်ပြီး အာသီသ မရှိဘူး"

"ဒါဖြင့် အိပ်တာရော သမီးက ညဥ့်နက်တဲ့အချိန် နှစ်ချက်တီး သုံးချက်တီးအထိ ပန်းချီဆွဲနေတတ်လို့ ကိုအောင်သိမ့် အမြဲပြောရတယ် ဆို ..၊ တစ်နေ့ ဘယ်နှစ်နာရီများ အိပ်သလဲ"

အလိုလေး ကျွန်မကို အိပ်ချိန်ကအစ စစ်လားဆေးလား လုပ်နေပါရောလားလေ။ ဆရာဝန်တွေများတဲ့အိမ်မို့ ကျန်းမာရေးကို တကယ်ပဲ အလေးထားကြတာပဲ ထင်ပါရဲ့..၊ ကိုယ့်ကိုယ်ကိုယ် တစ်ရက် အဘယ်မျှ စားပြီး တစ်နေ့ ဘယ်နှနာရီ အိပ်သလဲဟု တစ်ကြိမ်မျှ မဆန်းစစ်မိခဲ့။

သူတို့မေးမှပဲ ကျွန်မကိုယ်ကျွန်မ မေးခွန်းပြန်ထုတ်မိလေ၏။ အင်း .. ထမင်းကတော့ သုံးနပ်လောက်ရှိမှာ ထင်တာပဲ..၊ အိပ်ချိန်ကတော့ ငါးနာရီ၊ ခြောက်နာရီခန့် ရှိမည် ထင်ရဲ့လေ..။

"နေ့လယ်နေ့ခင်း အိပ်တတ်သေးလား"

"ဟင့်အင်း"





"အဲဒါကြောင့်မို့ နွေး အသားရောင် မဝင်းတာပေါ့၊ ဖြူဖပ်ဖြူရော် နဲ့ လူမမာရုပ်ပဲ ပေါက်နေတယ်၊ သာမန်လူတစ်ယောက်ရဲ့ အိပ်ချိန်ဟာ အနည်းဆုံး ခြောက်နာရီ ရှိရတယ်၊ အစာစားရင်လည်း သင့်တင့်မျှတတဲ့ အာဟာရမျိုးရှိအောင် စားရတာ၊ အခုထည့်ထားတာကို များတယ် လို့ ပြောလိုက်ကတည်းက ကိုယ် ခန့်မှန်းလို့ရပြီ..၊ တစ်ရက်ကို ဇွန်းကြီး နဲ့ ဘယ်နှစ်ဇွန်းလောက် စားဖြစ်သလဲ"

"ငါးဇွန်း ခြောက်ဇွန်းလောက် ထင်တာပဲ"

"ဒီကြားထဲမှာ ရေကိုချည်း စွတ်သောက်နေတာ မဟုတ်လား၊ ဗိုက်ထဲ ရေပြည့်နေမှတော့ ဒီထမင်းက ဘယ်ဝင်တော့မှာလဲ..၊ ဒီနေ့က စပြီး ထမင်းစားရင် ရေကို ခဏခဏ မသောက်မိစေနဲ့..၊ စစကာနီး တစ်ငုံလောက်သောက် စားပြီးတဲ့အခါမှ ဖန်ခွက်တစ်ဝက်သောက် သိလား"

ဒါ အမိန့်ပေးတာလား ..၊ ပြောမရတဲ့ သမီးကို ခေါင်းမာတယ်လို့ ဖေဖေ ဝေဖန်ခဲ့ဖူးတာကို သူက ဘာမဆိုင်ညာမဆိုင် လာအမိန့်ပေးတားမြစ်နေတာမို့ မကြည်သလို ဖျတ်ခနဲ ကြည့်လိုက်မိစဉ် သူက ကျွန်မ နဖူးကို လက်သီးဆုပ်၍ ခပ်ဖွဖွထုလိုက်လေ၏။

နာတော့ မနာပေမယ့် ဤသို့ လုပ်မည်မထင်တာကြောင့် မျက်လုံးဝိုင်းသွားရလေသည်။ ပြဿနာပဲ အန်တီ့ရှေ့ကြီးမှာ ဒီလိုရင်းနှီးဟန်မျိုး ပြပြန်ပါပြီကော..။

"အကြီးကပြောရင် အာခံသလို မကြည့်ရဘူးဆိုတာ မသိဘူးလား"

အန်တီက သဘောကျသွားပုံဖြင့် ပြုံးမြမြ ဖြစ်သွားပါ၏။ မကျေနပ်ဘူးနော်..၊ ရှင် ကျွန်မကို ဗိုလ်ကျတာ ခဏခဏဆိုရင် မကောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတာ သိသင့်တာပေါ့။

"ဘာလုပ်လို့လဲ .."

"မင်းမျက်လုံးကို ကြည့်ရုံနဲ့ ဘာပြောချင်သလဲဆိုတာကို ကိုယ် သိတယ် နွေးရဲ့"

မဆိုင်လိုက်တာ့၊ ကျွန်မ ဘာပြောချင်သလဲဆိုတာကို သိရအောင် သူက ဘာမို့လို့လဲ..၊ အလကားနော် .. ကျွန်မကို ကြောက်စိတ် ဖြစ်တည်လာအောင် ခြောက်တာပဲ ဖြစ်မှာပါ..။

"ဒေါက်တာ့ကို ပြောစရာ ဘာမှမရှိဘူး"

"သေချာလား"

"သေချာတယ်"

"ကိုယ့်ကို ဆရာလုပ်တယ်၊ စွက်ဖက်တယ်လို့ စိတ်ထဲကနေ ပြောနေတာ မဟုတ်လား"

"အဟွတ် "

"ဟယ်!... သီးကုန်ပြီ၊ သားကလည်းလေ..."

စိတ်ထဲအထိ မြင်နိုင်တဲ့ တယ်လီပသီနည်းကိုများ တတ်မြောက်ထားလေသလား..၊ အထိတ်တလန့်ဖြစ်သွားရတာမို့ စားနေသည့် ထမင်းက သီးရချေပြီ။ သူက ဖယ်ထားသည့် ရေဖန်ခွက်ကို ကျွန်မလက်ထဲ လှမ်းထည့်ပေးလိုက်လေ၏။

"ဖြည်းဖြည်း သောက် .."

ရေကို လည်ချောင်းထဲ မျှောချရင်း သူ့ကို လှမ်းကြည့်လိုက်မိ၏။ သူက ကျွန်မကို သတိမထားဟန်ဖြင့် ကျိတ်ပြုံးလျက်နေလေသည်။ ကြည့်ပါလား ..၊ အမြင်ကပ်ဖို့ကောင်းလိုက်တာနော်။ နွေးကို မျက်စိ





ဒေါက်ထောက်ကြည့်ပြီး ပြောနေတဲ့ ပညာရှင်ကြီး Style နဲ့ လူပါပဲ..။

"အဲဒါ အာခံချင်လို့ သတိပေးတာပဲ ဖြစ်မယ်၊ နောက်ကို ထမင်းစားတဲ့အခါ ရေ ခဏခဏ မသောက်ဘူးဆိုတာရယ်၊ တစ်ရက်ကို ထမင်း သုံးနပ်ပြည့်အောင် မှန်မှန်စားပါ့မယ်ဆိုတာကို အခုကတည်းက ကတိပေးသွားပါ"

"ဘာလို့ပေးရမှာလဲ"

"မပေးလို့ရမလား၊ အကြီးကပြောရင် အငယ်ဆိုတာ နာခံတတ်ရတယ်"

"ဟုတ်သားပဲ .. သမီးရဲ့ကိုကိုက သမီးကောင်းဖို့ ပြောနေတာပါကွယ်..၊ သူတောင်းတဲ့ ကတိကို ပေးလိုက်ပါ"

ဂျစ်ကန်ကန်ပြန်ကြည့်လိုက်သည့် ကျွန်မကို သူက မျက်ခုံးတစ်ဖက် ပင့်ပြလေ၏။ အင်းပေါ့လေ အိမ်ကွင်းဆိုတော့လည်း ကျယ်ထားဦးပေါ့..။ နောက်မှ နှစ်သိမ့်နွေးအကြောင်း ကောင်းကောင်းကြီး သိစေရမယ်မှတ်။

"ဟုတ်ကဲ့"

"ထမင်းစားတဲ့အခါ အသီးအရွက် များများ စားပါ..၊ ဥပမာ ခရမ်းချဉ်သီးသုပ်တို့၊ မြင်းခွာရွက်သုပ်တို့လို အသုပ်တစ်မျိုးမျိုးပေါ့"

"အား .. ရှုပ်ကရှုပ်နဲ့ နွေးက ထမင်းစားရင် ထမင်းပန်းကန်ထဲ ဟင်းတစ်မျိုးပုံပြီး လျှာခံနဲ့ မြန်မြန်ဝင်အောင် ရေနဲ့မျှောချလိုက်တာပဲ..၊ အဲဒီလို အသုပ်တွေအသက်တွေနဲ့ လျှာကို အလိုမလိုက်နိုင်ပါဘူး"

အန်တီက နွေးပြောတာကို ရယ်လေတော့၏။ သူက မကြိုက်သလို မျက်မှောင်ကြုတ်ပြလိုက်ပေမယ့် မမြင်ဟန်ဆောင်လိုက်မိသည်။ ကဲ.. ရှင် ဘာများဆက်ပြောချင်သေးလဲ .. ပြောဦးလေ..၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောနေတာ မင်းအတွက်ကွ၊ ဒီမှာကြည့် .. မင်းအသား အရည်က သွေးမရှိသလို ဖြူဖပ်ဖြူရော်နဲ့ မွဲခြောက်ခြောက် ဖြစ်နေတာ မမြင်ဘူးလား..၊ အသီးအရွက် များများစားမှ အသားအရေ စိုလက် တောက်ပလာမှာပေါ့..၊ မိန်းကလေးဖြစ်ပြီး အရေပြားကို ဂရုမစိုက် တတ်ဘူးလား"

နှာခေါင်းကို ရှုံ့ပြလိုက်မိ၏။ အမယ်လေးနော် .. အခုမှ အရေ ပြားအထူးကုနဲ့ လာတိုးနေရတယ်လို့။ နွေးက ရေချိုးရင်လည်း ခပ် သုတ်သုတ် သနပ်ခါးလူးရင်လည်း ခပ်မြန်မြန်မို့ ကိုယ့်အသားရောင် ဘယ်ပုံ ဘယ်Colour ဖြစ်နေလဲဆိုတာကို တစ်ခါမှပင် မကြည့်မိ..၊ သတိမထားမိခဲ့ပါလေ..။

"တွေ့လား မာမီ .. အဲဒါကြောင့် သူ့ကို အန်တီငယ် စိတ်တိုင် မကျဘဲ ခဏခဏပြောတာပဲနေမှာ၊ မာမ့်တူမက ခေါင်းမာမာရယ်"

"မာမ့်တူမ မဟုတ်ပါဘူး သားရဲ့ .. ချွေးမလောင်းလေးပါ"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့် လိုက်မိကြ၏။ နွေးမျက်နှာ ပန်းရောင်ပြေးသွားပေမယ့် သူကတော့ မတုန်လှုပ်ပါလေ...။

"မာမီ သဘောတူချင်ရင် လက်ရှိ သူတွဲနေတဲ့လူကို ဖြတ်ခိုင်း ထားမှပေါ့၊ ကျွန်တော်က သူများကြားထဲ လူကြမ်း အဖြစ်မခံနိုင်ဘူး ကြို့ပြောထားပါရဲ့.."

"ဘာလို့ ဖြတ်ရမှာလဲ .. မေမေ ပြောတာတောင် မဖြတ်ဘူးလို့ ငြင်းထားတာကို..၊ ရှင်ပြောရင် သာတောင် မဖြတ်သေးဘူး"

"ကောင်လေးက ဘာအလုပ်များ လုပ်သလဲ သမီးရယ်"





"စိတ်ဝင်စားမနေပါနဲ့ မာမီရယ် .. သူတို့နှစ်ယောက်ကို အန်တီ ငယ်တို့က သဘောတူမှာမှ မဟုတ်တာ"

တော်ပါသေးရဲ့ .. အန်တီမေးတာကို ရှာကြံလိမ်ညာပြီး ပြောရ ဦးမှာလေ။ သူ ကြားဝင်ဖြတ်လိုက်တာမို့ ကျေးဇူးတင်လိုက်ပေမယ့် ပန်းကန်ထဲ ထည့်ပေးသမျှ မကုန်ကုန်အောင် စားနေရတာကြောင့် မျက်စောင်းကိုသာ ထိုးလိုက်မိတော့သည်။

"ကိုယ့်နဲ့အဆင့်အတန်းချင်း မတူတဲ့ လူနဲ့တော့ မနီးစပ်ချင်ပါနဲ့လား သမီးရယ် .. အန်တီက သမီးကို အန်တီ့သမီးအရင်းလေးလို သဘော ထားပြီး ပြောနေရတာပါ၊ သမီး နားလည်တယ် မဟုတ်လား"

"မာမီရယ် မာမီပေးတဲ့ ၅၂၈ ထက် သူရထားတဲ့ ၁၅၀၀ ကိုပဲ ပိုတန်ဖိုးထားတော့မှာပေါ့၊ မာမ့်စကားကို ဘယ်အလေးထားပါ့မလဲ"

အန်တီမြင့် သက်မကို မသိမသာလေး ချလိုက်လေ၏။ ဒီသားနဲ့ ကျွန်မကို သဘောတူပါယ်ဆိုတာကို ဘယ်အချိန်ထိ ပြောနေမှာပါလိမ့်။ သူကလည်း ကျွန်မကို သဘောမကျ၊ ကျွန်မကလည်း သူ့အပေါ် မနှစ် သက်မှတော့ မေမေတို့ဖြစ်စေချင်သလို ဖြစ်လာနိုင်မှာ မဟုတ်တာလေ။

"သမီးရဲ့ ဖေဖေရော ဘာပြောသေးလဲ"

"ဘာကိုပြောတာပါလဲ အန်တီ"

"သမီး ချစ်သူထားတဲ့ကိစ္စကိုလေ"

"အင်း .. ဖေဖေကတော့ ဘာမှမပြောပါဘူး၊ မေမေပဲ ဆူတာပါ"

"မင်းဖေဖေ မသိအောင် အန်တီငယ် ဖုံးထားတာလည်း ဖြစ်နိုင် တာပဲ၊ မဟုတ်ဘူးလား"

မျက်စောင်းက ဒိုင်းခနဲ ရောက်သွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်နှင့်မ,တဲ့နေရာမှာတော့ သူက No. 1 ပါပဲလား၊ သူနဲ့ ကျွန်မ
ကတော့ ဘယ်တော့မှမတည့်တဲ့ ကြောင်နှင့်ကြွက် မျိုးအဖြစ်ကို ရောက်
နေတာပဲ ထင်ပါရဲ့..။

"ကျွန်မရဲ့ မိဘတွေကို ဒီနေ့အထိ တစ်ခါမှ မညာဖူးပါဘူး၊ မေမေ
ကလည်း ဖေဖေ့အပေါ်မှာ ဘယ်တုန်းကမှ မဖုံးကွယ်ဖူးဘူး"

လေသံက နဂိုထက်ပိုပြီး မာနေမယ်မှန်း ကျွန်မ သိနေပါသည်။
ရင်းနှီးလာသည့် လပိုင်းလေးတစ်လျှောက် သူ့အပေါ်မြင်မိသည့် ကျွန်မ
၏အမြင်က အစိမ်းရောင်သက်သက်သာ ..၊

အထူးသဖြင့် ကျွန်မကို အထင်အမြင်သေးလွန်းလှသည့် သူ့စိတ်
ဓာတ်ကို အံ့ဩ ရွံရှာချင်နေမိတာလေ..။

သေချာပါတယ် ဒေါက်တာ နေနန္ဒနိုင် ..၊ ရှင်နဲ့ကျွန်မ ဘယ်တော့
မှ လက်တွဲလို့ မဖြစ်ဘူးဆိုတာကိုပေါ့ ..၊





[၁၂]

"ဘယ်လိုလဲ သား"

"ဘာကိုပြောတာလဲ ဒက်ဒီ"

"သားမာမီ စီစဉ်ပေးတဲ့ နွေးနဲ့ကိစ္စ ထူးပြီလားလို့ မေးတာလေ
သားရဲ့ .."

သူ မျက်နှာကို ရှုံ့လိုက်ကာ ခေါင်းခါပြလိုက်မိပါ၏။

ဒီနေ့ ဒက်ဒီက Off ရက်မို့ အိမ်မှာနားရမှာဖြစ်ပြီး သူတစ်ယောက်
ပဲ ဆေးရုံကို သွားရမှာလေ..၊

အလုပ်ဝင်တာ သိပ်မကြာလှသေးပေမယ့် အားလုံးက ရင်းနှီးနွေး
ထွေးစွာ သူ့အပေါ် ဆက်ဆံကြသည်သာ..။

မနွေးထွေးသူဆို၍ သူမတစ်ဦးသာ ရှိမည်ထင်ပါရဲ့..၊ နာမည်က
သာ 'နွေး'၊ လူကဖြင့် အေးစက်စက် ရေခဲတုံးနှယ်ပင်။



www.burmeseclassic.com

စကားပြောလျှင် တုံးတိ၊ လေသံက မာတောင့်တောင့် ကိုယ်ဟန်ကလည်း မတ်မတ်ထောင်ထားသည့် ခက်တိုင်နှယ် မာကျောလွန်းလေရဲ့..။

"အစ်ကို့သားက သမီးမှာ ချစ်သူရှိတယ်ဆိုပြီး အင်တင်တင်ဖြစ်နေတာပါရှင်၊ နို့မို့ ခုလောက်ဆို နီးစပ်လောက်ပြီ"

မာမီက ဆီချက်ခေါက်ဆွဲပန်းကန်ထဲသို့ ကြက်သွန်မြိတ် ဖြူးထည့်လိုက်ပြီးမှ သူ့ရှေ့မှာ လာချပေးလိုက်လေ၏။ ဟုတ်တယ် .. သူက မာမီ့လိုပဲ အိမ်မှုကိစ္စ နိုင်နင်းတဲ့ မိန်းကလေးမျိုးကိုပဲ လက်ထပ်ချင်တာ အမှန်ပါပဲ..။

ဒီကောင်မလေး မီးဖိုချောင်အလုပ်ကို ဝါသနာမပါ၊ ဘာမှလည်း မလုပ်တတ်မှတော့ ဘယ်လိုအိမ်ရှင်မ ပီသပါတော့မလဲ..။

မနက်မိုးလင်းတာနဲ့ 'ကိုကို ဒီနေ့ ဘာစားချင်လဲဟင်'ဆိုတဲ့ အသံချိုချိုလေးကိုပဲ သူတို့လို ယောကျ်ားတွေ ကြားချင်ကြတာပဲ မဟုတ်လား..၊

ဒီလိုအရာမှာတော့ ဒက်ဒီက မတောင်းဘဲပြည့်တဲ့ ဆုပိုင်ရှင်ကြီး ဖြစ်ခွင့်ရခဲ့တာလေ..။

"မာမီကလဲ သူမှ ကျွန်တော့်ကို မကြိုက်တဲ့ဟာကို"

"ဩ .. သူက ကြိုက်ရမှာလား၊ သားက အရင်ကြိုက်ရမှာလေ"

"ဟာဗျာ .. မာမီကလဲ"

"ဘာ မာမီကလည်းလဲ .. ဒီလောက်ချစ်စရာကောင်းတဲ့ မိန်းကလေးကို သားမို့ မျက်စိမကျတာ အံ့ပါရဲ့၊ သမီးက ဘယ်လိုပဲ ကြည့်ကြည့် ကျက်သရေသိပ်ရှိတဲ့ ကလေးမလေးပါ"





"ကျွန်တော်က ဘာကို မျက်စိကျရမှာလဲ"

"ဟဲ့ .. ဒီခေတ်မှာ ဒီလို ဆံပင်ကို တန်ဖိုးထားပြီး အရှည်ထားနိုင်တဲ့ မိန်းကလေးမျိုး ရှာကြည့်လိုက်စမ်းပါ ကိုနန္ဒရယ်..၊ တစ်ရာမှာ တစ်ယောက်ရှိရင်တောင် ကံကောင်း .."

"ဆံပင်ရှည်တာနဲ့ပဲ သဘောကျရရောလား မာမီရယ် .. မဟုတ်တာ"

"သားရယ် .. ခေါင်းစွန်းခြေဖျား အပြစ်တစ်စက်မှမရှိတဲ့ အလှမျိုးကို မမြင်ရတယ်လို့"

"လှတာ ဘာလုပ်ရမှာလဲ မာမီရာ .. ထမင်းတောင် မချက်တတ်တဲ့ ကောင်မလေးကို ကျွန်တော်က ဘာကြောင့် ယူရမှာလဲ"

ဒက်ဒီက သူနှင့် မာမီ ဤသို့ အချီအချ တစ်ခါမှ မပြောဖူးတာမို့ တအံ့တဩ ဖြစ်နေသော်လည်း သဘောကျသည့်နှယ် ပြုံးနေသည်သာ။ နဂိုက စကားနည်းသည့်သားကို ဒီလို စကားတွေ အများကြီးပြောဖြစ်နေတာ တစ်ကြိမ်မှ မမြင်ဖူးတာကို..။

"အဲဒါက သင်လို့ရတယ်လေ သားရယ် .. မာမီ သင်ပေးမှာပေါ့၊ မာမီ့လက်ထွက် မိန်းကလေးလက်ရာက မာမီ့ထက် မလျော့စေရဘူးလို့ အာမခံတယ်"

"ကျစ်!.. ဒီအရွယ်ကြီးရောက်မှ စသင်ရမှာလား မာမီရ .. မဖြစ်သင့်တာ .."

"အမယ်လေး သားရယ် .. သမီးအသက်က အခုမှ ၂၂ နှစ်ပဲ ရှိသေးတာပါ"

"ဘွဲ့ရပြီးသားလေ မာမီ..၊ မငယ်တော့ဘူးဗျ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"သူ့ခမျာ သင်ရှာပါတယ် သားရယ် .. ဖအေနဲ့ ကြီးဒေါ် အရ လိုက်လွှန်းလို့ အပူလောင်မှာစိုးပြီး ဒီမီးဖိုချောင်ထဲကို ဝင်ခွင့်မရခဲ့တာ ပါ၊ မတတ်ချင်လို့မှ မဟုတ်ဘဲ"

"မဖြစ်ပါဘူး မာမီရာ .. သူကလည်း သူ့ချစ်သူနဲ့ မဖြတ်နိုင်ဘူး လို့ ဟိုနေ့ကပဲ ပြောသွားတာ မဟုတ်လား"

"နေပါဦး သားရာ .. ဒက်ဒီ့သားက ကောင်မလေးကို အိမ်ရှင်မ မပီသလို့ ငြင်းနေတာလား .. ဒါမှမဟုတ် သူ့မှာချစ်သူရှိတယ်ဆိုလို့ ငြင်းနေတာလား"

ဒက်ဒီ ဝင်ပြောလာစဉ် သူ့ပန်းကန်ထဲက ခေါက်ဆွဲက ကုန်ချေပြီ။ မာမီက မဝသေးမှန်း သိတာမို့ နောက်ထပ် ပန်းကန်လုံးတစ်ခု ယူကာ သူ့ရှေ့ လှမ်းပေးလိုက်ပြန်၏။

"နှစ်ခုစလုံးပဲ"

"ဒါဆို သား မရိုးသားတာပေါ့"

"အာ!... ဒက်ဒီကလည်း မဟုတ်တာ .."

"ဟုတ်တယ်လေ .. သူက ချက်ပြုတ်တတ်ပေမယ့် အိမ်ထဲမှာ နေပြီး ဝင်ငွေရှာနိုင်တဲ့အလုပ်ကို လုပ်နိုင်တာ သူ့ကျွမ်းကျင်မှုပေါ့၊ ပြီး တော့ ချက်ပြုတ်တတ်အောင် မာမီ သင်ပေးပါ့မယ်လို့ ပြောနေတာ ဒီအချက်က ပြည့်စုံနိုင်ပြီ"

"ဒါပေမယ့် သူ့မှာ ..."

"သူ့ချစ်သူကို သား တွေ့ဖူးလို့လား"

"ဟင်!..."

ဒက်ဒီ့မေးခွန်းက သူ့ကို နှုတ်ဆိတ်သွားစေပါ၏။ သူ့မချစ်သူဆိုတာ





ကို နာမည်လည်း မသိ၊ ဖြူသလား .. မည်းသလား၊ ပုသလား .. ရှည်သလား၊ ဝသလား .. ပိန်သလား ဘာဆိုဘာတစ်ခုမှ သူ မသိတာ လေ..၊

"ပြောလေ သားရဲ့ .."

"ကျွန်တော် မတွေ့ဖူးဘူး"

"အေး .. သူနဲ့တွဲသွားတွဲလာ ချစ်သူကို မတွေ့ဘူးသေးဘဲနဲ့များ မင်းက အင်တင်တင်ဖြစ်နေတာ လွန်တာပေါ့ နန္ဒရယ် .. လူကြီးတွေ အတင်းစီစဉ်မှာစိုးပြီး သူ ညာပြောထားတာမျိုးလည်း ဖြစ်နိုင်တာပဲ"

ဟုတ်တော့ ဟုတ်သားပဲ..၊ ဒီကောင်မလေးရဲ့ ကောင်လေးနဲ့ အတူတွဲတာမျိုး သူ တစ်ခါမှ မမြင်ဖူးတာလေ။ ညာတာတဲ့လား ..၊ 'ကျွန်မမှာ ချစ်သူရှိပါတယ်'လို့ သူမနှုတ်က ထွက်လာခဲ့တာမှ မရှိတာဘဲ။

"'အလိုကြီး အရနည်း'ဆိုတဲ့စကားပုံက အလကားသက်သက် ရှိတဲ့ စကားပုံမဟုတ်ဘူး နန္ဒ ..၊ ပြီးပြည့်စုံတဲ့ လူသားဆိုလို့ ဒက်ဒီတို့ ယုံကြည်ကိုးကွယ်တဲ့ ဘုရားတစ်ဆူပဲရှိတယ်ဆိုတာကို သား ယုံထား ပါ၊ လူတိုင်း ဘယ်အရာမှ ပြည့်စုံတယ်လို့မရှိဘူး၊ နောက်တစ်ခု အသိ ထပ်ပေးချင်တာက 'ရွေးလွန်းလျှင် မရ၊ သေးလွန်းလျှင် မလှ'တဲ့၊ မင်း ဒီလို ကြေးများနေလို့ကတော့ ဘာကိုမှ လက်ထဲပိုင်ပိုင် ဆုပ်ကိုင်နိုင် မှာ မဟုတ်ဘူး၊ နောက်မှ လွတ်တဲ့ငါးက ကြီးတယ်ဆိုပြီး နောင်တမရ ပါစေနဲ့"

ဒက်ဒီ့စကားက သူ့ရင်ကို အောင့်သွားစေပေမယ့် ရယ်ချင်စိတ်ကို မျိုဖျောက်လိုက်ရပါ၏။ အလိုကြီး အရနည်းအောင် သူက လောဘ ခပ်ကြီးကြီးကောင်လေးမှ မဟုတ်တာဘဲ။ ရွေးလွန်းလျှင် မရရအောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်မလေးတွေကို သူက လိုက်ကြည့်ပြီး ရွေးချယ်နေတာမှ မဟုတ်တာလေ..၊

"ဒက်ဒီကလည်း ကျွန်တော် မချစ်ဘဲနဲ့တော့ ဒက်ဒီတို့ သဘောတူတဲ့သူကို မျက်စိမှိတ်ပြီး မယူနိုင်ပါဘူး"

"အေးပါ .. ဒက်ဒီတို့ကလည်း သူ့ကိုယူရမယ်လို့ တရားသေကြီး အမိန့်ပေးနေတာမှ မဟုတ်ဘဲ"

"ဟုတ်တယ် .. သား အချိန်ယူလေ့လာလို့ရအောင် မာမီတို့ပြောထားတာလေ.."

"ဒါဆိုလည်း မာမီက သူ့ရှေ့မှာ သည်းသည်းလှုပ် မချစ်ပြနဲ့ပေါ့ဗျ"

"ဟယ်!... မာမီ့ဟာမာမီ သမီးကိုချစ်တာ ပိတ်ပင်စရာလား သားရဲ့ .. မင်းနဲ့ မယူဖြစ်ရင်လည်း ကိစ္စမရှိဘူး၊ နွေးဟာ မာမီ့သမီးပဲ၊ မာမီ သေတဲ့အထိ ချစ်သွားမယ် မှတ်..၊ ကဲ .. ပြီးရင် ပန်းကန်သိမ်းပြီ ပေး"

ပြောပြောဆိုဆို သူ့ပန်းကန်လုံးကို ဆွဲသိမ်းသွားတာကြောင့် မာမီ စိတ်ခုသွားပြီမှန်း သိလိုက်ပါ၏။ ခက်လိုက်တာ မာမီတို့ သူငယ်ချင်းနှစ်ယောက် အချစ်ကြီးချစ်တာနဲ့ပဲ ကလေးနှစ်ယောက်ကို အတင်းကြီး နီးစပ်ခိုင်းလို့မှ မရတာလေ။

"မာမီက ဒီအရွယ်အထိ ကောက်တတ်တုန်းပဲ"

"သားမာမီက ဒက်ဒီထက် ငယ်ငယ်ကို ပိုချစ်တာကွ .. ဒက်ဒီ့ကို လက်ခံတုန်းကတောင် ငယ်ငယ့်သဘောကို အရင်မေးပြီးမှ ဆုံးဖြတ်ခဲ့တာတဲ့..၊ သူတို့အချစ်က ဒက်ဒီတို့ထက် ပိုကြီးပါ့"

"အရင်ဘဝက လင်မယားတွေ ဖြစ်ခဲ့ဖူးလားမှ မသိတာ..၊ ဒါဆိုလည်း သားနဲ့သမီးကို သားနဲ့သမီးလို့ပဲ သဘောထားပေးပေါ့"





"ကဲပါ .. နန္ဒရယ် .. မင်း မကြိုက်ဘူးဆိုရင်လည်း ဒီကိစ္စကို ရှေ့ဆက်မလုပ်ဖို့ ဒက်ဒီပြောလိုက်ပါ့မယ်..၊ duty ချိန်နီးပြီ မဟုတ်လား။ သွားဖို့ ပြင်တော့လေ.."

"ဟုတ်ကဲ့ပါ .. ဒက်ဒီ"

သူ ထမင်းစားခန်းထဲမှ ထွက်လာကာ အပေါ်ထပ်သို့ တက်လာခဲ့ပါ၏။ အင်း .. ညနေကျရင်တော့ မာမီ စိတ်ဆိုးပြေအောင်လို့ တစ်ခုခု ဝယ်လာပြီး ချော့ရဦးမှာပါလား..။

မာမီနဲ့ အန်တီငယ်တို့ ချစ်တာကို သူ အပြစ်မမြင်ချင်ပါ။ သို့သော် သူတို့ယူခဲ့တဲ့ ဒက်ဒီတို့လို ယောကျာ်းတွေထက် ပိုချစ်တာကိုတော့ မနာလိုချင်ပါလေ။ သူ ပြောဖူးသလိုပဲ ၅၂၈ က ၁၅၀၀ ထက် ပိုပြီး Volt များနေသလားပဲ..။

ရေမိုးချိုး အဝတ်အစားလဲပြီး ဆင်းခဲ့တော့ မာမီက သူ ယူသွားရမည့် ပစ္စည်းတို့ကို အဆင့်သင့် ပြင်ပြီးချေပြီ..။ မျက်နှာက ခပ်တည်တည်ဖြစ်နေတာကြောင့် သူ့ကို စိတ်ခုနေတုန်းပဲဟု အတတ်သိလိုက်ပါသည်။

"ဘာဟင်းတွေ ထည့်ပေးထားလဲ မာမီ"

"သိချင်ရင် ဖွင့်ကြည့်ပေါ့"

ကဲ .. မပြောလား ..၊ သူ့မာမီက အဲဒီလိုပါဆို..။ ကြည့်လိုက်ရင်တော့ စိတ်ရှည်သဘောကောင်းမည့် ပုံပေါက်နေသော်လည်း မာမီစိတ်တိုင်းမကျဖြစ်တိုင်း သူနဲ့ဒက်ဒီကို ဤသို့ဤနှယ် ဆန္ဒပြလေ့ရှိလေ၏။ ဒက်ဒီ့ကိုပဲ စိတ်ဆိုးဆိုး သူ့ကိုပဲ စိတ်ခုခု နှစ်ယောက်စလုံးကို ဤသို့ ဆက်ဆံသည်သာ..။



www.burmeseclassic.com

www.burmeseclassic.com



"မာမို့သူငယ်ချင်းရဲ့သမီးကို မယူရင် တစ်သက်လုံး စိတ်ကောက်သွားတော့မှာလား"

"ပြောပြီးပြီလေ .. ရှင့်လေး ယူယူမယူယူ နွေးဟာ ကျွန်မ သမီးပါလို့ တော်ပြီ .. စကားများဖို့ မအားဘူး၊ ကျုပ် အလုပ်တွေရှိသေးတယ်"

အိမ်အတွင်းဘက်သို့ လှည့်ဝင်သွားပြီမို့ ကားထဲသို့ အိတ်ကိုရောထမင်းချိုင့်ကိုပါ သူ ထည့်လိုက်ရပါသည်။ ဘယ်လိုပဲ စိတ်ခုခု သူကြိုက်တဲ့ ဟင်းတို့ကိုသာ မာမီ ချက်ထည့်ပေးလိုက်မည်မှန်း သူ သိနေလေ၏။

"ကျွန်တော် သွားပြီ မာမီ"

တုံ့ပြန်သံ မကြားရပါချေ။ ဆန္ဒပြပုံကလည်း ပြင်းထန်လှချည်လား..၊ ခါတိုင်း သူ့ကားထွက်မသွားမချင်း အိမ်ဝမှ စောင့်ကြည့် နှုတ်ဆက်သည့် မာမီက ခုတော့ နောက်ဖေးခန်းထဲ ရှောင်နေရတယ်လို့၊ အရင်ဆို 'duty ပြီးတာနဲ့ မြန်မြန်ပြန်လာနော် .. ဟိုခြားလျှောက်သွားမနေနဲ့'လို့ အမှာစကားပါးပေမယ့် အခုတော့ ဘာမဟုတ်တဲ့ အကြောင်းအရာလေးနဲ့ သူ့ကို စိတ်ကောက်နေတာ မဟုတ်ဘူးလား ..၊

"မာမီ .."

"ကဲပါ ..သားရေ၊ သွားစရာရှိတာ သွားစမ်းပါ၊ မင်းမာမီကို လွှတ်ထားလိုက် .. စိတ်ကောက်တာကို သွားချော့မိရင် ပြီးတော့မှာ မဟုတ်ဘူး"

"ကျွန်တော် သွားရမှာ စိတ်ဘယ်ပြောင့်မှာလဲ ဒက်ဒီရဲ့"

"ဘာမှမဖြစ်ဘူး .. မင်း အဲဒီလောက် ဖြစ်နေရင် ငယ်ငယ့်သမီးကို လက်ခံလိုက်မယ်လို့ ဒက်ဒီ ပြောပေးရမလား"





"အာ!..."

"အေး .. အဲဒါဆို သွားတော့ ..၊ နောက်ကျနေဦးမယ်"

လုပ်ထားကြဦးပေါ့လေ..၊ သူ မနှစ်သက်တဲ့ ကောင်မလေးနှင့် အတင်းကြီး သဘောတူချင်တဲ့ကိစ္စ ဖြစ်လာနိုင်မလားဆိုတာကို စောင့်သာကြည့်ပေဦးတော့ မာမီရေ ..၊

ကားစက်နှိုး၍ ထွက်ခဲ့တော့ မနက် ၉ နာရီကျော်ချေပြီ..၊ ကုန်းဆင်းကို လီဗာ အသာနင်းလျက် ဆင်းလာခဲ့၏။

ဒီနားလေးမှာ သူမနှင့် ဆုံခဲ့ရတာ မဟုတ်လား..၊ ပစ်လဲကျသွားတုန်းက ဆွဲထူပေးခဲ့ရသည့်အဖြစ်ကို ဖျတ်ခနဲ သတိရမိသွားရလေသည်။

အရိုးချည်းပဲလို့ ပြောတုန်းက မျက်စောင်းလေးကို မြင်ယောင်မိတော့ သူ ပြုံးလိုက်မိပါ၏။ ဆံပင်ကို သူမ တစ်ခါမျှ ဖားလျားဖြန့်ချဖူးတာမျိုးကို သူ မမြင်ခဲ့ဖူးပေ။ မျက်နှာထက်မှ ပြီးစလွယ်လူးထားသည့် သနပ်ခါးရေကျဲကြောင့် သူမ အဘယ်မျှ လှပသလဲလည်း သူ မသိ။ မျက်ခုံး မခြယ်..၊ နှုတ်ခမ်းမဆိုးတာမို့ သူမနဂိုရှိရင်း ခပ်မှုန်မှုန်လှပမှုကိုလည်း သူ သတိမထားမိတာ အမှန်ပါပဲ။

'အချက်အပြုတ်ကိုတော့ ဂရုစိုက် မသင်ဘဲ ငွေရဖို့ အပင်တွေပြုစုတတ်တဲ့ ခပ်ဆန်းဆန်း ကောင်မလေးကို စိတ်ဝင်စားမှု မရှိတာ သူ့အပြစ်တဲ့လား ..၊

"ဟော .."

အတွေးမဆုံးခင် လှမ်းမြင်လိုက်ရသည့် ကားကြောင့် ကားကို အရှိန်နှေးလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ဈေးကပြန်လာတာပဲ ထင်ပါရဲ့..။ လမ်းဘေးထိုးရပ်နေသည့် ကားနံဘေးမှာ မှန်ကုပ်ကုပ်မျက်နှာဖြင့် ရပ်နေသည့် မိန်းကလေးက စိတ်တိုနေသည့်ဟန် အပြည့်နဲ့ပါပဲလား။

တူလိုက်တာ အချိန်အလဟဿ ဖြစ်တာကို ဘယ်တော့မှ စိတ်တိုင်းကျလေ့မရှိတဲ့ မာမီနဲ့ စိတ်တစ်ထပ်တည်းလေ..။ သူမ ဘေးနားမှာ လာရပ်လိုက်သည့် ကောင်လေးတစ်ယောက်ကြောင့် သူ အံ့သြသွားရပါ၏။

ဘယ်ကကောင်လေးပါလိမ့် ..၊

သူမက ကောင်လေးလက်မောင်းကို ဖတ်ခနဲရိုက်ကာ ကားထဲမှ ခြင်းတောင်းတွေ ချခိုင်းနေပြီမို့ အိမ်ကို လမ်းလျှောက်ပြီး သယ်တော့မည်မှန်း သူ သိလိုက်ပါ၏။

ကဲ .. ဒီနေ့မှ နောက်မကျရင် ဘယ်တော့မှ duty နောက်ကျတော့မလဲ 'နှနှနိုင် ..၊

ကားကို သူမတို့အနီးမှာ အံ့သာအယာ ထိုးရပ်လိုက်မိတော့သည်။





[ ၀၃ ]

"တီ .."

"ကားပျက်သွားလို့လား"

"ဟုတ်ကဲ့ ခင်ဗျ"

သူမက ဘာမှပြန်မဖြေဘဲ မျက်စောင်းခဲကြည့်လိုက်ပေမယ့် ခြင်းတောင်းတွေ ချနေသည့်ကောင်လေးက သူ့ကို တရိုတသေ ပြန်ဖြေလိုက်လေ၏။

နေဦး .. ဒီချာတိတ် သူ့ကိုများ သိနေပုံပါလား ..၊

"လိုက်ပို့ပေးရမလား ဗျ"

"မလိုပါဘူး"

"ဒီလောက်ခြင်းတွေ အများကြီးကို မင်းတို့ နှစ်ယောက်တည်း ဘယ်လိုသယ်မှာလဲကွ..၊ လမ်းသွယ်ထဲ အရှည်ကြီး ဝင်ရမှာကို လိုက်ပို့ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူးလို့ ရှင့်ကို ပြောပြီးသား မဟုတ်လား၊ ဦးမျိုး .. ဝပ်ရှော့က ကားရောက်လာရင် ဒီ နှစ်ခြင်းဆွဲပြီး လိုက်လာပေးပါ၊ အောင်လေးနဲ့ ကျွန်မ ပြန်နှင့်တော့မယ်၊ အောင်ရေလေး အဲဒီခြင်းက လေးတယ် မသယ်နဲ့၊ ဒါကို သယ် .."

"ရပါတယ် မမရဲ့ .. ကျွန်တော် နိုင်ပါတယ်"

"နိုင်တယ် ပြောမနေနဲ့ .. စာမေးပွဲက ဖြေရတော့မှာ၊ နင့်လက်နာလို့ မရဘူး၊ ငါ ပြောတဲ့အတိုင်း လုပ်ပါ"

မနေနိုင်သည့်သူက ကားပေါ်မှ ဆင်းရတော့၏။ ငယ်တဲ့လူကို ဦးစားပေး ငဲ့ညှာတတ်သည့် စိတ်ဓာတ်လေးကတော့ လေးစားစရာပါပဲ။ ဒါပေမယ့် အခြေအနေကိုကြည့်ပြီး မချင့်ချိန်ဘဲ ဖွတ်တရွတ် လုပ်တတ်သည့်ဉာဉ်လေးကတော့ ခေါင်းထုချင်စဖွယ်..၊

"ကိုယ် လိုက်ပို့ပေးပါ့မယ်ဆိုတာကိုကွာ"

"နေပါစေ .. တော်ကြာ ကျွန်မကြောင့် duty နောက်ကျတယ်လို့ အပြောမခံနိုင်လို့ပါ"

"မင်းကွာ .. စေတနာနဲ့ ကူမယ့်လူကို"

"ကျွန်မ ပြောပြီးပြီလေ .. မလိုပါဘူးလို့"

သူက ဘာမှ ဆက်မပြောတော့ဘဲ သူမလက်ထဲမှ ကြိမ်ခြင်းတောင်းကို လှမ်းယူလိုက်ရာ လက်ဖမိုးနွေးနွေးလေးကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားရလေ၏။

အို .. အတော့်ကိုလေးတဲ့ ခြင်းတောင်းပါပဲလား..။

"အို!... ဘာလုပ်တာလဲ"

"သယ်ပေးမလို့လေ၊ ချာတိတ် .. အဲဒီခြင်းတောင်းတွေ အစ်ကို့





ကားပေါ်တင်ပြီး လိုက်ခဲ့ပါ၊ ဝပ်ရှော့ကို Phone ဆက်ပြီးပြီလား"

"မဆက်ရသေးဘူး .. အိမ်ရောက်မှ ဆက်မှာပေါ့"

"မင်း Phone လေးဘာလေး ဆောင်မထားဘူး နွေးရာ"

"အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ"

သူက Hand Phone ကိုထုတ်၍ အနီးဆုံး Service Centre တစ်ခုကို လှမ်းဆက်သွယ်လိုက်ပါ၏။ သူမက သူ ပြန်ချထားသည့် ခြင်းတောင်းကို လာပြန်မ,လိုက်စဉ် သူမရဲ့လက်ကောက်ဝတ်ကို သူ ဆွဲကိုင်ထားလိုက်မိတော့သည်။ ဖွတ်ကို နားကောက်တဲ့ ချာတိတ်မလေး ပါလား ..၊

"ကဲ .. ၁၅ မိနစ်အတွင်း အရောက်လာခဲ့မယ်တဲ့၊ ခြင်းအားလုံး ထည့်လိုက်တော့၊ ဈေးတော့ ဝယ်တတ်သားပဲ၊ ခါတိုင်း ကြီးကြီးခင်ပဲ ထွက်ဝယ်တာ မဟုတ်လား၊ အခု ဒီနေ့မှ မင်း ထွက်ပြီး ဝယ်ရတာလဲ"

"ကြီးမေ စာရင်းရေးပေးလိုက်တဲ့အတိုင်း ဝယ်လာတာပေါ့ရှင့်"

စပ်စုရန်ကော အစီပွာယ်ပါသည့် မျက်လုံးအကြည့်က သူ့ထံရောက်လာပြန်လေ၏။ အကြောင်းသင့်လို့ မေးတာကိုလည်း မကြိုက်ပုံပါပဲလား..၊

"ကြီးကြီးခင် ဖျားနေလို့ပါ ခင်ဗျ"

"ဟဲ့ .."

သူမက ချာတိတ်လေး လက်မောင်းကို ဖြန်းခနဲ ရိုက်လိုက်တာမို့ ကောင်လေးက နာသွားပုံဖြင့် မျက်နှာလေး ရှုံ့တွသွားပါ၏။ ဒါက သူ့ ကူညီမှာစိုးပြီး တားမြစ်တဲ့သဘောပေါ့လေ..၊

"အဲဒါ ကိုယ့်ဆီ ဘာလို့ Phone ဆက်ပြီး မခေါ်သလဲ နွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး .. ကြီးမေလည်း ဆေးရုံဆေးခန်းတွေ၊ ဆေးထိုးအပ်တွေကို ကြောက်လို့ အပူငြိမ်းဆေးပဲ အမြဲသုံးတာရှင့်"

"မင်းဟာလေ အဲဒီ မလိုပါဘူး၊ ကိစ္စမရှိဘူးဆိုတဲ့ စကားလုံးတွေကို လေလံဆွဲပြီး အပိုင်သိမ်းထားသလား ထင်ရအောင် အမြဲသုံးနေတော့တာပဲ၊ နေမကောင်းဖြစ်ရင် ဆေးကုမှ သက်သာတော့မှာပေါ့..၊ လက်စသတ်တော့ မင်းက ကြီးကြီးခင်နဲ့ စိတ်ဓာတ်တူနေတဲ့ တူမလေးပဲကိုး၊ အင်း .. အပျိုကြီးလုပ်ဖို့တော့ စိတ်ကူးမထားပါဘူးနော်"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ရှင်ဆိုတဲ့ အသုံးအနှုန်းကို မင်း သုံးတာ သုံးခါလား ရှိနေပြီ၊ ကိုယ် အန်တီငယ်နဲ့ ပြန်တိုင်ပြောမှာနော်"

မျက်ဆံနက်လေးက ထောင့်ကပ်သွားပြန်လေ၏။ သူမကို အလိုလိုက်တာ ကြီးကြီးခင်နဲ့အန်ကယ်အောင်သဘာရှိပြီး အန်တီငယ်က စည်းကမ်း တင်းကျပ်ထားသည့်သူကိုး..၊

"တိုင်ပေါ့ .. ကျွန်မက ကြောက်မယ်ထင်နေလား .. ဝေးသေးပေါ့ ဆွန်တွန်းကြီးရယ်"

"မင်းနော် မင်းထက်အကြီးကို ဒီလို ရင့်ရင့်သီးသီး အပြောမျိုး သုံးရလား .. ငရဲကြီးတော့မှာပဲ၊ လာ .. ရှေ့ခန်းက ထိုင် .."

"အို!... ဘာလို့ထိုင်ရမှာလဲ..၊ မထိုင်ပါဘူး"

"ထိုင်ဆို ထိုင်ရမှာပေါ့၊ လူကြီးပြောရင် ငြိမ်ပြီးနာခံမယ် မရှိဘူး"

လက်မောင်းမှ ဆွဲရုံမျှမက ခေါင်းကိုကိုင်လျက် အတင်းတွန်းကာ ထိုင်ခိုင်းလိုက်တာမို့ မျက်နှာလေး ရှုံ့တွကာ တက်လိုက်လေ၏။ ပိုင်စိုးပိုင်နင်းများ လုပ်မိလိုက်လေသလားဟု သူ့လုပ်ရပ်ကို သူ သံသယမဝင်





မိတာ အမှန်ပါလေ..။

"ညီလေးက နောက်ခန်းထဲကပဲ လိုက်နော်"

"ဟုတ်ကဲ့ .ခင်ဗျ"

ဟော .. လက်ထဲမှ ရလိုက်သည်က အုန်းဆီနံ့မွှေးမွှေး ကားထဲမှာ လှိုင်သွားသည်က ရှင်မတောင်နံ့ သင်းသင်း ..၊ သူ့ကားထဲမှာ မာမီကလွဲပြီး မည်သည့်မိန်းကလေးကိုမှ တင်မခေါ်ဘူး၍ပဲလား .. ရနံ့မွှေးမွှေးက ရင်ထဲမှာ အေးပြီး နေလို့ကောင်းနေသလိုမျိုး ခံစားရတာ အမှန်ပါလေ..။

"မမ ပြန်လာပြီ"

"ကြီးမေရော လုံးချစ်"

"ချမ်းလို့ဆိုပြီး စောင်ထဲကွေးနေပြီ မမရဲ့ .."

"မေမေရော .."

"အခုလေးတင်ပဲ အရေးကြီးလို့ဆိုပြီး ထွက်သွားပြီ..၊ ဒီမနက်ရှိတာနဲ့ပဲ စားနှင့်တဲ့၊ ညနေစောစောပြန်လာမယ်လို့ ပြောတယ်၊ သမီးတော့ ဗိုက်ဆာပြီး သေတော့မှာ ထင်ပါရဲ့.."

ကြီးကြီးခင် အဖျားတက်နေပြီမို့ ချက်ပြုတ်ကျွေးမွေးမယ့်သူ မရှိပုံပင်။ ကလေးမလေးက ပူပူပင်ပင်ဖြင့် ကလေးဆန်ဆန် ညည်းတွားလိုက်တာကို သူမက မျက်လုံးပြူး၍ တားမြစ်ပြန်လေ၏။

ဟန်မဆောင်တတ်သည့် နေရာမှာတော့ ဒီကလေးတွေ အကုန်အတူတူဖြစ်နေတာပါပဲလား..၊

"ကြီးကြီးခင် အဖျားတက်တာပဲ ဖြစ်မယ်၊ ကြည့်ရအောင် ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးခင်က အောက်ထပ်မှာပဲ ရှိတာပါ ဦးဦးဒေါက်တာ၊ အပ်ကြီးနဲ့ ထိုးမှာလားဟင်"

မျက်လုံးဝိုင်းလျက် မေးလိုက်သည့် ဝဝလုံးလုံး ကောင်မလေးကို သူ ရယ်ချင်မိသွားရလေ၏။ ဒီအိမ်က ကလေးတွေကတော့ ပုံစံကို တူနေတာပါပဲလား..၊ လေးငါးနှစ်ကလေးတွေလို အပ်ကြောက်တဲ့ ရောဂါမျိုး ရှိနေကြတာလေ။

"လိုအပ်မှပဲ ဆေးထိုးရတာပါ သမီးရယ် .. ဆေးထိုးတော့ အဖျား မြန်မြန်ပျောက်တာပေါ့"

"ဟင်!... သမီးဆို အပ်နဲ့ထိုးမှာ အရမ်းကြောက်တာ၊ ဒီနေရာ ကြီးကို ဆူးနဲ့ထိုးလိုက်သလို စူးစူးကြီးအောင့်ပြီး နာလိုက်တာ မပြောပါနဲ့ .. လမ်းလျှောက်ရင်လည်း အောင့်နေတာ ဦးဦးဒေါက်တာရဲ့"

သူ တီးတိုးရယ်ကာ အောက်ထပ်အိပ်ခန်းရှိရာဆီ လိုက်ခဲ့ပါ၏။ ဒီနေ့တော့ နောက်ကျမယ်ထင်တာ အတိအကျကို duty ချိန် နောက်ကျနေပြီလေ..။

တွန်းဖွင့်ပေးလိုက်သည့် တံခါးဝမှ လှမ်းကြည့်လိုက်မိစဉ် ခုတင်ထက်မှ ပုစွန်တုပ်လို ကွေးကွေးလေး ဖြစ်နေသည့် ကြီးကြီးခင်ကို မြင်လိုက်ရလေ၏။

"ဘယ်သူလဲ .."

မျက်လုံးမှေးလျက် မေးလိုက်သံက ကတုန်ကရီ ..၊ အတော့်ကို အဖျားကြီးနေတာပဲ ထင်ပါရဲ့။ ခုတင်ဘေးရှိခုံမှာ သူထိုင်၍ ဆေးသေတ္တာကိုဖွင့်တော့ သူမက ကြီးကြီးခင် ဘေးမှာ ကပ်ထိုင်လိုက်လေ၏။

"အဖျားတိုင်းရအောင် ကြီးကြီးခင်"





"ဟင် .. မောင်နန္ဒလား"

"ဟုတ်ပါတယ်"

"ငါ အပ်မထိုးဘူးနော်"

လျှာဖျားအောက်ထဲ သာမိုမီတာ ထည့်လိုက်မှ တားမြစ်သံ ရပ်သွားလေ၏။ ခေါင်းမာတဲ့နေရာမှာတော့ ကြီးဒေါ်နဲ့တူမ တစ်ထေရာ တည်းပါလားနော်..၊

"၁၀၄ တောင်ရှိတာ ဆေးမထိုးလို့မရဘူး ကြီးကြီးခင်..၊ ထမင်းလည်း စားလို့ မဖြစ်ဘူး၊ အရည်ပဲ သောက်မှဖြစ်မယ်၊ ခေါက်ဆွဲလည်း စားလို့မရဘူး၊ အဖတ်စားချင်ရင် ဆန်ပြုတ်ကျဲကျဲလိုဟာမျိုးပဲ သောက်ပါ"

"ငါ ဆေးမထိုးပါဘူးဆို .."

"ဆေးမထိုးရင် နေ့လယ်ကျ အဖျားတွေပြန်တက်လာမှာဗျ..၊ ကျွန်တော်ပေးတဲ့ သောက်ဆေးတွေကို ဆေးပတ်လည်အောင် သောက်မှ ဖြစ်မှာနော်၊ ကြီးကြီးခင် သုံးနေတဲ့ ဗမာဆေးတွေ ခဏရပ်လိုက်ဦး၊ တော်ကြာ ဆေးနှစ်မျိုး ရောသောက်ပြီး အန္တရာယ်ဖြစ်ကုန်မှာစိုးလို့ သတိပေးနေတာပါ"

"ဟင် .. ဆေးထိုးမှာဆို၊ သမီး ကြောက်တယ်"

လုံးချစ်က ပြောလည်းပြော အခန်းထဲမှာပင် မနေရဲတော့ဘဲ ပြေးချေပြီ။ ကြီးကြီးခင်က ခုတင်ထက်ထိုင်နေသည့် သူမကို လက်ဖြင့် လှမ်းရိုက်ကာ စစ်ကူတောင်းလေ၏။ အာဂ ကြီးဒေါ်ပါပဲလား။

"ဟဲ့ .. ညည်းလူကို ကြည့်ပြောဦးလေ..၊ ငါ ဆေးထိုးမခံချင်ဘူးလို့ဆို .."



www.burmeseclassic.com

www.burmeseclassic.com



"အာ!... ကြီးကြီးကလည်း ဘယ်က နွေးလူ ရမှာလဲ..၊ သူပြောတာ မကြားဘူးလား၊ လိုအပ်လို့ ထိုးရတာတဲ့..၊ တော်ကြာ နေ့ခင်းကြီး အဖျားတွေ ပြန်တက်ရင် နွေးတို့ ဘာမှလုပ်တတ်မှာ မဟုတ်ဘူး၊ မေမေကလဲ မသွားမဖြစ် ကိစ္စရှိလို့ ထွက်သွားတာ ညနေမှ ပြန်ရောက်မှာတဲ့"

"ဝါ သေချင်တယ်နော်"

"ဟင်း .. ဟင့် မသေပါဘူး ကြီးကြီးခင်ရယ် .. ဆေးထိုးတာ ပုရွက်ဆိတ်ကိုက်သလောက်လေး စစ်ခနဲပဲ နာတာပါ၊ ကျွန်တော် ဖြည်းဖြည်းလေး ထိုးပေးပါ့မယ်"

"မိရွှေနွေး ဝါ နာသလို နင့်အလှည့်ကျ အပ်ကြီးကြီးနဲ့ တွေ့ပါစေတော်"

ကြီးကြီးခင် ဆုတောင်းက သူ့ကို ပြုံးမိစေပါ၏။ မကျေမနပ် ပြောနေသော်လည်း တူမဖြစ်သူ၏လက်ကို ဆုပ်ထားပုံက အားကိုးသည့်ပုံနှယ်။

တူမကို အတော်ချစ်ပုံပါပဲလား..၊ မိဘနှစ်ပါးထက် တူမကို အချစ်ပိုရင်တော့ နှစ်သိမ့်နွေး တစ်ယောက် အပျိုကြီးဖြစ်ဖို့ ၇၅ % သေချာတော့မှာလေ..၊

"ပြီးပြီ .. နှစ်ရက်လောက်တော့ ရေမချိုး ရေအေးမစိမ်ဘဲ နားနားနေနေလေး နေပါ ကြီးကြီးခင်၊ ဆေးလည်း အပတ်လည်အောင် သောက်ဖို့ မမေ့ပါနဲ့လို့ မှာခဲ့ပါရစေ၊ ဆေး နှစ်ရက်စာ ပေးခဲ့မယ်နော်၊ တကယ်လို့ အဖျားပြန်တက်လာရင် အိမ်ကိုပဲဖြစ်ဖြစ်၊ ကိုယ့် Hand Phone ကိုပဲ ဖြစ် ဖြစ် လှမ်းခေါ်လိုက်နော် နွေး..၊ Phone နံပါတ်တွေ





မှာမီပေးထားတယ် မဟုတ်လား"

"အင်း .."

"ဟဲ့ .. ဘာအင်းလဲ .. ဟုတ်ကဲ့လို့ လေးလေးစားစားပြောမှပေါ့၊ မိရွှေနွေးနော် အကြီးကို"

"ကြီးကြီးကလဲနော် .. ဖျားနေတာတောင် နွေးကို လိုက်ဆူနေသေးတယ်၊ တဖြည်းဖြည်းနဲ့ မေမေ့လမ်းစဉ် လိုက်လာပြီ"

"ကြည့် .. ကြီးဒေါ်ထက် တစ်လကြီးနေပြန်ပြီ၊ နင်တော့နော်"

လက်ဖမိုးကို ဖျတ်ခနဲ ဆွဲဆိတ်လိုက်တာမို့ သူမက လက်ကို အမြန်ရုပ်လိုက်လေ၏။ လက်မြန်သည့် ကြီးကြီးခင်က အလွတ်မပေးပါလေ။

"အရမ်းမလုပ်ပါနဲ့ ကြီးကြီးခင်ရဲ့ .. နဂိုကတည်းကမှ ကြီးကြီးခင် တူမရဲ့ အသားအရေက ပိုးဟပ်ဖြူလို သွေးမရှိပုံနဲ့"

"အမယ်လေးဟဲ့ .. ယှဉ်ဖြင့်မယှဉ်ရသေးဘူး၊ ပိုင်စိုးပိုင်နင်းနဲ့ နာနေလိုက်တာ၊ ဝါ အမြင်ကပ်လာပြီနော်"

"အ!.. ကြီးကြီးက ဘာတွေလျှောက်ပြောနေမှန်းလဲ မသိဘူး၊ စက်လိုက်တာနော်"

သူမက ခြေတစ်ချက်ဆောင့်ကာ အခန်းထဲမှ ခြေလှမ်းသွက်သွက်ဖြင့် ထွက်သွားလေ၏။ လှဲနေသည့် ကြီးဒေါ်ကလည်း မခေပါ..။ သူမကြားအောင် ထပ်အော်လိုက်ပြန်တာလေ..။

"ဟဲ့!.. မောင်နန္ဒကို ပြန်လိုက်ပို့လိုက်ဦးလေ"

ကြည့်စမ်း .. ဒီကောင်မလေး အတော့်ကို ရှက်တတ်တာပါပဲလား။ ကြီးဒေါ် ဒါလေးပြောတာနဲ့ အရှက်သည်းပြီး ထပြေးတော့တာလေ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါလား ချစ်သူရှိနေတဲ့ မိန်းကလေးဆိုတာ ..၊ တကယ်ဆို သူ့ကို မျက်နှာပူပြီး ကြီးကြီးခင်ကို စိတ်ကောက်ရမှာလေ..။

ညှော်ခန်းမှထွက်၍ ကားပေါ်တက်ရန် ကားတံခါးဖွင့်လိုက်စဉ် အိမ်ဝမှာ သူမ ရပ်လိုက်လေ၏။

ကြည့်ပါဦး .. မသိရင် ယောကျ်ား အလုပ်သွားမှာကို လိုက်ပို့တဲ့ အိမ်ရှင်မပုံစံမျိုး ဖြစ်နေတာ မဟုတ်လား ..၊

"ကျေးဇူးပဲ"

တိုးလျလျအသံကြောင့် သူလှည့်ကြည့်လိုက်စဉ် သူမက သူ့ကို ဖျတ်ခနဲ ကြည့်ကာ မျက်လွှာချ လှည့်ဝင်သွားလေ၏။

မင်း ဘယ်လို မိန်းကလေးပါလဲ..၊





[ ၁၄ ]

"Morning Doctor ဒီနေ့နောက်ကျနေသလားလို့"

"Morning ပါ ဆရာဝန် ဟုတ်တယ် .. ဒီအလာမှာ လူနာဝင်ကြည့်နေလို့ပါ"

"တယ်ဆိုတဲ့ စာပါလား .. ကေန္တ အဲဒီလူနာက ချောချောလှလှလေးမှ ဟုတ်ရဲ့လားရှင်"

ဆရာဝန်အယ်ဝါး၏ စကားကြောင့် သူ ပြုံးလိုက်မိ၏။ အဲဒီ အိမ်မှာ မိန်းမချောလေးရှိတာ မှန်ပေမယ့် အဲဒီမချောလေးကို သူ့ဆေးကုပေးရတာမှ မဟုတ်တာလေ..။

"မဟုတ်ပါဘူး ဆရာဝန်ရယ်"

"သေချာလို့လား ဒေါက်တာ ကျွန်မနှာခေါင်းထဲမှာ သနပ်ခါးနံ့လိုလို ရသလားလို့"

"ပေါ့ဗျာ .."

သူ မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး .. သူမ မပြေမပြစ် လူးထားသည့် သနပ်ခါးရနံ့တို့က သူ့ကိုယ်မှာများ ကပ်ပေလာလေသလား..။

"မစ,ပါနဲ့ စစ္စတာ"

"တကယ်ပြောနေတာပါ ဒေါက်တာရဲ့ .. ဒေါက်တာ့ကောင်မလေး ဆီကလား"

"တော်ပြီ .. တော်ပြီ၊ ရှေ့ဆက်ပြောနေရင် ကျွန်တော့် လျှို့ဝှက် ချက်တွေ အကုန်ပေါ်ကုန်တော့မှာပဲ စစ္စတာရယ် .."

"ဟော .. ဒါဖြင့် ဒေါက်တာ့မှာ Top Secret တွေ ရှိနေတာအမှန် ပဲလား"

သူက ခေါင်းကို ဖြည်းဖြည်းခါပြလိုက်ပြီး ရုံးခန်းတံခါးကို တွန်း ဖွင့်ဝင်လိုက်ရတော့၏။ ဒီဆေးရုံမှာ နောက်ဆုံးမှ ဝင်တဲ့သူ ဖြစ်ပါလျက် အားလုံးနှင့် ရင်းနှီးမှုမြန်တာ ဘာကြောင့်ပါလိမ့်နော်..။

"ဩော် .. ပေါ်လာသေးတယ်ပေါ့လေ၊ မင်း duty ကို မျိုးဆက် အစားဝင်လိုက်ရပြီ"

"Operation လား"

"အေး .."

"Emergency မို့လို့လား"

"မဟုတ်ပါဘူး .. Teenage လေး အူအတက် လာဖြတ်တာပါ"

"တော်သေးတာပေါ့"

"မတော်နဲ့ နန္ဒရေ .. မင်းကို ဒေါက်တာနေနိုင်ခြေရာ မမိဘူးလို့ ဝိုင်းဝေဖန်နေကြတာကွ"

မင်းချာန်စကားက သူ့ရင်ကို အောင့်သွားစေပေမယ့် အပြုံးမပျက်





ဘဲ နှာခေါင်းကိုသာ ရှုံ့ပြလိုက်မိ၏။ အဖေကို ခြေရာယှဉ်ရအောင် သူက ကျေးဇူးကန်းတဲ့ သားမျိုးမှ မဟုတ်တာလေ..။

"ပြောလည်း ခံရမှာပဲ မင်းချာန်ရယ်"

"မင်းဟာလေ အန်ကယ်က စိတ်ထက်ပြီး ဆုံးဖြတ်ချက်ကို မြန် မြန်နဲ့ မှန်ကန်အောင် ချနိုင်တဲ့ နေရာမှာသာတာပါ၊ မင်းကတော့ ဝါန သေးလို့ အဲဒီနေရာတွေမှာ နောက်တွန့်နေမှန်း ငါတို့သိထားပါတယ် နန္ဒ ရယ်..၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်"

"ဘာကိုလဲ"

"အေး .. မင်းလက်ထပ်မယ့် မိန်းကလေးကို ရွေးတဲ့နေရာမှာ တော့ ဒီလိုမအူမလည်နဲ့ တွေဝေတုံ့ဆိုင်းနေလို့ မရဘူးမှတ်..၊ အဲဒါဆို ရင်တော့ မင်း ကျန်ရစ်ဖြစ်ဖို့ သေချာပြီပဲ"

သူ ခေါင်းခါပြလျက် ရယ်လိုက်မိပါ၏။ လက်ထပ်မယ့် မိန်းကလေး တဲ့လား..၊ အာရုံထဲ ဖျတ်ခနဲ ပေါ်လာသည့် နွေးမျက်နှာကြောင့် နှုတ်ခမ်း အစုံက အလိုလိုပြုံးမိလျက်သား ဖြစ်သွားလေသည်။ ရွေးချယ်ဖို့တဲ့.. သူက ရွေးတာမှ မဟုတ်ဘဲ၊ သူမကသာ သူ့ကို လက်မခံချင်လို့ သူ့ ရှေ့မှ ရှောင်ဖယ်တဲ့သူလေ..။

"ဟော .. မင်းမျက်နှာ ဒီလောက်ပြုံးနေပုံထောက်ရင် ငါပြောတာ ကွက်တိမှန်နေပြီ မဟုတ်လား"

"ဘယ်ကလာ"

"မဟုတ်ရင် ဒီလိုမျိုး မင်း ဘယ်ပြုံးမှာလဲကွ၊ ပြောပြဦးလေ .. ဒေါက်တာကြီး သဘောတူတာ ဝါဝါသိမ့်လား .. နုနုဝေလား .. ဟိုဒီ ကပြားမလေး ဘေဘီရဲမြင့်လား .."



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်ါ.. မင်းပြောမှပဲ ဒီမှေးရဲ့က ဆရာဝန်မ လှလှလေးတွေ ကုန်သလောက် ဖြစ်ကုန်ပြီ"

"ဟေ .. ဒါဖြင့် ဒီကတစ်ယောက်မှ မပါဘူးလား"

"အင်း .."

"ဒါဆို ဘာပုံလဲ"

"ဒက်ဒီရှာပေးတာ မဟုတ်ဘူး၊ မာမီ ရှာပေးတာ၊ ငါတို့အိမ်နားကပဲ"

"ဒါဖြင့် ဆရာဝန် မဟုတ်ဘူးပေါ့"

"အေး .."

"မင်းတို့ တွေ့ဖူးပြီးကြပြီလား"

"အေး .."

"အခြေအနေ ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး"

မင်းချာန်က သူ့စကားမကြောင့် မျက်နှာကို ရှုံ့တွလိုက်လေ၏။ ကြိုးစားပမ်းစား မေးသမျှ ထင်သလောက် အဖြေမှ မရတာကိုး..၊

"မင်း မျက်စိမကျလို့လား"

"သူက မကျတာမဟုတ် .. နံပါတ် ရှိပြီးသားတဲ့"

"ဟော .. ဒါဖြင့် ပွဲကောင်း နောက်ကောက်ကျသွားတာပေါ့ ဖြစ်ရလေ"

တဟားဟား ရယ်မောနေသည့် သူငယ်ချင်းကို စိတ်မရှုမိဘဲ မရှိပြုံးသာ ပြုံးနေမိတော့၏။ လျှောင်လည်း ခံရမှာပဲ နွေးရယ် .. ကိုယ့်မှာက မင်းလို လက်ဆုပ်လက်ကိုင် ပြစရာ ချစ်သူရယ်လို့ တစ်ယောက်လေးပေါင်မှ မရှိတာ ညံ့ရာကျနေတာကိုး..။





တကယ်ဆို မင်းလိုသာ ချစ်သူရှိနေရင် ကိုယ့်မိဘတွေကို ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ပေးဖို့ တောင်းဆိုမှာလေ..၊ အခုတော့ ကိုယ့်အတွက်နဲ့ မင်းရဲ့ချစ်သူကို ဖြတ်နိုင်းတဲ့အထိ ကျိတ်ဖြစ်နေတာကို သိရကဲ့အတွက် စိတ်မကောင်းဖြစ်မိတာ အမှန်ပါပဲ..။

"အဲဒါဆို မင်းတို့ကိစ္စ ပြတ်ရောလား"

"မပြတ်သေးပါဘူးကွာ"

"ဘာဖြစ်လို့လဲ"

"ကောင်မလေးကို သူ့ချစ်သူနဲ့ သဘောမတူဘူးလို့ သူ့မိဘတွေက ပြောနေတာ"

"ဒါဖြင့် မင်းတို့ကိစ္စက Yes or No ကြားက မရေမရာကြီးပေါ့"

"အေး .. အဲဒီလို ဖြစ်နေတာပဲ"

"လှလား .."

"ဘာကိုလဲ .. အရင်းမရှိ အဖျားမရှိ"

"အဲဒီရည်းစားရှိတဲ့ ကောင်မလေးကို မေးနေတာလေ"

ရည်းစားရှိတဲ့ ကောင်မလေးတဲ့၊ သူ့ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားသလိုနှယ်...၊ အရွယ်ရောက်စမှ ဆင်ခြင်နေထိုင်လာသည့်တစ်လျှောက် ရည်းစားဆိုလို့ အပျော်တောင် မထားဖူးခဲ့တဲ့သူမို့ ကိုယ်လက်ထပ်မယ့် မိန်းကလေးကိုလည်း ခြောက်ပြစ်ကင်း သဲလဲစင် ချစ်သူ မထားဘူးတဲ့သူမျိုး ဖြစ်စေချင်တာ သူ့အတွက်ကြီးသလိုများ ဖြစ်နေလေသလား..။

တကယ်ပါ နွေးရယ် .. အပြစ်ကင်းစင်လွန်းတဲ့ မင်းရဲ့မျက်နှာလေးလိုပဲ မင်းရဲ့စိတ် .. မင်းရဲ့နှလုံးသားကိုလည်း ဘယ်သူတစ်ဦးတစ်ယောက်မှ မပိုင်သင့်ဘူးလို့ ကိုယ် ယူဆတယ်လေ။ လူကြီးတွေ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာထက် လှငယ်ချင်းရင်းနှီးပြီး စိတ်ချင်းတစ်ထပ်တည်း ဖြစ်တာက အိမ်ထောင်ရေးတည်ထောင်ရာမှာ အများကြီး အထောက်အကူ ဖြစ် ရာယ်လို့ တွက်ဆထားတဲ့ ကိုယ်ရယ်ပါ..။

"မပြောတတ်ပါဘူး"

"ဟာ .. မင်းနဲ့ဖူးစပ်ပေးမယ့်ကောင်မလေးကို အနီးကပ်တောင် တစ်ခါမှ မကြည့်ဖူးဘူးလားကွ"

နှိပ်ကွပ်သလိုအပြောက သူ့စိတ်ကို ဆွပေးသလိုနှယ်ပင်..။ အနီး ကပ် ဘာလို့ မကြည့်ဘူးရမှာလဲ .. သူ့ရင်ခွင်ထဲမှာထားပြီး စက်ဘီး တောင် အတူစီးဖူးတဲ့အဖြစ်ကို ဘယ်သူက သိလို့လဲ..၊ ထမင်း အတူ စားတုန်းက လက်ဖမိုးထက်ရှိ သွေးကြောစိမ်းစိမ်းလေးတွေကို မြင်ဖူးခဲ့ သေးတာလေ..။ ဖြစ်သလို ပြီးစလွယ်လူးထားသည့် ပြောက်တိပြောက် ကျား သနပ်ခါးကြားက မျက်ဝန်းနက်နက်လေးကို တွေ့ဖူးခဲ့တာပဲ။ လှ သလားလို့ မေးတာကို မဖြေချင်လို့ ကိုယ် အနှိပ်ကွပ်ခံနေရပြီ နွေးရေ..၊

"ဆံပင်ရှည်လား .."

မေးပြန်ပြီကော .. အမြဲကျစ်ထားသည့် ပိတုန်းရောင်ဆံနွယ်တွေ အဘယ်မျှ ပျော့ပျောင်းသလဲဆိုတာကို ကိုယ်မဟုတ်တဲ့ အဲဒီသူစိမ်းတစ်ဦး သိနေတာ ဘယ်လောက်မနာလိုစရာ ကောင်းလိုက်ပါသလဲ..။ မိမိ ကလေးမှန်လျှင် ဆံပင်ရှည်သားမှ မြတ်နိုးချင်တဲ့ ကိုယ့်အတွက် မင် က စံနမူနာထားသင့်စရာ ကောင်မလေးပါပဲ..၊ သို့သော် ...

"အင်း .."

"ဘာလဲကွ .. မဖြေချင်သလို အင်တင်တင်နဲ့"

"ရှည်တယ်ကွာ .. ရှည်တယ်၊ ဒီပေါင်ရင်းလောက်ရှိတယ်၊ အရ





က် ငါ့နားရွက်လောက်မြင့်ပြီး ခါးက ငါ့လက်ဝါးနှစ်ဘက်ထိပ်နဲ့ ထိလု အောင် သေးတယ်၊ ကဲ .. နောက်ထပ် ဘာသိချင်သေးလဲ.."

"ဟာ!... ဒါနဲ့များ မင်းနဲ့မရင်းနှီးသလို Style က ထုတ်နေပြီး တော့များ သူ့ခါးသေးတာ ဘယ်လိုထိကြည့်လို့ သိရတာတုန်း"

"အလိုလေး!.. အဲဒီလောက် တရင်းတနှီးရှိဖူးတာ မင်း Heart ကြီး Beat မမြန်ဘူးလို့ ငြင်းမယ့်မျက်နှာနဲ့ နန္ဒရေ .. ယုန်ကြီး ငုံပြော တောင် လုံးဝ မယုံဘူးမှတ်"

"မင်းကတော့ တကယ့် Screw driver ပဲ မင်းရှာန်ရာ"

နှစ်ယောက်သား ပေါ့ပေါ့ပါးပါး ရယ်မောလိုက်ကြစဉ် ရုံးခန်းတံခါး ဖျတ်ခနဲပွင့်သွားပြီး Nurse မိုးပုလဲ မျက်နှာလေး ပေါ်လာလေ၏။ ပေဟာ!... Emergency case ပေါ်ပြီ ထင်ပါရဲ့..။

"ဒေါက်တာတို့ duty ပါရှင်"

"Patient ရောက်လာလို့လား"

"ဟုတ်ကဲ့ .. ကား Accident ဖြစ်ပြီးရောက်လာလို့၊ အမျိုးသမီး ပါ၊ အသက် ၄၅ နှစ်ဝန်းကျင်"

"OK. ကိုယ်တို့ လာပြီ ပုလဲရေ"

ချိတ်မှာလှမ်းထားသည့် duty coat ကို သူ အမြန်ဝတ်ကာ အံဆွဲ ထဲမှ နားကြပ်ကိုထုတ်ယူ၍ ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် ထွက်လာခဲ့ ကြပါ၏။ Ambulance ပေါ်မှ ထရော်လီဖြင့် တင်တွန်းချလာသည့် လူနာဆီရောက်လာကြစဉ် လူနာအနီးမှာ အမျိုးသမီးလေးတစ်ယောက် သာ ငိုယိုနေပြီး ဘယ်သူမှ ရှိမနေပါချေ..၊

"မာ .. မာမီ .. မာမီ .."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တုန်တုန်ရီရီခါနေသည့် အသံလေးက ကရုဏာသက်စဖွယ်..၊ ဝန်ထမ်းလက်ထဲမှ သူတို့နှစ်ယောက်နှင့် Nurse တို့ ထရော်လီကို လက်လွှဲယူလိုက်စဉ် မီခင်ကို လှမ်းဆွဲလိုက်သည့် မိန်းကလေး၏လက်က သူ့လက်ခုံကို လာကိုင်မိသား ဖြစ်သွားလေသည်။

အို.. လက်နုနုလေးတွေက အေးစက်လွန်းလှချည်လား။ အဘယ်မျှ စိတ်သောက ရောက်နေမလဲဆိုတာကို မြင်ရုံနှင့် သိသာလွန်းတာလေ။ ဆံနွယ်ခွေလေးတွေက ဖရိုဖရဲဖြစ်နေသလို တပေါက်ပေါက်ကြွေနေသည့် မျက်ရည်တို့ စီးကျရာ မျက်ပန်းတို့က ချော့ကလက်ရောင်ဖော့ကပ်ပလှချည်လား..။

"လိုက်လို့မရဘူးနော် .. Operation ဝင်ရတော့မှာ၊ မင်း ဒီမှာ နေခဲ့ချေ"

"ဟင့်အင်း .. မာမီ .. မာမီ .."

"လူကြီးတွေ ပါမလာဘူးလား"

"ဒက်ဒီက .. ဒက်ဒီက စင်္ကာပူရောက်နေလို့ပါ"

"ကဲ .. ကဲ .. အရေးပေါ်အခြေအနေမို့ သွေးထွက်လွန်လို့ မဖြစ်ဘူး၊ မင်း နေခဲ့မှ ဖြစ်မယ်"

"မာမီ .."

ပြောနေရင်းမှ ထရော်လီကို ဆွဲထားတာမို့ သူ အတော်စိတ်ဒိုက်သွားရလေ၏။ ပူပန်စိတ်ဖြင့် သူမကိုယ်သူမ ဘာလုပ်လို့လုပ်မိမှန်း မသိပုံပါပဲလား..။

"လင်းလင်း .. သမီး"

"အန် .. အန်တီလေး"





အနောက်ဆီမှ ပြေးပြေးလွှားလွှားရောက်လာသည့် အမျိုးသမီးကြီး ရောက်လာတော့မှ သူမ၏ လက်လှလှလေးတွေ လွတ်ပြီးသားဖြစ်သွားပါ၏။ အခုမှပဲ လေပူကို မှုတ်ထုတ်မိတော့သည်။ Operation Theatre ထဲသို့ ခပ်မြန်မြန် ဝင်လိုက်ကြပါ၏။

ခြေထောက်ကို ထိသွားတာမို့ ကျိုးပြီမှန်း တွက်ဆမိလိုက်သည်။ ခေါက်တာက နှလုံးရောဂါအခံရှိနေတာက အဓိကကျနေလေ၏။ ဒဏ်ရာပြင်းတာထက် လန့်ပြီး သတိလစ်သွားတာမို့ စိုးရိမ်စရာအခြေအနေမျိုးဖြစ်နေလေသည်။ ခွဲခန်းဝတ်စုံကိုယ်စီဖြင့် လူနာကို မီးဆလိုက်အောက် ထားလိုက်စဉ် သူ့စိတ်တို့ကို တည်ငြိမ်အောင် ထားလိုက်ရလေ၏။

တကယ်ပါ .. ယိုစဉ်က ထိုလူနာကို ဘာအကြောင်း ဘာမျှော်လင့်ချက်မျိုးမှ မထားဘဲ ရှင်သန်စေဖို့တစ်ခုတည်းကိုသာ ရှေ့ရှုပြီး ခွဲစိတ်ကုသပေးခဲ့မိတာ အမှန်ပါပဲ။ ထို Operation အောင်မြင်ပြီးမှ နောက်ဆက်တွဲ ဖြစ်စဉ်တစ်ခုကို သူ့ဘဝမှာ ကြုံရလိမ့်မည်ဟု ထင်မှ မထင်ခဲ့တာလေ..။ "လင်းလင်း"ဆိုတဲ့ အိမ်နာမည်ဆန်းဆန်းလေးနဲ့ ဘိုမရုပ်လေးလို ချစ်စဖွယ်ကောင်မလေးကြောင့် သူ့ဘဝတစ်ခုလုံး ကမောက်ကမဖြစ်ပြီး သူ့စိတ်ရော သူ့ရင်ခုန်သံတွေပါ ကပြောင်းကပြန်ဖြစ်ကုန်မည်ဟုသာ ကြိုသိခဲ့ရင် ထိုလူနာကို သူ တာဝန်ယူ ခွဲစိတ်ကုသပေးလိုက်မည် မဟုတ်ပေ..။

'နေခြည်လင်းလက်ဖြာ' မင်းဟာ တကယ်ပဲ နေမင်း စေလွှတ်လိုက်တဲ့ အလင်းတန်းတစ်ခုလို ကိုယ့်ရင်ထဲထိ ထိုးဖောက်ဝင်ရောက်လာခဲ့တဲ့ အလင်းမြားတစ်စင်း ဆိုတာကို..။



www.burmeseclassic.com

www.burmeseclassic.com



**Love is hope.**

အချစ်ဆိုတာ မျှော်လင့်ခြင်းသည်သာ ...၊





[၀၅]

"လောလောဆယ်တော့ လူနာ သတိရဦးမှာ မဟုတ်သေးဘူး။ ဘယ်ဘက်ပေါင်မှာ Steel ရိုး ထည့်လိုက်ရပါတယ်၊ Operation OK ပါတယ် ခင်ဗျာ"

"ဝမ်းသာလိုက်တာ ဒေါက်တာရယ် .. ကျေးဇူးတင်လိုက်တာရှင်"

Mask ကိုဖြုတ်လျက် ပြောလိုက်သည့် သူ့လက်မောင်းကို ကိုင်ရင်း ဝမ်းသာအားရ ကျေးဇူးတင်နေသည့် တူအရီးနှစ်ဦးကို ငုံ့ကြည့်လိုက်မိပါ၏။

ဘယ်နှယ့် .. ဆရာဝန် သုံးလေးယောက် Opetation ခန်းထဲ ဝင်ကြတာ မှန်ပါလျက် သူ့တစ်ယောက်တည်းကိုမှရွေးပြီး ကျေးဇူးတင်နေကြတာပါလိမ့်နော် ..။

"ဟယ် .. သမီးကလဲ ဒေါက်တာ့ကို တစ်ခုခုပြောဦးမှပေါ့ မြင်းလင်းရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မျက်ရည်ရစ်ဝဲနေသည့် အညိုရောင်မျက်ဝန်းတို့ဖြင့် သူ့ကိုမော့ကြည့်လိုက်လေ၏။

အလို .. သိပ်ကိုတောက်ပတဲ့ မျက်ဝန်းလဲ့လဲ့ လေးတွေပါလား..၊ ဒီလို အရည်လဲ့ပြီး ရွှန်းစိုနေတဲ့ မျက်ဝန်းမျိုးကို ရုပ်ရှင်မင်းသမီးတွေထဲမှာတောင် 'မြတ်ကေသီအောင်'တစ်ယောက်တည်းကိုသာ သူ တွေ့ဖူးခဲ့တာ အမှန်ပါလေ။

"သမီးက ဘာပြောရမှန်း မသိလို့ပါ အန်တီလေးရဲ့"

ချိုမြလိုက်တာနော်..၊ သကာလူးထားတဲ့ အသံဆိုတာ ဒီလိုသာယာနူးညံ့တဲ့အသံမျိုးကို ပြောတာ ထင်ပါရဲ့။

နှစ်သိမ့်ပြုံးမျိုး သူ ပြုံးပြလိုက်ချိန် ကောင်မလေးက ရှက်စနိုးဟန်ဖြင့် ပြုံးပြလျက် မျက်လွှာချသွားလေ၏။ ရင်ထဲ ဒိတ်ခနဲဖြစ်ကာ မျက်နှာကို အကြည့်လွှဲလိုက်ရပါသည်။

ဘုရားရေ .. သူ့ရင်ခုန်သံတွေ အဆမတန် ခုန်ပေါက်မြန်ဆန်လွန်းလှချည်လား..၊ နွေးဆိမှာတောင် ဒီလိုရင်ခုန်ဖွယ်ရာအပြုံးမျိုး သူ တစ်ခါမှ မမြင်ဖူးခဲ့တာလေ..။

"ခွင့်ပြုပါဦး .."

မင်းဈာန်က ခေါင်းညွှတ်နှုတ်ဆက်လိုက်ပြီး သူ့ပခုံးကိုပုတ်လျက် ခေါ်ချေပြီ..၊ အလို .. ဒီအလှပဂေးရဲ့ အလှရေယာဉ်ကြောမှာ သူ အဘယ်မျှ နစ်မျောသွားမိပါလိမ့်နော်..၊

"မင်းကွာ .. နည်းနည်းပါးပါး ကူနွေ့လေးတောင်မှ မဆည်နိုင်ဘူးလား"

"ဘာကိုလဲ .."





"အူလည်လည် လုပ်မနေနဲ့ .. ခုန ကောင်မလေးကိုကြည့်တာ မျက်တောင်မှ ခတ်သေးရဲ့လား ထင်ရာပဲ"

"အမှတ်တမဲ့ပါကွာ"

"အေးပါ .. အမှတ်တမဲ့ဆိုလည်း အမှတ်တမဲ့ပဲ ထားလိုက်တာကောင်းပါတယ်၊ ဒီထက်တော့ ပိုမလာစေနဲ့ .."

သန့်စင်ခန်းထဲမှာ လက်ဆေးနေကြရင်း မင်းဈာန်ကို သူ တအံ့တဩ ကြည့်လိုက်မိပါ၏။

ဘယ်လိုဖြစ်ပြီး သူ့ကို ဒီကောင် သတိပေး တားမြစ်နေတာပါလိမ့်..၊ ဘာကိုများ ကြိုမြင် ကြိုသိနေတာပါလဲ..။

"မင်း ဘာကိုဆိုလိုတာလဲ"

"အဲဒီကောင်မလေးကို သံယောဇဉ် မပိုမိစေနဲ့လို့ သတိပေးနေတာကွ"

"ဘယ်လို!.. ငါက .. အဲဒီကောင်မလေးကို .."

"အေး .."

"မဆိုင်လိုက်တာ"

"မဆိုင်ရင်တော့ အကောင်းဆုံးပေ့ါ နန္ဒရဲ့ .. မင်းအကြည့်တွေကို ငါ ကြိုမြင်နေလို့ တားရတာ"

"ဘာဖြစ်လို့လဲ"

"မင်းက ကောင်မလေးလှတာကိုပဲ ကြိုမြင်နေတာ မဟုတ်လား၊ သူ့နှုတ်ခမ်းပေါ်က မားသွားကိုတော့ မြင်မှမမြင်ဘဲ"

လက်သုတ်ရင်း မျက်မှောင်ကြုတ်သွားရပါ၏။ တယ်ဆိုတဲ့ ဖေါ်လား။ သူ့မနှုတ်ခမ်းထက်က မားသွားတဲ့လေ..၊ ဒီကောင်တော့ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန်အပြောတွေ ဘယ်ကနေဘယ်လို တတ်နေပါလိမ့်..။

"မင်းက ဘယ်လိုဖြစ်ပြီး ဘာသာပြန်တတ်နေတာလဲ"

"မြင်သာပါတယ် နန္ဒရဲ့ .. ငါလည်း ဒီလောက်တော့ မိန်းမတွေကို လေ့လာတတ်ပါတယ်..၊ သူ့မျက်လုံးအကြည့်မှာရော နှုတ်ခမ်းမှာပါ အဓိပ္ပာယ်ဖော်လို့ ရနိုင်တာပဲ"

"ဘာတဲ့လဲ .."

"မာယာလေ"

"ဟာ!..."

"အဲဒီအန္တရာယ်ကို မင်း မမြင်ဘူး မဟုတ်လား..၊ တို့ သုံးလေးယောက် အတူတူရှိနေပါလျက် မင်းကိုမှ ကွက်ပြီး ကျေးဇူးတင်နေကတည်းက မဟုတ်တော့ဘူးဆိုတာ သိသင့်တယ်"

ကြည့်ပါဦး .. သူ့သူငယ်ချင်းဆီမှာ ဘယ်တုန်းက ဒီ Jealous တွေ ရှိနေတာပါလိမ့်။ ဆေးကျောင်းအတူတက်ခဲ့တဲ့ကာလ တစ်လျှောက် ဒီလိုမျိုး မပြောခဲ့ဖူးတဲ့အပြောက အခုမှ ထပေါ်လာရတယ်လို့။

အင်း .. ဟိုကောင်မလေးကိုများ စိတ်ဝင်စားသွားလို့များလား။ ဖြစ်နိုင်တာပေါ့..၊ အဲဒီကောင်မလေးဆီမှာ ဘာမှန်းမသိတဲ့ အလင်းရောင်တွေ ဖြာထွက်နေတာလေ..။

"မင်း သူ့ကို စိတ်ဝင်စားလို့ ဒီလိုပြောတာလား မင်းချာန်"

"ဟာ!... မင်း ဘယ်လိုပြောလိုက်တာလဲကွ"

"ဟုတ်တယ်လေ .. ကောင်မလေးဆီမှာ ဒီလောက်အဖြစ်ကင်းတဲ့ အလှတွေရှိနေလို့ ဘယ်သူမဆို အနည်းနဲ့အများတော့ စိတ်လှုပ်





ရှားမိကြမှာပဲ၊ ဒါကို ငါ နားလည်ပါတယ်..၊ သူငယ်ချင်း အချင်းချင်း ပဋိပက္ခဖြစ်ဖို့ မလိုပါဘူးကွာ"

မင်းချာန်က သူ့ကို တစ်ခါမှ မမြင်ဖူးသည့် လူတစ်ယောက်ကို ကြည့်နေသလိုမျိုးဖြင့် ကြည့်နေလေ၏။ ကဲ .. ကွက်တိထိသွားတာပဲ မဟုတ်လား..၊ ပညာတူ ဂုဏ်တူ ရုပ်ရည်လည်း ယှဉ်စရာမလိုအောင် တူပါလျက် စိတ်ဓာတ်က မဆိုစလောက်လေး သေးသိမ်သွားပါလား သူငယ်ချင်းရယ် ..၊

"နန္ဒ .. မင်းထင်တာ မှားနေပြီနော်၊ ငါက စေတနာနဲ့ ပြောနေတာကွ"

"အေးလေ .. မင်းစေတနာကို ငါ နားလည်တယ်ဆိုရင် ပြီးရော မဟုတ်လား"

"နေဦး .. နေဦး .. ငါ ရှင်းအောင် သေချာပြောဦးမယ်"

"အချိန်မရှိဘူး မင်းချာန် .. ငါတို့အလုပ်တွေရှိနေတာ မင်း သိရဲ့သားနဲ့"

"နန္ဒ .. ငါ မင်းကောင်မလေးကို မကြိုက်ဘူးကွ၊ အထင်မလွဲနဲ့.."

"အေးပါ .. ငါကရော ဘာပြောနေလို့လဲ..၊ ငါ့ကောင်မလေးလို့ ပြောရအောင်လည်း သူနဲ့ငါက အခုထိ ရင်းနှီးမှုမရှိသေးတဲ့ သူစိမ်းသက်သက်ပါ"

"မဟုတ်သေးဘူးနော်"

သူ မင်းချာန်လက်မောင်းကို ဖတ်ခနဲ အသာပုတ်လိုက်ပြီး သန့်စင်ခန်းထဲမှ ထွက်လာခဲ့ပါ၏။

မိန်းကလေးတစ်ယောက်နဲ့မှတ်သက်ပြီး သူငယ်ချင်းနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခုပြီး စကားများကြတာ သဘာဝမှ မကျတာနော်..။

"ဒေါက်တာ .."

"ဟင်!..."

Corridor အရောက်မှာ အနောက်မှလိုက်ခေါ်နေသည့် အသံ ကြောင့် လှည့်ကြည့်လိုက်မိ၏။

ကဲ.. ဘယ်သူ ဘာပြောဦးမှာလဲ ..၊ မင်းချာန် တားမြစ်နေတဲ့ကြား က သူ့နောက်မှာ ကောင်မလေးက လိုက်ပါနေတော့တာလေ..၊

"ဟိုလေ .. အန်တီလေးက ပြောခိုင်းလို့ပါ၊ ဒေါက်တာ့ကို ကျေးဇူး တင်လွန်းလို့ တစ်ခုခု လိုက်ကျွေးပြီး ပြုစုပါရစေတဲ့ .."

"နေပါစေ"

"အဲဒီလို မလုပ်ပါနဲ့ ဒေါက်တာရယ် .. မေမေ့အသက်ကို ကယ် ပေးလို့ နေခြည်တို့က ကျေးဇူးအရမ်းတင်နေတာကို အသိအမှတ်ပြု အနေနဲ့ လက်ခံစေချင်ပါတယ်"

ဟော .. ခုနက သူမအခေါ် ခေါ်လိုက်တာ 'လင်းလင်း'ဆိုတာ ပဲ..၊ အခု သူမ နှုတ်ကထွက်သည့်အမည်က 'နေခြည်'တဲ့လေ..၊ ဘယ် ဖြစ်ပြီး နာမည်အမျိုးမျိုး ဖြစ်နေတာပါလိမ့်..။

"မင်းနာမည်က..."

"ရှင်!... ဪ .. နေခြည့်နာမည်က နေခြည်လင်းလက်ပါ ဒေါက်တာ"

အလို .. အဘယ်မျှ ကဗျာဆန်လိုက်တဲ့ နာမည်လေးပါလိမ့် နာမည်ကို ကြားရုံမျှဖြင့် တစ်ကိုယ်လုံး နေရောင်ဖြာကျလာသလို နွေးထွေးထွေးလေး ဖြစ်သွားတာ အမှန်ပါလေ..။





"ဒေါက်တာ့ နာမည်က ..."

Name brooch ကို မျက်လုံးရွေ့ကြည့်လိုက်ပုံက တမ်မျိုးလေး ကြည့်ကောင်းနေပါ၏။ မဖြစ်သေးပါဘူး .. လူနာရှင် မိန်းကလေးနဲ့ စကားပြောပြီး စိတ်သာရာရှိနေမိရင် သူ့တာဝန်တွေ လစ်ဟင်းကုန် တော့မှာလေ..။

"ကိုယ် .. နေနန္ဒနိုင်ပါ နေခြည်၊ လောလောဆယ် duty ချိန်တွင်း မို့လို့ မင်း တောင်းဆိုတာကို မလိုက်လျောပေးနိုင်တာကို နားလည် ပေးပါ"

"ဟုတ်ကဲ့ .. ဒါဆိုလည်း နောက်တစ်ခါဆိုရင်တော့ မငြင်းရဘူး နော်၊ ဒါပဲ .."

လက်ညှိုးလှလှလေးထောင်လျက် ပြောလိုက်ပုံကိုက Style ကျ လှပါ၏။ နှုတ်ခမ်းလေးကို စူတူတူလေး လုပ်လိုက်ပုံကိုက အသည်း ယားစရာ ကောင်းနေလေသည်။ မျက်လုံးလေးထောင့်ကပ်ကာ ကြည့် ပြောနေတာမို့ သူ ပြုံးပြလိုက်မိပါ၏။

"နော် .. လို့ .. နေခြည့်ကို ကတိပေးဦးလေ ဒေါက်တာရဲ့"

"OK.."

ခေါင်းညိတ်ကာ ပေးလိုက်ရသည့်ကတိကြောင့် သူမထံမှ နှင်းဆီ ငုံလေး ပွင့်အာလာလေ၏။

လှလိုက်တဲ့ အပြုံးလေးပါလားနော်..၊

နေ့လယ် duty တစ်ထောက်နားစဉ် ရုံးခန်းထဲသို့ သူ ဝင်လာခဲ့ပါ ၏။ မင်းချာန်က သူ့စားပွဲဘေးရှိခုံမှာ မှန်ကုပ်ကုပ်မျက်နှာဖြင့် ထိုင်နေ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ဟာလေ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက ချာတိတ်ပေါက်စလေးလို မျက်နှာအမူအရာကို မထိန်းတတ်သေးပါလား။

သူနဲ့ နည်းနည်းပါးပါး စကားများရုံနှင့် မျက်နှာက ပြင်မရအောင် ပျက်နေတော့တာလေ..၊ ဒေါက်တာ ဝါဝါသိမ့်က duty Roster ကို လှမ်းရင်း လှမ်းပြောလိုက်လေ၏။

"ဒီ Sunday ဝါနဲ့ Night duty ဆင်းဖို့ အလှည့်ကျတဲ့ သူက မင်းသားဖြစ်နေပါရောလား"

"ဘယ်က မင်းသားတုန်း ဝါရဲ့"

"ဒီဆေးရုံရဲ့ ခေါင်းဆောင်မင်းသားကို ပြောတာပေါ့ နရဲ့ .. မသိဘူးလား"

"သြော် .. ကိုနန္ဒကို ပြောတာလား"

စနောက်လိုက်တာဖြစ်ပေမယ့် သူက မင်းချာန်ကို အမှတ်တမဲ့ဖြင့် ကြည့်လိုက်မိလေ၏။ မင်းချာန်က စားပွဲထက်ရှိ ပစ္စည်းတွေကို ဟိုဒီရွှေ့ကာ အလုပ်များဟန် ပြုနေပါသည်။ သူ့ကို ခေါင်းဆောင်မင်းသားလို့ တင်စားတာကိုရော ဒီကောင် ကျေနပ်ပါရဲ့လား ..၊

"Saturday ကရော ဝါ"

"အင်း .. စနေနေ့က တို့ Second မင်းသားနဲ့ ဟင်း .. ဟင်း ဟိုဘိုမရုပ်လေးတော့"

"ဘေဘီဖြင့် ဘေဘီလို့ ရှင်းရှင်းပြောလည်း ရပါတယ် ဝါဝါရယ်.. ဘာလို့ အစ်အောက်ရယ်နေရတာလဲ"

"ဟောတော် .. ယူ့ကို Second မင်းသားလို့ ခေါ်တာ မကြည်တဲ့သဘောပေါ့လေ၊ ဘေဘီနာမည်ကို ကြားမှ ဖြစ်မှာလား ကိုချာန်"





"ဟာ!... တိုးတိုးဗျ .. ဟိုက ဝင်လာလို့ကြားသွားရင် ဘယ်ကောင်းပါ့မလဲ..၊ မင်းတို့ကတော့လေ .. လူတစ်ဖက်သားကို အရွှန်နဲ့ မ,ဖို့ပဲ ပြင်နေ"

"ဘာဖြစ်လဲ .. ကြားသွားလည်း နားဖောက်ပြီးသား ဖြစ်တာပေါ့ ကိုချာန်ရဲ့ .. ကိုချာန်ပြောရမှာတောင် သက်သာသေးတယ်၊ မဟုတ်ဘူးလား နရယ်"

"အေးလေ ဒီလောက်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးကို မကြိုက်ဘူးလား..၊ ပြော .. ဆေးရုံတစ်ခုလုံးက ကိုချာန်နဲ့သူ့ကို အတွဲညီပြီးမဲပေးထားတာကိုများ ကြေးကများသေး"

မင်းချာန် တရှုံးရှုံးဖြစ်လာတော့၏။

သူက ဘာပြောပြော သည်းခံပြီး ငြိမ်နေတတ်သူမို့ ဘယ်လိုတွဲစနောက်တော့ ရိုးသွားကြတာပင်..။ ဒီကောင်ကတော့ နည်းနည်းလေးမှ အစမခံနိုင်သည့် အထိမခံ ကြွေပန်းကန်ပေကိုး ..၊

"မကြိုက်ပါဘူး .. အဲဒါကိစ္စကြိုက်ရမှာတုန်း၊ မျက်လုံးက ဝိုင်းဝိုင်း၊ နှာခေါင်းကချွန်ပြီး ကော်ပတ်ရုပ်နဲ့ပဲတူတဲ့ဟာ ..၊ ဘာမှ ချစ်စရာမကောင်းဘူး"

"ဟယ် .. ဝါတို့သူငယ်ချင်းကိုများ မှိုချိုးမှစ်ချိုး ပတတ်ချိုး ပြောရတယ်လို့၊ အဲဒီ ကိုချာန်က တကယ်ပဲ"

"အေးလေ .. ဒါဆို ဘယ်လိုပုံစံမျိုးကြိုက်လဲ ပြော .."

"ဘယ်ပုံစံမှ မကြိုက်ဘူး"

"ဒါဆို မိန်းမတွေကို စိတ်မဝင်စားဘူးဆိုတဲ့ သဘောပေါ့လေ.. ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မိုဝါနော် .. နင်တို့သာ ဟိုမကျွဲဒီမကျွဲဟာတွေ သွားကြိုက်ကြ..၊ ဝါ့ကို လာခွဲမယည့်နဲ့"

အုန်းခနဲ ရယ်မောလိုက်ကြလေ၏။

မင်းမျှာနံတော့ အရာသန့်မတွေ ကြားထဲမှာ အလှောင်ခံသတ္တဝါ ဖြစ်သွားရပြီကိုး..၊

"အားလုံးပဲ .. ဒီနေ့ Canteen မှာ သွားစားဖို့ မလိုပါရှင်..၊ Patient ခေါ်လင်းလက်က ကျေးဇူးတင်တဲ့အနေနဲ့ Hotel ကနေ စားစရာတွေ မှာပေးထားပါတယ်လို့ သတင်းကောင်းပါးလိုက်ပါတယ်၊ ဟောဟိုဒါကတော့ ဒေါက်တာ နေမှုန့်ဖိုင်အတွက်ပါတဲ့"

သူစားပွဲပေါ် တင်ပေးလိုက်သည့် သစ်သီးခြင်းကြီးကြောင့် အာမေဋိတ်သံတွေ ထွက်လာတော့လေ၏။





[ ၀၆ ]

"သတင်းလေးဘာလေး သွားမေးမှ ကောင်းမှာပေါ့ သမီးရဲ့ .. ဘယ်ဆေးရုံလဲဆိုတာ သိရဲ့လား"

"ဟုတ်ကဲ့ .."

"ဗိုက်တွေဘာတွေခွဲရတာမျိုး မဟုတ်ရင် ဘာပဲဖြစ်ဖြစ် စားလို့သောက်လို့ရတယ်လေ..၊ သမီးရဲ့ကြီးကြီးကို မေးပြီး သယ်သွားပေးလိုက်ပေါ့"

အဲဒါတော့ မေမေပြောမှ သိမှာလားလို့ ..၊ နွေးက မေမေများလိုက်နိုင်မလား စကားခေါ်နေတာကို အခုတော့ လှလှပပလေး ရှောင်သွားတာလေ..။ နွေးတစ်ယောက်တည်းသွားလို့ ဘယ်ကောင်းပါ့မလဲ..။ သူ ရှိနေ တဲ့ဆေးရုံကို နွေးက မိန်းကလေးဖြစ်ပြီး အကြောင်းမရှိ အကြောင်းရှာပြီး ရောက်လာတယ်ထင်သွားလို့ကတော့ဖြင့် တစ်သက်လုံး ဆည်ထားခဲ့တဲ့ ဣန္ဒြေသိက္ခာတွေ ဒလဟောကျကုန်ပြီပဲ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ပြောစရာရှိတာ ပြောပြီးပြီပဲ..၊ ခုထိ မသွားသေးဘူးလား နွေး"

"နွေး တစ်ယောက်တည်း သွားရမှာလား"

"တစ်ယောက်တည်း မသွားချင်လို့ ဘယ်နှစ်ယောက် သွားချင်တာလဲ..၊ မေမေနဲ့ ဖေဖေက ငြင်းလို့မကောင်းတဲ့ မင်္ဂလာပွဲကို တက်ရမှာ..၊ နင့်ကြီးကြီးက ခုမှ နာလန်ထကာစ လူမမာ .. လုံးချစ်က အနီးကပ် စောင့်ကြည့်နေရတယ်၊ အောင်အောင်က စာပေးပွဲဖြေနေရပြီကဲ .. ဘယ်သူ့ကို အဖော်ခေါ် ချင်သေးလဲ ပြော..၊ ဒီအရွယ်ဖြင့် ရောက်နေပြီ ခုထိ လူက ကြောက်နေတုန်း၊ ခက်ပါပြီ .. မိနွေးရယ်"

ကဲ .. ခုတော့ အဆူခံရတာပဲ အဖတ်တင်တာပါလား..။

ပါ့ကိုက လျှာရှည်တာ.. ကိုယ့်ဘာသာ ယူစရာရှိတာယူပြီး ထွက်သွားရင် ရောက်လောက်ပြီ..။ ခုတော့ တစ်ယောက်တည်း မသွားချင်လို့ စကားရှည်တာနဲ့ အဆူခံရပါလေရော..။

"မေမေကလည်း အန်တီလင်းလက်တစ်ယောက်လုံး ဆေးရုံရောက်နေတာကို သတင်းလေးဘာလေး မေးဖို့မရှိဘူး"

"ဟဲ့!.. မအေကို လာအပြစ်တင်နေပြန်ပြီ၊ လင်းလက်လို မအေ ဒီမအေက ဘူသလား ပြန်ဆန်းစစ်ကြည့်ဦး ..၊ လူဆိုတာ သတိနဲ့နေ တရားနဲ့ပါ နေရတယ် သမီးရဲ့ .. ရှာနိုင်တုန်းအရွယ်မှာ သမီးအတွက် မပူမပင် မတောင့်မတ မကြောင့်မကြ နေနိုင်စားနိုင်ဖို့ တရားသဖြင့် ရှာကျွေးနေတာ၊ ဘုရားတရားကို လုံးလုံးလျားလျား အချိန်ပေးပြီး မလုပ်နိုင်ပေမယ့် လမ်းသွားရင် သမ္ဗုဒ္ဓေကို အမြဲမပြတ် ရွတ်မှတ်နေတဲ့ လူပါ..၊





နင့် နေခြည်တို့သားအမိတွေလို လပ်လျားလပ်လျားနဲ့ Club တက်နေတဲ့ အစားမျိုး မဟုတ်ဘူး..၊ သေကောင်ပေါင်းလဲ အခြေအနေကို လွန်ပြီဆိုရင် တော်ရောပေါ့၊ လူနဲ့ သတင်းသွားမမေးနိုင်ပေမယ့် Phone ဆက်ပြီးတော့ မေးပေးရင် ပြီးရော မဟုတ်လား သမီးရဲ့"

'သူတစ်ပါးကို လက်တစ်ချောင်းထိုးမိလျှင် ကိုယ့်ကို လက်သုံးချောင်းက အလိုလို ထိုးမိလျက်သား ဖြစ်နေ၏'ဟု မေမေ ပြောဖူးတဲ့ အတိုင်း စကားကို အတတ်နိုင်ဆုံး ဆင်ခြင်ပြောလိုက်ပေမယ့် Club တက်တဲ့တစ်ချက်ကတော့ အမှန်ပြောလိုက်တာပင်..။

နွေးကို နေခြည်နှင့် Shopping ထွက်တာလောက် သူငယ်ချင်း မွေးနေ့ပွဲ သွားတာလောက်ကို ခွင့်ပြုတာဖြစ်ပေမယ့် ဒီလို ပါတီတက်မယ့်ကိစ္စမျိုးကိုတော့ဖြင့် မေမေ တားဖို့မလိုအောင်ပင် တမင် နွေး ရှောင်ရှားတတ်ပါသည်လေ..။

"အသက်အရွယ်ကို မထောက်၊ driver ကို မမောင်းခိုင်းဘဲ အခုလို ဖြစ်သွားတာ ဘယ်လောက် ကြောက်စရာကောင်းလိုက်သလဲ..၊ ဒါကြောင့် မေမေတို့လည်း သမီးကို ကားမောင်းမသင်ခိုင်းတာပဲ ကြည့်..၊ အိမ်ကကား စီစဉ်မပေးနိုင်တောင်မှ Taxi တွေ ပေါပါဘိသနဲ့..၊ ကားမောင်းတဲ့သူကို ရွေးပြီးသာ တားပြီးစီး၊ အန္တရာယ်ကင်းပါတယ် သမီးရယ် .. နို့ .. နေပါဦး၊ သမီးသွားရမှာ ဘယ်ဆေးရုံလဲ .."

အခုမှ လိုရင်းပြောချင်တာကို ရောက်တာပါလား..၊

စုပုပ်ပုပ် နှုတ်ခမ်းများက ဘာမှ ထွက်မလာတာမို့ နွေးကို မွေးထားသည့် မေမေက မပြောဘဲ အလိုလို သိသွားတော့၏။

"သြော်.. သားနန္ဒတို့ ဆေးရုံလား..၊ အကောင်းပဲ... အဲဒီမှာ သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် သမီးမွေးနေ့ကို တစ်ခါတည်း ဖိတ်လာခဲ့ချေ"

"မေမေကလည်း တစ်ခါမှ မလုပ်ဖူးတဲ့ မွေးနေ့ကို ထူးထူးဆန်းဆန်းလုပ်မယ်လို့..၊ ပြီးတော့ ဆေးရုံမှာ သူက duty နဲ့မို့ နွေးနဲ့တွေ့ချင်မှ တွေ့မှာ .."

"အမယ်လေးဟဲ့ .. နင့်ကို ကျားမြီးပြေးဆွဲခိုင်းတယ် ထင်ပြီး အကြောက်အကန်ငြင်းနေတာလား မိနွေးရယ် .. Round လှည့်နေတာ မဟုတ်ရင် Office ထဲမှာ ရှိလိမ့်မပေါ့..၊ ပြောဖြစ်အောင် ဝင်ပြောခဲ့၊ မနက်ကို သံဃာငါးပါးဆွမ်းကပ်မှာပါလို့ သေသေချာချာ ပြောခဲ့ချေ၊ ငါ Phone ဆက်မေးလို့ နင် မပြောဘူးဆိုလို့ကတော့.."

"ပြောမယ် .. ပြောမယ် .. ဒါပဲမဟုတ်လား"

"ရေမိုးချိုး သပ်သပ်ရပ်ရပ် ဝတ်သွားဦး..၊ တော်ကြာ လူမဆာ ထက် နင့်ပုံစံက ညှဉ်းသိုးသိုးဖြစ်နေမှ မိဘတွေ သိက္ခာကျမယ်"

လာပြန်ပြီ ဒီသိက္ခာ ..၊ ဘယ်တော့မဆို နှုတ်ဖျားက မချတမ်းပြောတဲ့ သိက္ခာနဲ့အညီ နေသားကျနေပေမယ့် တစ်ခါတရံတော့ စိတ်ကျဉ်းကျပ်ရတာ အမှန်ပင်..၊

နွေးလည်း လှုယယ်ပီပီ ရယ်တဲ့အခါမျိုးမှာ ဘာကိုမှ မထိန်းချုပ်ဘဲ တဟားဟားနဲ့ လွတ်လွတ်လပ်လပ်လေး တစ်ခါလောက် ရယ်လိုက်ချင်ပါရဲ့..။

အဲဒီလို ရယ်လိုက်မိလို့ကတော့ နီးရာလူဖြစ်တဲ့ (မေမေနဲ့ ကြီးကြီး) က ခေါင်းခေါက်၊ ဗိုက်ခေါက်လိမ်အလုပ်ကို လုပ်တော့မှာကိုး..။

မေမေပြောသလို အသွားမဆင်ခြင်တဲ့သားတော့ လှုမှုရေးက ရှိသေးတာမို့ မသွားမဖြစ် သွားရဦးမှာလေ..။





ကြီးကြီးကို မေးတော့ ယူသွားသင့်တာကို စာရွက်နဲ့ ရေးခိုင်းတာမို့ လမ်းမှာ ဝယ်ပြီးမှပဲ ဆေးရုံကို ရောက်တော့မှာပါပဲ..၊

ရေမိုးချိုးပြီး ထုံးစံအတိုင်း ကျစ်ဆံမြီးကျစ်ကာ မေမေ့ကိုရှဲ့ပြီး သနပ်ခါးပါးကွက်ကို ခပ်ကြီးကြီး ကွက်လိုက်မိ၏။

ကဲ .. ဒါဆိုရင်တော့ ညှဉ်းသိုးသိုးရုပ် မဟုတ်မှန်း မေမေ သိပေါ့နော်..။ လူကြားထဲ သွားရမှာမို့ blouse အပြာနုရောင်လေးနှင့် လုံချည်ကို နက်ပြာခံမှာ အပြာစင်းလေးတွေပါသည့် အပျော့သားကို ရွေးဝတ်လိုက်ပါ၏။

သူ့ရှေ့မှာ ဖြစ်သလို ဝတ်ပြချင့်ပေမယ့် တခြားသူစိမ်းတွေရှေ့မှာတော့ ကျွန်မကို အထင်သေးတာမျိုး မဖြစ်စေလိုပါချေ။ မှန်ထဲကြည့်မိစဉ် ကိုယ့်ကိုယ်ကိုယ် ပြုံးလိုက်မိပါ၏။ အခုမှ မြို့သူကို တုထားတဲ့ တောသူမလေးနဲ့ တူသွားတာကိုး..၊

"ဟဲ့!... အမယ်လေး .. လေး .. အဲဒါ ဆေးရုံသွားမယ့်ပုံစံလား၊ မျက်နှာက ကျောက်ပျဉ်ပေါ် မှောက်လျက်လဲ ကျလာသလိုပုံစံနဲ့ လူးထားသေးတယ်၊ ခုချက်ချင်း ဖျက်စမ်း .."

လေကားမှ ဆင်းဆင်းချင်း မြင်လိုက်သည့် မေမေ့စကားကြောင့် သွားကာနီး စိတ်ခုရပါ၏။ ရေချိုးတော့မယ့်ဟာ ချိုးတာမဟုတ်ဘူး၊ ကျွန်မကို မြင်လိုက်ရသေးတယ်လို့ ..။

"မေမေကလည်း သနပ်ခါးလူးထားတာပဲဟာကို"

"ဘာလူးရမှာလဲ .. ဒါ နင်သက်သက် ငါ့ကို ရွဲ့တာမှန်း ငါ သိတယ်နော်"

"မေမေ့ခေါက်တာပေါက်စကား နွေးကို ဒီလို သနပ်ခါးအမြဲသား



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ လုတာတဲ့"

"ဘယ်တုန်းက ပြောတုန်း"

"ကြာပြီ .."

ဇဝေဇဝါနှင့် ယုံရခက်ခက်ဖြစ်နေသည့် မေမေ့ရှေ့မှ အသာလစ်လာခဲ့တော့၏။ Mart ထဲမှာ Ready ထည့်ထားပြီး ရောင်းသည့် ပေါလစ်တွေ၊ မိုင်လိုတွေ တစ်ခြင်း..၊ နောက် သစ်သီးခြင်းတစ်တောင်းကို အဆင်သင့်သလို ဝယ်လျက် Taxi ဖြင့် ထွက်လာခဲ့ပါသည်။

ခြင်းနှစ်တောင်း ကိုးယိုးကားယားဖြင့် ရုံးခန်းထဲ သူ့ကိုလာဒိတ်တဲ့ ပုံပျက်ပန်းမကျ ကောင်မလေးကို သူနဲ့သက်ဆိုင်တဲ့သူပါလို့ ဒီဒေါက်တာ မိတ်ဆက်ဖို့မှာလား ..၊

ဝေးပါသေးရဲ့ .. လူကို မြင်တာနှင့် နှာခေါင်းရှုံ့ပြီး မျက်နှာလွှဲမသွားရင်တောင်မှ ကံကောင်းပါလေ..။

ဆေးရုံဝင်းထဲ Taxi ရပ်ကာ ကားခရှင်းပေးလိုက်ပါ၏။ ဆေးရုံထဲဝင်ခဲ့ပြီး Reception မှာရပ်ကာ လူနာ List မေးရန် ပြန်လိုက်ပါသည်။ နေဦး .. သူ ရှိမရှိ အရင်စုံစမ်းဖို့ လိုအပ်တာပဲလေ..။

"ဘာများ ကူညီပေးရမလဲရှင်"

"သြော် ... ဟို သုံးရက်လောက်က ကား Accident ဖြစ်ပြီး ရောက်လာတဲ့ အန်တီဒေါ်လင်းလက် ဘယ်အခန်းမှာရှိလဲ သိချင်လို့ပါရှင်"

"ခဏလေးနော်"

Staff လေးက Computer ထဲမှာ လူနာ List ကို စစ်ပေးနေစဉ် ကျွန်မ ခြေဖျားထောက်ကာ တီးတိုး လှမ်းမေးလိုက်မိပါ၏။





သူ့ကိုမေးတာ သူသိလို့ မဖြစ်ဘူးကိုး..၊

"ဟိုလေ .. ဒေါက်တာ နေနန္ဒနိုင်ရော အခု ရှိနေသလားဟင်"

အမျိုးသမီးလေးမျက်နှာက ပြုံးမြမြ ဖြစ်သွားတာမို့ ကျွန်မကို လှောင်ချင်သလိုနှယ် အမိပွာယ်သက်ရောက်သွားပါ၏။

ကြည့်စမ်း .. လူကိုများ ဆရာဝန်ကို လာပိုးနေတဲ့ မနူးမနပ် ကောင်မလေးလို့ ယူဆသွားပုံမပါပဲလား ..၊ မကျေနပ်ပါဘူးနော်..။

"ဒေါက်တာ ဒီနေ့ Night duty မို့ ညနေ ၆ နာရီမှ duty ဝင်မှာပါ"

"သြော် .. ဟုတ်ကဲ့"

"ရပြီ .. ဒေါ်လင်းလက်က Third Floor က Room Number 303 မှာပါရှင်"

"ကျေးဇူးပါပဲ"

"Lift နဲ့ပဲ တက်သွားရင် ရပါတယ်"

"ဟုတ်ကဲ့ .."

လူကို တောသူထင်မှတ်ပြီး သေချာ ညွှန်ပြလေသလား..၊ ဘာပဲဖြစ်ဖြစ် အခုလို ကူညီတာကိုပဲ ဝမ်းသာရမှာပါလေ..။

ကြမ်းထက်ချထားသည့် ခြင်းနှစ်တောင်းကိုကိုင်၍ လှည့်လိုက်စဉ် duty coat ဖြူဖြူလေးဝတ်ထားသည့် ဆရာဝန်လေးက ကျွန်မကို ပြုံးပြလိုက်တာမို့ တအံ့တသြ ဖြစ်သွားရပါ၏။

ဘုရားရေ .. နွေးကိုများ သိတဲ့လူလေလား..။

"အန်တီ ဒေါ်လင်းလက်ဆီကို လာတာလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"အို .. မဟုတ်တာ၊ နေပါစေ"

"ကျွန်တော်လည်း အခုပဲ သူ့ကိုသွားကြည့်မှာမို့လို့ပါ၊ ခြင်းတွေ လေးတယ် မဟုတ်လား၊ ကူသယ်ပေးပါရစေ"

အားနာလိုက်တာနော်..၊ ဝတ်ထားတဲ့ Uniform ကိုမှ မထောက်ဘဲ ကျွန်မလက်ထဲမှ ခြင်းတွေကို ကူသယ်ပေးရန် ပြင်လိုက်တာနဲ့ ခေါင်းခါပြီး ငြင်းလိုက်မိပေမယ့် ပုလင်းတွေပါလာသည့် ခြင်းအလေးကြီးက သူ့လက်ထဲသို့ ပါသွားချေပြီ..။

ကဲ .. နွေးရေ .. ဟိုဒေါက်တာ မကူညီပေမယ့် အလိုက်တသိ ကူညီချင်တဲ့ ဆရာဝန်နဲ့တော့ လာတွေ့ဆုံလိုက်တာပဲကိုး..။

Lift ထဲဝင်တော့ ထိုဒေါက်တာက ကျွန်မ သွားရမည့်အထပ်ကို ပင် နံပါတ်နှိပ်လိုက်လေ၏။

အရပ်အမောင်းရော မျက်နှာပါ ယောကျ်ားပီသသည့် ဆရာဝန်လေးကို စိတ်ထဲမှ အမှတ်ပေးလိုက်မိလေ၏။

"ကျွန်တော့်နာမည် မင်းရာနိုထူးပါ"

"ရှင်!... ဪ .. ဟုတ်ကဲ့ပါ ဒေါက်တာ"

"ဒီက နာမည်ကရော .."

ကျွန်မ ပြုံးချင်ချင် ဖြစ်သွားရပါ၏။ ဘယ့်နှယ် ဒီရှက်ကြမ်းရေကျ ရုပ်ကို ခင်မင်ရင်းနှီးချင်နေတာပါလိမ့်နော်..။

မေမေ ဖျက်ခိုင်းပေမယ့် မဖျက်ဖြစ်လိုက်သည့် သနပ်ခါးပါးကွက် က နွေးမျက်နှာထက်မှာ တင်းပြီး ထူလပိန်း ဖြစ်နေတာလေ..။

"နွေးပါ ဒေါက်တာ"





"တစ်လုံးတည်းလား"

"ဟုတ်ကဲ့အင်း .. နှစ်သိမ့်နွေးပါ"

"လှလိုက်တဲ့ နာမည်လေးပါပဲလား"

'လူကတော့ မလှဘူး မဟုတ်လား' ဟု အငေါ်တူးပြီး မေးလိုက်ချင်ပေမယ့် သူ့စိမ်းမို့ မပြောဖြစ်လိုက်ပါလေ..။

ဟုတ်တယ် .. အခုမှ နာမည်စ,သိကာစ သူစိမ်းနဲ့ ဒီလို တရင်းတနှီးကြီး ဘယ်ရောသင့်ပါမလဲ..။

"မနေခြည်နဲ့ အမျိုးတော်တာလား"

"မဟုတ်ပါဘူး .. ငယ်သူငယ်ချင်း ဒေါက်တာ"

"ဪ ... ဒါကြောင့် မတူတာကိုး"

ဘာမတူတာလဲဟု မေးစရာမလိုအောင် အသွင်မတူတဲ့ပုံစံကို ဤ ဒေါက်တာ မြင်နိုင်သည်ကိုး..၊

Lift က သုံးလွှာမှာ ရပ်သွားစဉ် တခြားသူတွေနှင့် အတူရောပြီး လိုက်ထွက်လာခဲ့ပါ၏။

"နေတော့ရော နီးသလား"

"ရှင်!..."

"မနေခြည်တို့နဲ့ အိမ်ချင်းနီးသလားလို့ မေးတာလေ"

ကဲ .. ဟုတ်ကို မဟုတ်တော့ဘူး..၊ ဒီဆရာဝန်လေးတော့ ကျွန်မ ကို နာမည်မေးရုံမျှမက လိပ်စာပါ သိချင်နေတာလေ..။

ကောင်းပြီ.. ရှင် သိအောင်လို့ ရှင့်ဘက်ကို ဦးလှည့်ပေးလိုက်ပြီ ဒေါက်တာနေနန္ဒနိုင် ရေ..။

"ဒီဆေးရုံက ဒေါက်တာနေနန္ဒနိုင်ကို သိပါသလား ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ ကျွန်တော့်သူငယ်ချင်းပဲလေ.."

"အဲဒါဆို သူ့ကို မေးကြည့်ရင် သိပါလိမ့်မယ် ဒေါက်တာ..၊ ကျွန်မ အိမ်က သူ့အိမ်နဲ့ နီးပါတယ်"

"ဟုတ်လား"

မျက်ခုံးပင့်ကာ ဝမ်းသာပုံပေါက်သွားသည့် ဒေါက်တာ မင်းဈာန်ထူးကို ကြည့်ရင်း သက်ပြင်းကို ခိုးရှိုက်လိုက်မိပါ၏။

ဘယ်ဘဝရေစက်ကြောင့်များ ဒီလိုဆရာဝန်တွေနဲ့ လာရင်းနှီးနေတာပါလိမ့်နော်..။

ဆေးရုံလေး တစ်ခါလာပြီး သူမဟုတ်တဲ့ တခြားဆရာဝန်နဲ့ ခင်သွားတာကို သူ့ သိရင် ကျွန်မကို ဘာပြောမှာပါလိမ့် ..၊





[ ၀၇ ]

"ဟော! ဘယ်သူများလဲလို့ သမီးနွေးပါလား"

အခန်းထဲ ဝင်ဝင်ချင်း ခုတင်ထက် ခပ်ထောင်ထောင်လေး လှဲနေသည့် အန်တီလင်းက ခရီးဦးကြိုပြုလေ၏။

နေခြည့်ကို မတွေ့သေးပါလား ..၊

မလာသေးဘူး ထင်ပါရဲ့..၊ အခန်းထဲမှာ လှနုသစောင့် Special Nurse တစ်ဦးသာ ရှိနေတာကိုး ..၊

"နေရတာ သက်သာပါရဲ့လား အန်တီ .. နွေးကို ညတုန်းကမှ နေခြည် Phone ဆက်ပြောမှ သိလိုက်ရလို့ အခုမှ လာကြည့်ဖြစ်တာပါ"

"ရပါတယ် သမီးရယ် .. သမီးလည်း ကိုယ့်အလုပ်နဲ့ကိုယ် အားတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေလည်း မအားလို့ လိုက်မလာဖြစ်တာမို့ နွေးကို ကိုယ်စား တောင်းပန်ခိုင်းလိုက်ပါတယ် အန်တီ"

"ကျေးဇူးပါပဲ သမီးရယ် .. အန်တီ နားလည်ပါတယ်"

ခြင်းတောင်းတွေကို စားပွဲခုံနှင့် ဗီရိုပုလေးပေါ် တင်ပေးလိုက်သည့် ဒေါက်တာ့ကို အန်တီလင်းက ဖော်ရွေစွာ ပြုံးပြလိုက်လေ၏။ သူတို့ကတော့ အတော်လေး ရင်းနှီးနေလောက်ပြီလေ..။

"ဒေါက်တာ တစ်ယောက်တည်းလား"

"ဟုတ်ပါတယ် အန်တီ .. ကျန်တဲ့လူတွေက Night ဆင်းရမှာမို့ ညနေ ၆ နာရီမှ ဝင်ပါလိမ့်မယ်"

"လောလောဆယ်ဆယ် လမ်းလျှောက်လို့ မရသေးဘူးပေါ့နော်"

"ဟုတ်တယ် သမီးရဲ့ .. နှစ်လလောက် အိပ်ရာထဲမှာ နေရဦးမှာတဲ့ .."

"အမှုတွေဘာတွေ ဖြစ်သွားသေးလား အန်တီ"

"မဖြစ်ပါဘူးကွယ် .. အုတ်သယ်လာတဲ့ကားက လမ်းချော် ဝင်လာတာကို ရှောင်လိုက်ပြီး လမ်းဘေးက သစ်ပင်ကို ဝင်ဆောင့်မိသွားတာပါ..၊ အန်တီကလွဲပြီး ဘယ်သူမှ မထိခိုက်တာပဲ တော်လှပါပြီ"

ဒေါက်တာ မင်းချာန်ထူးက အခန်းထဲမှ ထွက်မသွားသေးဘဲ အန်တီ့ကို သွင်းပေးထားသည့် Drip ပိုက်ကို စစ်ဆေးသလို လုပ်နေတာမို့ Nurse မလေးက ရိပ်မိသွားပုံဖြင့် ပြုံးမြမြလေး ဖြစ်သွားလေ၏။

ကြည့်ရတာ နွေး မပြန်မချင်းများ ဒီမှာ ရှိနေဦးမှာများလား ..။

"ဒေါက်တာ မပြန်သေးဘူး မဟုတ်လားဟင်"

"မပြန်သေးပါဘူး နီနီ..၊ ဘာလဲ အပြင်သွားချင်လို့လား"





"ဟုတ်ကဲ့ ခဏလေးပါပဲ"

"ရပါတယ် သွားလေ ..၊ ဒီနေ့ Off ရမှာဆိုတော့ ဖြည်းဖြည်းမှ ပြန်လည်း ဖြစ်ပါတယ်"

"Thanks ပါ ဒေါက်တာ..၊ နီနီ Breakfast တစ်ခုခု သွားစားလိုက်ပါဦးမယ် အန်တီ..၊ အန်တီရော ဘာများ မှာချင်ပါသေးလဲ"

"နေပါစေ ဆရာမလေးရယ် .. အန်တီက မနက်က ညီမလာကျွေးသွားတဲ့ ကာတ်ကြေးကိုက်နဲ့ ဝနေပါပြီ၊ ဆရာမလေးသာ နားနားနေနေ သွားစားပါ"

"နီနီ နာရီဝက်လောက်ပဲ ကြာမှာပါ ..၊ ခဏလောက်ပဲ ခွင့်ပြုပါနော်"

ကဲ .. တမင်များ ရှောင်သွားလေသလား..။

ဟိုဆရာဝန်က စိတ်ချလက်ချဖြစ်သွားပုံဖြင့် နံမင် ယူထိုင်လိုက်တော့တာလေ။

ကျွန်မနှင့် မျက်နှာချင်းဆိုင်ထိုင်သလို ဖြစ်သွားတာမို့ စိတ်ခုလိုက်ချင်ပေမယ့် ဆရာဝန် ဟူသည့် သိက္ခာကိုငဲ့ကာ မချေမင် မလုပ်ဖြစ်ပါချေ..။

ငါ့နှယ်နော် ..၊ အဲဒီ သိက္ခာကို ငဲ့ငဲ့ပြီး ဆင်ခြင်ရတာတွေ တော်တော်များနေပြီပဲ ..။

"နွေးလည်း အန်တီဖို့ ဘာယူလာရမှန်းမသိတာနဲ့ ကြီးကြီး ပြောတဲ့အတိုင်းပဲ ဝယ်လာပေးဖြစ်တာပါ အန်တီ"

"ရပါတယ် သမီးရယ် .. သတင်းလာမေးတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ နေဦးမှာ မဟုတ်လား .. အိမ်ကကားနဲ့ လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း Taxi နဲ့ပဲ လာတာပါ အန်တီ"

"ဒါဆိုလည်း လင်းလင်းလာမှ အတူတူပြန်လေ သမီးရဲ့"

"ဟုတ်ကဲ့"

"ဒေါက်တာနဲ့ အတူတူဝင်လာတာဆိုတော့ သမီးတို့ သိပြီးပြီပေါ့"

"ဟုတ်ကဲ့ အန်တီ..၊ ဒေါက်တာက နွေးကို အန်တီရှိတဲ့အခန်း ဆီခေါ်လာပြီး ပိုင်းကူသယ်လာပေးလို့ အားနာနေတာ"

"သမီးသူငယ်ချင်း ဆိုပေမယ့် တူမလေးလို သမီးလေးလို အတူတူချစ်ရတာပါပဲ ဒေါက်တာရယ်..၊ လင်းလင်းထက် အများကြီးတော် ပြီး လိမ္မာရေးခြားရှိတဲ့ ကလေးပါ၊ အန်တီ့သမီးကတော့ ငွေဆိုတာ မိဘပိုက်ဆံအိတ်ထဲက လာတာ..၊ ဆန်ဆိုတာ ဆန်ပုံးထဲက ရှိတာလို့ မှတ်တဲ့ ကလေးလေ"

ဘာရယ်မဟုတ်ဘဲ ရယ်ဖြစ်ကြလေ၏။

လူနာက တားနေတာမို့ အားနာသမှုနဲ့ ထမပြန်ဖြစ်သေးပေ..။ နာရီက ၉ နာရီကို ညွှန်ပြနေချေပြီ ..၊ ကြည့်ရဟာ ဒီဆရာဝန် Night duty ထွက်တာပဲ ထင်ပါရဲ့ ..၊

"နွေးက ဘယ်ကုမ္ပဏီမှာ လုပ်တာလဲ"

"အမယ်လေး .. သူ့အဖေက သူ့သမီးလေးကို စိတ်မချလို့ဆိုပြီး အပြင်ထွက် အလုပ်မလုပ်စေဘူး ဒေါက်တာရေ..၊ အိမ်မှာပဲ ထား မယ့် အိမ်တွင်းစီးပွားရေးလုပ်ပြီး ငွေရှာတတ်တယ်ရှင့်"

"ဘာလုပ်တာလဲဟင်"

စပ်စုရန်ကောဟု ရန်လိုလိုက်ချင်ပေမယ့် သူ့ ဥပမိရုပ်ကြောင့် မလုပ်ဖြစ်ပါလေ ..။





"Plant deceration ပါ ဒေါက်တာ"

"ဟင်!... ဒါဆို ဟို .. အပင်တွေနဲ့ အရုပ်ပုံလှလှလေးတွေ လုပ်တာလား"

"ဟုတ်ပါတယ်"

"ဒါဆို မေမေ့ကို ပြောရဦးမယ်..၊ မေမေလည်း ခြံထဲမှာ အလှဆင်တာ အရမ်းသဘောကျတာ"

တွေ့သွားပြန်ပြီ အလုပ်တစ်ခုလေ ..၊

ဒီဒေါက်တာကတော့ဖြင့် သူ့လိုမျိုး နွေးကို မတူမတန်သလိုမျိုး ဆက်ဆံတာ မရှိပါလား။

ပြီးတော့ နွေးကို အိမ်ကမသိအောင် ရည်းစားထားတဲ့ ကောင်မလေးဆိုပြီး အထင်မှား အထင်သေးတာမျိုးလည်း မရှိတာကိုး ..။

"အဲဒါဆို နွေးကို ဘယ်လို ဆက်သွယ်ရမလဲဟင်"

စိတ်ထဲမှာ ကျိတ်ပြုံးလိုက်မိပါ၏။

ပညာသား ပါသားပါလား ..၊ Adress နဲ့ Phone နံပါတ်ကို မသိသိအောင် စုံစမ်းချေပြီကိုး..။

မထူးတော့ပါဘူး သိအောင် ရေးပေးလိုက်တာကမှ အေးတော့ မှာပါပဲ..။

"ဆိုင်နာမည်တို့၊ Hand Phone တို့ ရှိလား .."

"ဟင့်အင်း မရှိပါဘူး .. ဒေါက်တာ လိုတာမှာချင်ရင် နွေးတို့ အိမ် Phone ကိုပဲ ဆက်သွယ်ကြတာပါ..၊ တစ်နိုင်ပဲလုပ်တဲ့ အလုပ်မို့ Card တွေဘာတွေ လုပ်မထားပါဘူး။ ဒေါက်တာလိုချင်ရင် အိမ် Phone နံပါတ် ရေးပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"OK .. အဲဒါ အဆင်ပြေသွားတာပေါ့"

အိတ်ကပ်ထဲမှ Note book သေးသေးလေးနှင့် ballpen ထုတ်ယူ၍ လှမ်းပေးလိုက်သည့် ဒေါက်တာ့ထံမှ ကျွန်မ လှမ်းယူလိုက်စဉ် လက်ဖျားချင်းထိမိသွားရတာမို့ မျက်နှာခပ်နွေးနွေး ဖြစ်သွားရပါ၏။

ဖြစ်ပြန်ပြီ .. ဒီလိုသူစိမ်းယောကျ်ားတွေနှင့် အမှတ်မထင် ထိတွေ့သွားမိတိုင်း ကျွန်မ မျက်နှာပူရတဲ့ အဖြစ်လေ ..၊

အန်တီ့ခုတင်ဘေး စားပွဲမှာပင် ကျွန်မနာမည်နှင့် အိမ် Phone နံပါတ်ကို ရေးပေးနေစဉ် Nurse မလေး ပြန်ရောက်လာလေ၏။

"Sorry ကြာသွားလား ဒေါက်တာ"

"ရပါတယ် နီနီရဲ့..."

"ဒေါက်တာ ပြန်နားရင် နားတော့နော် .. တစ်ညလုံး တစ်ရေးမှ မအိပ်ရသေးတာကို နီပိစက်သလို ဖြစ်နေပြီ၊ အားနာလိုက်တာ"

"မလိုပါဘူး နီနီရယ် .. အချင်းချင်း ကူညီရတာပဲ၊ ဘာမှမဖြစ်ပါဘူး..၊ နွေး ပြန်ချင်ရင် ကျွန်တော့်ကားနဲ့ လိုက်ရင် လိုက်လို့ရပါတယ်နော် .."

ထင်တဲ့အတိုင်းပါပဲလား ..၊ အိမ်ပါသိချင်၍ လိုက်ပို့ဖို့ လမ်းကြောင်းပြန်ပြီကိုး..၊

သို့သော် ဤဒေါက်တာ ခေါ်ပုံက သူ့လို ပိုင်စိုးပိုင်နင်း ပုံစံမျိုးတော့ မပါဝင်ပါချေ..။

"ကျေးဇူးပါပဲ ဒေါက်တာ .. ကျွန်မသူငယ်ချင်းနဲ့ ပြောစရာရှိနေသေးလို့ မပြန်သေးပါဘူး၊ ဒေါက်တာ ပင်ပန်းနေမှာမို့ ပြန်နားရင် နားလိုက်ပါ"





"ဒါဆိုရင်လည်း ပြန်ပါဦးမယ်၊ ခွင့်ပြုပါဦး အန်တီ .. မနက်ဖြန်မှ တစ်ခေါက် လာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"Phone ဆက်လိုက်မယ်နော်" -

ကဲ .. ပြန်ခါနီး ပြောဖြစ်အောင် ပြောသွားသေးတဲ့ ဒေါက်တာပါပဲလား..။ အန်တီနှင့် ထွေရာလေးပါးပြောအပြီး အိပ်ဆေးအရှိန်ဖြင့် ပြန်အိပ်ပျော်သွားစဉ် နာရီက ၁၀ နာရီထိုးချေပြီ..။

Nurse မလေးနှင့်အတူ အန်တီ့ကို သက်သောင့်သက်သာ ဖြစ်အောင် ပြန်လှဲပြီး သိပ်ပြီးစဉ် နေခြည် ရောက်လာလေ၏။

"ဟယ်!... နင်ရောက်တာနဲ့ အတော်ပဲ၊ ငါ ပြောစရာ ရှိတယ်"

"ရှူး .. နင့်မာမီ အခုလေးတင်ပဲ အိပ်ပျော်သွားတာ၊ ပြောစရာရှိတာ နောက်မှပြော .."

နေခြည်က ထမင်းချိုင့်ထည့်လာသည့် ခြင်းကို စားပွဲထက်တင်ကာ ပြောလိုက်တာမို့ လေသံခပ်အုပ်အုပ်ဖြင့် တားလိုက်ရပါ၏။

မအေတစ်ယောက်လုံး သေကောင်းပေါင်းလဲဖြစ်တာကို ဆေးရုံလာတဲ့ Fashion က ခါတိုင်းလိုပင် မလျော့ပါလား ..၊

"မာမီနိုးတဲ့အထိ စောင့်မှာလား"

"မစောင့်ပါဘူး .. ထမင်းကျွေးဖို့ နင့်ဘာသာနင် စောင့်ပါလား၊ ငါ့အိမ်မှာ လုပ်စရာတွေ ရှိတယ်၊ ပြန်မှာ .."

"နင်ကလည်း ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေဦးမှပေါ့"

"မဖြစ်ဘူး နေခြည်ရဲ့ .. အိမ်မှာ ကြီးကြီးလည်း သိပ်နေကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသေးတာ မဟုတ်ဘူး"

"ညီမလေး ပြန်ချင်ရင် ပြန်လေ..၊ မမနီနီပဲ အန်တီ့ကို ထမင်း ကျွေးလိုက်ပါ့မယ်"

"အို .. ကျွေးဖူးတင်လိုက်တာ မမရယ် .. ဒါဆို နေခြည် ပြန်ဦး မယ်နော်..၊ မာမီနိုးလာရင် နေခြည် လာသွားတယ်လို့ ပြောပေးပါဦး"

"စိတ်ချပါကွယ်"

"လာ..."

ဝမ်းသာအားရပါပဲလား ..၊

ရောက်တာနဲ့ ပြန်လစ်ချင်နေတဲ့ သမီးအကြောင်းကို ခုတင်ထက် ပက်လက်ဖြစ်နေတဲ့ မအေသိရင်တော့ စိတ်ညစ်ရှာမှာပဲ..။

မပြောကောင်း မဆိုကောင်း မေမေသာ ဒီလိုဖြစ်နေရင် ကျွန်မ ညှာဖြူ စိတ်အေးနိုင်လိမ့်မည် မထင်..။

နေခြည်ဟာ ပေါ့ပျက်ပျက်နေတတ်တဲ့ နေရာမှာတော့ စံပြပါပဲ လား..။

"နှင့်အမေ တစ်ယောက်လုံး ဒီလိုဖြစ်နေတာကို လျှောက်လိမ့်လို့ မဝသေးဘူးလားဟယ်..၊ မနက်က အန်တီနှင်းစက် လာသွားတယ်၊ ခုချိန် နှင် တအောင့် စောင့်သင့်တာပေါ့"

"ကျစ်!.. မာမီ့အတွက် Nurse ငှားထားသားပဲ နှေးရယ်..၊ ရှိနေလို့လည်း ဘာလုပ်တတ်မှာမို့လို့လဲ"

ကဲ .. အဲဒီလိုမိန်းကလေးပါပဲ..။

ရောက်တာနဲ့ ထိုင်မင် မထိုင်တော့ဘဲ အခန်းထဲမှ ချက်ချင်းပြန် ထွက်လာသည့် သူမနှင့်အတူ ကျွန်မ ပြန်ဆင်းခဲ့ရလေ၏။





ကားရပ်ထားရာနေရာဆီ လျှောက်လာစဉ် နေခြည်က ကျွန်မ လက်မောင်းကို လှုပ်ရမ်းလိုက်ပါသည်။

"နှင့်ကို ငါ့ ကိုကိုဒေါက်တာနဲ့ မိတ်ဆက်ပေးမလို့ဟာ..၊ သူက Night duty ကျနေလို့ဟ"

"ဟင်!... ဒီဆေးရုံရောက်တာမှ လေးရက်လား ရှိသေးတာ..၊ ဘယ်ကဆရာဝန်ကို ကောက်ချိတ်လိုက်ရပြန်တာလဲ"

"ကျစ်!.. ဒီလိုပဲပေါ့ ဟင်း ... ဟင်း ... ဟင်း"

ကားသော့ကို ဝှေ့ယမ်းဆော့ကစားလျက် ပြောလိုက်ပုံက ပုရိသ တွေကို ဆွဲဆောင်နိုင်ပေမယ့် ကျွန်မကတော့ အမြင်ကပ်ပါသည်။

မထိတရိဟန်ပန်မျိုးဖြင့် သင်းမို့ ပြုံးတတ်ပါရဲ့..၊

"မအေ နေထိုင်မကောင်းဖြစ်တာကို ဂရုမစိုက်ဘဲနဲ့ ခက်ပါ့ နေ ခြည်ရယ် .."

"စိုက်ပါတယ်ဟဲ့ .. နှင်ကလည်း မြင်တာနဲ့ ငါ့ကို ဆုံးမဖို့က အရင် .."

"ကိုယ့်အမေကိုယ် ဂရုမစိုက် မပူပင်ရင် နှင် ဘာသွားပူမှာလဲ..၊ အန်ကယ့်ကို အကြောင်းကြားသေးရဲ့လား"

"အင်း ဒက်ဒီက လကုန်ပြီးမှ ပြန်လာလို့ရမှာတဲ့..၊ အဲဒါ တစ် ပတ်ပြည့်လို့ မာမီဆေးရုံဆင်းတဲ့နေ့ကျရင် ငါ့ကို လာဝိုင်းကူဦးနော်"

"အေးပါ"

အကူအညီတောင်းဖို့ကျ ကျွန်မကို သတိရရှာသားပါလား..။ ကား ပေါ်တက် မောင်းထွက်ခဲ့စဉ် ပြတ်လက်စ စကားကို သူမ ပြန်ဆက်ပြန် လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဌါ့ကိုကိုက သိပ် Handsome ဖြစ်တာဟ.."

"လာပြန်ပြီ .. ဘယ်နှစ်လတွဲမယ့် လူလဲ .."

"ဒီတစ်ခါ အတည်ပဲ"

"မယုံသေးဘူး .. ဌါ့ဆီ ဖိတ်စာလာကမ်းမှ ယုံပေးမယ်"

"အေးပါ .. အေးပါ .. ဌါ့ကို လှောင်ထားဦးပေါ့၊ မာမီ ဆင်းရတဲ့နေ့ကျ မိတ်ဆက်ပေးမှ မျက်လုံးပြူးပြီး မအံ့ဩမိစေနဲ့ဦး"

"Phone သာ ဆက်လိုက်ပါ နေခြည်ရယ်"

သက်ပြင်းကိုရှိုက်ကာ ပြုံးယောင်ယောင် မဲ့လိုက်မိသည့် မျက်နှာကို ကားပြတင်းပေါက်ဘက် လှည့်လိုက်ရပါ၏။

အပြောကလည်း ကြီးပါ့။ သူ့ကုန္ဒြေသိက္ခာနဲ့ နေနေတဲ့ ဆရာဝန်ကို အလကားနေ အထာပေးပြီး ဇာတ်လမ်းထွင်ရတယ်လို့ ..၊

အဲဒီဆရာဝန်အစား ရင်လေးနေမိတာကတော့ အမှန်ပါပဲ..၊

နေခြည်လင်းလက်ဖြာရဲ့ နံပါတ်စဉ် ၁၃ ပစ်မှတ်က ဘယ်သူများဖြစ်မှာပါလိမ့်နော်..၊





[ ၁၈ ]

"မသွားချင်ပါဘူး ဆိုနေမှ အတင်းကို့ လွှတ်နေတော့တာပဲ"

"ဟဲ့!.. ဟိုနေ့ကတည်းက ပြောခဲ့ပါဆိုတာကိုဖြင့် ဖြစ်မြောက်အောင် မပြောခဲ့ဘဲနဲ့များ။ သွား .. ကိုယ့်အပြစ်နဲ့ကိုယ် အိမ်တိုင်ရာရောက် သွားဖိတ်ချေ..၊ သန်ဘက်ခါပဲ မွေးနေ့ဆွမ်းကျွေးက လုပ်တော့မယ်..၊ သူက ခုထိ မပြောရသေးဘူး"

"မေမေ Phone ဆက်လိုက်လည်း ဖြစ်တာပဲဟာကို"

"မိန္နီးနော် .. Phone ဆက်ပြောမှတော့ မရှိမသေပြုရာကျတာပေါ့၊ ဆေးရုံမှာ နှစ်ယောက်သား ပတ်သက်မှုရှိတာ သိအောင်လို့ ဆင်ပေးပါတယ် အသုံးကို မကျဘူး..၊ အစ်ကို့သမီးကို ကြည့်ပြောပါဦး"

အမယ်လေးနော် .. အဲဒီနေ့က ဆေးရုံမှာ သွားပြောခိုင်းတာ။ သူနဲ့ နွေးကို ပတ်သက်မှန်း သိရအောင်တဲ့လား..။

တော်သေးတာပေါ့.. အဲဒီနေ့က ရှိမနေတဲ့အတွက် မောင်နှင်းကြီးသားကို ကျေးဇူးတင်ထိုက်ပါပေရဲ့..။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ သမီးရယ် .. သမီး အန်တီမြင့်လည်း တရားနာရအောင် အချိန်သေချာပြောမှ သိမှာပေါ့၊ ကလေးပီပီ သွားပြောချေ"

"ကလေးမှတော့ လုံးချစ်ကို လွှတ်တော့ပါလားလို့"

"တယ်!.. နားကောက်တဲ့ဟာလေးတော့ နာတော့မှာပဲ..၊ ဟိုဆရာဝန်လေးနဲ့ ပေးစားမှာ နင်လား .. လုံးချစ်လား .. ပြော .."

"အာ!... သူနဲ့ မယူချင်ပါဘူးဆိုမှ ဖွတ်စီစဉ်နေပြန်ပါပြီ"

"စကားတတ်တိုင်း ပလီစိချောက်ချက် ပြောမနေစမ်းပါနဲ့..၊ လူကြီးက သွားဆိုရင် ပေါ့ပေါ့ပါးပါး ထသွားပါတော့လား..၊ သိပ်အီးလေးဆွဲတာပဲ..၊ ဘယ်လို လေးပင်တဲ့သမီးမျိုး မွေးထားမိတာပါလိမ့်နော် .. အစ်ကိုသမီးကိုလေ"

"သွားပြီ .. သွားပြီ .. နားပေါက်အောင် ဆက်မပြောပါနဲ့တော့"

"တွေ့လား .. ပြောလိုက်ရင် အဲဒီလိုမျိုး၊ ဟိုနေ့ကလည်း ဆေးရုံကို သနပ်ခါးဘဲကြားနဲ့ သွားလေ့ရဲ့..၊ မအေကို အဲဒီလိုရွဲ့ပြမှ သင်း စားဝင်အိပ်ပျော်တာလေ.."

အဝတ်အစားပင် မလဲဖြစ်တော့ဘဲ ဒီအတိုင်း အိမ်နေရင်းဝတ်စုံဖြင့်ပင် ခြံထဲမှ ပြေးထွက်လာခဲ့ပါ၏။

စိတ်ကို ညစ်တယ် .. ဒီလောက် လက်မခံချင်ပါဘူးလို့ အစောကြီးကတည်းက ပြောထားပါလျက်နဲ့ ဒင်းကလည်း ဘာမှမပြောဘဲ ငြိမ်နေရတယ်လို့ ..၊

အလကားလူကြီး .. ရည်းစားလေးဘာလေးမရှာဘဲ တစ်နေ့တစ်နေ့ ဆေးထိုးအပ်တွေနဲ့ပဲ နှစ်ပါးသွားနေတယ် ထင်ပါရဲ့..။

"တီ!.."





လမ်းမကြီးအရောက်မှာ ကြားလိုက်ရသည့် ဟွန်းသံကို လှည့်မကြည့်ဘဲ ဘောက်ဆတ်ဆတ်ဖြင့် ဆက်လျှောက်လာခဲ့မိ၏။

မျက်နှာက စူပုပ်နေတာမို့ လမ်းပေါ်မှာ သွားလာနေသည့်လူတွေက ကျွန်မကို ကြည့်ရင်း ပြုံးစိစိ ဖြစ်သွားကြလေသည်။

"ဟာ!... အသလွှတ်ကြီး မျက်စောင်းခဲသလား"

စက်ဘီးနင်းသွားသည့် ကောင်လေးနှစ်ယောက်၏ တီးတိုး စ,သွားတာကြောင့် စိတ်တိုသွားပြီး သူတို့ကို လက်သီးဆုပ် ထောင်ပြလိုက်မိလေ၏။

"ဟော .. လက်ဆုပ်လက်ကိုင်ရှိလားတဲ့ဟေ့ .. No."

ကောင်လေးနှစ်ယောက်က ပြိုင်တူ လက်ဝါးပြန်ထောင်ပြလိုက်တာမို့ ကိုယ့်ကိုယ်ကိုယ်သာ ဒေါသပြန်ဖြစ်ရလေတော့၏။

ငါနော် .. လျှာရှည်ပြီး လက်သီးဆုပ်ပြမိလို့ ဟိုက လက်ဝါးပြန်ထောင်ပြသွားတာလေ ..။

"နှစ်သိမ့်ချေး"

"ဘာလဲ"

ကာလံဒေသံ ထပ်တူပေါ့လေ..၊ ကျွန်မနာမည်ကို လေသံမာနဲ့ ခေါ်လိုက်တာမို့ ပြန်အော်သံကလည်း ခပ်မာမာပါပဲ..။ ကျွတ်!.. ညနေစောင်းကြီး ထွက်လာတာတောင်မှ သင်းနဲ့ လာတိုးပြန်ရတယ်လို့..။

သူက ကားကို လမ်းဘေးထိုးရပ်ကာ ကားပေါ်မှ ဆင်းလိုက်လေ၏။ လာတော့မယ်.. လူကို ပိုင်စိုးပိုင်နင်းနဲ့ပြောပြီး ကလေးလို ပေါက်စားလုဂ်ဦးမှာလေ..၊

"ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားသွား ရှင့်အပူလား"

"ဟာ!... မင်း ဘယ်လိုဟာလေးလဲ..၊ ညနေစောင်းခါနီးအချိန်ကြီး တစ်ယောက်တည်း ထွက်လာတာ အိမ်က သိရဲ့လား"

"သိပါ့ .. သိပါ့၊ သိလို့ လွှတ်တဲ့အချိန် ထွက်လာတာပဲရှင့်"

ကဲ .. ရွဲ့ချင်တာနဲ့ အတော်ပါပဲ..။

လူကို ဖိဟောက်နေသည့် သူ့ကို ပြန်ပက်ရင်း ထွက်လာသည့်ကိစ္စကို သတိရသွားပါ၏။

ဟုတ်သားပဲ .. သူနဲ့ ပြောလိုက်ရင် သူတို့အိမ်ကို သွားဖို့ မလိုတော့ဘူးလေ..၊ အဲဒီလိုမျိုး နေ့ကို ဘုရားသိကြားတွေ ကယ်မတော်မူပေးပေရဲ့..၊

"ဒါဖြင့် ဘယ်လဲ .."

"ရှင့်အိမ်ကို .. ရှင်အိမ်ကိုရှင့်၊ သိပြီလား"

"လာပြန်ပြီနော် .. မင်းထက်ကြီးတဲ့ အကြီးကို ရှိုင်းရှိုင်းစိုင်းစိုင်း သုံးပြန်ပြီ၊ အိမ်ကိုသွားမယ်ဆို လာ .. ကားပေါ်တက်လေ"

"အို!... ဘာလို့တက်ရမှာလဲ .. ရှင့်ကိုပြောလိုက်ရင် ပြီးတာပဲဟာ၊ သန်ဘက်ခါ မနက် ၇ နာရီ အိမ်မှာ သံဃာတော်တွေကို အရုဏ်ဆွမ်းကပ်မှာမို့ ရှင်တို့တစ်အိမ်လုံးကို မေမေက ဖိတ်ခိုင်းလိုက်တယ် ဒါပဲ .. သွားတော့မယ်"

"နေဦး .."

ပြောပြီးသည်နှင့် လှည့်ထွက်ရန် ပြင်လိုက်သည့် ကျွန်မလက်မောင်းတစ်ဖက်ကို သူ လှမ်းဆွဲလိုက်လေ၏။

ကြည့်ဦး .. အဲဒီလို လုပ်တတ်တာမျိုးကိုပဲ ကျွန်မ မနှစ်သက်တာ





လေ..၊ သူ့လက်ကို ဖုတ်ခနဲ ရိုက်ချလိုက်စဉ် သူက နွေးလက်မောင်းကို အတင်းကြီး ဆုပ်ကိုင်လိုက်လေသည်။

"အား!... နာလိုက်တာ .. ရှင် ဘယ်လိုလူလဲ၊ လွှတ်နော် .."

"မင်းက အတင်းရုန်းလို့ ဖြစ်တာလေ..၊ အန်တီငယ်က မာမီတို့ကို ပြောခိုင်းလိုက်တာ မဟုတ်လား"

"ဟုတ်တယ်"

"အဲဒါဆို အိမ်အထိ လိုက်ခဲ့မှ ဖြစ်မှာပေါ့..၊ တမင် အိမ်မှာ ဒီအချိန် လူစုံလို့ လာပြောခိုင်းတာ မဟုတ်လား"

"အာ!... အဲဒါ ရှင်ပြောပေးလည်း ဖြစ်တာပဲကို..၊ ရှုပ်ကိုရှုပ်တယ်၊ တကယ်ပဲ .."

"မရဘူး .. မာမီ့ကို မှာချင်ရင် အိမ်ကိုပဲလိုက်ခဲ့၊ ကိုယ်က အဲဒီလို မှာတာကို မေ့ချင်မေ့သွားမှာ"

"ဟင်!..."

ခွဲစိတ်ဆရာဝန်က မေ့တတ်သတဲ့..၊ အလိုလေး တော်ကြာ Operation လုပ်နေတုန်း အဂနာတွေ၊ ကတ်ကြေးတွေများ ခွဲတဲ့ဗိုက်ထဲ ကျန်ရစ်ခဲ့ရင် ဘယ်နှယ့်လုပ်မလဲ ..၊

အတွေးဖြင့် သူ့ကို ပြူးကြောင်ကြောင် မော့ကြည့်နေစဉ် သူက ဟန်မဆောင်နိုင်ဘဲ ဟက်ခနဲ ရယ်လိုက်လေ၏။ ကြည့်စမ်း .. ဒါ နွေးကို ချာတိတ်မလေးဆိုပြီး ညာပြောတာပေါ့လေ..။

"ကဲပါ .. ကားပေါ်တက်၊ အဲဒီ မျက်နှာပုပ်ကြီးနဲ့ လျှောက်သွားနေတာ တစ်လမ်းလုံးက ကောင်လေးတွေ လိုက်စ,နေပြီ မဟုတ်လား"

"အဲဒါ ရှင့်အပူ မပါပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ရင် တစ်ခွန်းမခံဘူး၊ လာ .."

လာ .. လို့ ပြောတဲ့သူကပင် ကျွန်မကို ကားထဲတွန်းထည့်ပြီး တံခါး ပင်ပိတ်လိုက်ချေပြီ။ သွားပါပြီ .. ညနေခင်း လေကောင်းလေသန့်ရှူပြီး လမ်းလျှောက်မယ့် အစီအစဉ်တော့ ပျက်ပြီလေ..၊

"သူနဲ့ တွေ့ဖြစ်သေးလား"

"ဘယ်သူလဲ"

"ညီပုံ့ကွာ .. မင်းရဲ့လူကို ပြောတာပေါ့၊ ဒါလေးတောင် မသိဘူး"

လာပြန်ပြီ ..၊ မရှိတဲ့လူကို အတင်းကြီး လိုက်မေးနေတော့တာ ပါပဲလား။ 'သူ'ဆို၍ ဟိုနေ့က ဆေးရုံမှာ နွေးကို ကူညီခဲ့တဲ့ ဆရာဝန် လေးကို သတိရသွားပါ၏။

ဟုတ်တယ် .. အဲဒီဒေါက်တာ မင်းချာန်ထူးကမှ သူ့ထက် ပို သဘောကောင်းပုံ ရှိတာလေ..။

"တွေ့တာပေါ့"

"ဟာ!... မင်းမေမေ သဘောမတူဘူးလို့ ပြောထားတာတောင် တွေ့တုန်းပဲလားကွ..၊ မင်း ဘယ်လိုဟာလေးလဲ"

"ဘာဖြစ်လဲ .. အဲဒါ ရှင့်ကိစ္စမှ မဟုတ်တာ..၊ ယောကျ်ားလေး ဖြစ်ပြီး နေရာတကာ ပါလိုက်တာ"

"ကိုယ်က မင်းကို အန်တီငယ်တို့ ဆူမှာရိုက်မှာစိုးလို့ သတိပေး တာပါကွာ..၊ ဝင်ပါနေတာမျိုး မဟုတ်ပါဘူး"

အရှိုက်ထိသွား၍ထင့်..၊ သူ နှုတ်ပိတ်ထားလိုက်လေ၏။ နေခြည် သာ သိလို့ကတော့ဖြင့် ကျွန်မကို အပေါက်ဆိုးတယ်လို့ ပြောဦးမှာပင်။

မတတ်နိုင်ဘူးလေ..၊ နွေးက နဂိုကတည်းက စကားတတ်လွန်း





တဲ့ သူကိုး ..။ သူတို့ခြံထဲရောက်တော့ မီးဇတွပင် စထွန်းချေပြီ..။

ခပ်လှမ်းလှမ်းမှာ ရှိနေသည့် ရေကန်လေးဆီ လည်မော့ကြည့် လိုက်ပေမယ့် အပင်တွေကြောင့် မမြင်ရပါချေ..။ ဒီခြံကိုရောက်ရင် ကျွန်မ သဘောအကျဆုံးက အဲဒီရေကန်လေးပင် မဟုတ်ပါလား ..။

"သား ပြန်လာပြီ..၊ ဟောတော် သမီးလေးပါ ခေါ်လာတာကိုး"

အိမ်ဝမှ ဆီးကြိုလိုက်သည့် အန်တီမြင့်ကို ပြုံးပြလိုက်ရပါ၏။ သူနဲ့အကြောမတည့်ပေမယ့် အန်တီမြင့်ကိုတော့ နွေးဖမေမေလိုပင် ချစ် သည်လေ။ နောက်ဘက်မှ ကားမီးအလင်းရောင်ကြောင့် အိမ်ထဲမဝင် ဖြစ်သေးဘဲ လှည့်ကြည့်လိုက်မိသည်။

"Dinner ရှိတဲ့ လူက အစောကြီး ပြန်လာတာပါလား"

"ဟုတ်တယ် မြင့်ရေ .. သူတို့ဧည့်ခံတာထက် မြင့်ချက်ထားတဲ့ ကြေးအိုးက ကိုယ်ပိုကြိုက်တဲ့ အစားအစာကိုး..၊ ဟော .. မြင့်သမီး ရောက်နေတာလား"

"ရောက်နေတာ မဟုတ်ဘူး ကိုရေ .. သားရဲ့ကားနဲ့ ပါလာတာ"

"ဟုတ်လား .."

"ကဲ .. ကဲ .. အထဲဝင်ကြရအောင်"

အန်တီမြင့် ခေါ်ပြီမို့ အားလုံး အိမ်ထဲသို့ ဝင်ခဲ့ကြပါ၏။ အင်း .. ခုထိ လာရင်းကိစ္စကို မပြောရသေးပါလားနော်..၊

"ခဏလေးနော် သမီး .. အန်ကယ် ရေချိုးလိုက်ဦးမယ်၊ ပြီးမှ အတူတူ ကြေးအိုးသောက်ကြတာပေါ့"

ဟိုက် .. မှောင်မယ့်ကိစ္စကတော့ ပေါ်ပြန်ချေပြီ..။ သူ့ကိုလှမ်း ကြည့်လိုက်စဉ် လက်တစ်ဖက်ထောင်ပြလျက် အန်ကယ့်နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ခုက္ခပါပဲ .. ပြောစရာရှိတာပြောပြီး မြန်မြန်ပြန်ပါမယ်ဆိုနေမှ...

"ဟိုလေ ..."

"အတော်ပဲ .. အန်တီတို့ စားပွဲပြင်ရအောင် သမီးရယ် .. လာ.."

ကဲ .. ဘာဆက်ပြောလို့ ရပါတော့မလဲ..၊ အန်တီ့နောက်မှ ပါလာ ရင်း သူ့ကို မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပို့မိတော့၏။

ဟုတ်တယ်လေ လမ်းမပေါ်မှာကတည်းက ပြောပြီးပြန်ရင် အခု လောက်ဆို အိမ်ကိုရောက်နေပြီ..။

ပြီးတော့ ဒီညမှာ ဆွဲလက်စပန်းချီကားကို နောက်ဆုံး အချော သတ်ပြီး (နွေးကို ပန်းချီသင်ပေးခဲ့သည့်)ဆရာ ကိုဉာဏ်နိုင်ဆီ နောက် နှစ်ရက်သွားပို့ပေးရမှာလေ..၊

အခုတော့ ဒင်းကြောင့် ညဥ့်နက်မှ အိပ်ရမှာ သေချာသလောက် ပါပဲလား..။

"သမီးလေး Sauce ပုလင်းလေး ကမ်းပေးပါဦး"

"ဟုတ်ကဲ့ .."

စိတ်တွေ ဟိုရောက်ဒီရောက်ဖြစ်နေရာမှ အာရုံကို စုစည်းလိုက် ရပါ၏။ မျက်စိရှေ့ ပြင်ဆင်ထားသည့် စားပွဲက ပြည့်စုံနေလေပြီ..။

ငါ့နှယ်နော် .. အန်တီနဲ့ ဝိုင်းကူမယ်ဆိုပြီး ဘာမှဖြစ်ဖြစ်မြောက် မြောက် မကူလိုက်ရပါလား။

"လူစုံမှ ဒါလေးတွေ ဆယ်ထည့်ကြတာပေါ့"

ပြုတ်အိုး ပွက်ပွက်ဆူနေတာထဲကို အသားလုံးလေးတွေ ထည့် ပြီး ပြောလိုက်တာမို့ အန်တီလုပ်နေရာဆီ လှမ်းကြည့်လိုက်ပါ၏။





အိုး.. ငုံးဥပြုတ်လေးတွေရော ငါးဆုပ်လုံးလေးတွေကပါ စားချင် စဖွယ် ဖြစ်နေပါရောလား..၊

"ဟိုကလေးမ ဘာလိုက်ရှုပ်နေတာလဲ..၊ အပူလောင်ဦးမယ်"

"အမလေး!.."

နောက်မှရောက်လာသည့် သူ့အသံကြောင့် ရုတ်တရက်ကိုလန့်သွား ပြီး ငုံးဥပစ်ထည့်ရာမှ ရေနွေးပူ စင်လေတော့၏။ အဲဒီလိုမျိုး နွေးက အလန့်တကြား ဖြစ်တတ်တာကို သူ မသိလေရောသလား..။

"လောင်သွားပြီလား .. ပြစမ်း .. အဲဒါကြောင့် ပြောနေတာ..၊ မလုပ်တတ်ဘဲ ဝင်မလုပ်ပါနဲ့ဆို၊ ပြောရင် ပြောတဲ့အတိုင်း နားမထောင် ဘူး၊ အရမ်းနားကောက်တဲ့ဟာလေး .. မာမီကလည်း၊ သူ့အကြောင်း သိရဲ့သားနဲ့ ခိုင်းရတယ်လို့"

နောက်ကျောဘက် စုက်ထားသည့် ကျွန်မလက်ကို လိုက်ဆွဲကာ တတွတ်တွတ် ရေရွတ်နေသည့်သူ့ကြောင့် အခန်းထဲဝင်လာသည့် အန်ကယ်ပင်မက အန်တီရော နွေးပါ ပါးစပ်အဟောင်းသားဖြင့် အံ့ဩ နေမိတော့၏။

ရှင် ဘယ်လိုလဲ ဒေါက်တာ နေနန္ဒနိုင်..။



www.burmeseclassic.com

www.burmeseclassic.com



[ ၀၉ ]

“အမယ်လေးနော် .. မာမီက ဝိုင်းကူဆိုပြီး ဘာမှမနိုင်းရပါဘူး သားရယ် .. သူ့ကို Sauce ပုလင်းလေး လှမ်းပေးပါလို့ တစ်ခုတည်းပဲ ကူနိုင်းတာပါ..၊ မာမီပြုတ်နေတာကိုမြင်ပြီး ဘာမပြောညာမပြော လာထည့်ရင်း ဖြစ်တာ..၊ ဒုက္ခပဲ ငါ့ကို အပြစ်တင်ရတယ်လို့”

“ရေနွေးစင်တာပဲ ငါ့သားရာ .. ဘာမှမဖြစ်လောက်ပါဘူး၊ သိပ်လည်း စိုးရိမ်မနေစမ်းပါနဲ့”

“အန်ကယ်အောင် သိရင် ကျွန်တော် အပြောခံရတော့မယ်၊ ကြည့်ဦး .. ဒီမှာ အကွက်လိုက်ကြီး”

ဆေးသေတ္တာဖွင့်၍ နွေးလက်ခုံကို ဂွမ်းစလေးဖြင့် ပါးစပ်မှလည်း မှုတ်၊ ဆေးလည်း လူးပေးနေသည့်သူ့ကို အန်တီနှင့် အန်ကယ်က မျက်စောင်းခဲရျေပြီ..။





ဟုတ်ပါရဲ့ နွေးကို အပြစ်ပြောနေရင်းမှ အန်တီ့ကိုပါ အပြစ်တင်လိုက်တာကိုး ..၊

“ရပါပြီ”

“မရနဲ့ဦး .. ပူနေသေးတယ် မဟုတ်လား”

“အဲဒီလောက်လည်း ကျွန်မ မပျော့ပါဘူးရှင်ရယ် .. နေပါစေတော့”

“စေတနာနဲ့ လုပ်ပေးနေတာကို မမြင်ဘူး”

“ရှင့်စေတနာကို သိပါတယ်၊ အဲဒီလို မိန်းမကြီးလို ဗျစ်တောက်ဗျစ်တောက် ပြောနေတာကို နားညည်းပြီး အမြင်ကပ်လို့ရှင့်၊ သိပြီလား ..”

“ဘာပြောတယ်”

“ကဲ .. နှစ်ယောက်သား စကားများနေဦးမှာလား..၊ ငါ ဗိုက်ဆာနေပြီကွ”

အန်ကယ် အော်လေတော့မှ နှစ်ယောက်သား ပါးစပ်ပိတ်လိုက်ကြလေ၏။

တစ်ယောက်ကိုတစ်ယောက် မျက်စောင်းခဲလိုက်ရင်း မျှော့ခဲနဲ့ ထရပ်လိုက်ကြပါသည်။ သူက ဆေးသေတ္တာကို သိမ်းနေတာမို့ နွေးက ထမင်းစားခန်းထဲသို့ ဝင်လိုက်ပါ၏။

“ဘယ်လိုလဲ သမီး .. အန်တီ့သား သမီးကို ဂရုစိုက်တာ သိပြီမဟုတ်လား”

“ဟုတ်တယ်..၊ သားနဲ့သမီး အတော့်ကို နီးစပ်လာပြီ”

“အာ!... မဟုတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ခုံမှာဝင်ထိုင်ရင်း အမြန် ဖြင်းဆန်လိုက်ရပါ၏။ သူ စတန့်ထွင်တာ နဲ့ သူ့မိဘတွေ တစ်မျိုးကြီး မြင်ကုန်ကြပြီလေ..။

"မဟုတ်လို့လား သမီးရဲ့"

"သူ့နဲ့ သမီးက နှစ်ယောက်အတူ သဘောတူထားပြီးသား ရှိပြီ သားပါ အန်တီ"

"ဘာကိုလဲ သမီးရယ် .."

"အဲဒါလား .. ကိုကိုနဲ့ ညီမလေးပဲ တော်ဖို့ပါ"

"ဘယ်လို!.."

အရဲစွန့်ပြောလိုက်ပြီး စားပွဲအလယ်မှာ တင်ထားသည့် စတီးအိုး ထဲမှ ကြာဆံဖတ်များ‌များနှင့် အသားလုံးတို့ကို ဆယ်ရန် ပြင်လိုက်ပါ၏။ အန်တီနှင့် အန်ကယ်က အဆင်သင့်ထည့်ပြီးသားမို့ သူနှင့် ကျွန်မ အတွက်သာ ထည့်ဖို့ ကျန်တော့သာလေ..။

"ကြည့် .. မစောင့်ဘဲ စားဖို့ပြင်ပြန်ပြီ"

"ဟဲ့!.."

ခေါင်းကို အနောက်မှ ဖိတွန်းလိုက်တာမို့ ယောက်ချိုဇွန်းကို အမြန် ချလိုက်ရပါ၏။ နောက်တစ်ခါ အပူလောင်ခံရအောင် သူ ထပ်လုပ် ပြန်ပြီမို့ အန်တီ့ထံမှ အာမေဋိတ်သံထွက်လာတာပင်...။

လုပ်လိုက်ရင် အရမ်းကြီးပဲပါလား ..၊

"ပေးပါ .. ငါ ထည့်ပေးမယ်"

ဇွန်း လှမ်းတောင်းနေပြီမို့ သူ့ဘက်ရွှေ့ပေးလိုက်ပြီး နောက်ဆုတ် ရပ်လိုက်မိပါ၏။ သူလုပ်ပေးတော့ ကျွန်မသက်သာသွားတာပေါ့လေ..။

"ငုံးဥကြော်တယ် မဟုတ်လား .. အပူလောင်ခံပြီးလုပ်တဲ့ ဥက





များများလေး စား .. သိလား"

ပြောလည်းပြော ခပ်လည်းခပ်ထည့်ပေးကာ အရင်ဆုံး ပန်းကန် လုံးကို ကျွန်မရှေ့မှာ ချပေးလိုက်လေ၏။

ဒါ .. ရွှဲပြီး လုပ်ပေးတာများလား ..၊ သူ့မျက်နှာကို မော့ကြည့်မိ တော့လည်း ပကာတိ တည်တည်ကြည်ကြည်ပါလေ..။

"ဟုတ်လား .. သား .."

"ဘာကိုလဲ .. ဒက်ဒီ"

"သားနဲ့သမီး သဘောတူထားတဲ့ကိစ္စကို ပြောတာလေ"

"သဘောတူထားတဲ့ကိစ္စ .."

"အေးလေ .. သားတို့နှစ်ယောက် မောင်နှမပဲ တော်ကြတော့ မှာဆို .."

"ဟင်!.."

သူက ကြေးအိုးသောက်ရန် တူအစုံနှင့် ဇွန်းကိုကိုင်လျက် အံ့ဩ သွားရာ စားပွဲအောက်မှ သူ့ပေါင်ကို ကျွန်မ အသာလှမ်းတို့လျက် သတိ ပေးလိုက်ပါ၏။

ဒုက္ခပဲ ..၊ ကြိုမပြောထားသည့်ကိစ္စကို သူ အလိုက်တသင့် ပြော တတ်ပါ့မလား ..။

"ဘယ်သူပြောလို့လဲ .. နွေးလား"

"အေ .."

"အဲဒါ သူ့ဟာသူ ပြောတာလေ ဒက်ဒီရဲ့ .. ကျွန်တော့်သဘော ထားမှ မပါတာ၊ အား .. ဘယ်လိုဖြစ်ပြီး လူကြီးကို ပေါင်ဆွဲဆိတ်ရတာ လဲ၊ ရဲကြီးမှာ မကြောက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် .."

"ဟောကြည့် .. ဘယ်လိုဖြစ်ပြီး နှစ်ယောက်သား တကျက်ကျက် ရန်ဖြစ်နေကြတာလဲ.."

သူက နွေး ဘယ်ဘက်လက်ကို ယူကိုင်လိုက်ပြီး ပြောတာကြောင့် လက်ကိုရုန်းလိုက်ရင်း ရန်ထောင်လိုက်မိတော့၏။

"ဒါလေးတောင် ရေလိုက်ငါးလိုက် မပြောတတ်ဘူးလား"

"ဘာလို့ပြောရမှာလဲ .. လိမ်ပြောတယ်ဆိုတာ ဘုရားမကြိုက်၊ သိကြားမကြိုက်၊ နတ်မကြိုက်၊ လူမကြိုက်၊ ကိုယ်လည်း မကြိုက်ဘူး သိရဲ့လား"

"အဲဒါ ရှင်ပဲ စပြောခဲ့တာလေ..၊ ကျွန်မကို ညီမလေးလို့ စခေါ်ခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ .. မင်းပဲ ကိုယ့်ညီမ မဟုတ်လို့ မခေါ်နဲ့ မကြိုက်ဘူးဆိုလို့ နွေးလို့ ပြောင်းခေါ်ခဲ့တာ မဟုတ်လား ..၊ မင်းကရော ကိုယ့်ကို ကိုကိုလို့ ခေါ်လို့လား ပြောဦး"

"မခေါ်နိုင်ပါဘူး"

"အေး .. တစ်သက်လုံး တရှင်ရှင်နဲ့ ခေါ်မယ်ဆိုတာ သိပြီးသားပဲ..၊ လျှာဆက်မရှည်ချင်နဲ့တော့၊ စား .. အဲ .. သောက်တော့..၊ ဖြည်းဖြည်းသောက်ဦး .. လျှာကျက်ဦးမယ်"

အချဉ်ပန်းကန်ပြားလေးကို ကျွန်မဘက် ရွှေ့ပေးပြီး ပြောလိုက်သည့် သူ့ကို မျက်စောင်းသာ ခဲလိုက်မိလေ၏။ ယောက်ျားဖြစ်ပြီး စကားကလည်း တတွတ်ပါရဲ့..။ အခုတော့ နွေးကပဲ တမင် ညာပြောတဲ့ပုံစံ ဖြစ်သွားတော့တာလေ..။





"မျက်နှာကို စူပုပ်မထားနဲ့..၊ ညနေစာ မစားရသေးဘူး မဟုတ်လား"

သိရပြန်ပြီ .. အစားမမက်တဲ့လူမှန်း သိရဲ့သားနဲ့ မေးရတယ်လို့..။

"မာမီတို့ကို ပြောပြီးပြီလား"

"ဟင့်အင်း"

"ဘာကိုလဲ သား"

"သူပြောလိမ့်မယ် မာမီ"

တွေ့လား သူပဲ ပြောပေးမလိုလုပ်ပြီး ကျွန်မအပေါ် ပုံချလိုက်ပြန်ပြီလေ..။ ဒီလိုသာ မျက်စောင်းခဲရင်းနဲ့ နွေးတော့ မျက်လုံးစွေတော့မှာပဲ..။

"ဘာများလဲ သမီး"

"ဟိုလေ .. သဘက်ခါ မနက် ၇ နာရီကျရင် အိမ်မှာ သံဃာတော်တွေ အရဏ်ဆွမ်းကပ်မှာမို့ အန်တီတို့ကို ဖိတ်ခိုင်းတာပါ"

"ဘာအတွက် ဆွမ်းကပ်တာလဲ သမီး"

"မသိဘူး"

မွေးနေ့မှန်း သိမှာစိုးပြီး ခေါင်းခါပြလိုက်တာမို့ အိမ်မှာ ဘာမှမသိရကောင်းလား အဓိပ္ပာယ်ရသည့်အကြည့်ဖြင့် သူ ငုံ့ကြည့်လိုက်တာကို မသိချင်ယောင် ဆောင်လိုက်မိလေ၏။

ဟုတ်တယ် .. လူကို ဘာမှမသိနားမလည်တဲ့ ကောင်မလေးဆိုပြီး အမြဲတမ်းကို ဆုံးမချင်နေတော့တာပဲ..၊

"နေဦး .. ဒီလထဲမှာ သမီးမွေးနေ့ရှိတာ မဟုတ်လား..၊ [illegible] ပြောဖူးသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သမီးမွေးနေ့အတွက် ရည်စူးပြီး လုပ်ပေးတာပေါ့"

"ကိုယ့်မွေးနေ့တောင် ကိုယ်မသိတဲ့ဟာလေး .. ကဲ ..."

"အ!.."

ထုပြန်ချေပြီ..၊ စိတ်ဆိုးပြီး အော်ပစ်လိုက်ချင်ပေမယ့် လူကြီးတွေရှေ့မှာမို့ ဒေါသကို မျိုချလိုက်ရပြန်၏။ သင်း နိုင်စားပေါင်း များနေပြီနော်..။

"သားရယ် .. သမီး ဦးနှောက်တွေ ချောင်ကုန်ပါဦးမယ်"

"ချောင်သွားတော့လည်း ကျွန်တော်ကိုယ်တိုင်ခွဲပြီး ပြင်ပေးလိုက်မှာပေါ့ မာမီရယ်"

"ဟဲ့!... ဖွ .. လွဲပါစေ .. ဖယ်ပါစေ ..၊ မဟုတ်တာ မပြောရဘူးလေ သားရယ်"

"နွေး သွက်သွက်ခါရူးသွားရင် အရင်ဆုံး လည်ပင်းညှစ်ပြီး သတ်မယ့်သူဟာ ရှင်ပဲ သိလား"

"ဟဲ့!.."

"နွေး ပြန်ပါဦးမယ် အန်တီနဲ့ အန်ကယ်..၊ အခုလို ကျွေးမွေးစားသောက်ခွင့်ရတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်..၊ မမေဖိတ်တဲ့ ဆွမ်းကျွေးကိုလည်း ဆက်ဆက်လာခဲ့ပါလို့နော်"

"ဟယ် .. ဝရဲ့လား သမီးရဲ့ .. မှောင်နေပြီဟာ သား လိုက်ပို့ပေးမှာပေါ့"

"ရပါတယ် .. နွေး ပြန်ရဲပါတယ် အန်တီ"

"မရနဲ့လေ .. သားကို ခဏစောင့်ပါဦး"

အန်ကယ်ကိုယ်တိုင် တားနေပြီမို့ ခုံမှာ ပြန်ထိုင်လိုက်ရပါ၏။





သူက နွေးပန်းကန်လုံးထဲကို ကုန်ရဲ့လားဟု ငုံ့ကြည့်လိုက်လေသည်။ အတော် များများထည့်ကျွေးထားသည့် ကြေးအိုးကိုတော့ ကုန်အောင်စားနိုင်ပါတယ်လေ..။

"ဝ,လို့လား"

"ဝ,သားပဲ"

"အရိုးချည်းရှိတဲ့ သူကပဲ ပြောရတယ်ရှိသေး"

"ရှင်နော် .. "

"သားကလဲလေ .. သမီးလေးကို မစပါနဲ့"

"စိတ်ကောက်ပြီး ထပြန်မှာ မဟုတ်လား"

"ကောက်ပါဘူး ..၊ ကျွန်မက စိတ်ကောက်တတ်တဲ့သူ မဟုတ်ဘူးရှင့်"

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသည့် မျက်စောင်းက သူ့ထံရောက်သွားပြန်လေ၏။

အိမ်ထဲမှထွက်တော့ သူပြိုင်ဘီးကို ထုတ်ယူလာတာမို့ ကျွန်မမျက်လုံးပြူးသွားရပါသည်။ အလိုလေး!.. စက်ဘီးပေါ် တင်ခေါ်ဦးမှာဆိုရင်တော့ မြဲသနာပါပဲ..။

"စက်ဘီး မစီးဘူးနော်"

သူက ဘီးကို လေထိုးတံဖြင့် ထိုးရင်း ရယ်လိုက်လေ၏။

ကြည့်ပါလား .. လူကို လှောင်စရာလို့ပဲ မြင်နေတော့မှာလေ..။

"စက်ဘီးနဲ့သွားတော့ မြန်မြန်ရောက်တာပေါ့ ချာတိတ်မရဲ့"

"ဒါဆို ရှင့်ဘာသာရှင် စီး .. ကျွန်မကတော့ လမ်းပဲလျှောက်မှာ"

"ဟော့ .. နေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ဆတ် ဘောက်ဆတ် လျှောက်လာသည့် ကျွန်မနားသို့ လျှောခနဲ ရောက်လာသည့် ပြိုင်ဘီးကြောင့် လန့်ပြီးယိုင်သွားတာကို သူက လှမ်းဆွဲလိုက်လေ၏။

"ဘယ်လိုဖြစ်တာလဲ .. ဒါလည်း လန့်တာပဲလား..၊ တက်လေ"

"ဘာလို့တက်ရမှာလဲ..၊ မစီးနိုင်ဘူးလို့ အစောကြီးကတည်းက ပြောပြီးသားကို၊ မစီးဘူးဆို လုံးဝပဲ"

"မင်းဟာလေ .. မင်းရည်းစားနဲ့တော့ ဘယ်လိုပြောလည်း မသိဘူး။ ကိုယ်နဲ့ပြောတိုင်း အမြဲ ကန့်လန့်ချည်းပဲ"

"အဲဒီလိုပဲ ပြောတတ်တာ ရှင် မသိဘူးလား"

"သိပ့်ဗျာ .. သိပ့်"

ဘီးတွန်းလျက်လိုက်လာသည့် သူ့ဘေးမှ ခပ်ခွာခွာလျှောက်တော့ သူ့မျက်နှာက ပြုံးချင်ချင်..၊ အဲဒီလိုမျိုး လူကိုလှောင်ချင်သလိုလို အထင်သေးသလို ပြုမူတတ်သည့်သူ့ကို ဘာကြောင့် ကြည့်မရတာပါလိမ့်..၊

မောင်နှမ မတော်နိုင်ဘူးလည်းပြောပြီး လူကိုရည်းစားရှိတယ်ဆိုကာ ငြင်းချင်သည့် သူ့သဘောကိုလည်း နွေး နားမလည်နိုင်ပါချေ..။

လရောင်ဖြာကျနေသည့် ကတ္တရာလမ်းမကြီးမှာ လေတို့က တဖြူးဖြူး။ ဝန်းကျင်ကိုငဲ့ကြည့်ကာ လက်နောက်ပစ်၍ ဆက်လျှောက်လာခဲ့ပါ၏။

ရှင် အရင်ဆုံး ချစ်သူရသွားမှပဲ ကျွန်မတို့နှစ်ယောက်ရဲ့ကိစ္စကတိခနဲပြတ်ဖို့ သေချာမှာပဲ ထင်ပါရဲ့၊ ဒေါက်တာ နေနန္ဒနိုင်ရယ် ..။

"ဘာလဲ လရောင်ကြောင့် မင်းလူကို သတိရသွားပြီလား"





ခနဲ့ပြုံးဖြင့် သူမေးလိုက်တော့ နွေးတို့ခြံရှေ့ကိုပင် ရောက်ချေပြီ..။ ခဲကောင်းပြီလေ ကိစ္စမရှိပါဘူး..၊ ရှင် ထင်သလိုပဲ ချော်လဲရောထိုင် လုပ်လိုက်ရုံပေါ့ ဒေါက်တာရယ်..။

"သတိရစရာ မလိုပါဘူး..၊ ညတိုင်း အိပ်ပျော်ခါနီးအထိ Phone နဲ့ စကားပြောခွင့်ရတာနဲ့ ကျေနပ်နေပြီဟာကို"

သူ နှုတ်ဆိတ်သွားကာ ကျွန်မကို ရှုတည်တည်ကြီး ကြည့်လိုက်လေ၏။

ခြံတံခါးကို တွန်းမဖွင့်သေးဘဲ လက်ပိုက်ရပ်နေမိတာကြောင့် သူ အရင်ပြန်ဖို့က ပထမမှန်း သိလိုက်ပုံပါပဲ..။

နှုတ်ပင်မဆက်ဘဲ စက်ဘီးကို နင်းထွက်သွားသည့် သူ့နောက်ကျောကို ငေးကြည့်ရင်း သက်ပြင်းငွေ့ငွေ့ကို ချလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



[၂၀]

"ဒီနေ့ဆင်းမှာမို့ နွေးကို ခေါ်ထားတယ် မေမေ"

"အေး .. အေး .. ပြန်လာရင် ကြီးကြီးနဲ့ ပန်းကန်တွေ၊ ဇွန်းတွေ ထုတ်ဆေးပြီး သုတ်ထားပေးဦး .. မေမေ အချိုပွဲအတွက် ထွက်ဝယ်ဦးမယ်"

"ဟုတ် .."

ရေချိုးရန် အပေါ်ထပ်သို့ တက်လာခဲ့ပြီး ညက ဖေဖေ ပေးထားသည့် လက်ဆောင်ထုပ်ကို အရင်ဖောက်ကြည့်လိုက်ပါ၏။ မေမေက တော့ မနက်ဖြန်ညမှ ပေးမှာတဲ့လေ..။

"ဟယ် .."

အဖြူရောင် ဂါဝန်ဖားဖားလေးကိုကြည့်ပြီး ဝမ်းသာမှုက ပြောမပြ တတ်အောင်ပင်။ လှလိုက်တာနော် ..၊ ရင်ဘတ်နေရာ လက်မောင်း အရှည် အဖျားလေးတွေနှင့် ခါးနေရာမှာ စိန်ကလေးတွေလို ကျောက်





ဖြူလေးတွေ စီထည့်ထားတာမို့ တလက်လက်နှင့် တောက်ပနေတာ ကိုး..။ လည်ပင်းက အရမ်းကြီးမကျယ်ဘဲ အနေတော် လေးထောင့်ပုံ လေးမို့ ကျွန်မ စိတ်ကြိုက်ပုံပါပဲ..။

"ဒါဝတ်ပြီး ညစ်ခံရမှာလား .. အာ!.. ဘုန်းကြီးဆွမ်းကျွေးပွဲဟာ ကို ဘယ်လိုဝတ်လို့ ရမှာလဲ"

တစ်ယောက်တည်း ရေရွတ်ရင်း ကျိတ်ရယ်လိုက်မိ၏။

လုံချည်နှင့် ဘောင်းဘီရှည်သာ ဝတ်လေ့ရှိတာမို့ ဂါဝန်ဝတ်လေ့ မရှိသည့် သမီးကို ဖေဖေဘာသဘောနှင့်များ ဝယ်ပေးရတာပါလိမ့် နော် ..၊

"ဒေါက် .. ဒေါက်"

"မမ .."

"ဘာလဲဟာ .. ငါ ဒီမှာ ရေချိုးမလို့ပါဆို"

"Phone လာနေလို့ပါ"

"အဲဒါ ဘာလဲမေးပြီး ကိုင်လိုက်ပါလား လုံးချစ်ရဲ့..၊ ရေချိုးတော့ မယ်လူကို လာခေါ်ရသလား"

"ကိုင်ထားတယ်လေ မမရဲ့ .. မမကိုပဲ ခေါ်ပေးပါဆိုလို့ပါ"

တွေ့လား ..၊ အဲဒီကောင်မလေးကတော့ သင်ပေးနေတဲ့ကြားထဲ က တော်လွန်းနေတာလေ..။ တဘက်ကို ပခုံးထက်လွှမ်းပြီး အခန်းထဲမှ ထွက်လာရတော့၏။ အလုပ် Phone မို့ ကိုယ်တိုင်ပြောချင် ကြတာပဲ ထင်ပါရဲ့..၊ အပေါ်ထပ်ညှိခန်းမှ Phone ကို အမြန် ကောက် ကိုင်လိုက်ရတော့သည်။

"ဟယ်လို .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေလဲ နွေး"

"ရေချိုးမလို့ ..၊ ဟင်!... အခုဆက်တာ ဘယ်သူလဲ"

"ကိုယ်လေ.."

"ဘယ်က ကိုယ်လဲ .. နာမည်မပြောဘဲနဲ့ ဘယ်လိုသိမှာတုန်း"

"မင်းချာန်ထူးပါ နွေးရဲ့"

"ရှင်!..."

မျက်လုံးအစုံ ပြူးကျယ်သွားရပါ၏။ ဟောတော့်! နွေးတောင် မေ့တော့တော့ဖြစ်နေတဲ့ ဒေါက်တာ့ရဲ့နာမည်ကြောင့် အံ့သြသွားရတာ လေ..။ ဘယ်နှယ့်ကဘယ်လို ဒီဆရာဝန် ဒီ Phone ကို ဆက်ဖို့ စိတ်ကူး ပေါက်သွားတာပါလိမ့်..။

"သြော် ... ဒေါက်တာလား ..၊ ကိစ္စရှိလို့လားဟင်"

"မေးစရာရှိလို့ပါ နွေးရဲ့"

"ဘာမေးချင်လို့လဲ"

"ဒီနေ့ မနေခြည်ရဲ့အမေ ဆေးရုံကဆင်းမှာဆိုတော့ နွေး လာ မယ်ဆိုတာ မေ့နေလားလို့ပါ"

ဟောတော့် .. လာပြန်ပြီ နောက်အံ့သြစရာတစ်ခု ..၊ နွေးလာမှာ ကို ဘယ်လိုများ သိသွားတာပါလိမ့်..၊ ကြည့်ရတာ နေခြည်နဲ့ နွေး ပြောတာ သူရှေ့မှာပဲ ထင်ပါရဲ့..။

"လာမှာပါ"

"ဘယ်တော့လဲ .."

"အခု ရေချိုးပြီးရင် လာမလို့လေ"

ကျွတ်!.. ဒီပါးစပ်ကလည်း နည်းနည်းပါးပါးလေးတောင်မှ ထိန်း





မရဘဲ အမှန်အတိုင်း ပြောမိတော့တာပါလား..။ ခက်ပါရဲ့နော် ..၊

"ဟုတ်လား .. အဲဒါဆို ကိုယ်က နှောင့်ယှက်သလို ဖြစ်နေတာ ပေါ့..၊ Sorry .. Sorry ဒါဆို ဆေးရုံရောက်မှပဲ တွေ့ကြတာပေါ့နော်..၊ ပြီးတော့ အန်တီလင်းလက်ကို လိုက်ပို့ပြီး နွေးတို့အိမ်ကိုလည်း ဝင်ပို့ ပေးမယ်..၊ See you"

ဟင်!.. နေခြည်အိမ်နဲ့ နွေးအိမ်က ပဲခူးတစ်လမ်း ပုသိမ်တစ်လမ်း ဆိုတာ မသိဘဲ လိုက်ပို့မတဲ့..။ ခက္ခပါပဲ .. ဒီဒေါက်တာတော့ ဦး နှောက်မှ ကောင်းရဲ့လား မသိ။

ခေါင်းကိုခါလိုက်ပြီး ရေချိုးခန်းထဲ ဝင်လာခဲ့တော့၏။ မနက်ဖြန် အလှူမို့ ဒေါက်တာ မင်းချာန်ထူးကို ဖိတ်လိုက်ရင် ကောင်းမလား..။ သိပ်မရင်းနှီးသေးပါပဲ..။ ဖိတ်မှ ရေလာမြောင်းပေးတယ်ဆိုပြီး နွေးကို ထင်သွားရင် အခက်ပါပဲ။ မဖြစ်သေးဘူးနော် ..၊

"ကြီးကြီးရေ"

"ဝေ .."

"နွေး .. အန်တီလင်းလက် ဆေးရုံဆင်းမှာကို သွားကူလိုက်ဦး မယ်..၊ ပြန်လာမှ ဝိုင်းကူပေးမယ်နော်"

"အေးပါအေ .. မြန်မြန်သွား မြန်မြန်ပြန်လာချေ"

"မမ .."

"ဘာလဲ .."

"သမီးဖို့ နှောင်နှောင်သည်တွေ့ရင် ဟိုအသီး ဝယ်လာပေးပါနော်"

"လာပြန်ပြီ .. နင်ကြိုက်တဲ့အသီးက ငါ ပြောရကျုပ်တယ်..၊ မရဘူး .. ဘယ်နှယ့်တော် လုံမြိုသီးကိုမှ ကြိုက်ရ မှာရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်ရောက်မှ Taxi တားပြီးစီးမှာမို့ လမ်းလျှောက်ထွက်လာခဲ့ပါ၏။ လမ်းကြားထဲမှ မထွက်ခင် လှမ်းမြင်လိုက်ရသည့်ကားကြောင့် ခြေလှမ်းတုံ့သွားရလေသည်။

ဟော .. အဲဒါ သူ့ကားပါလား ..၊

ခြေလှမ်းကို စပ်မှန်မှန်သာ လျှောက်လာခဲ့ပါ၏။ တွေ့ရင် ဆေးရုံနှင့် လမ်းကြုံတယ်ဆိုပြီး ကားပေါ်ခေါ်ရင် စကားများဦးမှာလေ..။ တော်ပါသေးရဲ့ .. နွေး လမ်းထိပ်ရောက်တော့ သူ့ကားကို မမြင်ရတော့ပါချေ။

Taxi တစ်စီးကို လှမ်းတားလိုက်ပြီး ဆေးရုံသို့ လာခဲ့ပါ၏။ Lift တက်ချိန်အထိ သူ့ကို မတွေ့ရတာကြောင့် ပြုံးလိုက်မိသည်။

ဒီဆေးရုံရဲ့ ရုံးခန်းထိဝင်ပြီး သူ့ကို မွေးနေ့ဖိတ်ဖြစ်အောင် မေမေ စီစဉ်ပေးတာကို သတိရလိုက်လို့ပါလေ။

"နေခြည် .."

"ဟော!... ရောက်လာပြီလား .. အတော်ပဲ မာမီဆေးရုံဆင်းဖို့ သူ လက်မှတ်လာထိုးပေးမှာဟဲ့..၊ နင့်ကို မိတ်ဆက်ပေးမယ်"

"ဘယ်သူလဲ"

"ဩော် ... ငါ့ကိုကိုဒေါက်တာပါ ဆိုနေမှပဲ"

"အင်း .. အင်း .. မှတ်မိပါပြီ၊ အန်တီ့ပစ္စည်းတွေ သိမ်းပြီးပြီလား"

"ယူတန်တာတွေ မနက်က မပုနဲ့ တစ်ခါသယ်ပြီးသွားပြီ၊ အခု တစ်ခါက မာမီ့ကို Wheel Chair နဲ့ ခေါ်သွားဖို့ပဲလိုတာ..၊ ကားပေါ်အတင်အချမှာပဲ ပြဿနာရှိမယ်..၊ ကျန်တာ OK"

သူဟာနဲ့သူတော့ ဟုတ်နေတာပါပဲ..။ ဘယ်လိုဆရာဝန်မျိုးက





ဒီလိုဆတ်ကော့လက်ကော့ မိန်းကလေးကိုများ မျက်စိကျသွားရတာပါလိမ့်..။ ထားပါတော့လေ .. လူဆိုတာ ကိုယ့်သမိုင်းကိုယ်ရေးရမှာ သဘာဝပဲကိုး..။

"ဟော ..."

"လာပြီလား .. နင့်ကိုကိုဒေါက်တာ"

"မဟုတ်သေးဘူး..၊ ဒါက နင့်ကိုကို ဖြစ်ချင်တဲ့ ဒေါက်တာ"

"ဘယ်လို!.."

အခန်းဝမှာပဲ ရပ်နေတာမို့ Corridor ဆီ လှမ်းကြည့်လိုက်မိပါ၏။ ကျွန်မတို့ရှိရာဆီ လှမ်းလျှောက်လာသည်က ဒေါက်တာ မင်းချာန်ထူးရယ်ပါ ..၊

"Morning နွေး .. ကိုယ်က နွေး ဒီလောက်မြန်မယ်လို့ ထင်မထားဘူး၊ စောသားပဲ"

အိုး .. ဒီလောက်ကြီး မရင်းနှီးသေးပါဘဲ တရင်းတနှီး ပြောလိုက်ပုံက အပိုင်ပါလားနော်..။ ရွှင်ပျနေသည့် သူ့မျက်နှာကို မော့ကြည့်ပြီး အလိုက်သင့် ပြန်ပြုံးလိုက်ရပါ၏။ လူမှုရေးများ ခက်ပါရဲ့..။

"ဒီနေ့တော့ ပါးကွက်မလူးလာတော့ဘူးပေါ့လေ ..၊ သနပ်ခါးရေကျဲလိမ်းလည်း ယဉ်ယဉ်လေး လှနေတာပါပဲ"

"ဟင်!... ဘာကြီးလဲ"

ကျွန်မ ရှက်ရဲရဲမျက်နှာလေး ဖြစ်သွားတာကို သူကပြုံးပြီး အခန်းသို့ထဲ လှမ်းကြည့်လိုက်ပါ၏။ အန်တီလင်းက ပြန်ရန်အတွက် အဝတ်အစားလဲနေတာမို့ နေခြည်က ကူပေးနေလေသည်။

"နွေးက သဘက်ခါ မွေးနေ့ပွဲလုပ်တာ ကိုယ့်ကိုတောင် မဖိတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အဲဒီလို မွေးနေ့လုပ်တာ မဟုတ်ပါဘူး ဒေါက်တာရဲ့.. သံဃာဆွမ်းကပ်တာမျိုးပါ၊ ဒေါက်တာ ထင်သလိုမျိုး မဟုတ်ရပါဘူး"

"ဘာပဲလုပ်လုပ်လေ..၊ နွေးတို့အိမ် အလှူဆိုတော့ ကိုယ်လည်း လာချင်တာပေါ့"

"လာလို့ရပါတယ် ဒေါက်တာ..၊ နွေး ဖိတ်ပါတယ်ရှင်"

"ဘယ်အချိန် တရားနာရမှာလဲ"

"အစောကြီး လာနိုင်လို့လား"

"လာမှာပေါ့"

အလိုလေး! တကယ့်ကို လာမယ့်ပုံပါပဲလား..။ ဘာပဲဖြစ်ဖြစ် သူ သူငယ်ချင်းလည်း ဖြစ်..၊ ဆရာဝန်လည်း ဆရာဝန်မို့ မေမေတို့ မငြို ငြင်လောက်ပါဘူးနော်..။ အင်း .. ဖိတ်မှတော့ လာမှာသေချာသလောက် ပါပဲ..။

"မနက် ၇ နာရီပါ"

"Ok ကိုယ် အစောဆုံး ရောက်အောင်လာခဲ့ပါမယ်"

"ဒေါက်တာ့ duty ကရော .."

"duty က ၁၀ နာရီမှပါ နွေးရဲ့..၊ နေဦး .. ကိုယ်တစ်ခုလောက် တောင်းဆိုချင်လို့"

"ဘာများလဲ"

လာပါပြီ..၊ သိပ်မရင်းနှီးပါဘဲ တောင်းဆိုဦးမကဲ့..၊ ရဲတင်းလှချည် လားဟု အပြစ်မတင်ဝံ့ပါလေ..။ သူ ပြောပုံဆိုပုံကိုက သိမ်သိမ်မွေ့မွေ့ နဲ့ပေကိုး..၊

"ကိုယ့်ကို ဒေါက်တာလို့ မခေါ်ဘဲနဲ့ ကိုချာန်လို့ ခေါ်ပေးပါလား





ကျွန်မ နှုတ်ခမ်းအစုံဟ,ကာ အံ့သြပြလိုက်ပြီး ရယ်လိုက်မိပါ၏။ လွန်ရော့ပြီ..၊ ကျွန်မထက် လေးငါးနှစ်ကြီးတဲ့လူက အခုလို တောင်းဆို တာကို သူ့သဘောအတိုင်း လိုက်လျောသင့်ပါသလား..။ ဟင့်အင်း.. မဆိုင်လိုက်တာ..၊ တကယ်ဆို မေမေ့သူငယ်ချင်းရဲ့သား ဒေါက်တာ နေနန္ဒနိုင် တောင်းဆိုတုန်းကတောင် 'ကိုကို'လို့ ကျွန်မ မခေါ်ဖြစ်သေး တာလေ..။

"ဒီလောက်လည်း မရင်းနှီးသေးဘဲနဲ့များ မခေါ်ချင်ပါဘူး"

"ဟာ!... နွေးကလည်း ဒီထက်ပိုပြီး ရင်းနှီးအောင်လို့ ကိုယ် ကြိုးစားမှာပေါ့..၊ ဒါလေးခေါ်ရတာ ဘယ်လောက်များ ပင်ပန်းလို့လဲ"

"မဟုတ်ပါဘူး .. ခေါ်သင့်မခေါ်သင့် စဉ်းစားဖို့လိုမယ် ထင်လို့ပါ"

အဝင်ဝမှာ ရပ်ပြောနေတာမို့ နေခြည်က ကျွန်မ လက်မောင်းကို ဆွဲလျက် အခန်းထဲခေါ်သဖြင့် ဒေါက်တာ မင်းချာန်ထူးပါ လိုက်ဝင်လာ လေ၏။ အန်တီလင်းလက်ကို နှုတ်ဆက်စကားပြောနေပြီမို့ သက်ပြင်း ကို ကျိတ်ရှိုက်လိုက်မိပါသည်။

"ကိုကိုကလည်း ကြာလိုက်တာနော်..၊ ခုထိကို မလာသေးဘူး"

'သဲရန်ကော' အမိပွားယ်ရသည့် အကြည့်တို့ဖြင့် လှမ်းကြည့်လိုက် စဉ် နေခြည်က အခန်းထဲမှ ထွက်သွားလေ၏။ ကြည့်ပါဦး .. ဒီဆရာဝန် ကိုတော့ အပိုင်ပဲဆိုပြီး ချုပ်ပြီထင်ပါရဲ့..။ သူငယ်ချင်းကို ချစ်ပေမယ့် လူသားတွေရဲ့ အသက်သခင်ဖြစ်တဲ့ ဆရာဝန်မျိုးနဲ့တော့ လက်တွဲဖို့ မတွဲစေချင်တာ အမှန်ပါလေ..။

မေမေသာသိရင် 'မတန်ဘူး'လို့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ပြောမှာ အသေအချာပါပဲ..။ မိန်းကလေးဖြစ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



အောင်မနေဘဲ မျက်နှာမျှားလှတဲ့ နေခြည့်ကို အပြစ်မြင်နေတဲ့ အမေ တစ်ယောက်ပေကိုး..။

မိဘချင်အတူတူ ဆုံးမသွန်သင်ခြင်းမရှိတဲ့ အန်တီတို့အပြစ်လား၊ သို့တည်းမဟုတ် ဒီလိုနေထိုင်တာကိုပဲ ဝါသနာပါလှတဲ့ နေခြည့်ကိုပဲ လက်ညှိုးညွှန်ရမှာလား ..၊ ကျွန်မ မဝေခွဲမိပါလေ..။

"သမီး နွေး"

"ရှင် .. အန်တီ"

"လင်းလင်းရော .."

"ဆရာဝန်ကို သွားစောင့်တယ် ထင်တာပဲ အန်တီ..၊ အခုလေး တင်ပဲ ထွက်သွားတာပဲ..၊ ဟော .. ခြေသံတောင် ကြားပြီ၊ လာပြီ ထင်ပါရဲ့"

ခြေသံကြောင့် အန်တီနား ရပ်နေရင်းမှ အခန်းဝဘက်သို့ အားလုံး ပြိုင်တူ လှမ်းကြည့်လိုက်စဉ် duty coat ဖြူဖြူဝတ်ထားသည့် ဆရာဝန် လေး၏ လက်မောင်းကို ဆုပ်ကိုင်လျက် နေခြည် ရောက်လာတော့၏။

"နွေး .. ဒီမှာလေး ငါ့ကိုကိုဒေါက်တာ .. ဒေါက်တာနေနန္ဒနိုင်တဲ့"

ကျွန်မ ပါးစပ်အဟောင်းသားဖြင့် အံ့သြမှုက အသက်ရှူမှားသည် နှယ် ဖြစ်သွားရလေသည်။

❤❤ ❤ ❤❤

၉





[၂၀]

ဘာလိုလိုကြီးပါပဲလား ..၊

ရင်ထဲမှာ နှမြောတသဖြစ်မှုက ဘာနဲ့မှ နှိုင်းဆမရပါချေ..။ သူနဲ့မှ နေခြည် ဘယ်လို တွေ့သွားရတာပါလိမ့်..။

ထူးဆန်းလိုက်တာနော် ..၊ နွေး မလိုချင် လက်မခံချင်တဲ့ လူတစ် ယောက်ကို ဘယ်သူကပဲယူယူ ဒီလိုခံစားမှုမျိုး ဖြစ်စရာလား..။

မနွေ့ကတည်းက ပြန်ရောက်တာနဲ့ ခေါင်းကိုက်တယ် အကြောင်း ပြပြီး အခန်းထဲအောင်းနေခဲ့မိတာ ဒီမနက်အထိ ကြီးကြီးကိုလည်း မကူဖြစ်၊ နေခြည်တို့အိမ်ကို ရောက်တာနဲ့ ဒေါက်တာ မင်းဗျာန်ထူးကို အားနာသလိုပြောပြီး လစ်ခဲ့မိတာပါ..။

"မနက်တော့ ကိုယ်လာမှာနော်"

အပြောကို ခေါင်းညိတ်လက်ခံကြောင်းပြလိုက်ပြီး Taxi ပေါ် ဘယ်ပုံဘယ်နည်းနှင့် တက်ခဲ့မှန်းပင် မမှတ်မိ..။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး အောက်ထပ်မှာ ချက်ပြုတ်နေကြပေမယ့် တစ်ယောက်တည်း အိပ်ရာထက်မှာ လူးလိမ့်နေမိတာလေ..။

မေမေ ဗျစ်တောက်ဗျစ်တောက်ပြောတော့ ဖေဖေက 'ကလေး နားပါစေကွာ'လို့ ခပ်တိုးတိုးနှစ်သိမ့်သံ ကြားအပြီးမှာ မှေးခနဲ အိပ်ပျော်သွားရတာပါ..။

အခု နိုးလာတော့ မနက် ၅ နာရီ ရှိနေပြီလေ..။

"ခေါက် .. ခေါက်"

"သမီး .."

"ခေါက် .. ခေါက်"

"မထသေးဘူးလား သမီး..၊ ဒီလောက် အိပ်ရရင် တော်ရောပေါ့..၊ တရားနာရမှာကို ရေလေးဘာလေးချိုးတော့လေ .. မိန္ဒေး"

လာပါပြီ ..၊ စောစောစီးစီး ဆူတဲ့အလုပ် မေမေကတော့လေ..။ ဒီသမီးကို နည်းနည်းလေးမှ အလိုလိုက်တာမျိုး တစ်ခါမှ မရှိပါလားနော်။

စောင်ခြုံထားတာကို ဖယ်ကာ မျက်နှာကြက်ကိုကြည့်ပြီး မျက်နှာကို စုပုပ်ထားလိုက်မိ၏။

စိတ်က ခုထိ မကြည်သေးပါလား..၊

"နှစ်သိမ့်နွေး"

"ထပါပြီ မေမေ"

"မြန်မြန်သွက်သွက် လုပ်စမ်း .. ဘုရားဆွမ်းတော်ကပ်ဖို့ အားလုံးအဆင်သင့် ဖြစ်နေပြီ..၊ ကိုယ့်မွေးနေ့အတွက် အကြီးတွေ အားလုံး မအားတဲ့အချိန်ကို လုပြီး ဝိုင်းလုပ်ပေးနေတာကို နင်က ရေသာခိုနေရသလား"





ခုတင်ထက်မှ မြန်မြန်ဆင်းပြီး ရေချိုးခန်းထဲသို့ အပြေးဝင်လာခဲ့၏။ နို့မို့ မေမေ ပွစိပွစိပြောသမျှ အခန်းထဲကနေ အတိုင်းသား ကြားနေရမှာကိုး..၊

စိတ်ရှုပ်ရှုပ်ဖြင့် ခေါင်းမှ လောင်းချလိုက်သည့် ရေတို့က တစ်ကိုယ်လုံးကို ရွဲနစ် အေးမြသွားလေ၏။

ကဲ .. ဘာဖြစ်လဲ..၊

နှစ်သိမ့်နွေး ဆိုတာ အင်မတန်ခေါင်းမာတဲ့ ကောင်မလေးမှန်း အားလုံးသိထားပြီးသား မဟုတ်လား..၊ ချမ်းပြီး တုန်လာတော့မှ ရေချိုးခြင်းကို ရပ်တန့်လိုက်မိ၏။

ရေချိုးခန်းထဲမှ ထွက်တော့ လုံးချစ်က ကျွန်မစားဖို့ မနက်စာပြင်ပြီးပြီ လာပြောရင်း မျက်လုံးပြူးကျယ်သွားလေသည်။

"အမယ်လေး မနက်အစောကြီး မမ ခေါင်းလျှော်တယ်..၊ ဒုက္ခပါပဲ"

"ခေါင်းတွေ တအားကိုက်လွန်းလို့ပါဟာ"

"မမ တရားနာ ရေစက်ချရမှာတဲ့..၊ ဆံပင်တွေချထားလို့ ဘယ်ဖြစ်မှာလဲ"

"ဟာ၊... စိတ်ရှုပ်ရတဲ့ကြားထဲ နင်ကတစ်မျိုး..၊ ငါ့ကို ဆရာလာမလုပ်စမ်းပါနဲ့"

"ခေါင်းခြောက်အောင် ဝိုင်းသုတ်ပေးမယ်လေ"

"မလိုပါဘူး .. နင့်ဟာနင် လုပ်စရာရှိတာ သွားလုပ်စမ်းပါ"

ဟောက်လိုက်တော့မှပဲ အခန်းထဲမှ ထွက်သွားလေတော့၏။ ဒေါ်ဒေါ်က ခေါင်းလျှော်လျှင် Dryer ဖြင့်မှုတ်တာကို မကြိုက်တဲ့သူမို့ တအောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်သာ ခပ်မြန်မြန်လေး သုတ်လိုက်ပါသည်။

ဆံပင်ဖားလျားချလေ့ မရှိသူမို့ လက်ကိုင်ပဝါဖြင့် ခပ်ဖွဖွလေး ချည်ထားကာ အဝတ်အစားလဲလျက် ထွက်ခဲ့၏။ မျက်နှာပေါ်မှာက တော့ ထုံးစံအတိုင်း သနပ်ခါးရေကျဲလေး လူးရုံသာ။

"ဟိုကောင်မလေး .. စောစောစီးစီး ခေါင်းလျှော်တယ်ဆို"

မေမေဆူတာကို မကြားယောင်ဆောင်ပြီး ကြီးကြီးမေ လှမ်းပေး လိုက်သည့် ဆွမ်းတော် လင်ဗန်းကိုယူ၍ အပေါ်ကို ပြန်တက်လာခဲ့၏။

ဘုရားသောက်တော်ရေ လဲတာလဲ..၊ ဘုရားမီး ပူဇော်၊ အမွှေးတိုင် ထွန်းပြီး ဗန်းထဲမှ ဆွမ်းရော သစ်သီးဆွမ်းကိုပါ ကပ်ပြီး ဘုရားရှိခိုးပါ၏။

နာရီမှာ ၆နာရီရှိနေပြီမို့ ခုချိန်ထိ ဘာမှမစားရသေးတာကို သတိ ရသွားပြီး မီးဖိုခန်းဆီ အမြန်လျှောက်လာစဉ် အိမ်ရှေ့မှာ ကားရပ်သံ ကြားလိုက်ရပါ၏။

"ဘုန်းဘုန်းတွေ ကြွလာပြီလား"

"သိဘူးလေ"

"နင်ကတော့လေ.. ဘာမှ အားကို မကိုးရဘူး..၊ အစစအရာရာ အကုန်လိုက်လုပ်နေရတော့တာပဲ..၊ အခု ဘာလုပ်မလို့ ဒီကို ဝင်လာ တာလဲ"

"ဗိုက်ဆာလို့"

"ဆာမှာပေါ့ .. မနေ့ကတည်းက တေပေပြီး အိပ်နေတာ မဟုတ် လား..၊ အသက် ၂၃ နှစ်ပြည့်ပြီ .. ကလေးစိတ်ကို မကုန်သေးဘူး..၊ သွား .. ဟိုစားပွဲပေါ်မှာ ပြင်ပေးထားတယ် .. မြန်မြန်စား .."

မေမေက နွေးလက်မောင်းကိုတော့ ရိုက်ဖြစ်အောင် ရိုက်သွား





သေးလေ၏။ အိမ်ရှေ့ကို ထွက်သွားတာတောင် လူကို ဆူဖြစ်သွား တာလေ..။

နှာခေါင်းကို ရှုံ့လိုက်ပြီး စားပွဲထက်မှ အုပ်ဆောင်းကို လှမ်းကြည့် လိုက်မိသည်။

"အား!... ခေါက်ဆွဲကြော်ပဲ"

"ကြိုက်လား သမီး"

"ကြိုက်တာပေါ့ ကြီးကြီးရ"

"စား .. စား မနေ့ကတည်းက ဘာမှမစားဘဲ တစ်ချိုးတည်းနဲ့ အိပ်ပျော်သွားတာ မိုးကိုလင်းရော၊ အချဉ်ယူဦးမလား သမီး"

"အင်း .."

ကြီးကြီးက နွေး ဗိုက်နာမှာစိုးပြီး အချဉ်ကို Sauce ဖြင့် လုပ်ပေး တာမျိုးမဟုတ်ဘဲ သခွားသီးပါးပါး အချောင်းလေးတွေ လှီးတာက နည်းနည်း ကြက်သွန်နီ ပါးပါးလှီးထားတာများများကို သံပရာသီးသာ ညှစ်ထည့်ပေးပါ၏။ အအီပြေရန် ငရုတ်သီးစိမ်းပါးပါးကို ထည့်ထား လေသည်။

"မမ ခည့်သည်တဲ့ .. အန်တီ ခေါ်နေတယ်"

"ဟဲ့ .. ဒီမှာ နင့်အစ်မ အစာစားနေတာကို ဘာလို့ အိမ်ရှေ့က ခေါ်နေရပြန်တာတုန်း"

ခေါက်ဆွဲကြော် စားလက်စ သုံးပုံတစ်ပုံသာ ရှိသေးတာကို ဧည့် သည် ထွက်ခေါ်ခိုင်းနေတာမို့ အံ့သြသွားရပါ၏။

ကေန္တ သင်းတို့မိသားစုတွေ ရောက်လာလို့ပဲ ထင်ပါရဲ့..၊ ထွက် မကြိုနိုင်ပေါင် အန်တီမြင့်ကို ချစ်ပေမယ့် သူ့ကိုမှ ကြည့်မရတာ..။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နေခြည်နဲ့ ဘယ်အခြေအနေ ဘယ်အဆင့်ထိ ရောက်မှန်းမသိတာကြောင့် အရင်ထက် ခပ်တန်းတန်းနေဖို့ နွေး ဆုံးဖြတ်ထားပြီးပြီလေ..။

"ဟိုကောင်မလေး .. ခေါ်နေတာ ခုထိ ထွက်မလာဘူး"

"ဒီမှာ နွေး ဗိုက်ဖြည့်နေတာလေ မေမေရာ"

"နောက်မှ ဖြည့်စမ်း..၊ ဒီမှာ နင့်လူ ရောက်နေပြီ..၊ လာကြိုမှပေါ့"

"ရှင်!... နွေး .. လူ"

"အေးလေ .. မြန်မြန်လာ"

ဘုရားရေ .. နွေးရဲ့လူတဲ့ ဘယ်ကနေ ဘယ်လိုပေါက်ချလာတဲ့ မိုးကျရွှေကိုယ်ပါလိမ့်..၊

စားနေတဲ့ ခေါက်ဆွဲပင် နင်ချင်ချင် ဖြစ်သွားရပြီး ရေ အမြန်မော့သောက်ကာ ပါးစပ်သုတ်ရင်း အိမ်ရှေ့ကို ခပ်သုတ်သုတ်ထွက်လာခဲ့ရ၏။

"တော်သေးတာပေါ့ နွေးရယ် .. ကိုယ်က အကြာကြီးရှာရမယ် ထင်နေတာ"

အလိုလေး .. လေး .. အိမ်ရှေ့မှာ ရောက်နေတဲ့လူက ဒေါက်တာ မင်းရျာန်ထူး ဖြစ်နေပါရောလား..၊ ရှပ်အဖြူ တိုက်ပုံအဖြူ ပုဆိုး ကတ္တီပါဖိနပ်ကို ဆင်မြန်းထား၍ ဆံပင်ကို ဆီလူးပြီး ကြော့မော့သပ်ရပ်နေတာလေ..။

လက်ထဲမှာ ကိုင်ထားသည့် ပါဆယ်ထုပ်ကတစ်ဖက် ပန်းစည်းပါကင်ထုပ်က တစ်ဖက်နှင့် ရပ်နေသည့် မျက်နှာက အပြုံး တွေ တစ်ဒါဇင်လောက်နဲ့ကိုး..။





"ဟင်!... အစောကြီး တကယ်ရောက်လာတယ်"

"ဒါပေါ့ နွေးပဲ တရားနာချိန် မီအောင် လာရမယ်ဆို..၊ ဒါက အန်တီ့အတွက်ပါ ခင်ဗျာ..၊ ကျွန်တော့်နာမည် မင်းရျာန်ထူးပါ"

"ဩော် ... အင်း ..အင်း အထဲကိုဝင်လေ သားရဲ့"

"ဒါက နွေးအတွက် Present.. Happy Birthday နော်"

ဘုမသိဘမသိဖြင့် လက်ခံလိုက်ရတာက အီလည်လည်ပါပင်..။ မေမေက နွေးပခုံးကို ဖျတ်ခနဲ ရိုက်လျက် သတိပေးလိုက်ပါ၏။

"ဟဲ့!.. ကျေးဇူးတင်တယ် ပြောဦးလေ"

"ရပါတယ် အန်တီ..၊ နွေးက စကားအပို သိပ်မပြောတတ်မှန်း ကျွန်တော် သိပါတယ်..၊ အခု ဘာလုပ်နေတာလဲ နွေး"

မေမေ့ကို တရိုတသေ ပြောနေရင်းမှ နွေးဘက်သို့ လှည့်မေးလိုက်တာမို့ ဘာပြန်ဖြေရမှန်းမသိဘဲ ကြောင်စီစီ ရပ်နေမိပါ၏။ သူက ဖိနပ်ပင်ချွတ်ကာ အိမ်ထဲရောက်နေချေပြီ..။

"မနေ့ကတည်းက ဘာမှမစားဘဲ အိပ်ပျော်သွားလို့ ခေါက်ဆွဲကြော် ကျွေးထားတာလေ..၊ အဲဒီကလေးမက အစားအသောက်ဆို ရိုက်ကျွေးရတာမျိုး သားရေ့..၊ သားရော ဘာစားခဲ့လဲ..၊ တစ်ခါတည်း စားလိုက်ပါလား ..၊ ခဏနေ တရားနာရတော့မှာ"

"နေပါစေ အန်တီ"

"ဘာနေပါစေလဲ..၊ တစ်ခုခုပေါ့ .. ကော်ဖီနဲ့မုန့်ဖြစ်ဖြစ်လေ..၊ လာပါ သားရဲ့..၊ အိမ်ကို တစ်ခါမှ မရောက်ဘူးတဲ့ဟာ၊ အတော်ပဲ သမီးနဲ့ တရားနာ ရေစက်အတူချပေးဖို့ အချိန်မီ ရောက်လာတာဆိုး"

အမယ်လေးနော်..၊ သဘောတွေ တွတ်ကောင်းနေလိုက်တာများ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မတွေ့ဖူးတဲ့ သူစိမ်းလို့ပင် မထင်ရအောင် မေမေပြုမူနေတာ လေ..။ ထမင်းစားခန်းထဲထိ ဝင်ရဲအောင် ဖိတ်ခေါ်တဲ့လူက ခေါ်နေပြီ မို့ သူ လိုက်ဝင်လာလေတော့သည်။

အန်တီမြင့်သား မဟုတ်တာနဲ့ ရောက်လာတဲ့ဆရာဝန်ကို နွေးရဲ့ ချစ်သူဆိုပြီး စွဲမှတ်လိုက်တာ အံ့သြစရာပါလား..။ ထားပါတော့..။ ဒါကနောက်မှရှင်းလည်းဖြစ်တဲ့ ကိစ္စပါလေ..။ သို့သော် နွေး ရွေးတဲ့လူ ကို ပါချိုပါချက်မဟုတ်ဘူး ထင်လိုက်ပုံကြောင့် သက်မတော့ ချမိပါရဲ့..။

"နွေးမေမေက သဘောကောင်းတယ်နော်"

ခုံမှာ ဝင်ထိုင်ပြီး ခပ်တိုးတိုးပြောလိုက်သည့် သူ့ကို မျက်စောင်း ခဲလိုက်မိပါ၏။ ရှင် အဆင့်တက်ဖို့တော့ မကြံလေနဲ့ ဦးဈာန်မင်းထွေး ရေ..၊ မေမေ့လက်ချက်နဲ့ ဓာတ်ချည်တည်း မှောက်သွားမယ်မှတ်..။

"ဘာကော်ဖီသောက်ချင်လဲ သား..၊ ချိုချိုလား .. ခါးခါးလား"

"ရိုးရိုး Black Coffee ပဲ ဖျော်ပါ အန်တီ..၊ ကျွန်တော် အချို မကြိုက်လို့ပါ"

"ဩ .. ဒါလည်း သမီးနဲ့တူတာကိုး..၊ ခဏလေး စောင့်နော်"

"ရပါတယ် အန်တီ"

စေတနာဗလပွနဲ့ ကိုယ်တိုင်ဖျော်ပြီး လာညှေ့ခံနေသည့် မေမေ့ ကို နွေး ဘာမှမပြောဖြစ်တော့ပါလေ..။ သူကလည်း ချော်လဲရောထိုင် ဆိုသလို ပုလဲနံပသင့်အောင်ကို ပြေပြေပြစ်ပြစ် ပြောဆိုနေတာကိုး..။

"သားမိဘတွေကရော ဘာများလုပ်ကြလဲကွယ်"

"မေမေ .."

"ကလေးက ကလေးလို နေစမ်းပါ..၊ မေမေသိထားမှ သမီးဖေဖေ





ပြန်လာတော့ မိတ်ဆက်ပေးလို့ ရမှာပေါ့"

"အန်ကယ်က ဘယ်သွားနေလို့လဲ ခင်ဗျ"

"သံဃာတော်တွေ သွားပင့်တာ သားရဲ့"

'ဘုန်းကြီးရှုးနဲ့ လှေလှူး'စကားပုံကိုပင် သုံးရလေမလား..၊ အစက တော့ မြင့်သားမှ မြင့်သားဆိုတဲ့ မေမေတစ်ယောက် အခုလည်း ခွဲစိတ် ဆရာဝန်လေးကို သမက်စာမေးပွဲစစ်သလို စစ်နေချေပြီ..။ နေခြည် ပြောတုန်းကတော့ သူ နွေးကို စိတ်ဝင်စားနေတယ်ဆိုလို့ တော်ပါသေး ရဲ့..။ တော်ရုံလူ အထင်မှားစရာဖြစ်အောင်ကို ဖော်ရွေလွန်းနေသည့် ဒေါ်နွေးယဉ်ကြောင့် ခက်ပါလားနော်..။

"ဟော .. ကားသံကြားတယ်..၊ သူ့အဖေ ပြန်လာပြီထင်တာပဲ ခဏနော်"

မေမေ ခပ်သုတ်သုတ်ထွက်သွားချိန် နွေးနဲ့ သူ တိတ်တိတ်ပုန်း စစ်ပွဲက ထမင်းစားခန်းထဲ ဖြစ်တော့တာလေ..။

ဟုတ်တယ် .. သူလည်း သင်းလိုပဲ လူကို စိတ်ကသိကအောင့်ဖြစ် အောင် လုပ်တတ်တာကိုး..။

"ရှင် ဘယ်လိုပြောပြီး ရောက်လာတာလဲ"

"မနေခြည် Phone နဲ့ ညွှန်တဲ့အတိုင်းပဲ ရောက်လာတာလေ နွေးရဲ့ .. ဘာဖြစ်လို့လဲ"

"အဲဒါကို ပြောတာ မဟုတ်ဘူး။ မေမေ့ကို ဘယ်သူလို့ ပြောလိုက် တာလဲလို့ မေးတာ"

"နွေးရဲ့မိတ်ဆွေပါလို့ပြောပြီး မိတ်ဆက်ရတာပေါ့ နွေးရဲ့ .. အဲဒီ လို မလုပ်လို့ ဘယ်လိုလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အရေးမကြီးဘူး၊ မေမေ အထင်မှားနေတာကမှ အကြောင်း"

"ဘာကိုအထင်မှားတာလဲ နွေးရဲ့"

"ရှင်နဲ့ ကျွန်မကိုလေ"

မျက်လုံးပြူးပြပြီး လေသံဖြင့် အံကြိတ်ပြောတာကို သူက သဘောကျပုံဖြင့် ရယ်လေတော့၏။

အမြင်ကပ်လိုက်တာ အရမ်းပါပဲလားနော် ..၊

"ဒီမှာ သမီးရဲ့ချစ်သူလည်း ရောက်နေတယ် သားရဲ့..၊ သားရဲ့ သိမလား မပြောတတ်ဘူး၊ ဒေါက်တာ မင်းချာန်ထူးတဲ့"

ထမင်းစားခန်းထဲ ရောက်လာသည့် သူတို့ မိသားစုမျက်နှာမှာ အံ့ဩမှုနှင့်အတူ ကျွန်မ မျက်နှာတစ်ပြင်လုံး ပူထူသွားရလေ၏။

ခက်ပြီ နှစ်သိမ့်နွေး ရေ..၊





[၂၂]

"မဟုတ်ပါဘူးလို့ ဆိုနေမှ..."

"မဟုတ်ဘဲနဲ့ ဘာလို့ ဖေဖေတို့ကို မိတ်ဆက်ပေးတာလဲ သမီးရယ် .. ဟင်"

စိတ်ရှုပ်လိုက်တာနော်..၊

အိမ်ခဏလာလည်တဲ့ ဧည့်သည် (မဟုတ်သေးဘူး) အလှူကိုလာတဲ့ ဧည့်သည်ကို ထင်ချင်ရာထင် ပြောချင်ရာပြောပြီး နွေးရဲ့ချစ်သူလို့ သတ်မှတ်လိုက်တဲ့ ပြဿနာက အခုထိ မပြီးသေးပါလားနော်..။

"နွေးက နွေးချစ်သူလို့ ပြောမိလို့လား ဖေဖေရာ"

"ဒါဆိုလည်း မဟုတ်ရင် မဟုတ်ဘူးပြောပေါ့ မီရွှေနွေးရဲ့..၊ မအေပြောတော့ ညည်းဘာလို့ ငြိမ်နေသလဲ..၊ မြင့်တို့နဲ့ မိတ်ဆက်ပေးတုန်းကတောင် 'ဘူး'တစ်လုံး မပြောဘဲ လက်ခံခဲ့တာကိုး"

မေမေက Caculator တစ်ု ဘောလ်ပင်တစ်ဖက်ဖြင့် အလုပ်ရှုပ်နေရာမှ လှမ်းဆူပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်နေ့ အဆူမခံရတဲ့နေ့ရယ်လို့ မရှိပါလားနော်..၊

ဖေဖေက နွေး လက်ခံထားတဲ့ အပင်အိုးရေ စာရင်းစာရွက်ကို ကြည့်ရင်း ပြောနေခြင်း ဖြစ်ပါ၏။ နွေးကတော့ ညှော့ခန်းရှိ ကြမ်းပြင် ထက်မှာ ထိုင်ချရင်း မနက်ဖြန် လာယူမည့်အပင်ကို လက်စသတ် ညှပ်ပေးနေတာပင်..။

"အဲဒါက လူကြီးတွေရှေ့ စကားမများချင်လို့ပါ မေမေရဲ့"

"သမီးဟာက မဟုတ်သေးဘူးနော်"

"ဘာမှားလို့လဲ ဖေဖေရဲ့..၊ ဒါ သားပိုက်ကောင်ပုံလေ .. မလှ လို့လား"

"တွေ့လား .. မိဘပြောနေတာကို သူ့အပင်လောက် စိတ်မဝင် စားဘူး..၊ အစ်ကိုသမီးကတော့ ငယ့်လက်နဲ့ ဝေးနေလို့ သက်သာတယ် မှတ်နော်"

"ဟုတ်သားပဲ သမီးရယ် .. အဲဒီ ဒေါက်တာမင်းဈာန်ထူး မဟုတ် ရင် ဘယ်မလဲ သမီးရဲ့ချစ်သူ"

နှာခေါင်းရှုံ့ပြလိုက်ရင်းမှ ပြုံးစိစိ ဖြစ်သွားရပါ၏။ ကိုယ့်သမီးကို ရည်းစားမရှိလို့ ဆူတဲ့မိဘမျိုး ရှိဖူးကြားဖူးကြပါရဲ့လား..၊ နွေးကတော့ တကယ် အဆူခံနေရတာပါရှင်..။

"ရှိမှမရှိတာ .. မရှိတာကို နွေးက ဘယ်လိုပြရမှာလဲ ဖေဖေရဲ့"

"ဟော!... သား နန္ဒ ပြောတုန်းကတော့ သမီးမှာ ချစ်သူရှိတယ်ဆို"

"အဲဒီတုန်းကတည်းက စမှားတာ..၊ သူ့ဟာသူ ထင်ရာမြင်ရာ လျှောက်ပြောသမျှ ဖေဖေတို့က ယုံခဲ့ကြတာကိုးလို့.."

"ကြည့်စမ်း .. မဟုတ်ရင် မဟုတ်ဘူးလို့ ပွင့်ပွင့်လင်းလင်း ဘာလို့





မပြောခဲ့သလဲ မီးရွှေနွေးရဲ့ .. ဒီနားကို လာစမ်း .. မိဘပြောနေတာကို ဂရုမစိုက်တဲ့ပုံစံနဲ့ အလုပ်က လက်နဲ့မပြတ်ဘူး"

"မေမေကလဲကွာ .. မနက် ၉ နာရီ ငါးပင်လာယူမှာ..၊ ဒီအပင် ပြီးရင် နှစ်ပင်တောင် ကျန်သေးတယ်"

"ကျန်ကျန် .. နင့်အပင်က ငါတို့ထက် ပိုအရေးကြီးသလား ပြောစမ်း"

လာပြန်ပြီ..၊ ဆရာဝန်လည်း မဟုတ်ဘဲ လူကိုစွတ်ဟောက်နေတဲ့ ဟောက်ဆာဂျင် မေမေပါလားနော်..၊ နွေးကို ယောက်ျားပေးစားတဲ့ အလုပ်က ဒီပိုက်ဆံရမယ့်အလုပ်လောက် ဘယ်အရေးပါပါ့မလဲ..။

အဲဒီလိုပြောလိုက်လို့ကတော့ စားပွဲပေါ်မှာ အလှထိုးထားတဲ့ ပန်းအိုးပျံက နွေးဆီ ဝှီးခနဲရောက်လာတော့မှာလေ..။

"ဟဲ့ .. ခေါ်နေတာ ကြားလား"

"လာပါပြီ"

"ပြောလိုက်ရင် မျက်နှာရှစ်ခေါက်ချိုး ကိုးခေါက်ချိုးနဲ့..၊ နင့်ပုံစံကို ဘယ်သူကြိုက်မှာတဲ့လဲ"

"ကြိုက်တဲ့သူ ရှိသားပဲ"

"ဘယ်သူလဲ"

"ဒေါက်တာ မင်းဈာန်ထူးလေ"

"ငါလေ .. တယ် .."

ဆူဆူဆောင့်ဆောင့်ဖြင့် ကြမ်းပြင်ကော်ဇောထက်မှ ထလာပြီး ဖေဖေ့ရှေ့မှာကပ်ပြီး ထိုင်ချလိုက်ပါ၏။ ဒါမှ မေမေ့လက်နှင့် နည်းနည်း လှမ်းမှာကိုး..။



www.burmeseclassic.com

www.burmeseclassic.com



"ခုပေါ်ထိုင်လေ သမီးရယ်"

"ထိုင်ချင်ဘူး"

"လုပ်ပြန်ပြီလား..၊ ထော်လော်ကန့်လန့်"

"မေမေကလဲလေ .. နွေးကို အမြဲအပြစ်ရှာပြီး ပြောနေတာပဲ"

"အံမာ .. လာလာချေသေး..၊ မအေကပဲ သမီးကို အပြစ်မရှိ အပြစ်ရှာတယ် ပြောရတယ်လို့..၊ ညည်း မရှင်းမရှင်းလုပ်ထားတဲ့ကိစ္စကို ပြောနေတယ်လေ..၊ မြင့်ဆို ဟိုနေ့ကတည်းက ငါ့ဆီ Phone တောင် မဆက်တော့ဘူး..၊ ဘယ်လောက်အထိ မျက်နှာပျက်သွားသလဲဆိုတာ ညည်းမျက်မြင် မဟုတ်လား"

"အန်တီမြင့်ရဲ့သားကို နွေးမှ မကြိုက်တဲ့ဟာ"

"အေးလေ .. မကြိုက်လည်း ကြိုက်တဲ့အချိန်ကာလအထိ စိတ်ရှည်ရှည်နဲ့ စောင့်ပေးမှပေါ့..၊ ခုတော့ ညည်းလုပ်ပုံကြောင့် ဟိုဘက်က အထင်လွဲသွားပြီလေ..၊ အခု ဘယ့်နှယ်လုပ်မှာလဲ"

နှုတ်ခမ်းကို မဲ့လိုက်မိပါ၏။ အာရုံမှာ ကွက်ခနဲပေါ်လာသည်က သူ့လက်မောင်းကို တွယ်ဖက်ထားသည့် နေခြည်မျက်နှာမှ အပြုံးလေ..။ လူကို ချိုးချိုးဖဲ့ဖဲ့ မပြောတော့ပေမယ့် 'နင့်မှာ ငါ့လိုလက်တွဲဖို့ ဒီလို လူမျိုးရှိရဲ့လား'လို့ မေးတဲ့ မေးခွန်းမျိုး သူမ အပြုံးထဲမှာ ပျော်ဝင်နေတာ အမှန်ပဲကိုး..။

"ဘယ့်နှယ်မှ လုပ်စရာ မလိုပါဘူး မေမေရဲ့..၊ နွေးမှာ ချစ်သူရှိတယ်လို့ စွပ်စွဲတဲ့သူကမှ အမှန်တကယ် ရည်းစားရသွားတာ..၊ မေမေတို့ရော အန်တီမြင့်တို့ပါ မသိဘဲနဲ့များ"

"ဟဲ့ .. ဘယ်တုန်းကလဲ ..၊ ဘယ်သူနဲ့တုန်း"





"မေမေသိချင်ရင် သူ့ကို မေးကြည့်ပေါ့"

"ကြည့် .. မဟုတ်ဘဲနဲ့ လျှောက်မပြောနဲ့စမ်း"

"နွေးက သူတို့စုံတွဲကို ဒီမျက်စိနှစ်လုံးနဲ့ မျက်မြင်ကိုယ်တွေ့မို့လို့ ပြောတာပါ မေမေရဲ့..၊ သူ့လို ထင်ရုံနဲ့ လျှောက်ပြီး မှန်းပြောနေတာမှ မဟုတ်ဘဲ"

"ဒါဖြင့် ဘယ်သူနဲ့လဲ"

မပြောချင်ပါဘူးရှင်..၊ တကယ်ပါ .. ရှင်နဲ့ နေခြည်ကို ယှဉ်တွဲပြီး နာမည်တောင် မခေါ်ချင်တာ အမှန်ပဲ..၊ မတူမတန်ဘူးဆိုတာ မိဘတွေရဲ့နေရာကပဲ ပြောသင့်တဲ့စကားစုပါ..။ ဒါကို ကျွန်မ နားလည်ပါတယ်..၊ ဒါပေမယ့် ...

ရှင့်လို နာမည်ကောင်းရှိတဲ့ ဆရာဝန်နဲ့ နေခြည့်လို မျက်နှာများတဲ့ မိန်းကလေးကိုတော့ လက်ထပ်တဲ့အထိ မပြောပါနဲ့၊ အပျော်သဘောမျိုးနဲ့ တွဲတာကိုတောင်မှ လက်မခံချင်တာ ဘာကြောင့်များပါလိမ့်..။

သူငယ်ချင်းဆိုတာ ၅၂၈ နဲ့ ချည်လာတဲ့ကြိုးမို့ အခုဆို နှစ် ၂၀ ကျော်တိုင် ကြာခဲ့ပါပြီလေ..။ သို့သော် ကျွန်မနဲ့ ဘာမှမသက်ဆိုင်တဲ့ ရှင့်လိုလူကို သူ ဘယ်လိုပဲချည်ချည် နွေးနဲ့မှ မဆိုင်တာဘဲ..၊ ဒါကိုတောင်မှ သူ့ဘက်ကနေ ဘာကြောင့်များ နာကျင်ပေးချင်ဟာပါလိမ့်..။

"မေးနေတာ ဖြေမှပေါ့ သမီးရဲ့"

လွင့်နေသည့်စိတ်က ကိုယ်မှာ ပြန်ကပ်သွားရပါ၏။ သူလည်း ဒီလိုပဲ သူ့ချစ်သူဆီ စိတ်တွေပျံ့လွင့်နေမယ် ထင်ပါရဲ့..။ ရင်မောရပါလား ရှင်ရယ်..။

သက်ပြင်းကို တိုးသဲ့သဲ့ချကာ မပြောချင်သလို ပြောမိတဲ့လေသံက



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုး အားမရှိသည့်နှယ်လေ..။

"နေခြည်နဲ့ .."

"ဘယ်သူ!.."

"နေခြည်လင်းလက်ဖြာနဲ့လေ .. မမေရဲ့"

"အလို!.. ဘုရား .. ဘုရား .. ဘယ်လိုကနေ ဘယ်လို သူတို့သိသွားပြီး တွဲကြတာလဲ"

"အဲဒါတော့ နွေးလည်း မသိဘူး၊ အန်တီလင်းလက် ဆေးရုံဆင်းမှ သူ့ကို ကိုကိုခေါ်တာဆိုပြီး နွေးနဲ့မိတ်ဆက်ပေးတော့မှ သိရတာပဲ..၊ လက်ကိုတောင် ချိတ်ပြရဲမှတော့ ဘယ်အဆင့်မှန်း နွေးလည်း သဘောပေါက်သွားတာလေ"

"မဖြစ်နိုင်တာ ..၊ ဒါ လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ..၊ မြင့်သာသိရင် သွေးတက်ပြီး နှလုံးရပ်မယ့်ကိန်း ..၊ ဒီလို လျှပ်ပေါ်လော်လီနေတတ်တဲ့ ကလေးမျိုးနဲ့ မြင့်က သားကို ဘယ်လိုသဘောတူပါ့မလဲ၊ မဖြစ်ဘူး .. မဖြစ်ဘူး .. မြင့်ကို ကြိုအသိပေးမှပါပဲ"

မမေက ရင်ဘတ်ဖိပြီး ဘုရား'တ'ရင်းမှ Phone စင်ရှိရာဆီ ထသွားတာမို့ ကျွန်မ မျက်လုံးပြူးသွားရပါ၏။ ဟိုနှစ်ယောက် တရားဝင်ချစ်သူ ဖြစ်,မဖြစ် မသေချာခင်မှာ နွေးကြောင့် ပြဿနာဖြစ်မှာကို မလိုလားပါလေ..။

ပြီးတော့ နေခြည့်သတင်းကို နွေးတို့ မိသားစုပြောလို့ သိတာထက် တခြားနေရာက သိတာမျိုးကိုပဲ ဖြစ်စေချင်ပါတယ်။ အထူးသဖြင့် နွေးက မနာလိုလို့ ဒီကိစ္စ မဖြစ်ဖြစ်အောင် လုပ်ပါတယ်ဆိုပြီး နေခြည် ပြောမှာကို လုံးဝ မလိုချင်တာပါလေ..။





"မဆက်ပါနဲ့လား မမေ"

"ဘာဖြစ်လို့လဲ"

"မကောင်းဘူး ထင်လို့ပါ"

"ဘာမကောင်းစရာ ရှိလို့လဲ သမီးရဲ့..၊ မိတ်ဆွေစစ်ဆိုတာ တစ်ဦးရဲ့ကောင်းကျိုး မကောင်းကျိုးကို ကြိုတင်အသိပေးဖို့ တာဝန်ရှိမှန်း သမီးလည်း အသိဆုံး မဟုတ်လား"

"ဒါတော့ မှန်ပါတယ် မမေ..၊ ဒါပေမယ့် နေခြည်နဲ့ နွေးကြားက အခြေအနေကို မမေတို့လည်း သိထားတာပဲ..၊ အထူးသဖြင့် နွေးကို ချစ်သူမရှိဘူးဆိုတဲ့ပြစ်ချက်က သူ အထင်သေးတဲ့ ထိုးနှက်ချက်ဖြစ်နေလို့ပါ..၊ သူတို့နှစ်ယောက် တကယ်ပဲ ချစ်သူဟုတ်မဟုတ် ဆိုတာကို မသေချာသေးဘဲနဲ့ နွေးဆီက သတင်းအချက်အလက် ရသွားတာကို နေခြည် သိသွားရင် သူ့ကို မနာလိုလို့ဆိုတဲ့ အပြစ်မျိုးပြောတာကို မလိုချင်လို့ တားနေရတာပါ"

"ဒါဆို မမေတို့က ဘာလုပ်ရမှာလဲ..၊ နေခြည်နဲ့သမီးကို သူငယ်ချင်းဆိုတာ သိရဲ့သားနဲ့ ဒီကောင်မလေးရဲ့ Character ကို ကြိုပြီး အသိမပေးမိရင် မြင့် ရင်ကွဲပက်လက်ဖြစ်မှာ သမီးရဲ့..၊ မမေ့ကိုလည်း စိတ်ဆိုးမှာ အသေအချာပဲ"

ဟုတ်ပါတယ် .. အခုမှ ကျွန်မ အနေအထားက ဆူးကြားက ဘူးခါး ဘဝမျိုးပါလေ။ သူ့မိဘတွေကို မပြောရင်လည်း တစ်ပြစ်..၊ သူ့ကို ပြောရင်လည်း တစ်ပြစ် အခြေအနေကိုး...။

ဘယ်လိုလုပ်ရမလဲဟင် .. နင့်အပေါ်မှာ မနာလိုတာမျိုးရှိပေမယ့် သူနဲ့တော့ သဘောမတူချင်တာ ရင်ထဲက ဆန္ဒအမှန်ပါ နေခြည်..၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုသာ နင် သိရင် ဟားတိုက်လှောင်ရယ်လိမ့်မယ် ထင်ပါရဲ့..၊

"လူဆိုတာ ပေါင်းကြည့်မှ အကြောင်းသိတယ်လို့ မေမေပဲ နွေးကို ဆုံးမဖူးတာ မဟုတ်လား..၊ အဲဒီတော့ သူ့အိမ်ကို ဝင်ထွက်မှ ပြုလာတော့မှ နေခြည့်စရိုက်ကို သူရော အန်တီမြင့်ပါ သိပါစေလား မေမေ"

"ဒါဖြင့် မေမေတို့က မသိချင်ယောင်ဆောင်နေရမှာလား..၊ အဲဒီသဘောလား .. နွေး"

"အေး .. ဒီတော့လည်း ယုန်ကလေး နာစေးနေတယ်လို့ ပြောလိုက်တာက အပြစ်ကင်းတာပေါ့ ငယ်ရယ်..၊ တော်ပြီ .. ဒီကိစ္စကို ဒီမှာပဲ ရပ်ကြစို့"

ဖေဖေက စကားဝိုင်းကိုသိမ်းပြီး ခုံမှထကာ အိပ်ခန်းဆီလှမ်းသွားလေတော့၏။ မေမေလည်း Phone စင်ဘေးမှာ ရပ်နေရာမှ ရွာလိုက်စဉ် ရုတ်တရက် Phone မြည်သံကြောင့် လန့်သွားရလေသည်။

"ဟဲ့!... ပလုတ်တုတ် .. ဒီအချိန်ကြီး ဘယ်က Phone ပါလိမ့်၊ ဟယ်လို.."

"... ... ..."

"သြော် ... သားလား .. ရှိတယ် .. မအိပ်သေးဘူး..၊ ခဏလေးနော်"

မေမေက ကျွန်မကို မေးဆတ်ပြရင်း လှမ်းခေါ်နေတာမို့ ဖဝေဖဝါဖြင့် ထရပ်လိုက်ရပါ၏။ ည ၉ နာရီကြီး ဘယ်သူကများ Phone ခေါ်တာပါလိမ့်..၊ သားတဲ့လေ..။

"ဘယ်သူလဲ မေမေရဲ့ .."

"မင်းချာန်ထူးလေ သမီးရဲ့..၊ ဒီတစ်ယောက်ကတော့ မဆိုးပါဘူး၊ သမီးကိုလည်း တည့်အောင်ပေါင်းတဲ့ သိမ်မွေ့တဲ့ကောင်လေးပါကွယ်၊





လာကိုင်ချေ"

လုပ်ချလိုက်ပြန်ပြီ..၊ နေနန္ဒနိုင်နဲ့ တွဲပေးလို့မရတော့ အခုတစ်ခါ မင်းချာန်ထူးဘက်ကို မြားဦးလှည့်ပြန်ပါရောလား..၊ နွေးလက်ထဲကို Phone ထည့်ပေးပြီး မေမေက လုပ်လက်စ ငွေရေသည့်အလုပ်ကို ဆက်လုပ်နေလေပြီ..။

"ဟယ်လို .."

"နွေးလား .. ကိုယ်ပါ"

"ဘာကိစ္စရှိလို့လဲ ဒေါက်တာ"

"နွေးကို မေးစရာလဲ ရှိတယ်..၊ ပြောစရာလဲ ရှိလို့ပါ"

"ရပါတယ် ပြောပါ"

"ဒီနေ့ အလုပ်မှာ ကိုယ်နဲ့ နန္ဒ ပြဿနာဖြစ်ကြတယ်"

"ရှင်!..."

"တိုးတိုးကျိတ်ကျိတ် ဖြစ်တာပါပဲ..၊ ဒါပေမယ့် ကိုယ်ကတော့ နန္ဒကို အတော်စိတ်ဆိုးမိတာ နွေးရဲ့"

"ဘာဖြစ်လို့လဲ"

"သူကလေ .. နွေးမှာ ချစ်သူရှိတယ်လို့ ပြောတယ်..၊ အဲဒါ ဟုတ်လားဟင်"

အောက်နှုတ်ခမ်းကို အသာကိုက်လိုက်မိပါ၏။ ဒီလူ ဘာကိစ္စနဲ့များ နွေးကို လိုက်နှောင့်ယှက်နေရတာပါလဲ..။ ရှင်ဘယ်လိုလူလဲ နေနန္ဒနိုင်..၊ ကျွန်မနဲ့ ဘယ်သူစိမ်းယောကျ်ားမှ မပတ်သက်ရလေအောင် စည်းလိုက်ခြားနေလေသလား..။

"ဟင် .. နွေး ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး .. သူများပြောတိုင်း လိုက်ယုံတာပဲလား"

"တော်ပါသေးရဲ့ နွေးရယ် .. ကိုယ်လည်း မဖြစ်နိုင်ဘူးဆိုပြီး သူ့ကိုပြောရင်းနဲ့ နွေးကို မင်း စိတ်ဝင်စားနေလို့ ငါနဲ့လိုက်ဖျက်နေတာလားဆိုတော့ ဒီကောင် တရှူးရှူး ဖြစ်ပါလေရော..၊ ပြီးတော့ ငါ့မှာ နေခြည် တစ်ယောက်လုံး ရှိပြီးသားလို့ ဝန်ခံလေရဲ့၊ ကိုယ်နဲ့တော့ ခုထိ သိပ်အစာမကျေသေးဘူး သိလား..၊ ဟယ်လို .. နွေး .. ဟယ်လို .."

'ငါ့မှာ နေခြည်တစ်ယောက်လုံး ရှိပြီးသား'တဲ့လား..၊

ဘယ်လောက်များ ယုံကြည်ပိုင်နိုင်တဲ့ လေသံပါလဲ ..၊

ရှင် တကယ်ပဲ နေခြည့်ကို မျက်စိစုံမှိတ် ရွေးချယ်လိုက်ပြီလား ဟင်..။





[ ၂၄ ]

"အန်တီဖြင့် အံ့ဩလွန်းလို့ ဘာပြောရမယ်မှန်းတောင် မသိပါဘူး သမီးရယ် .. အန်တို့သားမှာ မျက်စိမပါဘူးလားလို့တောင် ထင်မိတာ အမှန်ပဲ"

မုန်လာဥနီအကွင်းလေးတွေ ပါးပါးလှီးထားတာကို အချောင်းလေးတွေဖြစ်အောင် ပြန်လှီးနေမိ၏။ ရှေ့တည့်တည့်ခုံမှာ ဝက်သားပြုတ်ထားတာကို လှီးရင်း ရင်ဖွင့်နေသည့် အန်တီမြင့်စကားက နွေးရင်ကို ပို၍ မောဟိုက်စေသည့်နှယ်ပင်..။

ရင်လေးရှာမှာပေါ့..။ နွေးနဲ့ လားလားမှ မတူဘဲ လူကြီးတွေရဲ့ မျက်စိထဲ အမြင်ရိုင်းစေသည့် ဝတ်စားဆင်ယင်မှုမျိုးကိုသာ အမြဲတစေ နေခြည် ဝတ်ဆင်လေ့ ရှိတာလေ..။

"အဲဒီကောင်မလေးက သမီးရဲ့သူငယ်ချင်းဆို .."

"ဟုတ်ပါတယ် အန်တီ..၊ ငယ်သူငယ်ချင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များ အန်တီ့ကို ကြိုမပြောပါလား သမီးရယ် .. အန်တီသာ ကြိုသိရင် သားကို တားတန်တားမိပြီး မဖြစ်သင့်တာ မဖြစ်အောင် ကြို ကာကွယ်နိုင်တာပေါ့"

သက်ပြင်းကို ခိုးရှိုက်လိုက်မိပါ၏။

ဒီလို ဒီလိုတွေ ဖြစ်လာမှာကို နွေး ကြိုသိနေသားပါပဲ..၊ အခုတော့ ချွေးမလောင်းနဲ့ မိတ်ဆက်ပေးပြီးတဲ့နောက် အန်တီမြင့်လေသံက မချို တင်ကဲဟန် အပြည့်နဲ့ပါလေ..။

"အန်တီ့သားမှာ ခွဲခြားဆုံးဖြတ်နိုင်တဲ့ အသိဉာဏ် အပြည့်အဝရှိ နေပြီးသားပါ၊ နေခြည့်အကြောင်းကို နှုတ်ကပြောမှ သူ သိနိုင်တာမှ မဟုတ်ဘဲ အန်တီ..၊ အမြင်နဲ့တောင်မှ ဝေဖန်ပိုင်းခြား သိနိုင်ပါတယ်"

အန်တီ နှုတ်ဆိတ်သွားလေ၏။

မုန်လာထုပ်ကို တစ်ဖတ်ချင်း သေချာခွာကာ ရေဆေးပြီး ဆန်ခါ ဖြင့် ရေစစ်ထားတာထဲမှာ သုံးလေးရွက်ထပ်ကာ လက်နှစ်လုံးခန့်အထူ မှန်းပြီး ခပ်မှန်မှန် လှီးနေစဉ် အန်တီ့ထံမှ သက်ပြင်းရှိုက်သံ ထွက်လာ လေ၏။

"ဘယ်လိုမျက်စိ ဘယ်လိုအမြင်မျိုးနဲ့များ သွားကြိုက်တာပါလိမ့် နော်"

"ဒီနေ့ခေတ်ကိုက လန်းလန်းလေးဆန်းတာမျိုး အန်တီရဲ့ အန်တီ့ သားလည်း အလန်းလေးမျိုးပဲ ရွေးတာနေမှာပါ"

"အမယ်လေး သမီးရယ် .. လူလဲလန်းလွန်းပြီး စိတ်ပါ ဟိုဒီလွှင့် ခတ်နေရင် ဘယ်နှယ့်လုပ်မလဲ မဖြစ်ပါဘူး..၊ သားကိုချစ်တာ မှန်ပေ မယ့် အဲဒီအထိတော့ အလိုမလိုက်နိုင်ပါဘူး သမီးရယ်..၊ သူ့အဖေသိရင်





လက်ပါဟော့မှာပဲ"

"နေခြည်နဲ့ နွေးက သိပ်မတည့်တဲ့ သူငယ်ချင်းတွေပါ အန်တီ..၊ မကြာခဏလည်း စကားများတာမျိုးရှိတာမို့ အန်တီ့သားနဲ့ ပတ်သက် ပြီး ပြဿနာမဖြစ်အောင်လို့ နွေး တမင်ရှောင်သလို နေနေတာပါ၊ ဒီလိုပဲ သူ့သတင်းကို တခြားနေရာကပဲ အန်တီတို့ သိတာကိုပဲ လိုချင်လို့ မေမေ့ကိုလည်း နွေး မပြောခိုင်းဘဲ ထားတာပါ အန်တီ..၊ မိန်းမဆိုတာ မနာလိုဝန်တိုတတ်တဲ့ အမျိုးဆိုပေမယ့် နေခြည် လက်ညှိုးထိုးတာကို တော့ နွေး လက်မခံနိုင်ဘူး..၊ အဲဒါကြောင့်ပါ"

အန်တီက မင်သက်စွာဖြင့် နွေးကို အငေးသား ကြည့်နေပါ၏။ ဇလုံထဲချိုးပြီး ရေစိမ်ထားသည့် ကြာဆံတွေကို ရေထဲမှဆယ်ပြီး ခပ်ဖွ ဖွခါကာ ဆန်ခါထဲ စစ်ထားလိုက်ပါ၏။

စင်ပေါ်မှာ တင်ထားသည့် ပဲငံပြာရည်ပုလင်းကို အဖုံးဖွင့်ပြီး ကော်ဖူးဆို့ကို ဓားဖြင့် အသာကော်လျက် ဖယ်ကာ အဖုံးသာ ပြန်ဖုံး ထားလိုက်ပါသည်။

"ကြော်ရတော့မလား အန်တီ..၊ ကြာဆံနယ်ဖို့ပဲ လိုပါတော့ တယ်"

"ဟင်!... အင်း .. နယ်တော့လေ..၊ နေဦး .. အန်တီလာပြမယ်၊ ငံပြာရည်များသွားရင် မည်းသွားလိမ့်မယ် သမီးရဲ့"

"အာ ... ကြက်ဥခေါက်ဖို့ ကျန်သေးတာကိုး"

ဖန်ပန်းကန်လုံးထဲ ထည့်ထားသည့် ကြက်ဥငါးလုံးကို ဓားနှိုက် ဖယ်ကာ တစ်လုံးချင်းဖောက်ပြီး ကြာကြာခေါက်မွှေလိုက်ပါ၏။ ဆား ဟင်းချိုမှုန့်ကို လိုသလောက်ထည့်ကာ နနွင်းမှုန့် နည်းနည်းလေး



www.burmeseclassic.com

www.burmeseclassic.com



ရောခေါက်လိုက်ပါသည်။

"မဆိုးဘူး ..၊ သမီး တော်လာပြီ"

"အန်တီ သင်ပေးပေမယ့် နွေးက ညံ့တုန်းပဲ အန်တီရဲ့..၊ ဟိုတစ်နေ့က ဖေဖေ စားချင်တယ်ဆိုလို့ မြင်းခွာရွက်သုပ်ကျွေးတာ ခဲကိုက်မိလို့ အော်ပါရော"

"ဟင်း .. ဟင်း အဲဒါ ကြက်သွန်ကြော်ထဲက ပါတာနေမှာ သမီးရဲ့ .. သမီး သေချာမစစ်လို့ နေပါလိမ့်မယ်"

"ကြက်သွန်ကြော်ထဲကလား .. ပုစွန်ခြောက်ထဲကလား မသိပါဘူး။ အဲ ... ပုစွန်ခြောက်က ဆုံနဲ့ထောင်းတာဆိုတော့ ကြက်သွန်ကြော်ထဲကပါတာ ဖြစ်မယ်၊ ဟုတ်တယ် .. ကြာဆံနယ်ပြီ အန်တီ"

"အေး .. ပဲငံပြာရည်ကို အပေါ်ကနေ ဝိုက်ပြီးဖျန်း နည်းနည်းပဲ၊ လိုမှ ထပ်ထည့် တော်ပြီ.."

ဇလုံထဲ ထည့်နယ်သည့် ကြာဆံက အညိုရောင်သမ်းရုံလေးဖြင့် ကြည့်ကောင်းသွားပါ၏။

လှီးထားပြီးသား ဂေါ်ဖီ၊ မုန်လာထုပ်၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီတို့ကို ရေထပ်ဆေးကာ ဆန်ခါကုန်းဖြင့် ဆယ်ထားလိုက်၏။ ကြက်သွန်နီ ခွာထားတာထဲမှ နှစ်လုံးကို ရေဆေးကာ ရှုစ်စိတ်ခန့် ခပ်ကြီးကြီးလေး လှီးပြီး ဆီသပ်ရန် ပြင်လိုက်ပါသည်။

"အဲဒီကောင်မလေး ဘာအလုပ်လုပ်သလဲ"

"နွေး .. သိသလောက်ကတော့ ဘာမှမလုပ်ဘူး။ အချိန်တန် မိဘဆီက လက်ဖြန့်ပြီး လျှောက်သုံးနေတာပဲ"

ကောင်လေးတွေနဲ့ ထည်လဲတွဲပြီး date တာကိုတော့ နေခြည်





သိက္ခာကို ငဲ့ပြီး မပြောဖြစ်ပါချေ..။ သူနဲ့တွဲပြီး လိမ္မာသွားတာမျိုးပဲ ဖြစ်စေချင်လို့ပါလေ..။

"ခက်လိုက်တာနော် .. အန်တို့သား ရှာသမျှ ထိုင်ဖြုန်းနေရင် ဘယ့်နှယ့်လုပ်မလဲ"

"ဩော် ... မပူပါနဲ့ အန်တီရယ် .. အန်တို့သားက နေခြည့်ကို လမ်းမှားရင် ပြင်ပြပြီး ဆုံးမနိုင်တဲ့လူစားမျိုးပါ၊ လိမ္မာအောင် သူ သင်ပေးမှာပေါ့"

"လိမ္မာအောင်ဆိုတာ သင်ပေးသင့်တဲ့အရွယ်မှာပဲ သင်ရတဲ့ ဘာသာရပ်မျိုး သမီးရဲ့..၊ ဒီအရွယ်ကို ဘာမှ သင်ပေးစရာ မလိုတော့ဘူးလို့ အန်တီတော့ ယူဆတယ်"

"ဒါလဲ မှန်ပါတယ်၊ ဒါပေမယ့် ဘာမှ မချက်တတ်မပြုတ်တတ်တဲ့ နွေးကို အခုပဲ အန်တီ သင်ပေးလာတာ ဘယ်နှစ်လရှိပြီလဲ.. စဉ်းစားကြည့်ပါဦး"

"ဒါကတော့ သမီးရယ် .. သမီးကိုက အိမ်မှာ ဖူးဖူးမှုတ်ထားပြီး ဘာမှမခိုင်းလို့ မချက်တတ်တာ အပြစ်မှမဟုတ်ဘဲ၊ ဒါက သင်ပေးအပ်တဲ့ အတတ်ပညာတစ်ခုလေ မဟုတ်ဘူးလား"

နှစ်ယောက်သား ရယ်မောကာ ကြာဆံကြော်သည့်အလုပ်ကို နွေး လုပ်လိုက်ပါ၏။ လတွေကြာလာတာနှင့်အမျှ အန်တီနှင့် နွေးတို့ကြားက သံယောဇဉ်ကြိုးဟာ ပိုခိုင်မာလာသော်ငြား သူနှင့် နွေးကတော့ သူစိမ်းသက်သက်ပါလေ..။

သူ့အိမ်ကို နေ့စဉ်မဟုတ်တောင် နှစ်ရက်ခြား၊ သုံးရက်ခြား ရောက်လေ့ရှိပေမယ့် သူ မရှိသည့်အချိန်ကိုသာ တမင်ရွေးပြီး လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ အဘယ်မျှကြာနေပြီလဲ..။ ဒီတော့ သူနဲ့လည်း မျက်နှာချင်းမဆိုင်မိသလို နေခြည်နဲ့ တွဲသွားတွဲလာမြင်ကွင်းကိုလည်း မကြုံရပါချေ..။

"အန်တီက သမီးကိုပဲ ချွေးမတော်ချင်တာ နွေးရဲ့..၊ ဟိုကောင်လေးလက်ထဲ အန်တီ့သမီးကို မထည့်ပေးနိုင်ပါဘူး"

Sauce ဖြင့် အချဉ်လုပ်နေရင်း အန်တီ ပြောလိုက်တော့ ကြာဆံကြော်အိုးထဲ ကြက်ဥဖျော်ကို ဖြန့်ဖျန်းရင်း ပြုံးလိုက်မိပါ၏။ မေမေနဲ့များ ကွာပါ့နော်..၊ မေမေကတော့ နွေးကို အဲဒီ ဒေါက်တာနဲ့ သဘောတူနေတာလေ..။

"ကိုချာနဲ့ကို ပြောတာလား"

"အင်းပေါ့ .. သမီးရော သူ့ကို ခေါင်းညိတ်လက်ခံလိုက်ပြီ မဟုတ်လား"

အလို.. နွေးကိုများ နေခြည့်လို ခုပြော ခုခေါင်းညိတ်လိုက်တတ်တဲ့ အညာလွယ်သူ ထင်ရတယ်လို့..၊ စိတ်ချပါ အန်တီရယ် .. နွေးက မေမေတို့ပြောစေချင်တာတောင်မှ ခေါင်းမာမာနဲ့ငြင်းနေတဲ့ သမီးလိမ္မာလေးပါ..။

"လက်မခံသေးပါဘူး အန်တီရယ် .. အဲဒီနေ့က မေမေ့ဘာသာမေမေ ဆွဲတွေးပြီး အန်တီတို့နဲ့ မိတ်ဆက်ပေးလိုက်တာပါ၊ နွေး ဒီလောက်အညာမလွယ်ပါဘူး၊ မေမေကသာ သဘောတူတယ်လို့ ပြောနေတာလေ"

"အင်းပေါ့လေ..၊ ခုချိန်မှာမှ သမီးကို လိုက်ပြီး တားဆီးပိတ်ပင်နေလို့ ဘယ်ရပါ့မလဲ..၊ ငယ်လည်း ဒါကိုသိလို့ သမီးကို အဲဒီဆရာဝန်လေးနဲ့ သဘောတူတာပေါ့၊ အန်တီ့သားနဲ့သမီးရဲ့ ဖူးစာမင်ရည်က ကျဲ





ပေသကိုး"

အန်တီ့လေသံပျော့လေးက ဆွေးဆွေးမြည့်မြည့် ရှိလှပါ၏။ စားပွဲထက် ပန်းကန်ပြားတွေ ပြင်ဆင်ရင်း ပြောနေဟန်က စိတ်မကောင်းမှုကို သိသာနေစေတာ အမှန်ပါလေ..။

"ဘာဖြစ်လဲ အန်တီရယ် .. အန်တီ့သား ဘယ်သူနဲ့ပဲယူယူ နွေးက အန်တီ့သမီးပဲဆို .. ဒီတော့လည်း ကိုကိုနဲ့ ညီမလေးလို့ တစ်သက်လုံး ခေါ်လို့ရသွားတာပေါ့၊ မဟုတ်ဘူးလား"

"အေးလေ .. ဒါလည်း ဟုတ်တာပဲ"

အိမ်ရှေ့မှာ ကားရပ်သံ ကြားလိုက်ရတာမို့ တစ်ယောက်ယောက် ပြန်လာပြီမှန်း သိလိုက်ပါ၏။ နာရီက အခုမှ ညနေ ၅ နာရီကျော်ကျော်ပဲရှိသေးတာ..။ ဘယ်သူများ ပြန်လာတာပါလိမ့်..။

"သမီးကို သင်ပေးနေတာ"

ထွက်ကြိုလိုက်သည့် အန်တီ့စကားသံက တစ်ဝက်နဲ့ တုံးတိရပ်သွားရလေ၏။ မီးဖိုခန်းအဝမှာ ရပ်လိုက်သည့် သူက ခပ်တင်းတင်းမျက်နှာဖြင့် နွေးကို လှမ်းကြည့်လိုက်တာကိုး..။

"မင်းကို ပြောစရာရှိတယ်"

"ပြောလေ .."

"ဒီမှာ မပြောချင်ဘူး၊ အိမ်ရှေ့ထွက်ခဲ့"

"ဟယ်!... သားကလဲ"

ဘေစင်မှာ လက်သေချာဆေးပြီး လက်သုတ်ပြီးမှ လိုက်ထွက်လာခဲ့ပါ၏။ အိမ်ရှေ့ဆိုသည့်အတိုင်း ဧည့်ခန်းမှာ မဟုတ်ဘဲ တိုက်ရှေ့မြက်ခင်းပြင်မှာ ရပ်စောင့်နေသည့် သူ့အနီးသို့ လျှောက်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

"မင်း ဘယ်လိုမိန်းကလေးလဲ နှစ်သိမ့်နွေး"

"ရှင်!..."

"မင်းမှာ ချစ်သူရှိလျက်နဲ့ ငါ့သူငယ်ချင်းကိုပါတွဲတာ လှေနံနှစ်ဖက် နင်းတဲ့ သဘောလား"

"ရှင်ထင်တာ မှားနေပြီ..၊ ကျွန်မနဲ့ ကိုချာနဲက သာမန် မိတ်ဆွေ တွေပါ"

"ဟုတ်ပါကယ်.. မင်း ဒီလိုပြောမယ်ဆိုတာ ငါ ကြိုတွက်ထားပြီး သားပါ၊ မင်းရဲ့လူကို မပြတ်နိုင်သေးဘဲနဲ့ ငါ့သူငယ်ချင်းကို ကြိုးရှည်ရှည် နဲ့ လှန်ထားမယ် မကြံနဲ့ နှစ်သိမ့်နွေး၊ ငါ့သူငယ်ချင်းက အေးအေးချမ်း ချမ်းနဲ့ အမြဲ ပျော်အောင်နေတတ်တဲ့လူပါ၊ အခု မင်းကိစ္စနဲ့ပတ်သက်ပြီး ငါ့အပေါ် အမြဲကောင်းခဲ့တဲ့ သူငယ်ချင်းနဲ့ ငါ နေ့စဉ်နဲ့အမျှ စကားများ နေရပြီ..၊ အဲဒါ မင်းကြောင့်..."

ဘုရားရေ!... ဘယ်လိုကနေ ဘာတွေဖြစ်ကုန်တာပါလိမ့်..၊ ကမ္ဘာကြီးများ ပြောင်းပြန်လည်ကုန်သလား ထင်မိရအောင် နွေးကို အထင်တလွဲကြီး လွဲနေတာလေ။ လှေနံနှစ်ဖက်နင်းတဲ့မိန်းမလို့ သူ စွပ်စွဲရအောင် နွေးက .. နွေးက နာမည်ပျက်ရှိဖူးတဲ့ မိန်းကလေးမျိုးမှ မဟုတ်တာကွယ်။

"ကျွန်မက ဘာလုပ်နေလို့လဲ"

"အေး .. အိပ်ချင်ယောင်ဆောင်တော့လည်း နှိုးရတာပေါ့လေ မင်းရင်ထဲမှာ တကယ်မချစ်နိုင်ဘဲနဲ့ ငါ့သူငယ်ချင်းကို အရုပ်ကလေး သလို မကစားချင်နဲ့ နှစ်သိမ့်နွေး၊ ဆရာဝန်ဆိုတာ သူ့ဂုဏ်ပုဒ်နဲ့ တူညီ





တဲ့သိက္ခာနဲ့ နေတတ်တဲ့ လူတန်းစားမျိုးပဲ၊ အေး .. အဲဒီလို ဂုဏ်သိက္ခာ နဲ့နေတဲ့ ယောကျ်ားတစ်ယောက်ကို မင်းလက်ဝါးထဲထည့်ပြီး ကစားဖို့ မပြင်လေနဲ့"

ထင်ရက်လိုက်တာ .. ထင်ရက်လေခြင်း..၊ ဘယ်သူမပြု မိမိမှု ဆိုပေမယ့် ဒီလိုအမှုမျိုးကို နွေးမှ မလုပ်ခဲ့တာပဲ..။ တကယ်တမ်း နေခြည့်လက်ဝါးထဲမှာ လိုသလို လှည့်ကစားခံနေရတဲ့ သူ့ကိုယ်သူတော့ ပြန်မမြင်ဘဲ နွေးကိုမှ ရက်ရက်စက်စက် စွပ်စွဲရက်ရတယ်လို့..။

ရှင့်မှာ စာနာတတ်တဲ့ နှလုံးသားမှ ရှိမနေဘဲ ဒေါက်တာ နေနန္ဒ နိုင် ရယ် ..၊

"ကျွန်မ အဲဒီလို မိန်းမမျိုး မဟုတ်ဘူး"

"ဟာ .. မင်းနှုတ်ကမှ ပြောထွက်ဝံ့တယ်လို့..၊ ဒါဖြင့် မင်းချာန် မင်းအပေါ် အရူးအမူးဖြစ်နေတာကို ဘယ်လိုလုပ်မှာလဲ ပြောလေ..၊ ဟိုဘက်လိုလို ဒီဘက်လိုလိုနဲ့ မင်း မျက်နှာပြောင် မတိုက်ပါနဲ့၊ ငါ့ သူငယ်ချင်းက ငါ့စေတနာကို မမြင်ဘဲ ရန်သူတစ်ယောက်လို ဆက်ဆံ ခံလိုက်ရတာ ငါ့ရင်ထဲ ဘယ်လောက်နာတယ်ထင်သလဲကွ .. မင်းလို မိန်းမအတွက်နဲ့ ငါ့ကို လက်ပါတဲ့အထိ .. ဟာကွာ .. တောက် .."

ဘုရား .. ဘုရား၊ သူတို့သူငယ်ချင်းနှစ်ယောက်ကြားမှာ နွေးက သွေးခွဲသူဖြစ်နေပြီလားဟင်..၊ နွေးကိစ္စနဲ့ပတ်သက်ပြီး ထိုးကြကျိတ်ကြ တဲ့အထိ ဖြစ်ကုန်သတဲ့..၊ ကိုချာန်ရယ် .. နွေးကို မချစ်ဖို့ပြောတာနဲ့များ သူငယ်ချင်းကို လက်ရောက်ကျူးလွန်ရသတဲ့လား..။

သူငယ်ချင်းအပေါ်ကို ဤမျှ စေတနာထားတာကို သိခွင့်ရတော့ နေခြည့်ကို စိတ်ထဲမှ သတိရမိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြည်ရယ် .. နင်ကတော့ ငါ့ရင်ထဲက မေတ္တာတွေ စေတနာတွေကို ဘယ်တုန်းကမှ အသိအမှတ် မပြုခဲ့တာလေ..။

"ဒီမှာ .. ငါနောက်ဆုံးပြောမယ် နှစ်သိမ့်နွေး၊ မင်း-ငါ့သူငယ်ချင်းကို အရူးမလုပ်ပါနဲ့ .. အဆက်ဖြတ်ပါ..၊ လုံးဝမပတ်သက်တော့ဘူးလို့ ပြတ်ပြတ်သားသား ပြောလိုက်ပါ"

"ဘာလို့လဲ .."

"ဘာလို့လဲ .. ဟုတ်လား၊ အေး .. မင်းလိုမိန်းမမျိုးနဲ့ ငါ့သူငယ်ချင်း မတန်လို့ဘဲ .. သိပြီလား"

ကျွန်မ နားနှစ်ဖက်ကိုပိတ်ကာ သူတို့ခြံထဲမှ အပြေးထွက်လာခဲ့မိ၏။ ကမ္ဘာကြီး ချာချာလည်ကုန်ပြီဆိုတာကိုပဲ သိတော့တာလေ..၊

သည်းခံခြင်းဆိုတာ အတိုင်းအတာတစ်ခုအထိပဲ ရှိရိုးမှန်ရင် ကျွန်မနဲ့ သူကြားမှာ သမုဒ္ဒရာကြီး ခြားနားသွားပြီဆိုတာ အမှန်ပါလေ..၊





[၂၄]

"ငါ ပြောစရာရှိတယ်"

"ဘာလဲ .. ရုံးခန်းထဲမှာ ပြောပေါ့"

"မဖြစ်ဘူး .. အပေါ်ဆုံးထပ်ကို တက်လာခဲ့"

ကြီးကျယ်ပါ့၊ ပြောစရာရှိတာကိုတောင် နေရာချိန်းပေးတဲ့ ကောင်ပါလား..။ Hand Phone ကို ပိတ်လိုက်ပြီး Lift ဖြင့် အပေါ်ဆုံးထပ်ကို တက်လာခဲ့ရ၏။ Lunch စားချိန်အထိတောင် ဒီကောင်မစောင့်နိုင်တာ ဘာအကြောင်းများ အရေးတကြီး ပေါ်လို့ပါလိမ့်..။

အပေါ်ဆုံးထပ် လေသာဆောင်ရှိရာ လှေကားဆီသို့ သူ တစ်ထစ်ချင်း တက်လာခဲ့၏။ မနေ့က ရုံးခန်းထဲမှာ သူနဲ့မင်းချာန် ပြဿနာဖြစ်ကြတာကို ဘယ်သူမှ တွေ့မသွားလို့ တော်ပါသေးရဲ့..။

ကောင်းကင်ကို မော့ကြည့်ပြီး duty coat ထဲ လက်နှိုက်ရပ်နေသည့် မင်းချာန်ကို နောက်ကျောဘက်မှ သူမြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ညကပဲ ဒီကောင့်ကို နှစ်သိမ့်နွေး ဖြတ်စကားပြော လို့ ရင်ကွဲပြီ ထင်ပါရဲ့။

"ငါ ရောက်ပြီ"

ချက်ချင်းလှည့်မကြည့်ဘဲ သက်ပြင်းချသံက ခပ်ကျယ်ကျယ်..။ ဘေးချင်းယှဉ်ရပ်လိုက်စဉ်မှာ လသာဆောင်ကို ဝန်းရံထားသည့် Steel ဘားတန်းထက် မင်းချာန် လက်တင်လိုက်လေသည်။

"ဟင်း .. အရင်ဆုံး ပြောချင်တာက မင်းကို မနေ့က လွှန်သွားတဲ့ ကိစ္စအတွက် တောင်းပန်ချင်တာပဲ သူငယ်ချင်း"

"ကျစ်!... ပြီးတာ ပြီးပြီပဲ..၊ ငါ မေ့ထားလိုက်ပြီ မင်းချာန်"

"မေ့လို့မဖြစ်ဘူး နန္ဒ .. ငါက ဂာယက်မြောက် ကျူးလွန်မိတဲ့လူ မို့ မင်း မကျေနပ်ရင် ငါ့ကို ပြန်ထိုးနိုင်ပါတယ်၊ ငါ တောင်းပန်တာ ခွင့်လွှတ်ခံချင်လို့ မဟုတ်ဘူးဆိုတာ မင်း နားလည်ပါ"

ထိရောက်လှချည်လား..၊ နှစ်သိမ့်နွေးရဲ့ ဖြတ်စကားက မင်းချာန် ရဲ့စိတ်ကို ပျော့ကျသွားတဲ့အထိ အစွမ်းထက်လှချည်လားလေ..။ မင်း သိပ်တော်ပါလား နွေးရယ်..၊

"မင်း ဘာပြောချင်လဲ မင်းချာန်..၊ ရင်ထဲသိမ်းထားသမျှ အကုန် ဖွင့်ချချင်ရင်လည်း ဖွင့်လိုက် .. ငါ နားထောင်ပေးမယ်..၊ ပြီးရင် ဟင်း လင်းပြင်ရင်ခွင်ကြီးထဲမှာ ဘာမှမကျန်စေနဲ့ .. ဘယ်သူမှမရှိစေနဲ့ .. ဒါပဲ"

မင်းချာန်က မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငြိမ်သက်သွားလေ၏။ တကယ်ပဲ ရင်ကွဲနေတာလား ..၊ သူ့ကြောင့် သူငယ်ချင်းဖြစ်သူရဲ့ ရင်ကို အစိမ်းသက်သက် ကွဲကြေစေပြီလားလေ..။

"ငါ့ကို အစောကြီးကတည်းက ဘာလို့မပြောတာလဲ နန္ဒရာ"





"ဟင်!..."

"မင်းနဲ့ .. မင်းနဲ့ နွေးကို လူကြီးတွေ သဘောတူထားတဲ့ကိစ္စကို ငါသိအောင် အစောကြီးကတည်းကပြောရင် ငါ ဒီလောက်အထိ တနင့် ကြီး ခံစားရမှာ မဟုတ်ဘူး၊ ခုတော့ .. ခုတော့ .. နွေးကြောင့် မင်းကို.."

"မင်းချာန် .. မင်း ဒီကိစ္စကို ဘယ်လိုသိသွားတာလဲ..၊ ညက .. ညက မင်းကို နွေး ပြောလိုက်တာလား .. ဟင်း"

ခေါင်းခါပြတာကိုသာ သူ မြင်ရပါ၏။ သူတို့နှစ်ယောက်ကိစ္စကို နွေး မပြောရင် ဘယ်သူကများ ပြောလိုက်တာပါလိမ့်..။

"ငါ့ကို အန်တီငယ် ပြောတာပါ"

"အန်တီငယ် .. နွေးမေမေက"

"ဟုတ်တယ်..၊ ညက ငါ့ဆီ အန်တီငယ် Phone ဆက်ပြောတာ ပဲ နန္ဒ..၊ ပညာတတ်ပီပီ စကားကို သိမ်မွေ့စွာ သုံးပြသွားတာအမှန်ပါ၊ မင်းနဲ့ နွေးကို နှစ်ဖက်မိဘတွေ သဘောတူခဲ့ကြပေမယ့် နှစ်ယောက် စလုံးက လက်မခံကြလို့ အဲဒီကိစ္စ အကောင်အထည် မဖော်ဖြစ်ခဲ့တာ တဲ့..၊ ပြီးတော့မှ ငါ့ကိုသဘောကျပြီး အန်တီ သဘောတူပေမယ့် နွေးက ငြင်းပါတယ်ဆိုပြီး ရှိုးပြောခိုင်းလို့ Phone ဆက်ရတာပါတဲ့လေ"

ဘယ်လိုလဲ... မင်းချာန်ကို ပြောရမှာ မင်း လိပ်ပြာမလုံလို့ မပြော ရဲတာလား နွေး ..၊ မဟုတ်ဘူးမတန်ဘူးလို့ ပြောတာကို စိတ်ထဲမှတ်ပြီး မင်းချာန်ကို ရှိုးပြောခိုင်းရတယ်လို့..။ ဘာသဘောလဲ နွေးရယ် ..၊

"အချစ်ဆိုတာ လူကိုရူးသွပ်စေတဲ့ နတ်ဆိုးပဲဆိုတာကို ငါ လက် သင့်ခံ ယုံလိုက်ပြီ နန္ဒ..၊ ဟုတ်ပါတယ် .. နွေးကို ချစ်တဲ့စိတ်နဲ့ ငါရူးပြီး မင်းအပေါ် ကိုယ်ယိလက်ရောက် ကျူးလွန်စော်ကားခဲ့မိတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေပဲ မင်းချာန် .. ငါ အပြစ်မယူပါဘူးကွာ"

"မင်းကို ငါက တောင်းပန်တဲ့လူဖြစ်ပေမယ့် မင်းလည်း လူတစ်ယောက်ကို တောင်းပန်ရဦးမယ် နန္ဒ"

"ဘာ!..."

"ဟုတ်တယ် .. မင်းမှားတဲ့ အမှားကမှ ခွင့်လွှတ်သင့်တဲ့ အမှားလားဆိုတာကို ကိုယ့်ဟာကိုယ် ပြန်ဆန်းစစ်ကြည့်ဖို့တော့ လိုလိမ့်မယ် သူငယ်ချင်း"

"ငါက ဘယ်သူ့ကို တောင်းပန်ရမှာလဲ .. မင်းချာန်..၊ ဒီနေ့အထိ ဘာအမှားတစ်ခုကိုမှ ငါ မကျူးလွန်သေးဘူး"

မင်းချာန်က မချိုပြုံးဖြင့် သူ့ဘက်ကို လှည့်ကြည့်လိုက်လေ၏။ မျက်နှာချင်းဆိုင် ရပ်နေသည့် သူတို့နှစ်ဦးထံ တိုက်လာသည့်လေက ကြမ်းသလိုနယ်..။

"နွေးကိုပဲ နန္ဒ .."

"ဘာ!... နွေးကို ငါက ဘာကိစ္စ တောင်းပန်ရမှာလဲ၊ အမှိုက်တယ် မရှိလိုက်တာ"

"အေး မင်း အဲဒီလိုပြောပုံမျိုးနဲ့တော့ နွေးနဲ့ ဒီတစ်သက်နီးဖို့ လမ်းမမြင်ပါလား နန္ဒရယ်"

"ဟေ့ကောင် မင်းချာန် .. မင်းစကားက ဘာစကားကြီးလဲကွ"

"ဒီမှာ .. ငါ ပြောမယ် နန္ဒ..၊ ပထမဆုံး မင်းမှားတဲ့အမှားက နွေးမှာချစ်သူရှိတယ်လို့ ပြောခဲ့တဲ့အမှားပဲ"

"ဘယ်လို!.."

"ဟုတ်တယ် .. နွေးမှာ ဘာချစ်သူမှ မရှိဘူး၊ ဒါကြောင့် ငါ့ကိုမြင်





တာနဲ့ နွေးရဲ့ချစ်သူဆိုပြီး အန်တီငယ် အထင်မှားခဲ့တာကို အခုမှ ငါ သိလိုက်ရတာပဲ"

ဘုရားရေ .. အဲဒီတုန်းက သူမေးတုန်းက သူမမျက်နှာထက်မှာ မချိုမချဉ်အပြုံးကလွဲပြီး ဘာဝန်ခံခြင်းမှ မရှိခဲ့တာလေ၊ ဘယ်လိုဖြစ်ပြီး နွေးမှာ ချစ်သူမရှိတာပါလိမ့်..၊

"ဒုတိယအမှားက နေခြည့်ကို မင်း ရွေးချယ်ခဲ့တာပဲ"

"ဘာကွ!.."

"နေဦး .. ဒေါသ အရင်မထွက်နဲ့ဦး၊ ငါ့တုန်းကလည်း ဒီလိုဒေါသကို မထိန်းမိလို့ မဆင်မခြင်လက်လွန်ခဲ့တာ၊ ဒီမှာ ငါ ပြောမယ် နန္ဒ .. မင်း ငါ့ကို နွေးနဲ့မတွဲဖြစ်အောင် ပြောသလိုမျိုး မင်းကို ငါပြောရင် မင်း ဘယ်လိုလုပ်မလဲ"

"မင်းချာန် .."

"ငါ့အပေါ် မင်း ဘယ်လောက်ချစ်ခင် သံယောဇဉ်ရှိလဲဆိုတာ ငါ သိတယ် နန္ဒ..၊ ဒီလိုပဲ ငါလည်း မင်းအပေါ် စေတနာနဲ့ သတိပေးချင်တာပါ သူငယ်ချင်း၊ မင်းပြောသလို တကယ်တမ်း မျက်နှာပြောင်တိုက်တဲ့ မိန်းကလေးက နှစ်သိမ့်နွေး မဟုတ်ဘူး နန္ဒ .. နေခြည်လင်းလက်ဖြာပါ"

"ဘာ!..."

သူ့နားထဲ ဒိန်းခနဲမြည်သွားသလို လေတွေ တဟူးဟူး ထွက်ကုန်လေတော့၏။ ဘုရားရေ .. ဘယ်လိုဖြစ်ပြီး သူ စွပ်စွဲတဲ့ပြစ်ချက်မျိုးက နွေးမှာ မရှိဘဲ နေခြည့်မှာ ရှိနေရတာပါလိမ့်..၊

"မင်း မယုံနိုင်ဘူးဆိုတာ ငါ သိပါတယ် နန္ဒ..၊ ငါလည်း အဲတော့



www.burmeseclassic.com

www.burmeseclassic.com



ကို အံ့ဩခဲ့တာကိုး၊ မင်း သေချာသိချင်ရင် နေခြည်နဲ့ ငယ်သူငယ်ချင်း ဖြစ်တဲ့ နွေးဆီမှာ သွားမေးရင် ပိုပြီး တိတိကျကျ သိနိုင်မယ် နန္ဒ..၊ ဒါပေမယ့် နွေးကတော့ မင်းကို ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ်နေမယ်ဆိုတာကို ငါ သိပါတယ်"

"... ... ..."

"အေး .. ငါတောင်မှ ငါ့ညီဝမ်းကွဲ မျိုးဆက် ပြောပြလို့ မင်းရဲ့ နေခြည့်အကြောင်းကို ငါ သိခဲ့ရတာ"

"ဘယ်သူ .."

"မျိုးဆက်ထူးလေ .. YIT ဆင်းတဲ့ကောင်လေ၊ မျိုးဆက်က မင်းနဲ့ နေခြည်တွဲသွားတာကို မြင်လို့ ငါ့ဆီ Phone လှမ်းဆက်ပြီး သတင်းပို့တာပဲ နန္ဒ..၊ မျိုးဆက်ဟာ နေခြည်နဲ့ ပထမဆုံးတွဲခဲ့တဲ့ ရည်းစားဦးပဲ..၊ ငါ့ညီက တကယ်ပဲ ချစ်ခဲ့ရှာတာပါ၊ စကား ကတောက်ကဆဖြစ်ပြီး သုံးလလည်းကြာရော နောက်တစ်ယောက်နဲ့ ချိတ်တော့တာပဲ၊ အဲဒီ လောက်မျက်နှာများခဲ့တာ မင်းက နံပါတ် ၂၃ တဲ့ဟေ့"

သူ လက်ရန်းပေါ် လက်ထောက်ကာ နဖူးတင်ပြီး မျက်စိစုံမှိတ်ထားလိုက်မိ၏။ ငါနော် .. ရူးရူးမိုက်မိုက်စိတ်နဲ့သာဆို ဒီ အထပ် ၂၀ ပေါ်ကနေ ခုန်ချလိုက်ချင်တာပါပဲ။ ရှက်လွန်းလို့ပါ .. သူ့ကိုယ်သူ ရှက်အားကြီးလွန်းလို့ပါလေ..။

"မင်း မကြိုက်ဘူးဆိုတဲ့ ကောင်မလေးက ငါနဲ့ လေးငါးခြောက်လကျော် ရင်းနှီးလာတာတောင် ငါ့ဘက်ယိုင်လဲမလာတဲ့ မိန်းကလေးမျိုးပဲ နန္ဒ .. မင်းရဲ့ နေခြည်လို မခြူစင်က ပြုံခဲ့တာမျိုးမဟုတ်ဘူး .. ဒါကို မင်း နားလည်ပါ"





မင်းချာန်က သူ့ပခုံးကို အသာပုတ်ပေးရင်း နှစ်သိမ့်လေ၏။ အလိုလေး ပြောင်းပြန်တွေ ဖြစ်ကုန်ပြီ ထင်ပါရဲ့..၊ အသည်းကွဲတဲ့ကောင်ကို သူက နှစ်သိမ့်ပေးရမယ် ထင်နေတာ..။ ခုတော့ မင်းချာန်ကသာ သူ့ကို ပြန်နှစ်သိမ့်နေတာလေ..။

"ငါ စိတ်ရင်းနဲ့ပြောနေတာပါ နန္ဒ .. ရှင်းရှင်းပြောရရင် မင်းနဲ့ နေခြည်က မတန်ဘူးဆိုတာပဲ"

အာရုံမှာ ပေါ်လာသည်က မျက်နှာတစ်ခု .. အံ့ဩမင်သက်ပြီး သူ့ကို ငေးကြည့်နေသည့် မျက်ဝန်းနက်လေးတွေကိုပါ..။ 'မင်းလိုမိန်းမမျိုးနဲ့ ငါ့သူငယ်ချင်း မတန်ဘူး' ဆိုတဲ့ စကားကို သူမ အဘယ်မျှ ရှက်သွားရှာလေမလဲ..။

ဘုရားရေ .. သူတော့ ကောင်းကောင်းကြီး ဝဋ်လည်ပြီထင်ပါရဲ့။ သူ ပြောခဲ့သမျှ စကားလုံးတိုင်းက သူ့ဆီကို အပြေး အမြန်ဆုံးနဲ့ ရောက်လာတော့တာလေ..။

"အဲဒီကောင်မလေးကို ဖြတ်လိုက်ပါကွာ"

"တော်တော့.."

"တော်လို့မရဘူးကွ..၊ ဒီလောက်မျက်နှာများတဲ့ မိန်းကလေးမျိုးနဲ့ မင်းကို ငါလည်း သဘောမတူဘူး၊ အေး .. ငါနဲ့နွေးကို မင်းပြောခဲ့လို့ လက်စားချေတယ်ဆိုပြီး မထင်လိုက်နဲ့ ငါက စေတနာနဲ့ပြောနေတာကွ"

"တော်ပါတော့ မင်းချာန်ရာ .. တော်ပါတော့၊ ငါ တောင်းပန်ပါတယ် ငါ့ တစ်ခေါင်းလုံး ထူပူနေပြီ၊ နွေးကို .. နွေးကို ငါ ဘယ်လိုမျိုး တောင်းပန်ရမလဲဆိုတာ စဉ်းစားလို့ မရတော့ဘူးကွ"

နာရှာမှာပေါ့ .. သူမကျေခြွေနဲ့ သူမ အေးအေးဆေးဆေး ဖြစ်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကောင်မလေးကိုမှ စော်ကားမော်ကား ပြောမိခဲ့တာလေ..။

*'ရှင်ထင်တာ မှားနေပြီ'*

*'ကျွန်မနဲ့ ကိုချာန်က သာမန်မိတ်ဆွေတွေ'*

*'အဲဒီလို မိန်းမမျိုး မဟုတ်ဘူး'*

ဒီစကားတွေကို သူမပြောခဲ့ပေမယ့် သူ ဘာကြောင့် မယုံကြည်ခဲ့မိတာပါလိမ့်..။

တစ်ဖက်သားကို မငဲ့ညှာဘဲ သူပြောချင်ရာကိုသာ ဖွတ်မိုတ်အော်ဟစ်ပြီး ပြောဆိုခဲ့တဲ့ ညနေခင်းကဖြင့် အရုပ်ဆိုးလွန်းပေစွ..၊

ကိုယ်တော့ သွားပြီ နှစ်သိမ့်နွေးရယ် .. မင်း ထီမထင် မဲ့ပြုံးမျိုးနဲ့ ကြည့်လည်း ကိုယ်ခံရမှာပဲ။ မတူသလို မတန်သလို ခနဲ့ပြောနဲ့ပြောလည်း ကိုယ် နာရမှာပဲ။ ကိုယ့်လိုလူ ဒါနဲ့ပဲတန်တာယ်ဆိုပြီး မင်းရိုက်လည်း ကိုယ် ငြိမ်နေရမှာပါပဲလေ..။

"မင်းတို့က မိဘချင်း ရင်းနှီးကြတဲ့သူတွေပါ နန္ဒရာ .. လူငယ်ချင်း ညှိလို့မရရင် မိဘတွေကတစ်ဆင့် ပြေရာပြေကြောင်း ပြောလို့ရပါသေးတယ်"

ဖြစ်နိုင်ပါ့မလား..၊ မေမေသာ သိသွားရင် နွေးကို သမီးရင်းလေးလို ချစ်ရင်းစွဲရှိသူမို့ သူ့ကိုသာ ပြစ်တင်ပြောဆိုတော့မှာလေ။ သားဖြစ်တဲ့ သူ့ထက် နွေးကို ပိုပြီးချစ်လို့ သူ မနာလိုတောင် ဖြစ်ခဲ့တာမဟုတ်လား..။

"နန္ဒ .."

"... ... ..."

"နန္ဒ ငါခေါ်တာ ကြားရဲ့လား"

"အင်း .."

ရွှေသမင်စာပေ



"မင်း မိဘစကား နားထောင်တဲ့သားပဲ လုပ်လိုက်ပါတော့ နန္ဒရာ"

"ဘာရယ်!.."

သူ အံ့သြစွာဖြင့် မင်းချာန်ကို မော့ကြည့်လိုက်မိ၏။ ကိုယ်ကိုင်းထားတာကိုလည်း ပြင်မတ်လိုက်ပါသည်။ ဒီကောင် ဘာသဘောနဲ့ ဒီစကားကို ပြောပြန်ပြီလဲ..။

"မင်း သဘောမပေါက်ဘူးလား"

"ဘာကိုလဲ"

"ဟုတ်တယ်လေ .. နွေးမှာ ချစ်သူရှိတယ်ဆိုပြီး နွေးရဲ့ဆန္ဒကို ဦးစားပေးလို့ မင်း နောက်ဆုတ်ခဲ့တာ မဟုတ်လား။ ငါနဲ့ ခင်တော့လဲ မင်းရင်ထဲက မစ္ဆရိယစိတ်နဲ့ နွေးကို တားပြန်တယ်၊ အေး .. နွေးကလည်း နေခြည့်အကြောင်းကို သိသိကြီးနဲ့ မင်းတွဲတာကို ပြောရင်ရပေမယ့် မင်းမုန်းမှာစိုးပြီး ရေငုံနှုတ်ပိတ်နေခဲ့တယ်၊ အဲဒါတွေကို မင်း တွေးမိရဲ့လား"

"ဘာကြောင့်လဲ .."

"အဲဒီအဖြေကို မင်းဟာမင်း ရှာပြီးထုတ်ပေါ့ နန္ဒရာ .. ငါလည်း ဒီလောက်ပဲ အကြံပေးနိုင်မယ်၊ ကိုယ့်နှလုံးသားကို ကိုယ်မြင်အောင် ကြည့်တတ်ပါစေ နန္ဒ"

"ငါ .. ငါ .. နွေးကိုများ ချစ်နေတယ်လို့ မင်း ဆိုလိုတာလား"

"အဲဒါကို နွေးရှေ့ရောက်ရင် သိလိမ့်မယ် နန္ဒ..၊ သူ့ကိုသာ သွားတွေ့လိုက်ပါ၊ Good Luck နန္ဒ"

မင်းချာန်က သူ့လက်မောင်းကို လက်သီးနှင့် ခပ်ဖွဖွထိုးလိုက်ပြီး ထွက်သွားတော့၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နွေးရယ် .. ခုချိန်ထိ ကိုယ် ဘာမှ နားမလည်နိုင်သေးတာ အမှန်ပါပဲ။

ခေါင်းတစ်ခုလုံးရော ရင်ထဲမှာပါ ရှုပ်ထွေးနေကာ အရမ်းပါပဲ..။

ကိုယ် ဘယ်လိုများ လုပ်ရမလဲ..၊ မင်းရှေ့မှာ ဘယ်လိုမျက်နှာမျိုးနဲ့ လာရပ်ပြရမှာပါလိမ့်..။

ပြောပါဦးလား .. 'ရှင်ရွေးတဲ့ ဒီလိုမိန်းမမျိုးနဲ့ပဲတန်လို့ သူ့ကိုပဲ ယူလေ"လို့များ ပြောလိုက်ရင် ကိုယ့်ရင်ဘတ်ကြီး ဖြန်းခနဲ ကွဲမယ်ထင်ပါရဲ့..။

ခွင့်လွှတ်ပါ ဆိုတဲ့စကားထက် ပိုပြီးလေးနက်တဲ့ စကားမျိုးရှိရင် ပြောချင်တာကို မင်း သိနိုင်ပါ့မလား..၊

နွေးဆိုတဲ့ ကောင်မလေးရယ် ...၊





[၂၅]

"ဒေါက်တာ ညည့်သည် စောင့်နေပါတယ်"

"ဘယ်သူလဲ"

"ဒါတော့ မသိပါဘူးရှင် .. Hand Phone ဆက်တာ ပိတ်ထားလို့ ဆေးရုံရှေ့က Coffee ဆိုင်မှာ စောင့်နေပါတယ်လို့ပဲ မှာသွားတာပါ"

Hand Phone ပိတ်ထားတုန်း ဆက်တာတဲ့။ ဘုရားရေ .. နွေးများလား .. မဟုတ်သေးပါဘူး။ နွေးက သူ့ Phone ကို တစ်ခါမှ ဆက်တာမျိုး မရှိတာလေ။ ရူးပဲ့ နေနေနိုင် ... ညည့်သည်ဆိုတာနဲ့ နွေးတစ်မျက်နှာကိုပဲ ဘာကြောင့် ကွက်ပြီး မြင်နေရတာပါလိမ့်..။

ကားပါကင်မှ ကားကို ထုတ်လိုက်ပြီး တစ်ဖက်လမ်းကို ကူးလာခဲ့ပါ၏။ ဒီကိုလာမှတော့ နွေး ဘယ်ဖြစ်နိုင်တော့မှာလဲ..၊ သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး ကားပေါ်မှဆင်းကာ Coffee ဆိုင်ထဲ ဝင်ခဲ့ပါ၏။

"နေခြည် ဒီမှာပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ကျကျစားပွဲမှ ထရပ်ပြီး ခေါ် လိုက်သည့် နေခြည့်ထံ လှမ်းလာသည့် ခြေလှမ်းတို့က နေးနေသည့်နှယ်ပင်..၊ နေခြည့်မျက်နှာက အငိုရှပ်ကို ဖုံးဖိထားသလို ဖြစ်နေတာပါလား..။

"ဘာကိစ္စရှိလို့ ဒီအထိ လာရတာလဲ"

"နေခြည်က ကိုကို့ချစ်သူလေ..၊ ဒီအထိ လာခွင့်မရှိဘူးလို့ ကိုကို ဆိုလိုတာလား"

"ကျစ်!.. မင်းကို ကိုယ် ပြောထားတယ်လေ..၊ ဒါ မြန်မာပြည်မို့ ကိုရီးယားမတွေလို လိုတာထက်ပိုပြီး ပေါ်ပြူလာဖြစ်လွန်းတဲ့ အဝတ်အစားမျိုး ဝတ်မလာပါနဲ့လို့"

"အို!... ဒါ နေခြည့် လွတ်လပ်ခွင့်နဲ့ ဝတ်တာပါ ကိုကိုရဲ့၊ နေခြည့်ကို မချုပ်ချယ်ချင်ပါနဲ့"

"ဒီမှာ နေခြည် .. ပြောစရာရှိရင် Phone နဲ့ ပြောလို့လည်း ရတယ်၊ အိမ်မှာ လာပြောလို့လည်း ရရဲ့သားနဲ့ ဘာလို့ ဒီကို လာချိန်းရတာလဲ"

"ကိုကို့ Phone က ပိတ်ထားတာကိုးလို့"

သက်ပြင်းကို ဆောင့်ချလိုက်မိ၏။

ဒီညနေပြန်ရင် နွေးဆီ ဝင်မယ်လို့ ပိုင်းဖြတ်ထားသည့်စိတ်ကို အနှောင့်အယှက်ပေးနေပါရောလား..၊ ဒီလိုဝတ်စားဆင်ယင်တတ်မှန်း မြင်နေရပေမယ့် နေခြည့်စိတ်ထားကို သူ ဘာကြောင့် မခန့်မှန်းတတ်တာပါလိမ့်..။

"ကဲ .. ဘာပြောမှာလဲ ပြော .."

"ဒီမနက် နွေးဆီကို နေခြည် ရောက်တယ်"





"ဘာကိစ္စနဲ့ သွားတာလဲ"

"ကိစ္စရှိလို့ပေါ့ .. ကိုကို့အိမ်မှာ သူ ဘာလို့ ဝင်ထွက်နေရသလဲ ဆိုတာကို အသိသွားပေးတာ"

"ဟာ!... မင်းနဲ့ ဘာဆိုင်လို့ သူ့ကိုသွားပြီး ပြောရတာလဲ"

"မပြောလို့ရမလား .. ကိုကို့သူငယ်ချင်းကို ကြိုက်သလိုမျိုး လက်ခံထားပြီး တစ်ဖက်က ကိုကို့မိဘတွေကို နေခြည် မသိအောင် သွားစည်းရုံးနေတာကို ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား"

"တော်စမ်း .. တော်တော့ နေခြည်"

ကြည့်စမ်း .. ဒီလိုမျိုး တကယ်တမ်းပြောရမယ့်သူက နွေးပင် မဟုတ်ပါလား။ အခုတော့ ဘာမှမဆိုင်တဲ့ နေခြည်က အပေါ်စီးက ပြောနေတော့တာလေ..။

မင်းဆီမှာ နွေးနဲ့ယှဉ်သာတဲ့ ပညာရပ် ဂုဏ်ပုဒ်မျိုး ဘာရှိလို့လဲ နေခြည်..၊ ဒါနဲ့များ နွေးကို ရန်သွားရှာရတယ်လို့..။

"မတော်နိုင်ဘူး ကိုကို .. သူနဲ့နေခြည် ဒီနေ့ ပြဿနာ အကြီးအကျယ်တက်ခဲ့တာ ကိုကို သိအောင်လို့ လာပြောရတာ၊ သူ့ကို စွပ်စွပ်စွဲစွဲပြောတော့ နွေးက ဘာပြောလဲဆိုတာ ကိုကို သိရဲ့လား"

မပြောလည်း သိပြီးသားမို့ သူ နှုတ်ဆိတ်နေမိလေ၏။ ပြောချင်သလောက်ပြောတော့ နေခြည်..၊ မင်းနဲ့ နွေးလိုပဲ ကိုယ်တို့နှစ်ယောက်လည်း ဒီနေ့ နောက်ဆုံးကျောခိုင်းချိန် ရောက်ပြီဆိုတာကို မင်း သိရတော့မှာလေ..။

"သူနဲ့ကိုကို လူကြီးတွေက သဘောတူထားတာတဲ့ ..၊ အဲဒါ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာရယ် .. ဒါကို သိရဲ့သားနဲ့ နေခြည်က သူနဲ့ ကိုကို့ကို မိတ်ဆက်ပေးကတည်းက ဘာလို့ မသိသလို နေခဲ့တာလဲ၊ အဲဒါ ကိုကို မရိုးသားလို့ပဲပေါ့..၊ နွေးအပေါ်မှာ ဒီလို မရိုးမသားရှိရဲ့သားနဲ့ ဘာလို့ နေခြည့်ကို အပျော်သဘောနဲ့ တွဲရတာလဲ၊ နေခြည် အလိမ်ခံရတဲ့ကာလက ၆ လနီးပါး ရှိနေတာ ကိုကို သိရဲ့လား"

"ဒီစကားကို မင်းပြောစရာ မလိုဘူး နေခြည်"

"ဘာ!..."

"အဲဒါ ကိုယ် ပြောရမယ့်စကားပဲ၊ မင်းကို ကိုယ်က လိမ်တာလား..၊ မင်းကပဲ ကိုယ့်ကိုလိမ်တာလားဆိုတာကို သေချာ စဉ်းစားကြည့်ပြီးမှ ဒီလိုစကားမျိုး ပြောသင့်တယ် နေခြည်"

"ကိုကို .."

"ဟုတ်တယ် .. ငါနဲ့ နွေးကို မာမီတို့ သဘောတူထားတာ မွေးစကတည်းကပဲ"

"ဘာ!..."

"ဒီအရွယ်မှာ လူကြီးတွေ သဘောတူရုံနဲ့ ခေါင်း ချက်ချင်းညိတ်ရအောင် ဆယ်ကျော်သက်အရွယ် မဟုတ်တာမို့ တစ်ဦးသဘော တစ်ဦး လေ့လာဖို့အချိန်ကို စောင့်နေတာပဲ နေခြည်..၊ ကိုယ့်လွတ်လပ်ခွင့် ကိုယ့်ကိုယ်ပိုင်အချိန်နဲ့ နေနေကြတုန်း ကိုယ့်ဘဝထဲကို မင်း ဝင်လာခဲ့တာပဲ..၊ ပထမဦးဆုံး အမှားက နွေးဆီမှာ ချစ်သူရှိတယ်လို့ ထင်မိတဲ့ တစ်ဖက်သက်အမှားပဲ..၊ ဒုတိယအမှားကတော့ ကိုယ့်ကို ရေလာဖို့ မြောင်းဖောက်လမ်းဖွင့်ပေးခဲ့တဲ့ မင်းပဲ နေခြည် .."





"ဒီမှာ ဒေါက်တာ နေနန္ဒနိုင်"

"Sorry ပဲ နေခြည် .. မင်းပြောသမျှ ငါနားထောင်ပြီးပြီ..၊ အခု ငါ့အလှည့်မှာ ငါ ပြောချင်တာ ပြီးအောင် ပြောပါရစေ၊ အခု ငါ့ရင်ထဲမှာ ဘာတွေရှိနေသလဲ မင်း သိရဲ့လား..၊ အေး .. နောင်တတွေ တပွေ့တပိုက်ကြီး ပြည့်နှက်နေတာကွ"

"ရှင် .. ရှင် .."

"မင်းအကြောင်းတွေကို နွေး မဟုတ်ဘဲ သူများပြောမှ သိခွင့်ရခဲ့လို့ ငါ့ကိုယ်ငါ သိပ်ရှက်နေပြီ နေခြည်လင်းလက်ဖြာရဲ့ .. အမှတ်စဉ် ၂၃ တဲ့၊ ဘယ်လောက်များ ရှက်စရာကောင်းလိုက်လဲ၊ နွေးကို ငါ ထင်နေသလိုမျိုးအမှုကို မင်းကမှ ကျူးလွန်နေတာကို ဝန်ခံလိုက်စမ်းပါ"

"မဟုတ်ဘူး .."

သူမက မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ငိုရှိုက်ချလေ၏။ ကရုဏာသက်ခဲ့မိပါတယ် နေခြည်..၊ မိခင်ကို ပွေ့ပန်နေတဲ့ သမီးတစ်ယောက်ရဲ့ သနားစဖွယ် ကူကယ်ရာမဲ့ မြင်ကွင်းလေးကို ညာတာစိတ်နဲ့ ဖေးမကြင်နာခဲ့မိတာပါ..။ အခုတော့ ငါ့ရဲ့ အဲဒီ ကရုဏာစိတ်ကို ငါ ပြန်နှမြောနေမိတာ အမှန်ပါလေ..။

"နေခြည် .. နေခြည် ဝန်ခံပါတယ် ကိုကိုရယ် .. ယင်သူမို့ မိုက်မဲစိတ်နဲ့ မျက်နှာများခဲ့တာ မှန်ပေမယ့် ကိုကို့ကို .. ကိုကို့ကို တကယ်ချစ်ခဲ့မိတာပါ"

"ပါးစပ်ကထွက်တဲ့ ပုံပြင်တစ်ပုဒ်လို့ပဲ ကိုယ် သတ်မှတ်လိုက်ပါတယ် နေခြည်..၊ မင်းကြောင့် ကျဆင်းသွားရတဲ့ ကိုယ့်ဂုဏ်သိက္ခာကို ဘယ်လိုနည်းနဲ့ ပြန်ဆယ်ရမလဲဆိုတာ တစ်ခုကလွဲလို့ ကိုယ့်ခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာမှမရှိတော့တာ အမှန်ပါပဲ..၊ ပြီးတော့ မင်းအကြောင်း အလုံးစုံကို ကိုယ့်မိဘတွေ သိသွားရင် ရင်ကျိုးမှာကို ကြိုမြင်လို့ ခု စောစောကတည်းကပဲ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ပြီဆိုတာကို လာအသိပေးတာပဲ"

"ဒီလိုမလုပ်ပါနဲ့ ကိုကို"

"နောက်ကို ကိုယ်နဲ့မပတ်သက်ပါနဲ့.. ပြီးတော့ နွေးကိုလဲ ပြဿနာဆက်မရှာပါနဲ့..၊ ဒါ ကိုယ်တောင်းပန်နေတာ မဟုတ်ဘူးနော် .. သတိပေးနေတာပါ..၊ ဒါပါပဲ ဒီဘဝ ဒီမျှသာပါ နေခြည်လင်းလက်ဖြာ"

"ကိုကို .. ကိုကို .."

ရှိုက်သံဖြင့် ခေါ်နေသည့် သူမအသံကို ကျောခိုင်းလျက် ထွက်လာခဲ့ပါ၏။ ချန်ရစ်ခဲ့တဲ့နေရာမှာ နေရစ်ခဲ့ပါတော့ နေခြည်..၊ ကိုယ့်နောက်ထပ် နှောင့်တာမရပါစေနဲ့တော့..။

ကားစက်နှိုးလျက် ထွက်လာတော့ ညနေ ၆ နာရီထိုးကာနီးချေပြီ..။ ဒီအချိန် နွေးတစ်ယောက် ခြံထဲမှာ ရှိနေပါဦးမလား..၊ ဒါမှမဟုတ် ညနေစာများ စားနေပြီလား .. သို့တည်းမဟုတ် အိမ်ပေါ်ထပ်ပင်တက်သွားပြီလား..။ ဒီလိုမှမဟုတ်ရင် အပင်စိုက်ဖို့ အပြင်မှာ လျှောက်ဝယ်နေပြီလား..။

BURMESE CLASSIC .com

တစ်ခုခုကိုတော့ မင်း လုပ်နေမှာပါနော်..၊

အိမ်မှာ ကြာဆံကြော် လာသင်ပြီးနောက်ပိုင်း အရိပ်သော်မျှ မမြင်ရတော့အောင် မင်း ပေါ်မလာတာ နာရီပေါင်း ဘယ်နှစ်နာရီတောင်ရှိပြီလဲ..၊ တစ်ရက်မက ကြာလာရင် မာမီ့ဆီ မင်း မလာလို့ မျှော်တဲ့ လေသံကို နားအူမတတ် ကြားရတော့မှာလေ..၊

စိတ်နာနေပြီလား..၊ အထင်တသေးနဲ့ ပြောခဲ့မိသမျှ တောင်းမှတ်





ထားရှိမှန်ရင် မင်းနဲ့ကိုယ် အမှတ်တမဲ့ ဆွတ်ဆက်တာမျိုး အခွင့်တောင်ရှိပါတော့မလား..။ ကိုယ် စွပ်စွဲနှိမ်ချ ပြောသမျှအားလုံးကို မာမီ သိအောင် ပြန်ပြောလိုက်ရင် မာမီနဲ့ကိုယ့်ကြားမှာ တစ်သက်လုံး ဖြေရှင်းလို့မရတဲ့ ကမ္ဘာ့ပြဿနာကြီး ဖြစ်တည်သွားတော့မှာလေ..။

ခွင့်လွှတ်ပေးပါ... နားလည်ပေးလှည့်ပါ ...၊ မင်းချာန် ပြောသလိုမျိုး လူကြီးတွေသဘောကျ လက်စံခေါင်းညိတ်ချိန်အထိ ဘယ်လောက်ပဲကြာကြာ ကိုယ် စောင့်ပေးနိုင်ပါတယ်။ ကျေးဇူးပြုပြီး ကိုယ် တောင်းပန်တာကို လက်ခံပေးလှည့်ပါ နွေးရယ် ...၊

ကားကို သူမတို့လမ်းထဲ ချိုးဝင်လိုက်ချိန်၌ အမည်မဖော်နိုင်သည့် တုန်လှုပ်မှုက ရင်တွင်းမှ ဖြစ်ပေါ်လာပါ၏။ ခြံထဲမဝင်ဘဲ ခြံဝမှာပင် ကားကိုရပ်ကာ လမ်းလျှောက်လျက်-ဝင်လာခဲ့သည်။

"မနက်က ဟိုကလေးမနဲ့ စကားများကြသေးတယ်ဆို"

"သူ့အကြောင်း မပြောပါနဲ့တော့ ကြီးကြီးရယ် .. စိတ်တိုလွန်းလို့ နာမည်တောင် မရွတ်ချင်တော့ဘူး"

"မိလုံးချစ်ပြောတာ သမီးက မောင်နန္ဒကို မရရအောင်ယူမယ်ဆိုပြီး အော်တယ်ဆို .."

"အော်မိမှာပေါ့ ကြီးကြီးရဲ့ .. သူလည်း မပိုင်သေးဘဲနဲ့ လူကို နှစ်ပြားမတန် လာပြောနေတာ သည်းမခံနိုင်ပါဘူး၊ ဒီလိုမိန်းမမျိုး သင်းမို့ ကြိုက်တာ အံ့ပါရဲ့"

"သမီးကလဲကွယ် .. ကိုယ့်ထက်အကြီးကို ဘယ့်နှယ် ရိုင်းရိုင်းစိုင်းစိုင်း သင်းလို့ သုံးရတာလဲ"

"မသုံးချင်ပါဘူး .. သူ့ကိုလည်း နာတယ်၊ နောက်ဆို နွေးတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာအကြောင်းကြောင့်နဲ့ပဲ သူလာလာ နွေး စကား လုံးဝ မပြောတော့ဘူး။ ပြောမိရင် နွေးလျှာကို နွေးဖြတ်ပစ်မယ် .. ဟုတ် ..”

“ဟဲ့ .. မပြောကောင်းမဆိုကောင်း သမီးရယ် .. ညနေစာ စားရအောင်လေ”

“မဆာသေးဘူး ကြီးကြီးရဲ့ .. ဖေဖေတို့ပြန်လာမှပဲ အတူစားတော့မယ်..၊ ကြီးကြီး ဆာရင် စားနှင့်လေ”

“အေး ..”

ကြည့်ပါဦး .. စကားပြောမိရင် လျှာတောင် ကိုက်ဖြတ်မတဲ့..၊ သူ့ကိုမုန်းတီးနေတဲ့ စိတ်အတိုင်းအထု အဘယ်မျှ ကြီးမာနေပါလိမ့်..။

ပန်းချုံကွယ်နေတာမို့ သူရောက်နေတာကို သူမတို့ မမြင်ကြပါချေ။ အိမ်ဘက်လျှောက်သွားသည့် ကြီးကြီး၏ ခြေသံဖွဖွကို ကြားလိုက်ရပါ၏။ ပန်းစင်တွေကြားထဲမှာ ရှိနေသည့် သူမရှိရာဆီ လျှောက်လာစဉ် သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားရလေသည်။

အလို .. ကြည့်လိုက်ပါဦး ..၊ တစ်ခါမျှ မမြင်မတွေ့ဘူးခဲ့တဲ့ မြင်ကွင်းပါပဲလား။ တစ်ကြိမ်မှ မပြုဖူးတဲ့ ဖားလျားချထားသည့် ဆံနွယ်တို့က ရှည်ရှည်စင်းစင်းလေး ဖြစ်နေတာလေ..။ ညနေစောင်းကြီး ဒီကလေးမ ခေါင်းလျှော်ပြန်ပြီထင်ပါရဲ့..၊

လက်ထဲမှာကိုင်ထားသည့် Spary ဘူးဖြင့် အပင်တွေကို ပိုးသတ်ဆေးဖျန်းပေးနေတာလေ..။ ကြည့်စမ်း .. ဒီဆေးတွေကိုင်ထားတာကို ဘာလို့ လက်အိတ်မဝတ်ရတာလဲ .. အန္တရာယ်ကို မမြင်တတ်ဘူးလား။

စိုးရိမ်စိတ်က ရင်ကို ပူခနဲ ဖြစ်သွားစေတာလေ..။

“အမယ်လေး!...”



BURMESE CLASSIC .com



ရုတ်တရက် အော်လိုက်ကာ လက်ထဲမှ ဆေးဘူးက မြေပြင်ထက် ဘုတ်ခနဲ ပြုတ်ကျသွားလေ၏။ အနောက်မှာ ရပ်ကြည့်နေသည့် သူ့ဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တာကိုး..။

“အဲဒါ ဘာလုပ်နေတာလဲ .. အသံလေးဘာလေး ပေးဦးမှပေါ့”

ဓမ်ဘ်ပါသေးရဲ့..၊ စကားပြောမိရင် လျှာဖြတ်မယ်ဆိုပြီး သူမစကားပြောတာမို့ ရင်တမမဖြစ်နေရာမှ မပွင့်တပွင့် ပြုံးလိုက်မိပါ၏။ တော်သေးဘာပေါ့ နွေးရယ်..၊

“ကိုယ် နွေးကို လာတောင်းပန်တာပါ”

“ဘာကို တောင်းပန်တာလဲ .. ရှင်နဲ့ ကျွန်မကြားမှာ ပြောစရာဘာစကားမှ မရှိဘူး..၊ ရှင့်အသံလည်း မကြားချင်ဘူး..၊ ရှင့် ရုပ်လည်း မမြင်ချင်တော့ဘူး။ နောက်ကို ကျွန်မရှိတဲ့ ဒီအိမ်ကို ဘယ်တော့မှ မလာပါနဲ့..၊ ရှင် သွားပါတော့”

နှင်ချေပြီကော .. သူ မကြားချင်တဲ့ စကားကိုမှ ရွေးပြောရတယ်လို့ နွေးရယ်..၊

“နွေး မကျေနပ်အောင် ဘယ်လိုမျိုး တောင်းပန်မှ ကျေအေးပေးမှာလဲဟင် ..”

“မလိုပါဘူး။ ကျွန်မလို မိန်းမမျိုးနဲ့ စကားပြောရတာ ရှင့်သိက္ခာတောင် ကျပါဦးမယ် ဒေါက်တာ နေနန္ဒနိုင် ..၊ ကျွန်မနဲ့ ရှင်နဲ့ ယှဉ်တွဲပြောဆိုရအောင် အဆင့်ကိုတောင် မမီလို့ပါရှင်၊ ဒီလောက် မျက်နှာများတဲ့ မျက်နှာပြောင်တိုက်တတ်တဲ့ မိန်းမနဲ့ အရေးတယူပြောဖို့ မလိုဘူးဆိုတာကို နားလည်ရင် ခုချက်ချင်း ...”

“ကိုယ် ဘယ်လို တောင်းပန်ရမလဲ”



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို တိုးလာတာမို့ အလန့်တကြားဖြင့် သူမခြေလှမ်း နောက်ဆုတ်လိုက်စဉ် ခဲလုံးနင်းမိကာ ယိုင်သွားသည်မို့ သူ စိုးရိမ်တကြီးဖြင့် အမြန် လှမ်းဆွဲလိုက်မိတော့သည်။

"နွေး .."

"ဟင်!... ရှင်နော် .. ဒါ ဘာလုပ်တာလဲ"

"ကိုယ့်ကို ခွင့်လွှတ်ပေးပါ"

"ရှင်နော် .."

"ကိုယ် ဒူးထောက်မှ ကျေအေးပေးမယ်ဆိုရင်လည်း ဒူးထောက်တောင်းပန်ပါ့မယ် နွေးရယ် .. ကိုယ့်ကို ခွင့်လွှတ်ပေးပါ..၊ မာမီ ကိုယ့်ကို တစ်သက်လုံး စကားမပြောဖြစ်တဲ့ထိအောင် မရက်စက်ပါနဲ့လို့ ပြောပါရစေ"

"ရှင်နော် .."

တင်းကျပ်စွာ ဖက်တွယ်ထားလျက် တတွတ်တွတ် ပြောနေမိသည့် စကားလုံးတို့က အစီအစဉ် မကျလှပါချေ..။

တကယ်ပါ နွေးရယ် .. ချစ်ခြင်းသာ စစ်မှန်ရင် နွေးနဲ့ ကိုယ့်ကို ကံကြမ္မာက ပေါင်းစည်းခွင့်ပေးမှာကိုပဲ မျှော်လင့်ပါရစေတော့နော်..။

*မေတ္တာများစွာဖြင့်...*

ရွှေရောင်မမ



BURMESE CLASSIC .com

www.burmeseclassic.com